# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၆)၊ အမှတ် (၁၀၉)


**အနှစ်ရှိသောတရားကိုရနိုင်**

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသောတရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသောတရားကို ရနိုင်ကြကုန်၏။

**ယမကဝဂ် (ဓမ္မပဒ - ၁၂)**

# ဒေသလိုအပ်ချက်များကို အလေးအနက်ထားဆောင်ရွက်ပေးသွားမည်




နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ် (သတင်းစဉ်)

**လဟယ် ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် လဟယ်မြို့စာရာမေရိရိပ်သာ၌ လဟယ်မြို့ပေါ်ရှိ ခရစ်ယာန်အသင်းတော်များမှ သိက္ခာတော်ရဆရာများ၊ သင်းအုပ်ဆရာများနှင့် တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် လဟယ်မြို့မှ နန်းယွန်းမြို့သို့ ရောက်ရှိကြရာ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်လု၊ မြို့မိမြို့ဖများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် နန်းယွန်းမြို့ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးကုသမှုခံယူနေကြသူများအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် နန်းယွန်းမြို့နယ် စုပေါင်းရုံး၌ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်လုနှင့် မြို့နယ်နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးရွှေလန်းတို့က ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## အမြန်လမ်းမကြီးပေါ်က စကားပြောသင်တန်းတစ်ခု

စာမျက်နှာ-၆

## မြန်မာနိုင်ငံအောင်မြင်မှာပါ၊ အခွင့်ကောင်းတွေပိုများလာပြီ

H.E. Mr . Martin Tlapa (ချက်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီး)

စာမျက်နှာ-၇






မြန်မာ့အလင်း

# မမေ့မလျော့ မပေါ့မဆ သုံးစွဲကြမှသာလျှင်

ဆောင်းနှောင်းကာလဖြစ်၍ အအေးဓာတ်တို့ ပိုနေသေးသည့်တိုင်အောင် ခြောက်သွေ့ရာသီသို့ရောက်ရှိလာခဲ့ပြီဖြစ်ရာ နိုင်ငံအနှံ့အပြားမှ မီးလောင်မှုသတင်းများ မကြာခဏဆိုသလို ပေါ်ထွက်လာသည်။ တစ်ဖက်တွင်လည်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့လေ့ကျင့်ခြင်း၊ မီးငြိမ်းသတ်မှုသရုပ်ပြခြင်း၊ မီးလောင်မှုများ ဖြစ်ပွားလာနိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်း၊ ပညာပေးခြင်း စသည်တို့ကို အမြို့မြို့အနယ်နယ် ဒေသအသီးသီး၌ ဆိုင်ရာတို့က ဆောင်ရွက်နေကြသည်ကိုလည်း သတင်းများအရသိရှိကြရသည်။

မြန်မာနိုင်ငံတွင် လူဦးရေအထူထပ်ဆုံး၊ လူနေထိုင်မှုအသိပ်သည်းဆုံးနှင့် စက်မှုလက်မှုလုပ်ငန်းများ အများအပြားတည်ရှိရာဒေသဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ယမန်နှစ် ၂၀၁၆ ခုနှစ်က မီးလောင်မှုအကြိမ်ရေ ၂၂၀ ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးအားဖြင့် ကျပ်သန်းပေါင်း ၃၆၀၀၀ ကျော် ဆုံးရှုံးခဲ့ရသည်ဟု သိရသည်။ ၂၀၁၅ ခုနှစ်အတွင်းက မီးလောင်မှု ၂၂၄ ကြိမ်ရှိခဲ့ပြီး တန်ဖိုးငွေကျပ် ၃၆၅၂၇၀၅၀၀ ရှိခဲ့သည်ဟု ရန်ကုန်တိုင်း မီးသတ်တပ်ဖွဲ့မှ ထုတ်ပြန်ခဲ့သည်။ ၂၀၁၆ ခုနှစ်အတွင်း မီးလောင်မှုအကြိမ်ရေအားဖြင့် ၂၀၁၅ ခုနှစ်အောက် လေးကြိမ်လျော့နည်းခဲ့စေကာမူ ဆုံးရှုံးမှုတန်ဖိုး ပိုမိုကြီးမားသွားခဲ့ရခြင်းမှာ မင်္ဂလာဈေးကြီး မီးလောင်မှုကြောင့်ဖြစ်သည်ဟု မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ရာ ဈေးများအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှု၊ မီးသုံးစွဲမှုတို့ကို အထူးဂရုပြုကြရန်၊ မီးလောင်မှုအန္တရာယ် ဖြစ်ပေါ်မလာရေးအတွက် ကြိုတင်မျှော်တွေးကာ အစီအမံများ ချမှတ်ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း သတိပြုကြရမည် ဖြစ်သည်။

နှစ်စဉ်နှစ်တိုင်း မီးဘေးအန္တရာယ်ဖြစ်ပွားမှုများ၏ အကြောင်းရင်းခံများကို ဆန်းစစ်ချက်များအရ မီးသုံးစွဲသူတို့၏ ပေါ့ဆမှုကြောင့် ဖြစ်ပွားသည့် မီးလောင်မှုများက အများဆုံးဖြစ်ရာ ၂၀၁၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်မှုများတွင်လည်း ပေါ့ဆမှုကြောင့် ၁၀၅ ကြိမ်၊ လျှပ်စစ်မီးကြောင့် ၈၈ ကြိမ် လောင်ကျွမ်းခဲ့ပြီး ၂၀၁၅ ခုနှစ်က ပေါ့ဆမီး ၈၉ ကြိမ်၊ လျှပ်စစ်မီး ၉၉ ကြိမ် လောင်ကျွမ်းခဲ့သည်ဟု မီးသတ်တပ်ဖွဲ့၏ သတင်း အချက်အလက်များအရ သိရသည်။ ပေါ့ဆမှုကြောင့်ဖြစ်ပွားရသည့် မီးလောင်ကျွမ်းမှုများကို လျှော့ချနိုင်ခြင်းဖြင့် မီးလောင်ကျွမ်းမှု၏ ရာခိုင်နှုန်း ထက်ဝက်ကျော်ခန့် လျော့ကျသွားမည်ဖြစ်ရာ မီးသုံးစွဲသူတိုင်းက မီးကို စနစ်တကျ မမေ့မလျော့ မပေါ့မဆ သုံးစွဲခြင်းဖြင့် မီးဘေးအန္တရာယ်တို့ ကျဆင်းသွားမည်ဖြစ်သည်။

ယမန်နှစ်က မီးလောင်မှုတန်ဖိုးကို ၂၀၁၅ ခုနှစ်ထက် ပိုမိုဆုံးရှုံးသွားစေခဲ့သည့် ရန်ကုန်မြို့မင်္ဂလာဈေးမီးလောင်မှုသည်လည်း မီးသုံးစွဲသူတို့၏ ပေါ့ဆမှု၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအမံတို့ အားနည်းချို့ယွင်းမှုတို့ကို အကြောင်းခံခဲ့ကြောင်း သင်ခန်းစာများလည်း ရခဲ့ကြပြီးဖြစ်သည်။ မီးကို မိမိတို့ နေ့စဉ်မသုံးမဖြစ် အသုံးပြုနေကြရသည်။ ပေါ့ပေါ့ဆဆ အသုံးပြုမှုများကို ရှောင်ရှားနိုင်ရန်၊ မီးဘေးအန္တရာယ်မဖြစ်ခင်က ကြိုတင်ကာကွယ်နိုင်ရန် သတိပေးနှိုးဆော်မှုများကို မီဒီယာများမှ တစ်ဆင့်လည်း နေ့စဉ်မပြတ် ဆောင်ရွက်လျက်ရှိရာ လက်တွေ့ကျကျလိုက်နာကြခြင်းအားဖြင့် ပေါ့ဆမီးလောင်ကျွမ်းမှုတို့ လျော့နည်းကာ မီးဘေးအန္တရာယ် ကင်းဝေးရန် အထောက်အကူများဖြစ်မည်ဟု တိုက်တွန်းလိုပါကြောင်း။ ။

## စာပေမြင့်မှ လူမျိုးတင့်မည်




## သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇) ပါးစုံညီ တေရသမအစည်းအဝေးနှင့် သတ္တမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေးကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

သတ္တမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇) ပါးစုံညီ တေရသမအစည်းအဝေးကို ၁၃၇၈ ခုနှစ် တပေါင်းလဆန်း (၆၊၇) ရက် (၂၀၁၇ ခုနှစ် မတ်လ ၃၊ ၄) သောကြာ၊ စနေနေ့များတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၁ ရက်၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်ရန်ဖြစ်သည်။

သတ္တမအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ပဌမအစည်းအဝေးကို ၁၃၇၈ ခုနှစ် တပေါင်းလဆန်း (၉၊၁၀၊ ၁၁)ရက်၊ (၂၀၁၇ ခုနှစ် ၊ မတ်လ ၆၊ ၇၊၈) ရက်၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များ ကျင်းပပြုလုပ်မည်ဖြစ်ရာ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများသည် ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ ၂၀၁၇ ခုနှစ် မတ်လ ၅ ရက် (တနင်္ဂနွေနေ့) ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူပါရန်ပင့်စာများဖြင့် ပင့်လျှောက်ထားသည်။ ပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ထားကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ဖြင့် တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးဆောင်ရွက်

**ကျွန်းစု ဇန်နဝါရီ ၁၆**

ကျွန်းစုမြို့နယ်၌ တပ်မတော်(ရေ)မှ ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ဖြင့် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က မြို့နယ်အတွင်းရှိ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဇန်နဝါရီ ၁၆ ရက်တွင် ကျွန်းစုမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး ကျွန်းရတနာခန်းမ၌ အခမဲ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းပင်လယ်သွား ဆေးရုံရေယာဉ်သည် ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ ကျွန်းစုမြို့ တနင်္သာရီရေတပ်စခန်းဌာနချုပ် အမှတ်(၁၀)ရေတပ်ဆိပ်ခံတံတား (ကမ်းကြီးကျေးရွာ) ၌ အခြေပြုပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ကျွန်းရတနာခန်းမ၌ အထူးကုဆရာဝန်ကြီးများ လိုက်ပါလျက် ကုသပေးမည်ဖြစ်ပြီး လိုအပ်ပါက တယ်လီဗေးရှင်းဓာတ်မှန် (USG)၊ X-Ray ဓာတ်မှန်၊ ECG ဖြင့် နှလုံးစစ်ဆေးခြင်းများ၊ သွေးဖောက်စစ်ဆေးခြင်းနှင့် အထွေထွေခွဲစိတ်ကုသခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးရုံရေယာဉ်တွင် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီးလွှမ်းမိုး ဦးဆောင်၍ အထွေထွေသမားတော်၊ ခွဲစိတ်ပါရဂူ၊ ကလေးအထူးကုပါရဂူ၊ သားဖွားနှင့်မီးယပ်ပါရဂူ၊ အရိုးပါရဂူ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုပါရဂူ၊ မျက်စိပါရဂူနှင့် သွားဖက်ဆိုင်ရာ ဆရာဝန်များက ဆေးကုသမှုများကို အခမဲ့ ဆောင်ရွက်ပေးလျက်ရှိပြီး မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူမည့် ပြည်သူများကို တနင်္သာရီရေတပ်စခန်းဌာနချုပ်မှ မော်တော်ယာဉ်များဖြင့် အသွားအပြန် ကြို/ပို့မှုများ အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ကျိုက်မရောအကျဉ်းထောင်အား ကြည့်ရှု

**မော်လမြိုင် ဇန်နဝါရီ ၁၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်သည် ဇန်နဝါရီ ၁၂ ရက်က ကျိုက်မရော အကျဉ်းထောင်(မော်လမြိုင်)သို့ သွားရောက်စစ်ဆေးခဲ့သည်။

အကျဉ်းထောင်တာဝန်ခံအရာရှိ ရုံးခန်း၌ မွန်ပြည်နယ် အကျဉ်းဦးစီးဌာန ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်၊ အကျဉ်းထောင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသန်းတို့က အချုပ်ခံနေရသူများနှင့် ပြစ်ဒဏ်ကျခံရသူများ၏ အခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သောက်သုံးရေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးနှင့်အဖွဲ့သည် အချုပ်ခံနေရသူများနှင့် ပြစ်ဒဏ်ကျခံနေရသူများ၏ အဆောင်များ၊ စားဖိုဆောင်၊ အကျဉ်းထောင်ဆေးရုံ၊ စိုက်ခင်းများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၆-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၅၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၆၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၀ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ · ၄၁ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၂၃၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၈၇ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ · ၆၈ |

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

**✻ ရှေ့ဖုံးမှ**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ဒေသလိုအပ်ချက်များအပေါ် ပြည်ထောင်စုအစိုးရအနေဖြင့် ဆောင်ရွက်ပေးနိုင်သည်များကို အလေးအနက်ထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံတင်ပြပြီး ချက်ချင်းခွင့်ပြုနိုင်သည်များကို ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တစ်ဝန်းလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ရေအားလျှပ်စစ်ထုတ်ယူရေးဆိုင်ရာများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက စားနပ်ရိက္ခာထောက်ပံ့




နိုင်ငံတော်သမ္မတ ဦးထင်ကျော် နန်းယွန်းမြို့နယ် စုပေါင်းရုံး၌ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် နန်းယွန်းမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသူ တစ်ဦးအား အားပေးစကားပြောကြားစဉ် (သတင်းစဉ်)

ရေးနှင့် အမျိုးသမီးများ ကိုယ်ဝန်ဆောင်ကာလမှ မွေးဖွားပြီး ကလေး နှစ်နှစ်သားအရွယ်အထိ အာဟာရထောက်ပံ့ရေးဆိုင်ရာများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ကျောင်းအဆင့်တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လူနာတင်ယာဉ်ထောက်ပံ့ရေး၊ ကာကွယ်ဆေးထိုးနှံရေး၊ ငှက်ဖျားရောဂါပပျောက်ရေးနှင့် ကျန်းမာရေးအသိပညာပေးရေး အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ခန္တီး-လဟယ်-နန်းယွန်း လမ်းမကြီး အဆင့်မြှင့်တင်ပြုပြင်ရေးနှင့် တံတားတည်ဆောက်ပေးမည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

**ထောက်ပံ့ရေးပစ္စည်းများပေးအပ်**

ထို့နောက် နိုင်ငံတော်သမ္မတက မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်မော်အောင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်လှတို့ထံ ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် နန်းယွန်းမြို့မှ ခန္တီးမြို့သို့ရောက်ရှိကြပြီး ထိုမှတစ်ဆင့် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မြန်မာနိုင်ငံပြက္ခဒိန် အကြံပေးအဖွဲ့ဝင်များနှင့် တွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၁၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ရန်ကုန်မြို့ မြို့မကျောင်းလမ်း အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ဇန်နဝါရီ ၉ရက် မှ ၂၀ ရက်အထိ ကျင်းပလျက်ရှိသော (၆၆)ကြိမ်မြောက် မြန်မာနိုင်ငံပြက္ခဒိန် အကြံပေးအဖွဲ့အစည်းအဝေးသို့ ယမန်နေ့ မွန်းလွဲပိုင်းက သွားရောက်၍ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ သဘာပတိ ဆရာတော် ဦးပညိန္ဒ၊ အဖွဲ့ဝင်ဆရာကြီးများဖြစ်ကြသည့် ဦးအောင်ချစ်၊ ဦးပြေငြိမ်း၊ အရန်အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံပြက္ခဒိန်အဖွဲ့သည် ဝါဆို၊ ဝါကပ်၊ ဝါထပ်၊ လထပ်၊ ရက်ငင်များနှင့် ပတ်သက်၍ ယနေ့အထိ အမှားအယွင်းမရှိဘဲ ရေးဆွဲဆောင်ရွက်ခဲ့သည်ကို သိရှိရသည့်အတွက် ဝမ်းသာမိကြောင်းနှင့် လူသားများ၏ နေ့စဉ်ဘဝတွင် မရှိမဖြစ်သုံးစွဲနေသော ပြက္ခဒိန်ပညာရပ်များကို နိုင်ငံသားများ လေးစားလေ့လာ တန်ဖိုးထားတတ်ရန်နှင့် ကျယ်ပြန့်နက်နဲ ခက်ခဲသော ပြက္ခဒိန်ပညာရပ်များကို လက်ဆင့်ကမ်းနိုင်ရန်အတွက် ပြက္ခဒိန်ပညာရှင်မျိုးဆက်သစ်များ မွေးထုတ်ရန်၊ တွက်ချက်ရေးဆွဲထားသော မူမှန်ပြက္ခဒိန်အတိုင်း လိုက်နာနိုင်ရေး နည်းလမ်းများဆက်လက်ရှာဖွေဆောင်ရွက်ရန်၊ နက္ခတ္တဗေဒ ရှေးရိုးရာ တွက်နည်းနှင့် ခေတ်မီတွက်နည်းများ ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းများရှာဖွေဆက်လက် ဆောင်ရွက်နိုင်ရန်တို့ကို လျှောက်ထားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာအေးဘုရားလမ်းရှိ အနုပညာအထက်တန်းကျောင်း (ပန်တျာနှင့်ပန်းချီပန်းပုကျောင်း)ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ကမ္ဘောဇရိပ်သာ (ချင်းချောင်းနန်းတော်)အား ရှေးမူလက်ရာမပျက် ထိန်းသိမ်းစောင့်ရှောက်ရန်၊ ပန်တျာနှင့်ပန်းချီပန်းပု ကျောင်းသားကျောင်းသူများကို သက်ဆိုင်ရာ အနုပညာနှင့်အတန်းပညာများ စနစ်တကျသင်ကြားပေးရန်၊ ကျောင်းဝင်းအတွင်း သန့်ရှင်းသပ်ရပ် သာယာရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်နှင့် ကျောင်းအဆောက်အအုံများ စနစ်တကျထိန်းသိမ်းရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကချင်ပြည်နယ် ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်တာဝေးစက်ဘီးစီးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

စက်ဘီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ် စက်ဘီးအားကစားသမားများပေါ်ထွက်လာစေရန်ရည်ရွယ်ကာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၊ ကချင်ပြည်နယ် Northern Myanmar စက်ဘီးကလပ်နှင့် ကချင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်နယ်ဝန်ကြီးချုပ်ဖလား ဖိတ်ခေါ်တာဝေးစက်ဘီးစီးပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီတွင် ကျင်းပရာ ကချင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်မြင့်က သေနတ်ပစ်ဖောက် တာလွှတ်ပေးသည်။

အဆိုပါ စက်ဘီးစီးပြိုင်ပွဲ၌ စုစုပေါင်းအင်အား ၃၁ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး မြစ်ကြီးနားမြို့ မနောကွင်းရှေ့မှ နမ္မတီးမြို့အသွား/အပြန် ၇၆ မိုင် အကွာအဝေးကို စီးနင်းယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မနောကွင်း၌ ဆက်လက်ကျင်းပရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# သံအမတ်ကြီး ဦးမောင်ဝေအား ဘူတန်နိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမောင်ဝေအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဘူတန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုများအတွက် စာမူပေးပို့ရက် တိုးမြှင့်သတ်မှတ်

**ရန်ကုန် ဇန်နဝါရီ ၁၆**

၂၀၁၆ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုများအတွက် စာမူပေးပို့ရန် နောက်ဆုံးတင်သွင်းရမည့်ရက်ကို မူလက ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ကို သတ်မှတ်ထားသော်လည်း ယခုအခါ ပြိုင်ပွဲရက်ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ တိုးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။

ပခုက္ကူစာပေတွင် သတ်မှတ်ထားသည့် ဘာသာရပ် ငါးမျိုးအတိုင်း ပြိုင်ပွဲဝင်စာမူများကို ဖော်ပြထားသည့် စည်းကမ်းချက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။

ပြိုင်ပွဲဝင်စာမူပုံစံများကို စာတည်းမှူးချုပ် အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်း စာပေဗိမာန်၌ ရယူနိုင်ပြီး နယ်မှပုံစံမှာယူလိုသူများသည် ငွေကျပ် ၈၀၀ ပေးပို့၍ ပြိုင်ပွဲဝင်ပုံစံများကို မှာယူနိုင်ကြောင်း သိရသည်။

ပခုက္ကူစာပေဆုများကို ယှဉ်ပြိုင်လိုသူများ စိတ်ဝင်တစားဖြင့် မေးမြန်းမှုများရှိနေရာ ပြိုင်ပွဲဝင်လိုသော စာပေဝါသနာရှင်များ၏ ဆန္ဒကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ယခုကဲ့သို့ ပြိုင်ပွဲဝင်ရက်တိုးမြှင့်သတ်မှတ်ပေးရခြင်းဖြစ်ကြောင်း ပခုက္ကူစာပေဆု ရွေးချယ်ရေးအဖွဲ့က ပြောကြားသည်။ **(သတင်းစဉ်)**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးမှုရည်မှန်းချက်ပြည့်မီစေရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဇန်နဝါရီ ၁၄ ရက်က ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံသစ်တောကျောင်း၊ လေ့ကျင့်ရေးသစ်တောကွက် ၅၀၀ သို့ရောက်ရှိပြီး ထင်းကြိုးဝိုင်းအတွင်း စမ်းသပ်စိုက်ပျိုးထားသည့် ကြီးမြန်သစ်မျိုးဖြစ်သော Albizia စမ်းသပ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြင်ဦးလွင်မြို့ ကျီးကိုင်ကျေးရွာဒေသခံပြည်သူများက ထိန်းသိမ်းထားသည့် ရေထိန်းတောနှင့် ရေကန်ကို လည်းကောင်း၊ ပုဂ္ဂလိကကော်ဖီစိုက်ခင်းများကို လည်းကောင်း၊ ဇီးပင်ကြိုးဝိုင်းအတွင်း ၁၉၈၄ ခုနှစ်က စိုက်ပျိုးတည်ထောင်ခဲ့သည့် ကျွန်း၊ ထင်းရှူးရောနှော စိုက်ခင်းကွက် ၅၅၀ နှင့် ဘန့်ဘွေးကျေးရွာ၊ သစ်တောဦးစီးဌာန အမြဲတမ်းပျိုးဥယျာဉ်ရှိ လိပ်ထိန်းသိမ်းရေးစခန်းတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံသစ်တောကျောင်းသို့ရောက်ရှိ၍ ဆရာများ၊ ကျောင်းသားများနှင့် ဝန်ထမ်းများအား ကျွန်းရတနာခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။ ယင်းနောက် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာများ၊ ဦးစီးရုံးချုပ်မှ အရာရှိကြီးများအားတွေ့ဆုံကာ သစ်တောကျောင်း နှစ်နှစ်သင်တန်းနှင့် ဒီပလိုမာသင်တန်း ဖွင့်လှစ်ရေးတို့နှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၁၅ ရက်က ကျောက်ဆည်မြို့ သံတော်မြတ်ကုမ္ပဏီလီမိတက်၏ ကြံနှစ်ကောင်ဘိလပ်မြေစက်ရုံကို လည်းကောင်း၊ စဉ့်ကိုင်မြို့နယ်ရှိ ကံကောင်းခြင်းရတနာထုတ်လုပ်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်၏ သစ်အချောထည်စက်ရုံကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# ဥပဒေအရာရှိ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၇) ဖွင့်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ ယနေ့ ဖွင့်လှစ်ကျင်းပသည့် အလယ်အလတ်အဆင့် ဥပဒေအရာရှိများ မွမ်းမံ သင်တန်းအမှတ်စဉ်(၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုရှေ့နေချုပ်က အမှာစကားပြောကြားရာတွင် ယခုသင်တန်းသည် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်များရှိ ဥပဒေရုံးအသီးသီးမှ အလယ်အလတ်အဆင့် ဥပဒေအရာရှိများအတွက် လုပ်ငန်းအရည်အသွေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ဦးစီးဌာနလေးခုက ဆောင်ရွက်လျက်ရှိသော ဥပဒေမူကြမ်းများစိစစ်ခြင်း၊ စီးပွားရေးနှင့် နိုင်ငံတကာ စာချုပ်စာတမ်းများအပေါ် အကြံဉာဏ်ပေးခြင်း၊ တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများဆောင်ရွက်ခြင်း၊ ဝန်ထမ်းရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ပိုမိုသိရှိနားလည်လာပြီး ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းတာဝန်များ ကျေပွန်စွာထမ်းဆောင်နိုင်ရေး အတွက်ဖြစ်ကြောင်း၊ သင်တန်းမှ ရရှိသည့် ပညာရပ်ဆိုင်ရာအတွေ့အကြုံများဖြင့် မိမိတို့ တာဝန်ကျသည့်ဒေသအသီးသီး၌ အရည်အသွေးပြည့်ဝသည့် ဥပဒေအရာရှိကောင်းများ ဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

သင်တန်းသို့ ဒုတိယရှေ့နေချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား၊ သင်တန်းသူ ၃၄ ဦးတို့ တက်ရောက်ကြသည်။

သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အများပြည်သူပို့ဆောင်ရေးယာဉ်လိုင်းစနစ်သစ် စတင်ပြေးဆွဲရာ တက္ကသိုလ်ကင်းထောက်များ ပါဝင်ကူညီဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်မြို့နေပြည်သူများအတွက် အများပြည်သူပို့ဆောင်ရေးယာဉ်လိုင်းစနစ်သစ်ကို ယနေ့စတင်ပြေးဆွဲရာ ခရီးသွားပြည်သူများ၊ ရုံးဝန်ထမ်းများ အဆင်ပြေစွာ လိုက်ပါစီးနင်းနိုင်ရန်အတွက် လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ရန်ကုန်မြို့ရှိ တက္ကသိုလ်ကောလိပ်များမှ တက္ကသိုလ် ကင်းထောက်များက စေတနာ့ဝန်ထမ်းပူးပေါင်းကူညီဆောင်ရွက်ပေးကြသည်။

ရန်ကုန်မြို့ရှိ တက္ကသိုလ်ကောလိပ်များမှ တက္ကသိုလ်ကင်းထောက်၊ အမျိုးသား ၊ အမျိုးသမီး ၄၀ တို့သည် ကမာရွတ်မြို့နယ် ပြည်လမ်း၊ ရန်ကုန်-အင်းစိန်လမ်းမကြီး လှည်းတန်းရှိ ကားမှတ်တိုင်များ၌ ခရီးသွားပြည်သူများနှင့် ရုံးဝန်ထမ်းများအား ၎င်းတို့စီးနင်းလိုက်ပါမည့် ကားလိုင်းအမှတ်များ၊ လမ်းညွှန်မြေပုံများဖော်ပြထားသည့် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးပြီး လွယ်ကူစွာ နားလည်သဘောပေါက်သိရှိနိုင်ရန် ရှင်းလင်းပြသမှုများ၊ ခရီးသွားပြည်သူများနှင့် ဝန်ထမ်းများ ၎င်းတို့သွားလိုသည့်နေရာနှင့် ကားလိုင်းများကို သိရှိနိုင်ရန် ရှင်းလင်းပြောကြားပေးကြသည်။

ခရီးသွားပြည်သူများအတွက် တက္ကသိုလ်ကင်းထောက်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ လူမှုရေးလုပ်ငန်းဆောင်ရွက်လိုကြသည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများကလည်း စေတနာ့ဝန်ထမ်း ပူးပေါင်းကူညီဆောင်ရွက်ကြကြောင်း သိရသည်။ **ကိုလတ်(သတင်းစဉ်)**





# ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်

**နေပြည်တော် ဇန်နဝါရီ ၁၆**

နေပြည်တော်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ညွှန်ကြားမှုဖြင့် နေပြည်တော် ရဲတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက နေပြည်တော် ရှစ်မြို့နယ်နေ ပြည်သူများနှင့် ရင်းနှီးစွာတွေ့ဆုံ၍ ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ်ကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက်ရှိ ပြည်သူများနေထိုင်ရာ နေအိမ်များသို့ နေပြည်တော် ရဲတပ်ဖွဲ့ဝင်များ၊ ပျဉ်းမနားရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများက တစ်အိမ်တက်ဆင်းသွားရောက်ပြီး ပြည်သူများနှင့်တွေ့ဆုံကာ မှုခင်းကျဆင်းကာကွယ်ရေးနှင့် မှုခင်းပညာပေးလက်ကမ်းစာစောင်များကို ဝေငှ၍ ပြည်သူများအနေဖြင့် ရဲတပ်ဖွဲ့အား အချိန်မရွေးဆက်သွယ်အကြောင်းကြားနိုင်မည့် ဖုန်းနံပါတ်များကိုပေးခဲ့ကြောင်း၊ ပြည်သူများက ရဲတပ်ဖွဲ့အား အကူအညီပေးမှ သတင်းမှန်ရရှိမည်ဖြစ်ကြောင်း ပျဉ်းမနားမြို့မရဲစခန်းမှူး ဒုရဲမှူး တင်ဌေးက ပြည်သူများအား ရှင်းလင်းပြောကြားသည်။

ပြည်သူများကလည်း မိမိပတ်ဝန်းကျင်၌ မှုခင်းများ၊ လောင်းကစားမှုများ၊ မူးယစ်ဆေးဝါးမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများ ဖြစ်လာလျှင် ယခင်က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ သတင်းပို့ခဲ့ကြောင်း၊ ရဲစခန်းများသို့ သတင်းပို့မှုအားနည်းခဲ့ကြောင်း၊ ယခုကဲ့သို့ ရဲတပ်ဖွဲ့ဝင်များက အိမ်တိုင်ရာရောက်ရှင်းလင်းပြောဆိုပြီး မှုခင်းကျဆင်းရေးလက်ကမ်းစာစောင်များနှင့်ဆက်သွယ်ရန် ဖုန်းနံပါတ်များပေးထားသဖြင့် နောင်ဆိုလျှင် မှုခင်းဖြစ်စဉ်များဖြစ်ပေါ်လာပါက သတင်းပေးပို့သွားမည်ဖြစ်ကြောင်း ရန်အောင်(၂)ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။ **ရဲရဲ(ပျဉ်းမနား)**

❋ ကျောဖုံးမှ

အာဏာပိုင်အဖွဲ့(YRTA)၏ အနီးကပ်ကြီးကြပ် ညွှန်ကြားမှုများဖြင့် ခရီးသည်များ လိုရာခရီးကို ရောက်ခဲ့သည်။


ဒေါက်တာ မောင်အောင်


ဦးကျော်ရွှေ

"ခရီးသည်များအဆင်ပြေ ချောမွေ့စွာ သွားလာနိုင်ရန်အတွက် ယာဉ်လိုင်းစနစ်သစ် စတင်ကျင့်သုံးသည့်နေ့မှစ၍ ငါးရက်အတွင်း တက္ကသိုလ်ကျောင်းသားကျောင်းသူ များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူလူထုပါဝင်သည့် လုပ်အားပေးအဖွဲ့များကို ထားရှိသွားမည်ဖြစ်ပြီး လိုအပ်ပါက ရက်ထပ်တိုး ကူညီပေးသွားမည်ဖြစ်ကြောင်း" ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်က ပြောသည်။

**ခရီးသည်တွေက ယာဉ်လိုင်းပဲမှတ်**

"ဒီနေ့က စနစ်သစ်စတာဆိုတော့ အဆင်မပြေတာတွေလည်း တွေ့ရတယ်။ ပြဿနာက ဘာလဲဆိုတော့ ခရီးသည်တွေက ယာဉ်လိုင်းတွေပဲမှတ်ထားတယ်။ အဲဒီတော့အဆင်မပြေဘူး။ မှတ်တိုင်တိုင်းမှာတော့ Information ပေးတဲ့ လုပ်အားပေးတွေရှိတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

"ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)သို့ ယာဉ်လိုင်းပေါင်း ၇၀ ခန့်မှာ ကုမ္ပဏီအစုအဖွဲ့များက ပြေးဆွဲဖို့ ကတိပြုထားတဲ့ ယာဉ်စီးရေ ၃၇၀၀ ကျော်ရှိပေမယ့် ယနေ့ ပြေးဆွဲတဲ့ ယာဉ်စီးရေက ပေးထားတဲ့ယာဉ်စီးရေအတိုင်း ပြေးဆွဲနိုင်ခြင်း မရှိတဲ့အတွက် ခရီးသည်တွေ အခက်အခဲဖြစ်ရတယ်။ ယာဉ်လိုင်းတွေမှာရှိတဲ့ကားတွေက ပေးထားတဲ့ ယာဉ်စီးရေအတိုင်း ပြေးဆွဲတာမရှိဘူး။ ဆက်သွယ်မေးမြန်းတဲ့အခါ စတစ်ကာကပ်လို့ မပြီးသေးဘူးဆိုတာတွေရှိတယ်။ အဲဒီအတွက် နည်းနည်းကသီသွားတယ်။ တချို့နေရာတွေမှာ အဆင်မပြေမှုလေးတွေဖြစ်သွားတယ်။ စည်းကမ်းချိုးဖောက်တာတွေကို ပြင်းပြင်းထန်ထန်အရေးယူသွားမယ်။ ယာဉ်စီးခနဲ့ပတ်သက်ပြီး ပိုမယူဖို့ ညွှန်ကြားထားတယ်။ ခံဝန်ကတိလည်း ထိုးခိုင်းထားတယ်။ နေရာတိုင်းမှာ ဘယ်လိုင်းတွေက အားနည်းလဲဆိုတာ မှတ်သားထားတယ်။ အတတ်နိုင်ဆုံးဖြေရှင်းသွားမယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အနေဖြင့် ပြေးဆွဲသည့်ယာဉ်လိုင်းစနစ်သစ်တွင် ပြည်သူလူထုတောင်းဆိုလာပါက ယာဉ်လိုင်းသစ်တိုးချဲ့ခြင်း၊ ယာဉ်စီးရေတိုးချဲ့ခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)ထံမှ သိရသည်။

ယနေ့ အများပိုင်ယာဉ်လိုင်းစနစ် (YBS) ပြေးဆွဲသည့်နေ့တွင် သခင်မြပန်းခြံနှင့် မြို့ထဲပတ်ဝန်းကျင်ပြေးဆွဲသော ယာဉ်စီးရေနည်းပါးခြင်း၊ ယာဉ်စီးခပိုတောင်းခြင်း၊ ယာဉ်စည်းကမ်းချိုးဖောက်ခြင်းနှင့် ယာဉ်ကြောပြောင်းပြန်မောင်းနှင်မှုများကြောင့် ခရီးသွားပြည်သူများထံမှ တိုင်ကြားခြင်းများရှိကြောင်း အတွင်းရေးမှူး ဒေါက်တာမောင်အောင်ထံမှ သိရသည်။

**ကင်းဝေးမည်**

ယနေ့စတင်ကျင့်သုံးလိုက်သည့် ယာဉ်လိုင်းစနစ်သစ်ကြောင့် ခရီးသည်တင်ဘတ်စ်ကားအချင်းချင်း ပြိုင်မောင်းခြင်း၊ ခရီးသည်လုတင်ခြင်းများ ကင်းဝေးသွားမည်ဖြစ်ကြောင်း အတွင်းရေးမှူး ဒေါက်တာမောင်အောင်က သုံးသပ်ထားသည်။

ယာဉ်လိုင်းစနစ်သစ်ကြောင့် ခရီးသည်များ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲပြဿနာများကို ဖြေရှင်းနိုင်ရန်၊ YRTA အောက်ရှိ လက်ရှိပြေးဆွဲနေသည့် ကုမ္ပဏီအစုအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်သော ပြဿနာများချက်ချင်း ဖြေရှင်းနိုင်ရန် Operator Team တစ်ခုဖွဲ့စည်းထားကြောင်း YRTA ထံမှ သိရသည်။

သာကေတမြို့နယ်မှ ဦးလှဝင်းက "သာကေတကနေ ဆေးရုံကြီးကိုသွားတာ နှစ်ဆင့်လောက်တော့ ကားပြောင်းစီးရတယ်။ ကားခကတော့ ၂၀၀ ပဲ၊ ပထမရက်ဆိုတော့ အခက်အခဲက ရှိတာပေါ့။ နောက်ပိုင်းအဆင်ပြေသွားမှာပါ" ဟု ပြောသည်။

ယာဉ်လိုင်းအမှတ်(၇)မှ ကြီးကြပ်ရေးမှူး ဦးသိန်းဇော်က "ကားစီးတဲ့ခရီးသည်တွေက ဘယ်ကားနံပါတ်က ဘယ်သွားတယ်ဆိုတာ မသိကြသေးဘူး၊ ကားစီးရင် ဘယ်ရောက်မယ်ဆိုတာ မသိသေးဘူး။ ဒီအခက်အခဲတော့ အများကြီးဖြစ်နေတယ်။ အဲဒီအတွက် ဖြေပေးနေရတယ်"ဟု ခရီးသည်များ၏ အခက်အခဲကို ပြောသည်။



မှတ်တိုင်များတွင် ခရီးသည်များ လမ်းကြောင်းပြပိုစတာကို ကြည့်ရှုနေစဉ်


ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA) အတွင်းရေးမှူး ဒေါက်တာမောင်အောင်က "စနစ်တစ်ခုပြောင်းတယ်ဆိုတာ အင်မတန်ခက်ပါတယ်။ စိန်ခေါ်မှုတွေလည်း အများကြီးရှိတယ်။ လိုအပ်ချက်တွေလည်း ရှိတယ်။ ဘာပဲဖြစ်ဖြစ် ပြည်သူလူထုအတွက် ဝန်ဆောင်မှုကောင်းတဲ့ သယ်ယူပို့ဆောင်ရေးစနစ်ပေါ်ပေါက်ဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**ဝိုင်းဝန်းဆောင်ရွက်**

ဘတ်စ်ကားစီးခရီးသည်တစ်ဦးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်း(၇)ရပ်ကွက်တွင်နေထိုင်သည့် ကိုတင်ဝင်းလှိုင်က "နေ့စဉ် သိန်းနဲ့ချီတဲ့ ခရီးသွားပြည်သူတွေကို ဝန်ဆောင်မှုအသစ်တွေပေးမယ့် ဘတ်စ်ကားစနစ်တွေဖြစ်လို့ ကြိုဆိုပါတယ်။ ဒီကနေ့အစမှာ အခက်အခဲတွေ ရင်ဆိုင်ကြရမှာပါ။ ဒါပေမယ့် ရေရှည်မှာ ကောင်းမွန်တဲ့ဝန်ဆောင်မှုဖြစ်လာဖို့ ဝိုင်းဝန်းဆောင်ရွက်ကြရမှာပါ"ဟု ပြောသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ရွှေက "ဒီနေ့ မြင်ရတာတော့ လမ်းကြောင်းတွေရှင်းမယ့်အနေအထား တွေ့တယ်။ ကနဦးစတင်ဆွဲတဲ့နေ့ဆိုတော့ ခရီးသည်တွေက လမ်းကြောင်းမသိလို့ နည်းနည်းတော့ စုပုံနေတာပေါ့။ နောက်ကျရင်တော့ ဒီစနစ်က ကောင်းတဲ့စနစ်ဖြစ်တော့ ပိုကောင်းလာမယ်လို့ မျှော်လင့်တယ်။ ကျွန်တော်တို့လည်း အဲဒါကြောင့် အခုလို မှတ်တိုင်တိုင်းကိုသွားပြီး လေ့လာနေတာ။ အခက်အခဲတချို့ ဘာတွေ့လဲဆို လမ်းကြောင်းတစ်ကြောင်းတည်းသွားလို့ရတာကို နှစ်ကြောင်းပြန်ပြီး စီးနေရတော့ အချိန်ကြန့်ကြာမှုဖြစ်တယ်လို့တော့ ပြောကြတယ်။ ဒါပေမယ့် လမ်းကြောင်းရှင်းသွားရင်တော့ ကားမှတ်တိုင်နှစ်ဆင့်ပြောင်းစီးရပေမယ့် နောက်ပိုင်းမှာ ပိုအဆင်ပြေမယ်လို့ မျှော်လင့်ပါတယ်။ ခရီးသည်တွေ ကျပ်ကျပ်တည်းတည်းစီးနေရတာတွေ့တော့ နောက်ထပ်ကားစီးရေတိုးချပေးရင်တော့ ဒီထက်ပိုကောင်းသွားမှာပါ။ ရန်ကုန်မြို့မှာ ယာဉ်ကြောပိတ်ဆို့နေတာကို ဖြေလျှော့ဖို့အတွက် နည်းလမ်းရှာတဲ့အခါ လတ်တလော ကိုယ်လိုချင်တဲ့ပုံစံမျိုးမဖြစ်နိုင်ပေမယ့်လို့ တဖြည်းဖြည်းတော့ လိုချင်တဲ့ပုံစံရောက်လာမယ်လို့ မျှော်လင့်တယ်" ဟု ပြောသည်။


ကိုတင်ဝင်းထွန်း


မသီတာချို


မပန်ပန်

**ဒီစနစ်က လုမောင်းတာမရှိ**

ယာဉ်မောင်းဖြစ်သူ ကိုတင်ဝင်းထွန်းက "ကျွန်တော့်လိုင်းက တောင်ဒဂုံ(၇၁)ကနေ ရန်ကုန်မြို့တွင်း ဆူးလေပါ။ မနက်ကတော့ လမ်းတော်တော်ပိတ်တယ်။ ဒီညနေပိုင်းကတော့ လမ်းရှင်းပါတယ်။ ဒီစနစ်က လုမောင်းရတာလည်းမရှိတော့ ကျွန်တော်တို့အတွက်လည်း စိတ်ချမ်းသာပါတယ်။ အဓိက ကျွန်တော်တို့အတွက် စိန်ခေါ်မှုကတော့ မှတ်တိုင်တွေမှာ အငှားယာဉ်တွေရပ်တာတို့၊ ဈေးသည်တို့ အဲဒါတွေ ရှင်းပေးနိုင်ရင်တော့ ပိုကောင်းတာပေါ့။ မှတ်တိုင်လည်း ဝင်ရပ်ရတာအဆင်ပြေသလို၊ ထွက်ရတာလည်းအဆင်ပြေတယ်။ လိုင်းကားနဲ့ မသက်ဆိုင်တဲ့ကားတွေ မှတ်တိုင်မှာ ရှင်းပေးမယ်ဆိုရင် အဆင်ပြေမှာပါ။ ခေါက်ရေပြေးဆွဲမှုအပိုင်းကိုပြောရရင် ခုကျွန်တော်တို့ကားက ဂက်စ် ၁၂ လုံးပါတယ်။ တစ်ကြောင်းကို လေးလုံးလောက်ကုန်တယ်။ သုံးကြောင်းဆို ၁၂ လုံးပေါ့။ အဓိက သုံးကြောင်းလောက်ပဲရမယ်။ မနက် ၅ နာရီလောက်က စထွက်ရတယ်။ ဒီထက်ပိုမောင်းရမယ်ဆိုရင်တော့ ဂက်စ်က မမီဘူး။ အုပ်စုလိုက်ဆိုရင်တော့ အဆင်ပြေမယ်လို့ ထင်ပါတယ်" ဟု ပြောသည်။

စေတနာ့ဝန်ထမ်း မသီတာချိုက "ပြည်သူတွေအနေနဲ့ ဒီနေ့ ပထမဆုံးနေ့ဆိုတော့ အခက်အခဲနည်းနည်းရှိတာပေါ့။ ကျွန်မတို့တွေကလည်းပထမဆုံးနေ့ဆိုတော့ ဘာမှမသိသေးဘူး။ ကျွန်မတို့ဆီရောက်လာတာက လက်ကမ်းစာစောင်ရယ်၊ လမ်းညွှန်ရယ်ပေါ့။ အဲဒီအတိုင်းပဲညွှန်ရတာလေ၊ ကျွန်မလည်း မစီးဖူးဘူး။ ညကတည်းက ကြိုတင်ပြီးတော့ လက်ကမ်းစာစောင်ရောက်တော့ ဖတ်ထားရတယ်။ ဖုန်းထဲမှာလည်း အက်ပလီကေးရှင်း ရှိတယ်။ အဲဒါလေးတွေကိုပဲ ကြည့်ပြီး ခရီးသည်တွေကို ဖြေရတာ။ ဒီနေ့မှစတယ်ဆိုတော့ ပြည်သူတွေ အကြိုက်မတွေ့သေးဘူး။ သည်းခံဖို့ တော်တော်တော့ တောင်းပန်ရတယ်။ အခုဆိုရင် ဒီလိုင်းမှာအရင်ပြေးဆွဲတဲ့ ၃၃ ယာဉ်လိုင်း(ရန်ကင်း၊ မိုးကောင်း)ဘက်ကို ပြေးဆွဲတာ လုံးဝမရှိသေးဘူး။ အဲဒီခရီးသည်တွေ အခက်တွေ့နေတယ်။ နံနက်စောပိုင်းနဲ့ ညနေပိုင်းရုံးဆင်းချိန်ကတော့ မှတ်တိုင်တွေမှာ ခရီးသည်တွေများတယ်။ ဒီနေ့အဓိက အခက်အခဲကတော့ တချို့ကားသမားတွေ ယာဉ်စီးခပိုတောင်းတယ်။ တကယ်ဆို ဘယ်စီးစီးငွေ ၂၀၀ ပဲလေ။ ဒီနေ့ဆိုငွေ ၃၀၀ တောင်းတဲ့ ကားသမားရှိနေတယ်လို့ သိရတယ်။ ကားနံပါတ်ကိုမှတ်လာပါ၊ တိုင်ပါ၊ အရေးယူမယ်လို့ပဲ ပြောလိုက်ရတယ်။ ဒါကတော့မဖြစ်သင့်ဘူး။ ပြီးတော့ အငှားယာဉ်တွေ၊ ဒီလိုနေ့မှာအငှားယာဉ်မောင်းတွေအနေနဲ့ ပရဟိတစိတ်ထားရမှာ။ သူတို့လည်း ကူညီဖို့လိုတယ်။ အခုတော့ ဒီလိုနေ့မျိုးကို အခွင့်ကောင်းယူပြီး ပိုတောင်းကြတယ်။ ငွေ ၁၅၀၀ ခရီးကို ငွေ ၃၀၀၀ ထိတောင်းကြတယ်။ ဒီနေ့အခက်အခဲတွေကို ကျွန်မ တို့ပြန်တင်ရမယ်။ အဲဒါတွေကတော့ ယာဉ်စီးခပိုတောင်းတာတွေ၊ နောက်တစ်ခုက ကားတွေ အခုထိလုယက်ပြီးတင်နေတာတွေ၊ လိုင်းလိုအပ်ချက်တွေ တင်ရမှာပါ။ ဥပမာ မနက်ပိုင်း ဒဂုံတက္ကသိုလ်ဘက်သွားတဲ့ကားတွေ ဒီလမ်းကြောင်းမှာ နည်းတယ်။ ကျောင်းချိန်မှာ မတွေ့ရဘူး။ အဲဒီအချက်တွေကို ခရီးသွားပြည်သူတွေ အဆင်ပြေအောင် ဆက်လက်တင်ပြသွားမှာပါ" ဟု ပြောသည်။

ခရီးသွားပြည်သူ မပန်ပန်က "ကျွန်မက ဒီသီတာမှတ်တိုင်ကနေ ရန်ကင်းစင်တာကို သွားမှာပါ။ အဲဒီမှာ အလုပ်ဆင်းပါတယ်။ အခါတိုင်းလိုတော့ အဆင်မပြေဘူး။ ဒီနေ့ကတော့ ယာဉ်လိုင်းတွေရော၊ ယာဉ်အမှတ်တွေရော စပြောင်းတဲ့နေ့မို့လား မသိဘူး၊ အခက်အခဲရှိတယ်။ ဘယ်သူမှ တိတိကျကျ မသိကြဘူး။ ဒီနေ့မနက်တွေ့ရတာတော့ ကားတိုင်း ခရီးသည်တွေ ကျပ်နေတာပဲ။ နောက်ကျရင်တော့အဆင်ပြေသွားမှာပါ။ ခုတွေ့နေရတာက ခရီးသည်တွေ လမ်းကြောင်းတူတာတွေစုပြီး အငှားကားတွေနဲ့ သွားနေကြတာလည်းတွေ့ရတယ်။ ကျွန်မ အမြင်ပြောရရင် အခုလိုမှတ်တိုင်တွေမှာ ခရီးသည်တွေ မစုပုံနေအောင်နဲ့ ကားစီးတဲ့အခါ ကျပ်တည်းမှုမဖြစ်အောင် ယာဉ်တွေကို အခုထက်ပိုမိုတိုးပြီးပြေးဆွဲနိုင်ရင် အဆင်ပြေမယ်လို့ မြင်ပါတယ်" ဟု ပြောသည်။

❀ ကျောဖုံးမှ

ဒေါ်နန်းလိုင်းခမ်း ဥက္ကဋ္ဌအဖြစ်တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ကမ္ဘောဇအေနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM) သည် နိုင်ငံတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ရှေ့ဆုံးမှ တက်ကြွစွာလူအား၊ ငွေအားဖြင့် ပံ့ပိုးကူညီပါဝင်ဆောင်ရွက်လျက်ရှိရာ နိုင်ငံနှင့်အဝန်း သောက်သုံးရေရှားပါးခက်ခဲသော ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရန် စက်ရေတွင်းများ တူးဖော်ပေးခြင်း၊ အိမ်တိုင်ရာရောက် ရေသွယ်တန်းပေးခြင်း၊ ရေဘောက်ဆာကားများ လှူဒါန်းပေးခြင်း၊ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူများ၊ စစ်ဘေးရှောင်ပြည်သူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ အအေးလွန်ကဲမှုဒဏ်မှ ကာကွယ်နိုင်ရန် အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိ ခေါင်းစွပ်ပါ အနွေးထည် ၂၀၅၀၀၀ ကို ပြည်ပမှ မှာယူလှူဒါန်းခဲ့ခြင်းနှင့် နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုသို့ အလှူငွေကျပ်သိန်း ၁၀၀၀ စီဖြင့် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၁၄၀၀၀ လှူဒါန်း ခဲ့သည်။

ထို့ပြင် မသန်စွမ်းသူများ၏ဘဝ တိုးတက်မြင့်မားရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ နှုတ်ခမ်းကွဲ အာခေါင်ကွဲ ကလေးငယ်များကို ခွဲစိတ်ကုသပေးခြင်း၊ အခြေခံလူတန်းစားဘဝ မြင့်မားစေရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်း (Micro Finance) ကို ဆောင်ရွက်ပေးလျက်ရှိခြင်း၊ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်တိုင်ဦးဆောင်၍ တစ်နိုင်ငံလုံးရှိ ကမ္ဘောဇဘဏ်လီမိတက် ဝန်ထမ်းများက သွေးလိုအပ်လျက်ရှိသော လူနာများသို့ အခါအားလျော်စွာ သွေးလှူဒါန်းပေးလျက်ရှိခြင်း၊ ပြည်ပနိုင်ငံများ၌ ရောက်ရှိနေပြီး နေရပ်ပြန်ရန် အခက်အခဲရှိနေသော မြန်မာလုပ်သား ဒုက္ခသည်များအား အမိမြန်မာနိုင်ငံသို့ အခမဲ့အကြိမ်ကြိမ် ပြန်လည်ခေါ်ဆောင်ပေးခဲ့ခြင်း စသည်ဖြင့် နိုင်ငံတော်နှင့် ပြည်သူအတွက် ဖောင်ဒေးရှင်း စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် ၂၀၀၇ ခုနှစ်မှ ယခု ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်အထိ စုစုပေါင်း ငွေကျပ် ၁၁၄ ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

❍ ကျောဖုံးမှ

တက္ကသိုလ်လက်ရွေးစင်အသင်းနှင့် ငွေကြယ်ပွင့်လေးများအသင်း၊ ဇန်နဝါရီ ၁၈ ရက်တွင် သုဝဏ္ဏကွင်း၌ စီးတီးရန်ကုန်အသင်း(ယခင် Horizon) နှင့် မဟာယူနိုက်တက်အသင်း၊ အောင်ဆန်းကွင်း၌ မြဝတီအသင်းနှင့် ဒဂုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ MNL-2 ပြိုင်ပွဲတွင် အသင်း ၁၁ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ဖွဲ့စည်းထားသည့် မြန်မာယူ-၁၈(က)အသင်းသည် Phoenix အသင်းအမည်ဖြင့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲယှဉ်ပြိုင်မည့် အသင်းများမှာ စီးတီးရန်ကုန်၊ Phoenix ၊ စီးတီးစတား၊ သန်လျင်ယူနိုက်တက်၊ မြဝတီ၊ ဖုန်ဂန်၊ မောရဝတီ၊ တက္ကသိုလ်လက်ရွေးစင်၊ ငွေကြယ်ပွင့်လေးများ၊ ဒဂုံနှင့် မဟာယူနိုက်တက်အသင်းတို့ဖြစ်သည်။ MNL-2 ပြိုင်ပွဲ ယှဉ်ပြိုင်မည့်အသင်းများမှာ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ပြိုင်ပွဲကိုပါ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ထိပ်ဆုံးနှစ်သင်းမှာ လာမည့်ရာသီတွင် MNL သို့ တန်းတက်ခွင့်ရမည်ဖြစ်သည်။

# အမြန်လမ်းမကြီးပေါ်က စကားပြောသင်တန်းတစ်ခု

## အန်ကယ်ပညာ

ခါတိုင်းဆိုလျှင် ယာဉ်မောင်းထိုင်ခုံ၏ ဘေးတစ်ဖက်ထိုင်ခုံနေရာမှာ ဇနီးသည်၏ ပုံသေထိုင်ခုံဖြစ်၏။ ထိုနေရာတွင်ထိုင်ရင်း သူအလိုမကျသည့် အကြောင်းအရာများကို ပွစိပွစိ ပြောလေ့ရှိ၏။ မိသားစု၏ ရှေးဟောင်းနှောင်းဖြစ်များကိုလည်းပြော၏။ သွားရင်းလာရင်းမိသားစုအရေးအတွက် တိုင်ပင်စရာရှိသည်များကိုလည်း တိုင်ပင်တတ်၏။

ထိုနေရာမှ ထိုင်လျက်ပင် ရှေ့မှအန္တရာယ်တို့ကို ကြိုတင်သတိပေးတတ်၏။ ခရီးရှည် မောင်းရသည့်အခါမျိုးတွင် ပင်တိုင်ယာဉ်မောင်းဖြစ်သူ သူ့လင်တော်မောင်အား ဇက်ကြောလှမ်းဆွဲပေးသည်လည်းရှိ၏။ ကားမောင်းရင်း အိပ်ငိုက်ခြင်း ကင်းစေရန် ချိုချဉ်ရသာ အဖြာဖြာတို့ကို ပါးစပ်အတွင်းသို့ တစ်ခုပြီးတစ်ခု ထိုးထည့်ပေးသည့် အလုပ်ကိုလည်းလုပ်၏။ ဤကဲ့သို့ပင် ထိုနေရာတွင်ထိုင်ရင်း ဤသို့သောနည်းတို့ဖြင့် ခရီးစဉ်တစ်လျှောက်လုံး ယာဉ်မောင်းဖြစ်သူအား ရေပူရေချမ်း ကမ်းလှမ်းလျက် ပိုးမွေးသလိုမွေးကာ လိုက်ပါလေ့ရှိ၏။

ဤတစ်ခါက် နေပြည်တော်မှ ရန်ကုန်သို့သွားသည့် ခရီးစဉ်တွင် ထိုထိုင်ခုံ၌ နေရာရသူမှာ ယာဉ်မောင်းလိုင်စင်ရခါစ သမီးကြီးဖြစ်၏။ ဇနီးဖြစ်သူကား နောက်ထိုင်ခုံမှာ ပုတီးစိတ်ရင်းလိုက်ပါလာ၏။ အကြောင်းမှာ ကားမောင်းတတ်စ သမီးကြီး၏ အမြန်လမ်းတွင် မည်သို့မည်ပုံ သတိထားမောင်းနှင်ရမည်ကို ရှေ့တွင် ထိုင်၍ သင်ယူလိုကြောင်း တောင်းဆိုချက်အရ လိုက်လျောပေးလိုက်ခြင်းဖြစ်၏။

ဤခရီးကား ယာဉ်မောင်းသူအတွက်လည်း ခါတိုင်းနှင့်မတူ တစ်မူထူးသကဲ့သို့ ရှိလှ၏။ ခါတိုင်းတွင် နံဘေးရှိ ဇနီးသည်၏ ပြောစကားတို့ကို နားထောင်ရင်း ကားကို မောင်းခဲ့ရသည်က ကျင့်သားရနေခဲ့၏။ ဤတစ်ခါက်တွင် ကားမောင်းရင်း စကားပြောရမည်မှာ ကိုယ်တိုင်ဖြစ်နေသောကြောင့်တည်း။

မောင်းနှင်ရင်း စကားမပြော၍လည်းမဖြစ်၊ အမြန်လမ်းမောင်းနှင်ပုံအကြောင်းကို သမီးကြီးအား အလျင်းသင့်သလို သင်ခန်းစာပေးသွားရမည် မဟုတ်ပါလော။ ထို့အပြင် သက်ဆိုင်ရာက ထုတ်ပြန်ထားချက်အရ ၂၀၁၆ ခုနှစ် အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှု ၇၄၄ မှုဖြစ်ပွားခဲ့ပြီး အဆိုပါ ဖြစ်စဉ်များကြောင့် သေဆုံးသူ ၁၆၇ ဦး၊ ဒဏ်ရာရရှိသူ ၁၃၀၇ ဦးအထိရှိနေခဲ့သည့် ကိန်းဂဏန်းဖော်ပြချက်များကလည်း စကားများများပြော၍ သင်ကြားပေးလိုစိတ်ကို နှိုးဆွပေးနေသကဲ့သို့ ရှိလှ၏။

အမြန်လမ်းမကြီးပေါ်တွင် တစ်နှစ်တာအတွင်း ဖြစ်ပေါ်ခဲ့သည့် ယာဉ်မတော်တဆမှု ၇၄၄ မှုကို အသေအချာ ဆန်းစစ်ကြည့်လျှင် ယာဉ်မောင်းသူ ၇၄၄ ဦးကို ဖြစ်စဉ်များ၏ အခြေခံ၊ အစပျိုးအဖြစ်မြင်ရ၏။ သေဆုံး၊ ဒဏ်ရာရ အရေအတွက်မှာ ယာဉ်မောင်း ၇၄၄ ဦးတို့အပေါ်မူတည်၍ ဖြစ်ပေါ်လာကြသည့် နောက်ဆက်တွဲ ကိန်းဂဏန်းများသာ ဖြစ်၏။ ထိုကိန်းဂဏန်းများထဲတွင် ယာဉ်မောင်းသူတို့ပါ သွားသည်ရှိသလို၊ မပါသည်လည်းရှိ၏။

ထိုဖြစ်စဉ်များဖြစ်ပွားခဲ့ကြသည့် ယာဉ်မောင်းများကို လေ့လာကြည့်လျှင်လည်း ယာဉ်မောင်း တတ်ခါစများမဖြစ်နိုင်၊ ကျွမ်းကျင်ယာဉ်မောင်းများဖြစ်သော်လည်း မဆင်မခြင် မောင်းနှင်ခြင်းနှင့် မောင်းနှင်စဉ်သတိလက်လွတ်ဖြစ်ခြင်းတို့ကြောင့်သာ မတော်တဆဖြစ်ကြသည်ကို တွေ့ရ၏။ ထိုကဲ့သို့သော မဆင်မခြင်ဆိုသည့် အကြောင်းအရာနှင့် သတိလက်လွတ်ဆိုသည့်ဝေါဟာရတွင် အကျုံးဝင်နေသည့် အချက်များကို ဤခရီးတစ်လျှောက် သမီးကြီးအား သင်ကြားပေတော့အံ့။

နေပြည်တော် စီလမ်းဆုံတိုးဂိတ်တွင် လမ်းအသုံးပြုခကျသင့်ငွေ ပေးဆောင်၍ အမြန်လမ်းခရီးစတင်လိုက်၏။ အချိန်ကား ညနေလေးနာရီတိတိ။ "ကဲ၊ သမီးရေ အချိန်တွက်ကြည့်ရအောင်။ လမ်းစည်းကမ်းသတ်မှတ်ချက်အတိုင်း ကီလိုမီတာ ၁၀၀ (၆၀ မိုင်)နှုန်းပဲမောင်းမယ်။ မောင်းချိန်တွက်ပေးပါဦး"။ "ရန်ကုန် အမှတ်(၃)လမ်းဆုံအထိ ၂၀၂ မိုင် ၁ ဖာလုံဆိုတော့ ၃နာရီခွဲလောက်ကြာမယ် ဖေဖေ"။ "ဟုတ်ပြီ၊ ၁၁၅ မိုင် ယာဉ်ရပ်နားစခန်းမှာ လူရော ကားရောနားဖို့ တစ်နာရီ ထပ်ပေါင်းလိုက်ရင် ၄ နာရီခွဲဆို သမီးပြောတဲ့အမှတ်(၃)လမ်းဆုံ ရောက်ပြီပေါ့"

"သမီးကို ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအကြောင်း ပြောဦးမယ်။ ရန်ကုန် အမှတ်(၃)လမ်းဆုံကနေ မန္တလေးစကားအင်းဝိုင်းအထိ ၃၅၂ မိုင် ၆ဖာလုံရှိတယ်။ လမ်းအသုံးပြုခကောက်ခံတဲ့ဂိတ်ကြီးတွေက အမှတ်(၃)လမ်းဆုံနားကဂိတ်ရယ်၊ ၁၁၅မိုင်ဂိတ်ရယ်၊ နေပြည်တော် စီလမ်းဆုံဂိတ်ရယ်၊ မိတ္ထီလာသီးကုန်းလမ်းဆုံဂိတ်ရယ်၊ မန္တလေး စကားအင်းဂိတ်ရယ် အားလုံး ငါးခု ရှိတယ်။ အဲဒီအထဲမှာ ၁၁၅ မိုင်၊ နေပြည်တော် စီလမ်းဆုံနဲ့ ၂၈၅ မိုင် သီးကုန်းဂိတ်တွေမှာတော့ ယာဉ်ရပ်နားစခန်းတွေ လုပ်ပေးထားတယ်"။ "ဒါတွေကတော့ ဖေဖေနဲ့ခရီးသွားတာများလာတော့ သမီးလည်း မှတ်မိနေပါတယ်"

"သမီးသိပြီးသားကို ထပ်ပြောချင်တာမဟုတ်ဘူး။ အဲဒီလိုနေရာတွေနဲ့ မြို့တွေကို ခွဲသွားတဲ့ လမ်းခွဲနေရာတွေမှာ လမ်းကျယ်ထားတာကို သိစေချင်တာ၊ အမြန်လမ်းကို အသုံးပြုတော့မယ်ဆိုရင် လမ်းလယ်ကျွန်းနဲ့ အနီးဆုံးနှစ်လမ်းကိုပဲ အသုံးပြုရမယ်ဆိုတာကို အဓိကသိစေချင်တာ။"

"ဟုတ်ကဲ့ သမီးသဘောပေါက်ပါပြီ"

နေပြည်တော် စီလမ်းဆုံအနီးတွင် ကွန်ကရစ်အပေါ် ကတ္တရာထပ်ပိုး တင်ထားသည့်အပြင် လမ်းကလည်းဖြောင့်နေသဖြင့် မောင်းနေသည့်ကားမှာ ငြိမ့်ငြိမ့်ကလေးနှင့် ပြင်ပမှလေတိုးသံမျှသာကြားနေရ၏။ ထိုစဉ် လိုက်ထရပ်တစ်စီး အတင်းကျော်တက်လာသည်ကို သတိထားမိ၍ လီဗာကို လျှော့ပေးလိုက်၏။

"ဖေဖေရေ ကြည့်ပါဦး၊ လူကလည်းအပြည့် အရှိန်ကလည်းမနည်းဘူး"

ကျော်တက်သွားသည့် လိုက်ထရပ်ကိုကြည့်ရင်းဆို၏။ မဆင်မခြင်ဆိုသည့် ဝေါဟာရကို ရှင်းပြရန်အချိန်ကျပြီဆိုသည်ကို သိလိုက်၏။

"ဖေဖေအခုမောင်းနေတာကီလို ၁၀၀ နှုန်း၊ ဒါကိုကျော်တက်တယ်ဆိုတော့ ကီလို ၁၀၀ ကျော်မောင်းနေတာသေချာသွားပြီ။ ပြီးတော့ပစ္စည်းတင်တဲ့ကားပေါ်မှာ လူတွေကို ဝက်တင်သလိုတင်လာတယ်။ မောင်းနှင်တဲ့အရှိန်ကို မဆင်ခြင်သလို၊ ကားပေါ်မှာ ပါတဲ့လူတွေရဲ့အသက်အန္တရာယ်ကို မဆင်ခြင်ဘူး။ ဒါကြောင့် လိုက်ထရပ်တွေ မတော်တဆဖြစ်ရင် ယာဉ်ပေါ်ပါတဲ့သူတွေဟာ ပစ်စလက်ခတ်ဖြစ်ကြရတာပေါ့။ ယာဉ်ပေါ်မှာ အထိန်းအကွပ်မဲ့လိုက်ပါလာတဲ့သူတွေ အန္တရာယ်မဖြစ်အောင် အရှိန်ထိန်းမောင်းတာကမှ ဆင်ခြင်တုံတရားနဲ့မောင်းတယ်လို့ခေါ်နိုင်တယ်"

"အထိန်းအကွပ်မဲ့လိုက်ပါလာတယ်ဆိုတာ ဘာကိုပြောတာလဲ ဖေဖေ"

"ဖေဖေတို့၊ သမီးတို့ အခု ခါးပတ် ပတ်ထားကြတယ်လေ။ ဒါအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်အောင် ခန္ဓာကိုယ်ကို ထိန်းချုပ်ထားလိုက်တာပဲပေါ့၊ လူစီးယာဉ် မဟုတ်တဲ့ ယာဉ်ကြမ်းခင်းမှာ ငုတ်တုတ်ထိုင်လိုက်လာတဲ့သူတွေအတွက်အထိန်း အကွပ် မရှိဘူးလို့ဆိုချင်တာပါ။ ဒါကိုယာဉ်မောင်းက သတိထားပေးရမှာ"

"ဒါက ရှေ့ကကျော်တက်သွားတဲ့ ယာဉ်မောင်းရဲ့ဆင်ခြင်နိုင်မှုအားနည်းတာကို ပြောနေတာ။ ဒါကိုပဲကျော်တက်ရပ့်မလားဆိုပြီး လျှော့မပေးဘဲအရှိန်တင်မောင်းမယ်။

"ကောင်းပါပြီ သမီး"

"ဟိုရှေ့က လိုက်ထရပ်က နေပြည်တော်အထွက်မှာ အတင်းကျော်တက်သွားတဲ့ ကားထင်တယ်"

"မှန်တာပေါ့။ ဘယ်လောက်အမြန်မောင်းမောင်း ရောက်တဲ့အချိန် သိပ်မကွာဘူးဆိုတဲ့ အဖြေပဲ။ ဒါပေမယ့် လမ်းပေါ်မှာ မြန်မြန်မောင်းလေ များများအန္တရာယ်ရှိလေ ဆိုတဲ့ဆန့်ကျင်ဘက်အဖြေကိုလည်းရတယ်လေ။ ကားကောင်းလို့ မြန်တာကို ဂုဏ်ယူနေစရာမလိုသလို အတင်းမောင်းပြီး အလွန်မြန်နေလို့ ကျေနပ်နေစရာလည်း မရှိပါဘူး"

"ဒီနေရာက အကွေ့များတယ်နော်"

"အကွေ့တွေ၊ အတက်အဆင်းတွေ၊ တံတားတွေဆိုတာ လမ်းပေါ်က အန္တရာယ်တွေပဲ။ ဒီအန္တရာယ်တွေကို လမ်းဘေးမှာ သတိပေးဆိုင်းဘုတ်တွေနဲ့ ပြထားပေးတယ်"

"လမ်းကွေ့တွေမှာဘရိတ်မသုံးဘူးလား၊ ဖေဖေဘရိတ်နင်းတာ မတွေ့ရလို့ပါ"

"အန္တရာယ်တစ်ခုတိုင်းအတွက် အဝါရောင်သတိပေးဆိုင်းဘုတ်နှစ်ခုစီကို ခွာပြီးစိုက်ထားပေးတယ်။ ပထမဆိုင်းဘုတ်မှာကတည်းက လီဗာကိုလျှော့ပြီး အရှိန် ထိန်းလိုက်တယ်။ ဒုတိယသတိပေးဆိုင်းဘုတ်ရောက်တော့ သတိထားပြီး လီဗာလေးကို မျှဉ်းမောင်းလိုက်တာပဲ။ အကွေ့ရောက်မှ ဘရိတ်နင်းပြီးကွေ့တာ သိပ်မကောင်းလို့ပဲ"။

"မှန်တာပေါ့။ ဘယ်လောက်အမြန်မောင်းမောင်း ရောက်တဲ့အချိန် သိပ်မကွာဘူးဆိုတဲ့ အဖြေပဲ။ ဒါပေမယ့် လမ်းပေါ်မှာ မြန်မြန်မောင်းလေ များများအန္တရာယ်ရှိလေဆိုတဲ့ ဆန့်ကျင်ဘက်အဖြေကိုလည်းရတယ်လေ။ ကားကောင်းလို့ မြန်တာကို ဂုဏ်ယူနေစရာ မလိုသလို အတင်းမောင်းပြီး အလွန်မြန်နေလို့ ကျေနပ်နေစရာလည်း မရှိပါဘူး"

ဘေးချင်းယှဉ်မောင်းမယ်၊ ကျော်သွားတာကို အတင်းပြန်ကျော်တက်မယ်လုပ်နေရင် ယာဉ်နှစ်စီးစလုံးအတွက် အန္တရာယ်ကိုဖိတ်ခေါ်နေသလိုဖြစ်ပြီး၊ အမြန်လမ်းမကြီးပေါ်က မဆင်မခြင်မောင်းနှင်ကြသူတွေထဲ ဖေဖေလည်းပါသွားမှာပေါ့"

အမြန်လမ်းမကြီးတွင် မောင်းနှင်ရသည်မှာ အကွေ့အကောက်၊ အတက်အဆင်း နည်းသည့်အပြင် အသွားလမ်း၊ အပြန်လမ်းကို လမ်းလယ်ကျွန်းဖြင့် ခွဲခြားထားသဖြင့် အာရုံရှင်း၏။ လမ်းတစ်လျှောက် သဘာဝတောတောင်နှင့် စိုက်ခင်းကြီးများ အကြား ဖြတ်မောင်းနေရသည်မှာ အလွန်အရသာရှိလှ၏။

"သမီး . . . ဖေဖေမောင်းတာ ကီလို ၁၁၀ လောက်ဖြစ်နေပြီ"

နောက်ထိုင်ခုံတွင် ထိုင်နေသည့် ဇနီးသည်က သူ့သမီးကို ပြောသလိုလိုနှင့် ယာဉ်မောင်းသူအား လှမ်း၍ သတိပေး၏။

"ဟုတ်တယ်ဖေဖေ လျှော့လိုက်ဦး"

"ဟုတ်တယ်သမီးရေ လမ်းကလည်းကောင်း၊ အကွေ့အကောက်နည်းတဲ့ လမ်းဖြောင့်နေရာတွေမှာ မောင်းရင်းနဲ့ အခုလိုအရှိန်တွေ များလာတတ်တယ်။ မိုင်နှုန်းပြ ဒိုင်ခွက်ကို မကြာခဏကြည့်ပေးရမယ်။ လမ်းမကြီးဘေး အချို့နေရာတွေမှာ မိုင်နှုန်းပြဘုတ်တွေနဲ့ သတိပေးတာကိုလည်း သတိပြုပေးရမယ်။ ယာဉ်မတော်တဆဖြစ်ရတဲ့ အကြောင်းရင်းထဲမှာ အရှိန်များလို့ဖြစ်တာအများဆုံးပဲ။ သမီးလိုင်စင် ဖြေတဲ့ မေးခွန်းထဲမှာ ယာဉ်ရဲ့အရှိန်များလာတာနဲ့အမျှ ဘာဖြစ်တယ်တဲ့တုံး"

"မြင်ကွင်းကျဉ်းသွားတယ်တဲ့ ဖေဖေ"။

"မှန်တာပေါ့၊ ယာဉ်ကမြန်လွန်းတော့ ကြည့်ရှုရတဲ့မြင်ကွင်းတွေက လျှပ်တစ်ပျက် မြန်ဆန်နေသလို အန္တရာယ်နဲ့ကြုံတွေ့ရချိန်မှာလည်း ယာဉ်ရဲ့အရှိန်ကို မထိန်းနိုင်တော့ဘဲ အန္တရာယ်ဖြစ်ကြရတယ်၊ ဒါကြောင့် ယာဉ်ရဲ့အရှိန်ကို ထိန်းသိမ်းမောင်းနှင်တာ တစ်ခုတည်းနဲ့ မတော်တဆမဖြစ်အောင် ၇၀ ရာခိုင်နှုန်းကာကွယ်ပြီးသား ဖြစ်ပါတယ်တဲ့"

"ကဲ . . . ၁၁၅မိုင်ရောက်တော့မယ်။ သင်ခန်းစာခဏရပ်။ စားကြမယ် နားကြမယ်" နောက်ထိုင်ခုံမှဇနီးသည်၏ သင်တန်းနားရန်အမိန့်နှင့် မရှေးမနှောင်းတွင် ယာဉ်မှာ ၁၁၅ မိုင်ယာဉ်ရပ်နားစခန်းတွင် ငြိမ့်ခနဲရပ်လျက်သားဖြစ်သွားလေ၏။

"အခုလိုနားလိုက်တော့ လူတွေလန်းဆန်းသွားသလို ကားလည်း အင်ဂျင်အေးသွားတာပေါ့။ ခရီးမဆက်ခင် ဆီ၊ ရေ၊ လေ၊ ဝိုင် စစ်ဖို့မမေ့နဲ့။ ဒီလိုနားနေစခန်းတွေမှာ လိုတာအကုန်ဖြည့်လို့ရတယ်။ လမ်းရောက်မှ တစ်ခုခုလိုနေရင် ခက်တယ်။ အခု ၆နာရီခွဲ ဆိုတော့ ခဏနေမှောင်တော့မယ်။ ဆီဖြည့်ပြီး ဆက်ထွက်ကြရအောင်"

"ဖေဖေထိုင်ခုံခါးပတ် ပတ်ဦး"

"ဘာမကောင်းတာလဲဖေဖေ"

"အင်နားရှားတို့၊ ဗဟိုခွာအားတို့ရဲ့သဘောတရားကို သမီးလည်းနားလည်နေတာပဲ။ လီဗာနင်းထားရာက ဘရိတ်ကိုပြောင်းနင်းလိုက်ပြီဆိုတာနဲ့ ဂီယာကဖရီးဖြစ်သွားပြီ၊ ဗဟိုခွာအားကလည်း ရှိနေချိန် ဂီယာကလည်းဖရီးဖြစ်သွားချိန်မှာ ဘရိတ်ကိုပါ အတင်းသုံးလိုက်မယ်ဆိုရင် ကားကအရှိန်နဲ့ တိမ်းမှောက်သွားတတ်တယ်။ ဒါကြောင့် လီဗာလေးနဲ့ထိန်းပြီး ယာဉ်တစ်စီးလုံးရဲ့လားရာကိုအကွေ့အတိုင်း တည်ပေးလိုက်တဲ့ သဘောပါ"

"သမီးသဘောပေါက်ပြီ၊ အမောင်းသင်တုန်းက အကွေ့တွေမှာ ဘရိတ်နဲ့ ကွေ့တော့ ဖင်ရမ်းသွားတဲ့သဘောပေါ့"

"ဒါပေါ့။ ဒီသဘောတရားကို မသိတဲ့သူကြောင့်လည်း ကိုယ့်အတွက် အန္တရာယ်ဖြစ်နိုင်တယ်၊ ဒါကြောင့် အကွေ့မှာ ကျော်တက်တာတို့၊ ဘေးချင်းယှဉ်မောင်းတာတို့ မလုပ်မိစေနဲ့"

"ရှေ့မှာတံတားရှိတယ်တဲ့"

"တံတားဆို ဂရုပိုစိုက်ရတယ်၊ အရှိန်လျှော့ရမယ်၊ တံတားကိုလည်း ချိန်မောင်းရတယ်။ တံတားအတက်အဆင်းတွေမှာ လမ်းသား မျက်နှာပြင်နဲ့ အနိမ့်အမြင့်ကွာခြားနေတတ်လို့ အရှိန်များရင် ဟန်ချက်ပျက်တတ်တယ်။ နောက်ပြီးတံတား တည်နေရာတွေက လမ်းကြောရဲ့အနိမ့်ပိုင်းတွေမှာ ရှိတာများလို့ အဆင်းမှာ အရှိန်များ နေတတ်တယ်"

"ညအမှောင်မှာ မောင်းရတာပိုခက်မယ်ထင်တယ်နော်"

"မောင်းတဲ့သဘောသဘာဝတွေကတော့ နေ့နေ့ညညအတူတူပါပဲ။ ညဖြစ်တော့ မြင်ကွင်းကျဉ်းသွားတယ်။ မြင်ကွင်းက ရှေ့မီးကြီးတစ်ဆုံးပဲရှိတယ်။ ဒါကြောင့် ညမောင်းရင် အရှိန်လျှော့မောင်း၊ လမ်းလယ်မျဉ်း လမ်းပခုံးမျဉ်းတွေကြားမှာ ယာဉ်ကို ချိန်မောင်းရမယ်။ အန္တရာယ်သတိပေးဆိုင်းဘုတ်တွေက ရောင်ပြန်တွေဆိုတော့ အဲဒါတွေကိုကြည့်ရင်လည်း လမ်းရဲ့အခြေအနေကိုကြိုသိနိုင်ပါတယ်"

"ရှေ့မှာ တိုးဂိတ် မီးရောင်တွေ့နေရပြီ"

"အင်း . . . ဒါကျော်ရင် သမီးတို့နယ်မြေရောက်ပြီပဲ၊ ဖေဖေနားလို့ရပြီလား"

"ရပြီ။ ဂိတ်ကျော်ရင် ဖေဖေနဲ့သမီးနေရာချင်းလဲထိုင်မယ်"

"ရတယ်။ သမီးတစ်ယောက်တည်း ဖြည်းဖြည်းမောင်း၊ ဖေဖေနောက်ခုံမှာပဲ သွားထိုင်တော့မယ်။ သမီးမေမေကို စကားပြောခွင့်ပေးရဦးမယ်လေ"။

ဤသို့ဖြင့် အမြန်လမ်းမပေါ်က စကားပြောသင်တန်းတစ်ခု ပြီးမြောက်ခဲ့လေသည်။ နောက်တစ်ခါက် အမြန်လမ်းခရီးစဉ်တွင် သမီးကြီးကိုယ်တိုင် မောင်းသည်ကို ဘေးထိုင်ခုံတွင်ထိုင်၍ စကားပြောပါဦးမည်။ ။

# မြန်မာနိုင်ငံအောင်မြင်မှာပါ၊ အခွင့်ကောင်းတွေပိုများလာပြီ

## H.E. Mr . Martin Tlapa ( ချက်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီး)

ဘာသာပြန်- နန္ဒာဝင်း၊ မြတ်စန္ဒီ၊ ဓာတ်ပုံ- မြတ်နန္ဒာ

**မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသည့် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဥရောပနိုင်ငံမဟုတ်သည့် နိုင်ငံများ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယဝန်ကြီး H.E. Mr. Martin Tlapa သည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဇန်နဝါရီ ၁၃ ရက်က နေပြည်တော်၌ တွေ့ဆုံကာ မြန်မာ-ချက် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။**

**ချက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီး၏ ယနေ့နံနက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အထူးတွေ့ဆုံမေးမြန်းခန်းအစီအစဉ်တွင် ဖြေကြားခဲ့သည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**



ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Martin Tlapa အား တွေ့ဆုံမေးမြန်းစဉ်

ချက်ကိုစလိုဗက်ကီးယားနိုင်ငံနှင့် မြန်မာနိုင်ငံ၏ သံတမန်ဆက်ဆံရေးသည် ၁၉၅၆ ခုနှစ်က စတင်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် ချက်ကိုစလိုဗက်ကီးယားနိုင်ငံ ပြိုကွဲသွားပြီးနောက် ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံအဖြစ် ပရက်မြို့တော် (Prague)နှင့်အတူ ချက်သမ္မတနိုင်ငံအဖြစ် ပြန်လည်ပေါ်ပေါက်လာခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံသံရုံးကို ဖွင့်လှစ်ခဲ့ပြီး နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကဏ္ဍသစ် ပြန်လည်ဖော်ဆောင်ခဲ့သည်။

ဒုတိယဝန်ကြီး H.E.Mr. Martin Tlapa က "မြန်မာနိုင်ငံက သာယာလှပတဲ့ နိုင်ငံတစ်ခုပါ။ ကျွန်တော် ဒီနိုင်ငံကို လာရောက်ရတာပျော်ပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို အတူတကွ တိုးမြှင့်လုပ်ဆောင်ဖို့ တွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်။ အာရှဒေသမှာရှိတဲ့နိုင်ငံတိုင်းက သာယာလှပပါတယ်။ ဒါကြောင့် ဒီကိုလာဖို့ စိတ်လှုပ်ရှားမိပါတယ်။ ဒီခရီးစဉ်ကကောင်းမွန်တဲ့ ခရီးစဉ်တစ်ခုလို့ ပြောချင်ပါတယ်"ဟု ပဏာမဆိုသည်။

**ဆက်လက်၍ တွေ့ဆုံမေးမြန်းရာတွင် -**

**မေး ။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအပေါ် ဒုတိယဝန်ကြီးရဲ့ သဘောထားအမြင်ကို သိချင်ပါတယ်။**

ဖြေ ။ တူညီတာတွေ အများကြီးရှိပါတယ်။ မြန်မာနိုင်ငံက ချက်သမ္မတနိုင်ငံရဲ့ ငါးဆလောက် ပိုကြီးပါတယ်။ ၁၉၈၉ ခုနှစ်မှာ ချက်သမ္မတနိုင်ငံဟာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို စတင်ခဲ့ပါတယ်။ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်တဲ့နိုင်ငံတိုင်းက လုပ်စရာတွေ အများအပြားရှိပါတယ်။ ကျွန်တော်တို့ကို အကြံဉာဏ်ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ၊ ကျွန်တော်တို့ဟာ နိုင်ငံတိုင်းရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို လေ့လာခဲ့ပါတယ်။ ချက်သမ္မတနိုင်ငံမှာရှိတဲ့လူတိုင်း မျှော်လင့်တာက ပြုပြင်ပြောင်းလဲပြီးတဲ့တစ်နေ့မှာ အားလုံးက အသစ်ဖြစ်လာမယ်၊ လူ့အဆင့်အတန်းတွေမြင့်လာမယ်၊ အရာအားလုံးက ပြည့်စုံကောင်းမွန်လာမယ်လို့ ဖြစ်ပါတယ်၊ ကျွန်တော်တို့ သည်းခံခဲ့ရတယ်၊ အချိန်ယူခဲ့ရတယ်၊ သည်းခံမှုတွေဟာ အလွန်ကို အရေးကြီးပါတယ်။ လုံခြုံရေးနဲ့ဆိုင်တဲ့ စိန်ခေါ်မှုတွေဟာလည်း ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ကိစ္စရပ်တွေပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံက အောင်မြင်မှာပါ။ မြန်မာလူမျိုးတွေက ခင်မင်နှစ်လိုဖွယ်ကောင်းတယ်၊ မြန်မာနိုင်ငံကလည်း သာယာလှပတယ်၊ အခုဆို အရင်ကထက်ပိုပြီး ကမ္ဘာကြီးရဲ့ စီးပွားရေးအသိုက်အဝန်းမှာ ဝင်ဆံ့လာပြီ၊ အခွင့်ကောင်းတွေလည်း ပိုများလာပြီလို့ ပြောချင်ပါတယ်။

❑ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်တဲ့နိုင်ငံတိုင်းက လုပ်စရာတွေ အများအပြားရှိပါတယ်။ ကျွန်တော်တို့ကို အကြံဉာဏ်ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ၊ ကျွန်တော်တို့ဟာ နိုင်ငံတိုင်းရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို လေ့လာခဲ့ပါတယ်။ ချက်သမ္မတနိုင်ငံမှာရှိတဲ့လူတိုင်း မျှော်လင့်တာက ပြုပြင်ပြောင်းလဲပြီးတဲ့တစ်နေ့မှာ အားလုံးက အသစ်ဖြစ်လာမယ်၊ လူ့အဆင့်အတန်းတွေမြင့်လာမယ်၊ အရာအားလုံးက ပြည့်စုံကောင်းမွန်လာမယ်လို့ ဖြစ်ပါတယ်၊ ကျွန်တော်တို့ သည်းခံခဲ့ရတယ်၊ အချိန်ယူခဲ့ရတယ်၊ သည်းခံမှုတွေဟာ အလွန်ကို အရေးကြီးပါတယ်။

**မေး ။ မငြိမ်းချမ်းမှုတွေ၊ ဆူပူမှုတွေဟာ နိုင်ငံရဲ့ငြိမ်းချမ်းရေးနဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွေကို ကြန့်ကြာစေပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီလုပ်ငန်းစဉ်တွေမှာ ကြိုးပမ်းဆောင်ရွက်နေမှုတွေအပေါ် ဘယ်လိုထင်မြင်ယူဆပါသလဲ။**

ဖြေ ။ ဒီလိုအကြောင်းအရာတွေဟာ ကျွန်တော်တို့အတွက်တော့ ကြီးမားတဲ့စိန်ခေါ်မှုတွေပါပဲ။ အတူလက်တွဲဖြေရှင်းရမှာဖြစ်ပါတယ်။ ဒီနိုင်ငံမှာငြိမ်းချမ်းရေးအတွက် ဆွေးနွေးနေကြတာ၊ လူ့အခွင့်အရေးအတွက် ဆွေးနွေးနေကြတာတွေ့ရပါတယ်။ ကျွန်တော် ပြောချင်တာက တစ်နေ့တည်းအတွက် မဟုတ်ပါဘူး။ နေ့စဉ်ရက်ဆက်ဆက်ပြီး ရှေ့တိုးလုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ပိုပြီးကောင်းမွန်အောင်၊ တိုးတက်အောင် အားလုံးကဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ချက်သမ္မတနိုင်ငံကလည်း မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး ။ ၁၉၅၀ ပြည့်နှစ်ဝန်းကျင်က ယခင်ချက်ကိုစလိုဗက်ကီးယားနိုင်ငံဟာ မြန်မာနိုင်ငံရဲ့စတုတ္ထမြောက်အကြီးမားဆုံး စီးပွားရေးမိတ်ဖက်နိုင်ငံဖြစ်ခဲ့တယ်။ ချက်သမ္မတနိုင်ငံအနေနဲ့ အခုလိုပြန်လည်ပူးပေါင်းဆောင်ရွက်နေတဲ့အချိန်မှာ အဓိကပူးပေါင်းဆောင်ရွက်မယ့် ကဏ္ဍတွေက ဘာတွေဖြစ်မလဲ။**

ဖြေ ။ ၁၉၅၀ ပြည့်နှစ်ဝန်းကျင်က ချက်ကိုစလိုဗက်ကီးယားနိုင်ငံအတွက် စီးပွားရေးမိတ်ဖက်နိုင်ငံတွေက အာရှဒေသအပြင် အဲဒီအချိန်ကနိုင်ငံတိုင်းနဲ့လည်း စီးပွားရေးမိတ်ဖက်ဖြစ်ခဲ့ပါတယ်။ စက်ရုံတွေအမြောက်အမြားကိုလည်း ချက်ကိုစလိုဗက်ကီးယား နည်းပညာရှင်တွေက တည်ဆောက်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့စီးပွားရေးလုပ်ငန်းတွေကို ခေတ်မီပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ စက်မှုလုပ်ငန်းတွေဖြစ်အောင် ကူညီပံ့ပိုးပေးဖို့ ကျွန်တော်တို့ ဆုံးဖြတ်ထားပါတယ်။ မြန်မာနိုင်ငံအစိုးရရဲ့အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်သွားချင်ပါတယ်။ မြန်မာနိုင်ငံရဲ့စီးပွားရေးလုပ်ငန်းတွေအတွက် လိုအပ်တဲ့နေရာတွေကို ကူညီပေးသွားဖို့ ကျွန်တော်တို့ ရည်ရွယ်ထားပါတယ်။ စွမ်းအင်လိုအပ်ချက်ဆိုတာကတော့ အဓိကကျပါတယ်။ စွမ်းအင်ကဏ္ဍသာ ပြည့်စုံမယ်ဆိုရင် အစိုးရအနေနဲ့ ပြည်သူတွေကို ပြည့်ပြည့်ဝဝပံ့ပိုးပေးရာလည်း ရောက်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းတွေမှာ ကူညီပေးသွားမှာဖြစ်ပါတယ်။

ဒုတိယအနေနဲ့ သတ္တုတွင်းလုပ်ငန်းနဲ့ စက်မှုလုပ်ငန်းတွေပဲဖြစ်ပါတယ်။ တတိယအနေနဲ့ကတော့ ခရီးသွားလုပ်ငန်းကဏ္ဍဖြစ်ပါတယ်။ ချက်သမ္မတနိုင်ငံကို ကမ္ဘာလှည့်ခရီးသွားတွေ ဝင်ရောက်မှုပိုမိုများပြားနေပါတယ်။ ချက်သမ္မတနိုင်ငံကလည်း အာရှဒေသကို လာရောက်မှုများပါတယ်။ ကျွန်တော့်အနေနဲ့ပြောရရင် ကောင်းမွန်တဲ့ နည်းဗျူဟာကြောင့်လို့လည်း ပြောချင်ပါတယ်။ မြန်မာနိုင်ငံကိုလည်း ခရီးသွားဧည့်သည်တွေ ပိုပြီးဖိတ်ခေါ်နိုင်မယ်လို့ ထင်ပါတယ်။ ဥပမာ- ထိုင်းနိုင်ငံကဧည့်သည်ကို ဆွဲဆောင်နိုင်တဲ့ လှပတဲ့နိုင်ငံတစ်ခု ဖြစ်ပါတယ်။ ' Golden Land ' လို့ တင်စားကြတဲ့ မြန်မာနိုင်ငံဟာလည်း အလွန်ဆွဲဆောင်မှုရှိတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒါကလည်း အောင်မြင်မှုရဖို့ အရေးပါတယ်လို့ ထင်ပါတယ်။ လာမယ့်အနာဂတ်မှာ ကျွန်တော်တို့ ချက်သမ္မတနိုင်ငံနဲ့ မြန်မာနိုင်ငံဟာ စီးပွားရေးကဏ္ဍတွေမှာ အတူတကွ ပူးပေါင်းဆောင်ရွက်သွားဖို့ မျှော်လင့်ပါတယ်။

**မေး ။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာအောင် အနာဂတ်မှာ ဘယ်လိုပူးပေါင်းဆောင်ရွက်သွားမလဲ။**

ဖြေ ။ ကျွန်တော်တို့နှစ်နိုင်ငံဆက်ဆံရေးက ဘာပြဿနာမှမရှိပါဘူး။ ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်နိုင်ပါတယ်။ ယဉ်ကျေးမှုနဲ့စီးပွားရေးဆိုင်ရာ ကဏ္ဍတွေကလည်း ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ချင်တဲ့ ကဏ္ဍတွေပဲဖြစ်ပါတယ်။ အတူတကွလက်တွဲ လုပ်ဆောင်မယ့် စီမံကိန်းတွေလည်း အများအပြားရှိပါတယ်။ နှစ်နိုင်ငံပြည်သူတွေ အချင်းချင်းလည်း တစ်ဦးနဲ့တစ်ဦးရှေ့ဆက်ပြီး အပြန်အလှန်ကူညီရိုင်းပင်းသွားနိုင်ဖို့ ယုံကြည်ပါတယ်။ ချက်သမ္မတနိုင်ငံအနေနဲ့လည်း ကူညီသွားဖို့အသင့်ရှိပါတယ်။ အခုလို တွေ့ဆုံ ဖြေကြားခွင့်ရတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီ စစ်တွေမြို့ အကျဉ်းထောင်သို့ သွားရောက်လေ့လာ




**မောင်တော ဇန်နဝါရီ ၁၆**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီနှင့် အဖွဲ့သည် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက မောင်တောမြို့မှ စစ်တွေမြို့သို့ အမြန်ယာဉ်များဖြင့် ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် စစ်တွေမြို့ အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။ **(ယာပုံ)**

မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြကြောင်း သိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်သူငါးဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ရခိုင်ပြည်နယ် မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ခဲ့သူ ငါးဦးကို ယမန်နေ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တပ်မတော် စစ်ကြောင်းများနှင့် နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်း တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ခဲ့သူများကို ဖော်ထုတ်စစ်ဆေးလျက်ရှိရာ ယမန်နေ့ မွန်းတည့် ၁၂ နာရီခန့်က အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ခဲ့ပြီး တိမ်းရှောင်နေသော ငါးခူရ (အလယ်ရွာ)နေ (ဘ) နာဒူဟူဆောင်း၏သား အီနု၊ ငါးရံ့ချောင်းကျေးရွာနေ (ဘ) အဗ္ဗဒူလာ၏သား ဆွေဒူလာမီ၊ (ဘ)ဇော်လာမောက်၏သား မာမွတ်ကာဆင်း၊ (ဘ)မူဇင်မေ၏သား ရှုဟတ်နှင့် ပဒါးကားကျေးရွာနေ (ဘ)အဒူမာလစ်၏သား မာမတ်အီဒရစ်တို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ ၎င်းတို့သည် ငါးခူရနှင့် ကျီးကန်းပြင် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ခဲ့ကြောင်း၊ အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်ရန် ငွေကြေးထောက်ပံ့၍ လူအင်အားစုဆောင်းပေးခဲ့သူများ ဖြစ်ကြောင်း၊ တိမ်းရှောင်နေရာမှ ၎င်းတို့၏ ကျေးရွာများသို့ ပြန်လည်ဝင်ရောက်နေထိုင်စဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ ရာအိမ်မှူးဟောင်းတစ်ဦး ပျောက်ဆုံးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်မြေ(၃) ရဲအောင်ချောင်းကျေးရွာနေ ရာအိမ်မှူး ဟောင်းတစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

မောင်တောမြို့နယ် နယ်မြေ (၃)ရဲအောင်ချောင်းကျေးရွာနေ ပုစွန်ကန်လုပ်ငန်း လုပ်ကိုင်သူ ရာအိမ်မှူးဟောင်း ဖွေယာ (ခ) ဖွေယာဇူဟောက်အား ဇန်နဝါရီ ၁၄ ရက် ည ၁၁ နာရီတွင် လူလေးဦးက ပုစွန်ကန်အား လာရောက်ဝယ်ယူခြင်းဖြစ်ကြောင်းနှင့် လိုက်ခဲ့ရန် နေအိမ်မှ ခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ဖွေယာ(ခ)ဖွေယာဇူဟောက်သည် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်အထိ နေအိမ်သို့ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် ၎င်း၏ဇနီး မအာဇီတာ (ခ) အာတူမက်ချ်က တောင်ပြိုနယ်မြေရဲစခန်းသို့ လာရောက် အမှုဖွင့်တိုင်တန်းထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# လောက်ကိုင်မြို့၌ ပြောင်းခြွေစက်အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ် မြောက်ပိုင်း လောက်ကိုင်မြို့ အမှတ်(၃)ရပ်ကွက် ဖူဟုန်လမ်းသွယ် -၂ ရှိ ဦးမောင်အဲပိုင်ဆိုင်သည့် RC သုံးထပ်တိုက်



အိမ်အမှတ် (၃/၂၇၇)၌ ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်က ပြောင်းဖူးခြွေစက်ဖြင့် ပြောင်းခြွေရာမှ အပူလွန်ကဲပြီး ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှု ဖြစ်ပွားရာသို့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့မှုကြောင့် နံနက် ၁၁ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိဘဲ ကာလတန်ဖိုး ငွေကျပ် ၁၀ သိန်းခန့် မီးလောင်ဆုံးရှုံးခဲ့ကာ မီးလောင်မှုနှင့် ပတ်သက်၍ ဦးမောင်အဲကို လောက်ကိုင်မြို့မရဲစခန်းက တရားဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# KIA လက်နက်ကိုင်အဖွဲ့ဝင် တစ်ဦးအား ပစ်ခတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ ကွတ်ခိုင်မြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းဆောင်ရွက်စဉ် ယမန်နေ့ နံနက် ၇ နာရီခွဲခန့်က KIA လက်နက်ကိုင် အဖွဲ့ဝင်တစ်ဦးအား ပစ်ခတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းသည် ကွတ်ခိုင်မြို့နယ် မုံးစီးကျေးရွာအုပ်စု မန်ဂျယ်ကျေးရွာ၏ အရှေ့မြောက်ဘက်မီတာ ၅၀၀၀ ခန့်အကွာနေရာသို့ ရောက်ရှိစဉ် အရပ်ဝတ်ဖြင့် မော်တော်ဆိုင်ကယ် မောင်းနှင်လာသူ မသင်္ကာဖွယ် အမျိုးသားတစ်ဦးကို တွေ့ရှိသဖြင့် စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ရပ်တန့်ခြင်းမရှိဘဲ အပြင်းမောင်းနှင်ထွက်ပြေးသွား၍ ပစ်ခတ်ဖမ်းဆီးခဲ့ရာ မောင်းနှင်ထွက်ပြေးသူမှာ ကျည်ထိမှန်ဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး ၎င်း၏မော်တော်ဆိုင်ကယ် တူးဘောက်အတွင်းမှ KIA တံဆိပ်ပါ ယူနီဖောင်း တစ်စုံနှင့် KIA စစ်ခါးပတ်တစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လက်နက်ကိုင်အဖွဲ့များထောင်ထားသည့် နင်းမိုင်းတစ်လုံးအား နင်းမိ၍ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ နမ့်ဆန်မြို့ မိုးဂဲရပ်ကွက်၌ နေထိုင်သူတစ်ဦး နင်းမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့ကြောင်း သိရသည်။

နမ့်ဆန်မြို့ မိုးဂဲရပ်ကွက်၌ နေထိုင်သည့် ဦးဇော်ညွန့်သည် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် ၎င်း၏ လက်ဖက်ခြံမှ ပြန်လာစဉ် နမ့်ဆန်မြို့၏ မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာသို့ အရောက် လက်နက်ကိုင်အဖွဲ့များ ထောင်ထားသည့် နင်းမိုင်းတစ်လုံးအား နင်းမိပါက်ကွဲခဲ့ပြီး ညာခြေကျင်းဝတ်ပြတ် ဒဏ်ရာရရှိခဲ့သည်။



အဆိုပါမိုင်းထိလူနာအား နမ့်ဆန်မြို့ ပြည်သူ့ဆေးရုံကြီးမှတစ်ဆင့် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်ကုသလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကုန်းကြမ်းမြို့နယ်အတွင်း မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ် မြောက်ပိုင်း ကုန်းကြမ်းမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းရေး ဆောင်ရွက်လျက်ရှိစဉ် ယမန်နေ့ နံနက်ပိုင်းက ဆာလာအိတ် တစ်လုံးအတွင်းမှ မူးယစ်ဆေးဝါးများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းသည် နယ်မြေရှင်းလင်းရေး ဆောင်ရွက်လျက်ရှိစဉ် ယမန်နေ့ နံနက် ၇ နာရီခွဲခန့်က ကုန်းကြမ်းမြို့၏မြောက်ဘက် ၁၁ မိုင်ခန့်အကွာရှိ လျှိုစောင်းဘေးဝါးရုံအတွင်း၌ ဆာလာအိတ်တစ်လုံးကို တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ အတွင်းမှ မက်သာအက်ဖက် တမင်းအိုက်စ် တစ်ထုပ်(၈၀၀ ဂရမ်ခန့်) (ကာလတန်ဖိုး ငွေကျပ် သိန်း ၁၆၀ ခန့်)ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မောင်တောမြို့နယ်အတွင်းရှိ ဒေသခံများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မောင်တော ဇန်နဝါရီ ၁၆**

ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်တို့သည် ဇန်နဝါရီ ၁၆ ရက်က မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးနှင့် အဖွဲ့သည် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက တမန်းသား၊ သတ်တိုင်ညာ၊ ရေနှောက်ငါးသားနှင့် မင်းခမောင်းကျေးရွာများရှိ အိမ်ထောင်စု ၄၈၇ စုအတွက် ဆန် ၁၆၂ ဒသမ ၃၄ အိတ်၊ ဆီ ၂၄၃ ဒသမ ၅ ပိဿာနှင့် ခေါက်ဆွဲခြောက် ၂၄၃၅ ထုပ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့လှူဒါန်းမှုများအတွက် လွတ်လပ်ငြိမ်းချမ်းပန်းရဲ့လမ်းအဖွဲ့၏ ဂီတရန်ပုံငွေဖျော်ဖြေပွဲမှရရှိသည့် ရန်ပုံငွေကျပ် ၈၅ သိန်း ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး မောင်တောမြို့နယ်အတွင်းရှိ အိမ်ထောင်စု စုစုပေါင်း ၇၉၄ စုအတွက် ဆန် ၂၆၄ ဒသမ ၆၇ အိတ်၊ ဆီ ၃၉၇ ပိဿာနှင့် ခေါက်ဆွဲခြောက်ထုပ် ၃၉၇၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးနှင့် အဖွဲ့သည် မောင်တော-ကြိမ်ချောင်း-ဗန္ဓုလလမ်း ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ်ရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ ယင်းနောက် မောင်တောမြို့နယ် နွားရုံတောင်အုပ်စု ပြားသားရွာကျေးလက်အိမ်ရာ ဆောက်လုပ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။ **သတင်း-ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ကိုမင်း**

# YBS ဖြင့် ဘုရင့်နောင်လမ်းမှ သခင်မြပန်းခြံ စီးကြည့်သောအခါ

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

ဇန်နဝါရီ ၁၆ ရက်မှစတင်၍ ရန်ကုန်မြို့၏ သယ်ယူပို့ဆောင်ရေးကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့မှ စတင်တာဝန်ယူလိုက်ပြီဖြစ်သည်။

နံနက်ဝေလီဝေလင်းကတည်းကပင် အဖြူရောင်တီရှပ်ကိုယ်စီဖြင့် လုပ်အားပေးလမ်းညွှန်မှုပြုလုပ်မည့် လူငယ်များက မှတ်တိုင်ကိုယ်စီ၌ ရောက်နေကြပြီဖြစ်သည်။

နံနက် ၈ နာရီကျော် ၉ နာရီခန့်တွင် ခရီးသွားပြည်သူများ၏ ညည်းညူသံတို့က တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်ဖုံ စတင်ကြားလာရပြီဖြစ်သည်။ အချို့ကလည်း "အစမို့ပါ၊ နောက်တစ်ပတ်နှစ်ပတ်လောက်ဆို အသားကျပြီး အဆင်ပြေသွားမှာပါ" ဟု ဆိုကြသည်။

YBS ဖြင့် ရွှေပေါက်ကံ(ဆင်ပုံ)၊ လှိုင်သာယာ (တူးချောင်း)၊ ရွှေပြည်သာ(လိန်ကုန်း)၊ သခင်ပြပန်းခြံခရီးကို လိုက်စီးကြည့်ခဲ့သည်။ နံနက် ၅ နာရီတွင် ဂိတ်များအဆင်သင့်မဖြစ်သေး၍ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ခရီးသည်များ (စျေးသည်များ) အခက်အခဲနှင့် စတင်ကြုံတွေ့ခဲ့ရသည်ဟု ဆိုကြသည်။

လှိုင်သာယာ(တူးချောင်း) ၂၃ အပြာလိုင်းကားစီးမည့် ခရီးသည်တစ်ဦးက "မနက်က တူးချောင်းမှာ ကားတွေအဆင်မပြေလို့ ဆူးလေကို တက္ကစီစုပြီးငှားစီးရပါတယ်။ ငွေကျပ် ၆၅၀၀ ပေးလိုက်ရတယ်။ အခုစျေးကအပြန် (နံနက် ၁၀ နာရီခွဲခန့်) ကျတော့ အဆင်ပြေပြေနဲ့ နေရာပါရလို့တော်သေးတယ်" ဟု ဆိုသွားသည်။

ဘုရင့်နောင်လမ်းမကြီး တစ်ကြောတစ်လျှောက်တွင် ထပ်မံတွေ့ရသော လိုင်းကားမှာ နံပါတ် ၄၀(အပြာ) ဖြစ်သည်။ ယင်းနံပါတ် ၄၀ မှာလည်း လိုင်းနံပါတ် ၁၉/၂၃ ကဲ့သို့ပင် အစဉ်မပြတ် တွေ့မြင်နေရသည်။ ဂိတ်များက နှစ်မိနစ်၊ တစ်မိနစ်နှန်း၊ ငါးမိနစ်တစ်စီးနှုန်းဖြင့် လွှတ်နေသည်ဟု သိရသည်။

သို့သော် မြို့တွင်းအဝင်အစ သခင်မြပန်းခြံဂိတ်အဆုံးလိုင်းကားပေါ်၌ ဆင်းလိုက်စဉ်တွင် မြို့တွင်းသို့ သယ်ယူပို့ဆောင်ပေးမည့် ယာဉ်လိုင်းကို စောင့်မျှော်နေသည့် လူအုပ်ကြီးက ကြောက်စရာကောင်းလောက်အောင် များပြားနေသည်ကို တွေ့လိုက်ရသည်။ Volunteer အမျိုးသမီးတစ်ဦးက မြို့ထဲသွားသည့် လိုင်းကားအားလမ်းညွှန်လိုက်သည်နှင့် လူအုပ်ကြီးက အပြေးအလွှား အလုအယက် သူ့ထက်ငါဦးအောင် ပြေးတက်ကြသည်။ သက်ကြီးရွယ်အိုနှင့် အမျိုးသမီးများ ကျန်ရစ်ခဲ့ကြသည်။ ကျန်သည့်လူအုပ်ကြီးက လျော့သွားသည်ဟု မထင်မိအောင် များနေဆဲဖြစ်သည်။

ဤသခင်မြပန်းခြံ (ကမ်းနားလမ်းဂိတ်)တွင် လိုင်းကားစီးမည့် ခရီးသည်များ အလွန်များပြားနေသည့်အတွက် သခင်မြပန်းခြံအပေါ် (ဗိုလ်ချုပ်အောင်ဆန်းလမ်းဂိတ်)သို့ အရောက်သွားခဲ့ရာ ထိုနေရာတွင်လည်း လိုင်းကားကို စောင့်မျှော်နေကြသူများကို တွေ့ရသည်။

သယ်ယူပို့ဆောင်ရေးစနစ် အပြောင်းအလဲတွင် အဝေးပြေးယာဉ်လိုင်းများအပြင် အခြားကုမ္ပဏီအဖွဲ့အစည်းယာဉ်များက ဆူးလေအထိ အခမဲ့ပြေးဆွဲပေးကြသည်။ ယာဉ်တိုင်းခရီးသည်အပြည့် ခြေနင်းခုံအထိပင် မတ်တတ်ရပ်လိုက်ပါသွားကြသည်ကို တွေ့နေရသည်။

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လမ်းညွှန်ပိုစတာများစိုက်ထူ

**သံတွဲ ဇန်နဝါရီ ၁၆**

သံတွဲမြို့သည် ကမ္ဘာကျော်ငပလီကမ်းခြေရှိသော ဒေသဖြစ်သည့်အလျောက် ကမ္ဘာလှည့် ခရီးသွားဧည့်သည်များ၊ ပြည်တွင်းခရီးသွားများဖြင့် စည်ကားသည့်မြို့တစ်မြို့ဖြစ်သည့်အတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် မဖြစ်ပွားစေရေးအတွက် ယာဉ်မောင်းသူများအနေဖြင့် ဥပဒေစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ကြစေရေးအတွက် သံတွဲမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီ၏ တင်ပြမှုအရ ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့် သံတွဲမြို့နှင့် ငပလီမြို့တို့၌ ဇန်နဝါရီလ ပထမပတ်မှစတင်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပေးနှိုးဆော်ချက် လမ်းညွှန်ပိုစတာများကိုစိုက်ထူပြီး ကွင်းဆင်းစစ်ဆေး၊ ပညာပေးလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရခြင်းမှာ သံတွဲမြို့နယ်အတွင်းရှိ မော်တော်ယာဉ်၊ သုံးဘီးဆိုင်ကယ်၊ နှစ်ဘီးဆိုင်ကယ်၊ အနေးယာဉ်များအားလုံး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကိုလိုက်နာ၍ အများပြည်သူများ ဘေးအန္တရာယ်မဖြစ်ပွားစေရေး၊ ယာဉ်ကြောရှုပ်ထွေးမှုမရှိစေရေး၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် မဖြစ်ပွားစေရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။ ယခုအခါ သံတွဲမြို့အတွင်း လိုင်းမော်တော်ယာဉ်များနှင့် စင်းလုံးငှား သုံးဘီးဆိုင်ကယ်များ ဂိတ်ထိုးရပ်နားရန် နေရာများကို သတ်မှတ်ထားရှိပြီး စနစ်တကျ ဂိတ်ထိုးရပ်နားရန်ကိုလည်း ညွှန်ကြားထားရှိပြီးဖြစ်သည်။ ထို့အပြင် ယာဉ်မရပ်ရနေရာနှင့် သုံးတန်အထက် ယာဉ်ကြီးများ မဝင်ရနေရာများ သတ်မှတ်ထားရှိရာ လမ်းညွှန်အမှတ်အသားပြ ဆိုင်းဘုတ်များကို စိုက်ထူထားရှိကာ စည်းကမ်းဖောက်ဖျက်သော ယာဉ်များအား အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တောင်သူများဝင်ငွေတိုးပြီး ဒေသနှင့်ကိုက်ညီသည့်မျိုးများ ထုတ်လုပ်နိုင်ရေး နည်းပညာအကူအညီများပေးသွားမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံတွင် ဆန်စပါးအပါအဝင် အဓိကသီးနှံများ၏ မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးရေးသည် အရေးကြီးပြီး မျိုးကောင်းမျိုးသန့်သုံးစွဲခြင်းနှင့် စိုက်နည်းစနစ်မှန်ကန်စွာ ကျင့်သုံးစိုက်ပျိုးခြင်းဖြင့် အထွက်နှုန်း ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၅ ရက်က နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန၏ တောင်သူပညာပေး SRI စပါးစိုက်ပျိုးကွင်းတွင် ပြုလုပ်သည့် SRI (System of Rice Intensification) ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ပြောသည်။

"စိုက်ပျိုးရေး ဦးစီးဌာနအနေနဲ့ စပါးစိုက်ပျိုးတဲ့အခါမှာ တောင်သူတွေ လက်ခံကျင့်သုံးနေကြတဲ့ စပါးစိုက်ပျိုးတဲ့ နည်းစနစ်တွေရှိတဲ့အနက် တောင်သူတွေအတွက် ကုန်ကျစရိတ် သက်သက်သာသာနဲ့ အထွက်နှုန်းအများဆုံးရနိုင်တဲ့ နည်းစနစ်တွေထဲမှာ SRI စနစ်ဖြစ်တဲ့ ပျိုးသက်နုနဲ့ စိုက်ပျိုးခြင်းစနစ်ဟာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဒီစနစ်ရဲ့ ထူးခြားချက်ကတော့ မျိုးစေ့နှုန်းထားက နို့ဆီဘူး ၁၀ လုံးပဲ သုံးရမှာဖြစ်ပါတယ်။ ပျိုးပေါင်အနေနဲ့ကလည်း ရှစ်ပေ× လေးပေ အကျယ်၊ ပေါင်အမြင့် လေးလက်မ၊ မြေဆွေးနဲ့ တမန်းပြုပြင်ထားတဲ့ ပျိုးပေါင်ကလည်း ရှစ်ပေပေါင် ငါးပေါင်ပေ ၄၀ ဆို တစ်ဧကစာရပါတယ်။ စိုက်တဲ့အခါမှာလည်း ပျိုးသက်က ရှစ်ရက်သားကနေ ၁၂ ရက်သားအရွယ်မှာ ရွှေ့စိုက်ရမှာ ဖြစ်ပါတယ်။ စိုက်တဲ့အခါမှာလည်း တစ်ပင်နဲ့တစ်ပင် ၁၀ လက်မခြား စိုက်ရမှာဖြစ်ပါတယ်။ အထူးသဖြင့် စိုက်တဲ့ စိုက်ကွက်ရဲ့ မျက်နှာပြင်ဟာ ညီညာဖို့လိုတယ်။ ရေသွင်း၊ ရေခန်းစနစ် ကျင့်သုံးနိုင်ဖို့အတွက် ရေသွင်းရေထုတ်မြောင်းတွေဟာလည်းပဲ ကောင်းဖို့လိုပါတယ်။ တစ်ပိုင်တစ်နိုင်စိုက်တဲ့ တောင်သူတွေအတွက် မျိုးစေ့နှုန်းထား သက်သက်သာသာနဲ့ ကုန်ထုတ်လုပ်မှု စရိတ်သက်သက်သာသာနဲ့ စပါးအထွက်နှုန်းကို အမြင့်ဆုံးရနိုင်တာ ဖြစ်ပါတယ်။ စပါးအထွက်နှုန်း ဘယ်လောက်အထိ ရနိုင်သလဲဆိုရင် သူ့ရဲ့မျိုးကွဲအလိုက် ထွက်နိုင်တဲ့ စွမ်းအားရဲ့အမြင့်ဆုံး တင်း ၁၅၀ ကျော် ၁၈၀ ကျော်အထိ ရခဲ့တဲ့အထောက်အထားတွေရှိခဲ့တဲ့အတွက် ဒီစနစ်ကို တောင်သူလယ်သမားတွေ ကိုယ့်ရဲ့ လုပ်နိုင်တဲ့နယ်ပယ်အလိုက် ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ကွင်းသရုပ်ပြသတာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။



SRI စနစ်သည် နိုင်ငံတကာတွင်လည်း ကောင်းမွန်သည့် စနစ်ဖြစ်သည့်အတွက် ကျင့်သုံးနေကြသည့်အပြင် တောင်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပညာပေးပြသသည့် သရုပ်ပြပွဲဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ နှင့် တောင်သူများ သိရှိဆောင်ရွက်နိုင်ရန် ကြေညာခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"နေပြည်တော်မှာ ဆောင်ရွက်နေတဲ့ နယူးရောကုမ္ပဏီ၊ ဂရိတ်ဝေါကုမ္ပဏီစတဲ့ မျိုးစေ့ထုတ် ကုမ္ပဏီတွေဟာလည်းပဲ ဒေသမှာ အဓိကထားစိုက်ပျိုးနေတဲ့ စပါးမျိုးထဲမှာဆိုရင် မနောသုခတို့၊ ဆင်းသုခတို့ကိုလည်း မှတ်ပုံတင် မျိုးသန့်ကနေ စီးပွားဖြစ်မျိုးသန့်ထုတ်တဲ့ လုပ်ငန်းတွေကို တောင်သူတွေနဲ့ Contract Farming ပုံစံနဲ့ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒါကြောင့် မျိုးစေ့ထုတ်လုပ်ငန်းမှာ ပုဂ္ဂလိကတွေ ပါဝင်မှုကဏ္ဍအနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်များမှာရှိတဲ့ မျိုးစေ့ပညာရှင်များကလည်းပဲ ဒီလုပ်ငန်းစဉ်တွေ အောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ဖို့ရယ်၊ ခရိုင်ဦးစီးမှူးတွေကလည်းပဲ သူတို့ ခရိုင်အလိုက်မှာ စိုက်ပျိုးလိုတဲ့ တောင်သူတွေ Seed Grower Association လို မျိုးစေ့ထုတ်တဲ့အသင်းတွေ၊ တောင်သူတွေ ပူးပေါင်းဆောင်ရွက်တဲ့ အသင်းတွေ ပိုမိုဖွံ့ဖြိုးလာဖို့ရယ် ပုဂ္ဂလိက ပါဝင်ပူးပေါင်းတဲ့ကဏ္ဍမှာ နိုင်ငံတော်အပိုင်းက ကျွန်တော်တို့ဌာနအနေနဲ့ နည်းပညာပိုင်းကလိုအပ်တဲ့ ဆောင်ရွက်ရမယ့် မျိုးစေ့ထုတ်လုပ်ငန်းစဉ်က စနစ်တွေကို ဌာနက ကျွမ်းကျင်တဲ့ဝန်ထမ်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးဖို့ သက်ဆိုင်ရာ ခရိုင်အလိုက် မြို့နယ်အလိုက်တွေမှာ ဆောင်ရွက်နိုင်ဖို့အတွက် ခရိုင်ဦးစီးတွေကို ကွင်းပြပွဲဆောင်ရွက်တာ ဖြစ်ပါတယ်။ နောက်ပြီး ကျွန်တော်တို့နိုင်ငံရဲ့ ဆန်အရည်အသွေး ကောင်းဖို့အတွက် မျိုးကောင်းမျိုးသန့်ကိုသုံးဖို့ လိုအပ်ပါတယ်။ အဲဒါမှ ထွက်တဲ့စပါးတွေဟာလည်း အရည်အသွေးကောင်းလာလို့ ဆန်ရည်ဆန်သွေးကောင်းပြီးတော့ နိုင်ငံတကာဈေးကွက်မှာ ပိုမိုယှဉ်ပြိုင်ရောင်းဝယ်ဖောက်ကားနိုင်မယ့်အနေအထားဖြစ်၍ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေးကို အလေးထားပြီးတော့ စိုက်ပျိုးရေးဦးစီးဌာနမှာရှိတဲ့ အနယ်နယ်အရပ်ရပ်က ဝန်ထမ်းတွေကို အောက်ခြေက လယ်သမားတွေနဲ့ ပုဂ္ဂလိကကဏ္ဍက ပြည်သူတွေသိရှိအောင် ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု ဦးအေးကိုကိုက ပြောသည်။

တောင်သူများ ကိုယ်ကြိုက်နှစ်သက်သည့်မျိုး၊ ဒေသနှင့်ကိုက်ညီသည့်မျိုးများကို မျိုးစေ့ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာများနှင့် စက်ကိရိယာပိုင်းဆိုင်ရာများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လိုအပ်သလို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သိခ်**

# ဒေါ်နယ်ထရန့်၏ သမ္မတတာဝန်ယူမှုအခမ်းအနား ကန်ဒေါ်လာ သန်း ၉၀ စံချိန်တင်အသုံးပြုမည်



**ဝါရှင်တန် ဇန်နဝါရီ ၁၆**

အမေရိကန်နိုင်ငံ ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်သည် ဇန်နဝါရီ ၂၀ ရက်တွင် ကျင်းပပြုလုပ်မည့် သမ္မတတာဝန်ယူမှုအခမ်းအနားနှင့် ယှင်းနှင့်ဆက်စပ်သော အခမ်းအနားများအတွက် အမေရိကန် ဒေါ်လာ သန်း ၉၀ စံချိန်တင် အသုံးပြုသွားမည်ဖြစ်ကြောင်း ပြည်တွင်းသတင်းဌာနများတွင် ရေးသားဖော်ပြခဲ့သည်။

ထရန့်၏ သမ္မတတာဝန်ယူမှု အခမ်းအနားနှင့် ယှင်းနှင့်ဆက်စပ်သော အခမ်းအနားများအတွက် အမေရိကန် ဒေါ်လာ သန်း ၉၀ အသုံးပြုမှုသည် အိုဘားမား သမ္မတတာဝန်ယူမှု အခမ်းအနား နှစ်ကြိမ်ကျင်းပပြုလုပ်ခဲ့သော ငွေပမာဏထက် ပိုမိုများပြားကြောင်း သိရသည်။

သမ္မတအိုဘားမား၏ သမ္မတတာဝန်ယူမှုအခမ်းအနား ကျင်းပရေးကော်မတီသည် အဆိုပါပွဲအတွက် ငွေပါဝင်လှူဒါန်းခြင်းကို ပမာဏကန့်သတ်ထားပြီး ၂၀၀၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၅ သန်းနှင့် ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၃ သန်းသာ ကောက်ခံအသုံးပြုခဲ့ကြောင်း သိရသည်။

သို့သော်လည်း ဒေါ်နယ်ထရန့်၏ သမ္မတတာဝန်ယူမှုအခမ်းအနားအတွက် အလှူငွေများပိုမိုထည့်ဝင်ကြရန် တိုက်တွန်းလှုံ့ဆော်ထားပြီး ငွေကြေးပမာဏ မည်မျှအသုံးပြုမည်ကို အသေးစိတ်ပြောကြားရန် ငြင်းဆိုထားသည်။ ဒီလောက်ငွေအများကြီးကို ဘယ်လိုအသုံးပြုသွားမလဲဆိုတာကို စဉ်းစားမရကြောင်း၊ မည်သည့်အတွက်ကြောင့် ထည့်ဝင်ငွေအများကြီးရရန် လုပ်ဆောင်နေသည်ကို မသိကြောင်း စသည်ဖြင့် ၂၀၁၃ ခုနှစ် သမ္မတအိုဘားမား သမ္မတတာဝန်ယူမှု အခမ်းအနားကျင်းပရေးကော်မတီ အမှုဆောင်အရာရှိချုပ် စတိဗ်ကယ်ရီဂန်၏ ပြောကြားချက်ကို ကိုးကား၍ အေပီသတင်းဌာနတွင် ဖော်ပြခဲ့သည်။

ဒေါ်နယ်ထရန့်၏ သမ္မတတာဝန် စတင်လက်ခံယူသည့် အခမ်းအနားကို အခမ်းအနားသုံးခုဖြင့် ကျင်းပရန် လျာထားကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အမေရိကန်နှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရန် ရုရှားအသင့်ရှိကြောင်း ပူတင်ပြောကြား



**မော်စကို ဇန်နဝါရီ ၁၆**

သမ္မတအဖြစ် ဒေါ်နယ်ထရန့်တာဝန်ယူဆောင်ရွက်ရန် နီးကပ်လာချိန်တွင် ရုရှားသည် ဆိုက်ဘာတိုက်ခိုက်မှုနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးကိစ္စရပ်များတွင် အမေရိကန်နှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်စတင်ရန် အဆင်သင့်ရှိကြောင်း အမေရိကန်နှင့် နီးကပ်သည့်မဟာမိတ်ဖြစ်သည့် ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားခဲ့သည်။

ပူတင်အား ပါးနပ်ကျွမ်းကျင်သူတစ်ဦးဖြစ်သည်ဟု ချီးမွမ်းထောမနာပြုခဲ့သည့် ထရန့်သည် အမေရိကန်နိုင်ငံရေး အထူးသတင်းထောက်လှမ်းမှု အေဂျင်စီများက ၂၀၁၆ သမ္မတ ရွေးကောက်ပွဲတွင် ၎င်း၏ယှဉ်ပြိုင်ဖက်ဖြစ်သည့် ဟီလာရီကလင်တန်အား အနိုင်မရရှိစေရန် ရုရှားအစိုးရအဖွဲ့ အကြီးအကဲက ဆိုက်ဘာတိုက်ခိုက်မှု လုပ်ဆောင်ရန် အမိန့်ပေးညွှန်ကြားခဲ့သည်ဟု စွပ်စွဲချက်များ ထွက်ပေါ်လာသော်လည်း ရုရှားနှင့် ပိုမိုနီးကပ်စွာ ဆက်ဆံသွားလိုသည့် သဘောထားကိုသာ ဖော်ပြခဲ့သည်။

ရုရှားသည် ဆိုက်ဘာတိုက်ခိုက်မှု ပြုလုပ်သည်ဟူသော စွပ်စွဲချက်များကို ငြင်းဆန်ထားဆဲပင် ဖြစ်သည်။

တနင်္လာနေ့က ပုံနှိပ်ဖော်ပြခဲ့သည့် အင်တာဗျူးတစ်ခုတွင် ရုရှားလုံခြုံရေးကောင်စီ၏အတွင်းရေးမှူး နီကိုလိုင်ပက်ထရူရှက်ဗ်က ဘားရက်အိုဘားမား လက်ထက်က အေးစက်စက်ဖြစ်ခဲ့သည့် ဆက်ဆံရေးကာလ ကုန်လွန်ပြီးနောက်တွင် အမေရိကန်နှင့် အလားအလာကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုတစ်ရပ် ဖြစ်လာနိုင်ဖွယ်ရာရှိကြောင်း ပြောကြားခဲ့သည်။

အကယ်၍ ဒေါ်နယ်ထရန့်၏ အစိုးရအဖွဲ့ကသာ စိတ်ပါဝင်စားခဲ့လျှင် လုံခြုံရေးကိစ္စရပ်များတွင် ရုရှားဘက်မှ အပြည့်အဝ ပူးပေါင်းသွားရန် အသင့်ဖြစ်နေကြောင်း ပက်ထရူရှက်ဗ်က ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# လူခြောက်ဦးသေဆုံးခဲ့သော အိန္ဒိယဘာသာရေးပွဲတော်၏ လူအုပ်ပြိုမှု

**နယူးဒေလီ ဇန်နဝါရီ ၁၆**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်္ဂလားပြည်နယ်တွင် ယမန်နေ့ကပြုလုပ်ခဲ့သည့် အကြီးဆုံးဘာသာရေးစုဝေးပွဲတစ်ခုတွင် လူအုပ်ပြိုမှုဖြစ်ပွားခဲ့ရာ ခြောက်ဦးထက် မနည်းသေဆုံးခဲ့ပြီး ၁၀ ဦးကျော် ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောခဲ့သည်။

ကိုလ်ကာတာမြို့မှ ၁၂၉ ကီလိုမီတာဝေးသော ဂင်္ဂါဆာဂါ ကျွန်းဆိပ်ခံတံတားတစ်ခုတွင် ဆုတောင်းမှုများပြုလုပ်ခဲ့သော ဘုရားဖူးများသည် ပညာရှိ ကာပီလ်မူနီကျောင်းတော်သို့ သွားရောက်ရန် ဖယ်ရီသင်္ဘောပေါ်သို့ လုယက်တိုးဝှေ့တက်ကြရင်း ထိုသို့ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရရှိသူများသည် စိုးရိမ်ရသောအခြေအနေရှိသောကြောင့် သေဆုံးသူ ဦးရေမှာ တိုးလာနိုင်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဆီးရီးယားတပ်မတော်က အိုင်အက်စ်အဖွဲ့ကို ချေမှုန်းတိုက်ခိုက်ရာမှ အရပ်သားများအပါအဝင်အများအပြားသေဆုံး

**အလက်ပို ဇန်နဝါရီ ၁၆**

အိုင်အက်စ်စစ်သွေးကြွအုပ်စုများက မြို့တွင်းရှိ အစိုးရပိုင်နယ်မြေတစ်ခုကို သိမ်းပိုက်နိုင်ရန် ကျူးကျော်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည့် ဒီအာအယ်လ်ဇိုဝ္ဗ စနေနေ့ ကတည်းက နှစ်ဖက်တိုက်ခိုက်မှုများကြောင့် လူများစွာသေဆုံးသွားခဲ့ကြောင်း စစ်ရေးထိန်းချုပ်မှုအဖွဲ့က ထုတ်ဖော်ပြောကြားသည်။

အစိုးရအဖွဲ့နှင့် စစ်သွေးကြွများ၏ တိုက်ခိုက်မှုအတွင်း လူ ၈၂ ဦး ထက်မနည်း သေဆုံးခဲ့ရပြီး အဆိုပါသေဆုံးမှုသည် နှစ်တစ်နှစ်၏ အသေအပျောက်အများဆုံးဖြစ်ကြောင်း ဆီးရီးယားလူ့အခွင့်အရေး လေ့လာစောင့်ကြည့်မှုအဖွဲ့က တနင်္လာနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

သေဆုံးသူများအနက် ၈၂ ဦးမှာ တပ်ဖွဲ့ဝင်နှင့် မဟာမိတ်အင်အားစုအဖွဲ့ဝင်များဖြစ်ပြီး အိုင်အက်စ်တိုက်ခိုက်ရေးအဖွဲ့ဝင် ၄၀ ထက်မနည်း သေဆုံးခဲ့ကာ အရပ်သားသေဆုံးမှုမှာ ၁၄ ဦးရှိခဲ့ကြောင်း ဗြိတိန်အခြေစိုက် စစ်ရေးထိန်းချုပ်မှုအဖွဲ့က ပြောကြားခဲ့သည်။ ဆီးရီးယားနိုင်ငံပိုင်ဆာနားသတင်းအေဂျင်စီက တပ်ဖွဲ့ဝင်များသည် ဒီအာအယ်လ်ဇိုအနီးတစ်ဝိုက်ရှိ အိုင်အက်စ်အဖွဲ့များနေရာယူထားရာနယ်မြေမှ အိုင်အက်စ်တိုက်ခိုက်ရေးအဖွဲ့ဝင်များစွာကို နှိမ်နင်းခဲ့ကြောင်း ဖော်ပြခဲ့သည်။

**(ရိုက်တာ)**

# ဘရာဇီးအကျဉ်းထောင် ဆူပူမှုထပ်မံဖြစ်ပွား



**ဆော်ပေါ်လို ဇန်နဝါရီ ၁၆**

ဘရာဇီးနိုင်ငံ ရီယိုဂရန်ဒီဒိုနော်တီပြည်နယ် ပီရာကွာရာအကျဉ်းထောင်တွင် ယမန်နေ့ကဖြစ်ပွားခဲ့သော ထောင်ဆူပူမှုအား ထိန်းချုပ်နိုင်ခဲ့ပြီး ဆူပူမှုဖြစ်ပွားသောကြောင့် လက်ရှိအချိန်တွင် သေဆုံးသူ ၂၆ ဦးရှိခဲ့ပြီး ဒဏ်ရာရသူကိုးဦးရှိခဲ့ကြောင်း ရီယိုဂရန်ဒီနော်တီပြည်နယ်အစိုးရက ယမန်နေ့က ထုတ်ပြန်ကြေညာသည်။ ထောင်ဆူပူမှုကို ဦးဆောင်သော အကျဉ်းသားခြောက်ဦးကို ဖက်ဒရယ်အကျဉ်းထောင်သို့ လွှဲပြောင်းရန် တောင်းဆိုခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ဒဏ်ရာရအကျဉ်းသားများကို ဆေးဝါးကုသမှုခံယူရန် ပြည်နယ်မြို့တော် နက်တယ်သို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ယခုဖြစ်ပွားခဲ့သည့် ထောင်ဆူပူမှုသည် ဇန်နဝါရီ ၁၄ရက်က အကျဉ်းသားများ ထားရှိသည့် အခန်းနှစ်ခန်းမှစတင်ခဲ့ပြီး ထောင်တစ်ခုလုံး ဆူပူမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပီရာကွာရာအကျဉ်းထောင်သည် ရီယိုဂရန်ဒီဒိုနော်တီပြည်နယ်ရှိ အကြီးဆုံး အကျဉ်းထောင်တစ်ခုဖြစ်ပြီး အကျဉ်းသား ၆၂၀ လက်ခံနိုင်သည့် အကျဉ်းထောင်ဖြစ်သည်။ သို့သော် လက်ရှိအချိန်တွင် အကျဉ်းသား ၁၁၅၀ လက်ခံထားပြီး ၂၀၁၆ ခုနှစ်က ထိုအကျဉ်းထောင်မှ အကျဉ်းသား ၁၀၀ ကျော် ထွက်ပြေးခဲ့ကြောင်း သိရသည်။

ရီယိုဂရန်ဒီဒိုနော်တီပြည်နယ်ဥပဒေရေးရာနှင့် ပြည်သူ့ရေးရာဌာနသတင်းစာရှင်းလင်းပွဲတွင် ယခုဖြစ်ပွားခဲ့သည့် ထောင်ဆူပူမှုသည် ယခင် အမေဇုံနာပြည်နယ်နှင့် ရိုရိုင်မာပြည်နယ်တို့တွင် ဖြစ်ပွားခဲ့သည့် ထောင်ဆူပူမှုများနှင့် သက်ဆိုင်ခြင်းမရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဇန်နဝါရီ ၁၆ရက် ရန်ကုန်နံနက်ခင်း၏ တခဏတာမြင်ကွင်းများ

ရန်ကုန် ဇန်နဝါရီ ၁၆

**မြန်မာနိုင်ငံ၏ လူဦးရေအများဆုံးဖြစ်သော ရန်ကုန်မြို့၏ ဘတ်စ်ကားပြေးဆွဲမှုစနစ်သစ်ကို ဇန်နဝါရီ ၁၆ ရက် (ယနေ့) တွင် စတင်ခဲ့ပြီ ဖြစ်သည်။ မြို့တွင်းခရီးသွားများအနေဖြင့် နံနက်ပိုင်း ၇ နာရီခန့်က ခရီးသည်တင်ယာဉ်များ မတွေ့ရှိမှုများကြောင့် စိုးရိမ်သောကများအနည်းငယ်ဖြစ်ပွားခဲ့ကြသည်။ မိမိလိုရာခရီးကို အချိန်မီမရောက်မှာကို စိုးရိမ်ခဲ့ကြသည်။ ကားမှတ်တိုင်များတွင် ခရီးသည်များ စုပြုံခဲ့သည်။**

လိုရာခရီးကို အဆင့်ဆင့် ပြောင်းစီးရမည်ဖြစ်သည့်အတွက် ရတက်မအေးဖြစ်ခဲ့ကြသည်။ နံနက် ၈ နာရီခန့်တွင် ခရီးသည် တင်ယာဉ်လိုင်းများ အစုံအလင်ထွက်ရှိ လာမှုကြောင့် မှတ်တိုင်များတွင် လူများ တဖြည်းဖြည်းနည်းပါးလာသည်။ ခရီးသည်တင်မော်တော်ယာဉ်များ စတင်ထွက်ပေါ်လာစက လူအများတို့ဝေ့တက်ခဲ့ရသော်လည်း နာရီဝက်နီးပါး အကြာတွင် ပုံမှန်သွားလာနေကျအတိုင်း ရပ်စီးခရီးသည်များ နည်းပါးသွားသည်ကို တွေ့မြင်ရသည်။ ကားမှတ်တိုင်များတွင်လည်း ကင်းထောက်ဝတ်စုံဝတ် လူငယ်များ၊ လုပ်အားပေးလူငယ်လေးများက ခရီးသွားများ၏ အမေးကိုပင် မစောင့်ဘဲ ၎င်းတို့ကိုယ်တိုင် ခရီးသွားများ၏ ခရီးစဉ်ကို မေးမြန်းလျက် လမ်းညွှန်မှုများ ပြုလုပ်ပေးနေသည်။ ကားအဆင့်ဆင့် ပြောင်းစီးရမည်ကို စိတ်ရှည်လက်ရှည်ရှင်းပြပေးနေသည်။ ထိုသို့ ရှင်းပြပေးနေရင်း စိတ်မရှည်သော လူအချို့၏ဘုဘောက်ပြောခြင်းကိုလည်း ခံရသေးသည်။ လုပ်အားပေးလူငယ်လေးများ၏ လက်ထဲတွင်ရှိနေသော ယာဉ်လိုင်း လမ်းညွှန်ပြမြေပုံစာရွက်ကလေးများမှာ ဝေမလောက်သဖြင့်ခဏအတွင်း ကုန်သွားသည်ဖြစ်ရာ နောက်ထပ်တောင်းလာသူများအား စိတ်ရှည်လက်ရှည်ရှင်းပြပေးနေကြသည်။ လမ်းမများပေါ်တွင် သွားလာနေကြ သူတို့၏ လက်ထဲတွင်လည်းကိုယ်စီကိုယ်စီ ယာဉ်လိုင်း လမ်းညွှန်စာရွက်ကလေးများဖြင့် တွေ့မြင်ကြရသည်။



လှည်းတန်းမီးပွိုင့်အနီး မှတ်တိုင်များတွင် လုပ်အားပေးလျက်ရှိသော လမ်းညွှန်လူငယ်လေးများ၊ အင်းစိန်မှ ဆူးလေဘက်အသွား အင်းစိန်လမ်းမပေါ်တွင် ခရီးသည်တင်မော်တော်ယာဉ်များ သတ်မှတ်လမ်းကြောများအတိုင်း မီးပွိုင့်စောင့်ဆိုင်းနေစဉ်

ယင်းနေ့ နံနက်ပိုင်း၏ အထူးခြားဆုံးမြင်ကွင်းမှာ ခရီးသည်တင်မော်တော်ယာဉ်များအနေဖြင့် ခရီးသည် အလုအယက် ခေါ်ယူခြင်းမပြုကြတော့၊ ပြိုင်မောင်းခြင်း၊ ကျော်တက်ခြင်း အလျဉ်းမတွေ့ရတော့။ ညာအစွန် သတ်မှတ်လမ်းများအတိုင်း စည်းကမ်းရှိစွာ တညီတညာတည်း မောင်းနှင်နေကြသည်ကိုတွေ့ရသည်။ လမ်းဘေးတွင် အငှားယာဉ်များ ရပ်တန့်မှုကြောင့်လည်းကောင်း၊ လက်တွန်းလှည်းနှင့် ခြေကျင်သွားခရီးသည်များ အန္တရာယ်ရှိနိုင်သည့် အနေအထားအချို့ကြောင့် လမ်းလယ်ယာဉ်ကြောသို့ ခေတ္တနေရာယူမောင်းနှင်ကြသော်လည်း ယာဉ်လမ်းကြောရှင်းသွားသည်နှင့် ညာအစွန်ယာဉ်ကြောကို ပြန်ပြောင်းနေရာယူမောင်းနှင်ကြသည်ကို တွေ့မြင်ရသည်။



မော်တော်ယာဉ်လိုင်းအတွင်း ယာဉ်လိုင်းအသစ်များ တွေ့မြင်ရသကဲ့သို့ အင်းစိန်လမ်းတွင် ယခင် ပြေးဆွဲနေကြ (၄၈)နှင့် (၁၂၄)မော်တော်ယာဉ်များအား လိုင်းနံပါတ်ပြောင်းလဲထားသည်ကို တွေ့ရသည်။ အချို့မှတ်တိုင်များတွင် ခရီးသည်များစုပြုံနေပြီး ပရဟိတ ပြေးဆွဲပေးနေသော မော်တော်ယာဉ်များလည်း ရှိကြောင်း သိရသည်။

စနစ်ဟောင်းတစ်ခုမှ စနစ်သစ်တစ်ခုအပြောင်းသို့ အပြောင်းအလဲတွင် အရာရာသည် ညင်သာချောမွေ့ပြီးပြည့်စုံမည်မဟုတ်ဘဲ လိုအပ်ချက်၊ လိုလားချက်များရှိနေမည် မှာ အသေအချာပင်။ သို့သော် အောင်မြင်အောင် ကျော်လွှားဖို့က နိုင်ငံသားတို့၏ တာဝန်ပင်ဖြစ်သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ - ထိန်လင်း**

# မြန်မာ့ရိုးရာ ချည်ပိုးဇာအထည်များ လူကြိုက်များ

**ရေး ဇန်နဝါရီ ၁၆**

မွန်ပြည်နယ် ရေးမြို့နယ်ရှိ ကချင်နှင့် မန္တလေး အမရပူရ စက်ရက်ကန်းမှ တစ်ဆင့် ထုတ်လုပ်ဖြန့်ချိတင်သွင်းလာသော မြန်မာ့ရိုးရာ ချည်ပိုးဇာအထည်များကို ၂၀၁၆ ခုနှစ်အကုန်တွင် တွင်ကျယ်စွာ ဖွင့်လှစ်ရောင်းချနေသူ များပြားလာပြီး ယခုအချိန်တွင် လူကြိုက်များကာ ဝတ်ဆင်လာကြောင်း သိရသည်။

"အခိကကတော့ မြန်မာ့ရိုးရာချည်ထည် ပိုးထည်တွေကို ရေးမြို့နယ်မှာရှိတဲ့ အမျိုးသမီးဆယ်ကျော်သက်ကနေ လူလတ်သာမက လူကြီးအထိ ပွဲထိုင်အလှူမင်္ဂလာတွေမှာ ပိုမိုဝယ်ယူဝတ်ဆင်လာနေကြပါတယ်"ဟု ရေးမြို့နေ တော်ဝင်နန်း ပိုးထည်ချည်ထည် လက်လီလက်ကား ရောင်းဝယ်ရေးဆိုင်မှ ဒေါ်နွယ်နီနှင်းက ပြောသည်။

"ဝတ်ဆင်သူများပြားလာတာနဲ့အမျှ အမျိုးသမီး လူလတ်ပိုင်းနဲ့ လူကြီးတွေက ချည်ထည်အမျိုးမျိုးကို ပိုမို ကြိုက်နှစ်သက်ကြပါတယ်။ ဆယ်ကျော်သက် အမျိုးသမီးတွေက ထိုင်းပိုး ပြည်တွင်းထုတ် ပိုးထည်ချည်ထည်တွေကို ပိုမိုလူကြိုက်များကြတယ်။ အရောင်းအဝယ်က ပွဲတော်ကာလဖြစ်တော့ ဝယ်ယူသူမြင့်တက်လာနေပြီး ဝယ်သူလက်ဝယ်ကို အပြည့်အဝမပေးနိုင်တဲ့ ပစ္စည်းပြတ်လပ်မှုနဲ့လည်းတွေ့ကြုံနေရပါတယ်"ဟု ၎င်းကဆက်လက်ပြောပြသည်။ ရေးမြို့နယ်အတွင်း ပိုးထည်ချည်ထည် လက်လီဈေးနှုန်းများမှာ ငွေကျပ် တစ်သောင်းကျော်မှ ငွေကျပ်ခြောက်သောင်းအထိရှိကာ ထိုင်းပိုးပြည်တွင်း ပိုးထည်ချည်ထည်များမှာ ငွေကျပ် တစ်သောင်းကျော်မှ ငွေကျပ်ငါးသောင်းကျော်အထိရှိနေကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၊ ရန်ကုန်မြို့၏ ဘတ်စ်ကားစနစ်သစ် ပြေးဆွဲရာ၌ ပြည်သူလူထုသိရှိပြီး သွားလာရေးလွယ်ကူချောမွေ့စေရန်အတွက် စေတနာ့ဝန်ထမ်းများမှ လူစည်ကားရာ ကားဂိတ်၊ ဈေး၊ သင်္ဘောဆိပ်၊ ကူးတို့ဆိပ်နှင့်လမ်းဆုံလမ်းခွ၊ ဗိုလ်ချုပ်လမ်း၊ မင်းရဲကျော်စွာလမ်း၊ ရွှေဆံတော်ဘုရားလမ်းများတွင် ခရီးသွားပြည်သူများသိရှိစေရန် ဘတ်စ်ကားလိုင်း နံပါတ်နှင့် ရောက်ရှိနေရာပါ စာရွက်၊ မြေပုံလမ်းညွှန်ပါစာရွက်များကို ဇန်နဝါရီ ၁၆ ရက် နံနက်မှစတင်ကာ အခမဲ့ဖြန့်ဝေပေးစဉ်

မျိုးလှိုင်(တွံတေး)

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇန်နဝါရီ ၂ ရက်မှ ၉ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | သတိုး | အပြာရင့်ရင့်သစ္စာပျော်ရည် | ၂၀၀၀ိ/- | ၇၇၇၇ စာပေ |
| ၂ | ကာတွန်းကြည်ဝင်း | မြန်မာမှုထုံးထမ်းစဉ်လာ ကျေးလက်ရိုးရာ ဓလေ့များ | ၄၅၀၀ိ/- | ၇၇၇၇ စာပေ |
| ၃ | မြင့်ဝင်းမောင်(AZ) | အောင်စည်တောထွက်ခဏ်း | ၂၅၀၀ိ/- | AZ စာပေ |
| ၄ | ဝင်းသိန်းဦး | ENTERPRENEUSHIP FOR MBA (စွန့်ဦးတီထွင်လုပ်ငန်းထူထောင်မှုပညာ) | ၆၀၀၀ိ/ | - Future စာပေ |
| ၅ | ဒေါက်တာအောင်ထွန်းသက် | ကျွန်တော့်ရဲ့နိုင်ငံရေးဘောဂဗေဒ အတွေးအမြင်များ | ၄၀၀၀ိ/ | -B2B စာပေ |
| ၆ | | စာစဉ်(၅၂) ဘင်ဂျမင်ဖရင်ကလင် | ၁၅၀၀ိ/ | -The key collection |
| ၇ | | စာစဉ်(၅၃) ဝီလျံ ရှိတ်စပီးယား | ၁၅၀၀ိ/ | -The key collection |
| ၈ | ကိုရွှေး | ရန်ကုန် | ၂၀၀၀ိ/ | -The key collection |
| ၉ | ပီမိုးနင်း | ဆရာကြီးနှင့် အခြားဝတ္ထုတိုများ | ၁၅၀၀ိ/ | -The key collection |
| ၁၀ | မေဦးသိန်းညွန့် | အုန်းပွင့်ပန်းခိုင်တလှိုင်လှိုင်ရခိုင်မြို့ဟောင်းဘုရားပေါင်း | ၃၅၀၀ိ/ | -ဂုဏ်ထူးစာပေ |
| ၁၁ | ကြည်ပြာမိုးပွင့် | ဘဝလမ်းက မှတ်တမ်းလေး | ၃၀၀၀ိ/ | -ဂျာနယ်လစ်စာပေ |
| ၁၂ | ဝင့်ပြုံးမြင့် | ဝမ်တိန်အသွားလမ်း(The Road to Wanting) | ၃၅၀၀ိ/ | -ငါတို့စာပေ |
| ၁၃ | သာထက်အောင် | ယန်စီအလှ၊ ဗီးဂတ်စ်ညနှင့်ကောင်းကင်မပြာသောမြို့ပြများ | ၂၅၀၀ိ/ | -စာနဒီစာပေ |
| ၁၄ | တင်မိုး | နှစ်နှစ်ကာကာ ၁၅၀ ကဗျာ | ၃၅၀၀ိ/ | -စာနဒီစာပေ |
| ၁၅ | မောင်ကံထူး | စိတ်အသိနှင့်ဉာဏ်အမြင် | ၈၀၀ိ/- | စာပေလောက(၆) |
| ၁၆ | စန္ဒီ(Artist) | အမှတ်တရလေးရေးခဲ့ပေးနော် | ၁၅၀၀ိ/ | -စာပေနန်းတော် |
| ၁၇ | ကြူးနစ် | သေစာရင်းမှာမပါတဲ့လူနှင့် အခြားဝတ္ထုတိုများ | ၄၀၀၀ိ/ | -စိတ်ကူးချိုချို |
| ၁၈ | စုသဲမွန် | နှလုံးသားပျားရည်စက် ဝတ္ထုတိုများ | ၂၅၀၀ိ/ | -စိတ်ကူးချိုချို |
| ၁၉ | မိုးဟိန်း | ဟာသဝတ္ထုတိုများ အမှတ်-၂ | ၂၃၀၀ိ/ | -စိတ်ကူးချိုချို |
| ၂၀ | သိန်းဇေမြင့် | ချစ်၍ခေါ်ရာ | ၂၂၀၀ိ/ | -စိတ်ကူးချိုချို |
| ၂၁ | ဇော်ဇော်အောင် | ထင်မိထင်ရာ ရေးချလိုက်တဲ့ပြုတ်စဗျင်းတောင်း စာပေဆောင်းပါးများ | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၂၂ | သော်တာဆွေ | ဟာသဝတ္ထုတိုများ-၂ | ၅၀၀၀ိ/- | စိတ်ကူးချိုချို |
| ၂၃ | ပီမိုးနင်း | ဝတ္ထုပဒေသာပေါင်းချုပ်-၁ | ၉၀၀၀ိ/- | စိတ်ကူးချိုချို |
| ၂၄ | ကလောင်စုံ | မြန်မာ့ဝတ္ထုတို(၂၀၁၆) | ၅၅၀၀ိ/- | စိတ်ကူးချိုချို |
| ၂၅ | တင်မိုး | ကဗျာဆရာနှင့်ပန်းသူဇာ(ဝတ္ထုတိုများ စုစည်းမှု) | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၂၆ | ပီမိုးနင်း | ချစ်ပန်းနွယ် | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၂၇ | ဒဂုန်တာရာ | ဝတ္ထုလတ်များပေါင်းချုပ် | ၁၀၀၀၀ိ/ | -စိတ်ကူးချိုချို |
| ၂၈ | ဦးစန္ဒိမာ(စလင်း) | သမိုင်းတွင် သမိုင်းဝင် စာဆိုအရှင်များ | ၄၀၀၀ိ/- | စိတ်ကူးချိုချို |
| ၂၉ | ငြိမ်းကျော် | ဝတ္ထုလတ်ပေါင်းချုပ် | ၈၀၀၀ိ/- | စိတ်ကူးချိုချို |
| ၃၀ | မောင်ဝဏ္ဏ | မောင်စိန်သောင်း မနှင်းရည် ဝတ္ထုတိုပေါင်းချုပ် | ၅၂၀၀ိ/- | စိတ်ကူးချိုချို |
| ၃၁ | | ဆဋ္ဌမအာရုံမဂ္ဂဇင်း(Sixth Sense No.31, February,2017) | ၂၀၀၀ိ/- | ဆဋ္ဌမအာရုံစာပေတိုက် |
| ၃၂ | ကလောင်စုံ | မုန်တိုင်းကြားကအဖြူရောင်သက်တံကဗျာရွတ်ပွဲတော် | ၃၀၀၀ိ/- | ဆန်းစသော်တာစာပေ |
| ၃၃ | မုံရွာအရှင်ပဏ္ဍိတ(ဒွိပိဋကရေ) | စိတ်အလှဆင်တရားပဒေသာ | ၁၆၀၀ိ/- | ဓမ္မသရဖူစာပေ |
| ၃၄ | မုံရွာအရှင်ပဏ္ဍိတ(ဒွိပိဋကရေ) | အသင့်ဆောင်ထား တရားပဒေသာ | ၃၅၀၀ိ/- | ဓမ္မသရဖူစာပေ |
| ၃၅ | မုံရွာအရှင်ပဏ္ဍိတ(ဒွိပိဋကရေ) | ဇာတ်ကွက်ဇာတ်လမ်းမှတ်တမ်းတင်စရာ | ၃၀၀၀ိ/- | ဓမ္မသရဖူစာပေ |
| ၃၆ | မုံရွာအရှင်ပဏ္ဍိတ(ဒွိပိဋကရေ) | မဏိရတနာတရားဂါထာပဒေသာ | ၈၀၀ိ/- | ဓမ္မသရဖူစာပေ |
| ၃၇ | မုံရွာအရှင်ပဏ္ဍိတ(ဒွိပိဋကရေ) | ဆန်းသစ်လှပတရားပဒေသာ (ဇာတ်လမ်းဟောကွက်တရားများ) | ၁၅၀၀ိ/- | ဓမ္မသရဖူစာပေ |

**(ဆက်လက်ဖော်ပြပါမည်။)**

# အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်သစ် စတင်ဆောင်ရွက်လိုက်ပြီ လိုအပ်ချက်များအပေါ် ပြန်လည်သုံးသပ် ဖြည့်စွက်ဆောင်ရွက်သွားမည်ဖြစ်

သတင်းဆောင်းပါး-ဇော်ကြီး(ပဏီတ)၊ ဓာတ်ပုံ-ရဲထွဋ်၊ မင်းသစ်

**ရန်ကုန်မြို့၏ ခရီးသည်သယ်ယူပို့ဆောင်ရေးကဏ္ဍကို နှစ်ပေါင်း ၅၀ ကျော်ကြာ တာဝန်ယူလုပ်ကိုင်ခဲ့သည့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မ.ထ.သ) ကို ဖျက်သိမ်းပြီး ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု အာဏာပိုင်အဖွဲ့၏ကြီးကြပ်မှုဖြင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်သစ်ကို ယနေ့ နံနက်ပိုင်းက စတင်လိုက်သည်။**

အလားတူ ရန်ကုန်မြို့ရှိ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မ.ထ.သ) မြို့တွင်း(ရုံးချုပ်)၌ ယနေ့နံနက်က ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(ဗဟို) ရုံးကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူတို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

### အခက်အခဲရှိနိုင်

“ပထမဦးဆုံးနေ့မှာ အားလုံးအဆင်ပြေချောမွေ့လိမ့်မယ်လို့ မထင်ဘူး။ ယာဉ်ပိုင်ရှင်ဘက်မှာလည်း အခက်အခဲတစ်ခုရှိတယ်။ ယာဉ်ပိုင်ရှင်ကလည်း မူလပုံစံအတိုင်းပဲ သွားချင်တယ်။ ယာဉ်စီးနေတဲ့သူတွေကလည်း အသစ်ဖြစ်သွားတဲ့အတွက် ပုံစံမကျသေးဘူး။ ဒီအခြေအနေလေးတွေ အခက်အခဲရှိနိုင်တယ်။ တစ်ချက်ကတော့ ကားတွေမှာ လူတွေတော်တော်ကျပ်နေတယ်။ လွှတ်ပေးလိုက်တဲ့အချိန်က နည်းနည်းလေးမစိပ်ဘူးဖြစ်နေတော့ အနည်းငယ်ကျပ်တယ်။ ဒီအခြေအနေလေးမှာ အဆင်ပြေအောင် ဆောင်ရွက်မယ်။ မနေ့တုန်းကမှ ကားတွေကို စတစ်ကာကပ်ရတဲ့အတွက် နည်းနည်းကျဲ သွားတယ်။ ဒီအခြေအနေပေါ်မှာ ကျွန်တော်တို့ အဆင်ပြေအောင် ဆောင်ရွက်မယ်” ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဆိုပါရုံးဖွင့်ပွဲသို့ တက်ရောက်လာစဉ် မီဒီယာများကို ပြောကြားသည်။

ယင်းသို့ပြေးဆွဲရာတွင် ယာဉ်လိုင်းပေါင်း ၇၀ မှ ကနဦးစာရင်းများအရ ယာဉ်အစီးရေ ၄၀၀၀ ခန့်ဖြင့် စတင်ပြေးဆွဲသွားမည်ဖြစ်ပြီး ခရီးစဉ်တိုသည့် ယာဉ်လမ်းကြောင်းတွင် ယာဉ်အစီးရေ ၅၅ စီးခန့်ဖြင့်လည်းကောင်း၊ ခရီးစဉ်ရှည်သည့်လမ်းကြောင်းတွင် ယာဉ်အစီးရေ ၁၁၀ ကျော်ခန့်ဖြင့်လည်းကောင်း အသုံးပြုပြေးဆွဲသွားမည်ဖြစ်သည့်အပြင် ခရီးသွားပြည်သူ အများဆုံးဖြစ်သည့် ရုံးတက်၊ ရုံးဆင်းချိန်များတွင် နှစ်မိနစ်၊ သုံးမိနစ်ခြား တစ်စီးနှုန်းဖြင့် လည်းကောင်း၊ ကျန်အချိန်များတွင် ငါးမိနစ်ခြား တစ်စီးနှုန်းဖြင့် လည်းကောင်း လွှတ်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားထားသည်။

### စနစ်ပြောင်းတာ ကြိုဆိုပါတယ်

ဘတ်စ်ကားလိုင်း စနစ်ပြောင်းလဲ ပြေးဆွဲသည့် ယနေ့ နံနက်ပိုင်းတွင် ပြည်သူတို့အနေဖြင့် အခက်အခဲတချို့ ကြုံတွေ့ခဲ့ကြရသည့်အပေါ် မရမ်းကုန်းမြို့နယ်တွင်နေထိုင်သူ ကုမ္ပဏီဝန်ထမ်းကိုးဦးက “မနက်အစောပိုင်းတုန်းက မှတ်တိုင်မှာ လူတစ်ရာကျော်လောက် ကိုယ်စီးမယ့်ကားကို စောင့်နေရတယ်။ လိုင်းကားကလည်း တစ်စီးနဲ့တစ်စီး တော်တော်ခြားတယ်။ လာတော့လည်း ခရီးသည်တွေအပြည့်နဲ့ဆိုတော့ တက်လို့တောင်မရဘူး။ တစ်နာရီကျော်လောက် စောင့်ပြီးမှ ကျပ်ကျပ်တည်းတည်း စီးခဲ့ရတယ်။ တချို့ဆိုရင် ကားပေါ်မှာ သတိလစ်သွားတဲ့သူတွေတောင်ရှိတယ်။ အခုလို ပြောင်းလဲလိုက်တာကို ပြည်သူအများစု နားလည်ဖို့လိုပါတယ်၊ မနက်ပိုင်းမှာ လိုင်းကားစီးရင် ကျပ်တာက အခုမှမဟုတ်ပါဘူး၊ အရင်တုန်းကလည်း ကျပ်တာပါပဲ၊ ကျန်တဲ့အချိန်တွေမှာတော့ လူနည်းသွားပါတယ်၊ ကောင်းဖို့လုပ်တာကို ကျွန်တော်တို့က ကြိုဆိုရမယ်လေ၊ မနက်ပိုင်းမှာ မှတ်တိုင် တွေမှာ လူတွေပြည့်နေတယ်ဆိုတာကလည်း ကိုယ်စီးရမယ့် ကားကို မသိလို့စောင့်နေတာတွေများပါတယ်၊ ဘယ်ကားစီးရမယ်ဆိုတာမသိရင် စေတနာ့ဝန်ထမ်းတွေကိုမေး၊ ဒါမှမဟုတ် လမ်းညွှန်ဆိုင်းဘုတ်ကို ဖတ်ဖို့လိုပါတယ်၊ အခုမှစတဲ့ သဘောဖြစ်လို့ အဖြေမထွက်သေးပါဘူး၊ အစိုးရအနေနဲ့လည်း ပြည်သူတွေရဲ့အသံတွေကိုနားထောင်ပြီး အားနည်းချက် အားသာချက်တွေကို ပြန်လည်ပြင်ဆင်သွားမယ်လို့ ပြောထားတဲ့အတွက် အားလုံးအဆင်ပြေသွားမှာပါ” ဟု ပွဲရုံလုပ်ငန်းရှင် ဦးကျော်ခိုင်က ပြောသည်။

လိုင်းကားစနစ်တွေပြောင်းတာကိုတော့ ကြိုဆိုပါတယ်။ ဒါပေမယ့် အချိန်တိုအတွင်းမှာ မြန်မြန်ပြောင်းလိုက်တဲ့အတွက် အခက်အခဲတွေကတော့ အများကြီးပါပဲ” ဟု ပြောသည်။

### အားလုံးအဆင်ပြေသွားမှာပါ

“ရုံးချိန်ဖြစ်တဲ့ မနက်ပိုင်းမှာတော့ မှတ်တိုင်တွေမှာ ခရီးသည်တွေ စုပုံသွားတယ်လို့ကြားတယ်။ တချို့ကတော့ ရုံးချိန်မမီမှာစိုးရိမ်လို့ မဖြစ်မနေ Taxi နဲ့ သွားတာတွေလည်းရှိကြတယ်။ ရုံးချိန်နောက်ပိုင်းမှာတော့ ပုံမှန်ပြန်ဖြစ်သွားပါတယ်။ အငှားယာဉ်မောင်းတွေအနေနဲ့ သိပ်မထူးခြားသွားပါဘူး။ အခုပြောင်းလဲလိုက်တဲ့ စနစ်က ကောင်းပါတယ်။ အချိန်ကြာလာရင် အားလုံးအဆင်ပြေသွားမှာပါ” ဟု အငှားယာဉ်မောင်း ဦးသစ်ဆန်းက ပြောသည်။

### ကူညီပို့ဆောင်ပေး

ရန်ကုန်မြို့၌ ဘတ်စ်ကားလိုင်း စနစ်ပြောင်းလဲ ပြေးဆွဲလိုက်သည့် ယနေ့ နံနက်ပိုင်းတွင် ခရီးသွားပြည်သူတို့ အနေဖြင့် အခက်အခဲတချို့ကို ကြုံတွေ့ကြရာ မှတ်တိုင်များတွင် စေတနာ့ဝန်ထမ်းများက လမ်းညွှန်ကူညီမှုများပြုလုပ်ပေးလျက်ရှိသည့်အပြင် ပရဟိတအသင်းအဖွဲ့များ၊ စေတနာရှင်များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများက အခမဲ့ကြိုပို့ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးကြသည်။

ထိုသို့ ကူညီဆောင်ရွက်ပေးနေမှုနှင့် ပတ်သက်၍ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းဆုံမှတ်တိုင်တွင် ပြည်သူများသွားလာမှုလွယ်ကူအဆင်ပြေစေရန် ကူညီဆောင်ရွက်ပေးနေသည့်စေတနာ့ဝန်ထမ်း ဦးထိန်ဝင်းက “ပြည်သူတွေအနေနဲ့ ဘတ်စ်ကားစီးတဲ့အခါမှာ လမ်းကြောင်းတွေပြောင်းသွားတဲ့အတွက် အခက်အခဲတွေတော့ရှိပါတယ်။ သူတို့ သွားမယ့် လမ်းကြောင်းအပေါ် လိုရာခရီးရောက်ဖို့ ကျွန်တော်တို့အနေနဲ့ လမ်းညွှန်မှုတွေလုပ်ပေးပါတယ်။ အများစုကတော့ လမ်းညွှန်ဆိုင်းဘုတ်ကိုကြည့်ပြီး မစီးတတ်သေးပါဘူး။ ဒီမှတ်တိုင်မှာ ဘယ်လို ယာဉ်လိုင်းတွေရပ်မယ်ဆိုတာကို မသိကြဘူးဖြစ်နေတယ်။ တကယ်ဆိုရင် သက်ဆိုင်ရာမှတ်တိုင်မှာရပ်မယ့် ယာဉ်လိုင်းတွေကို လမ်းညွှန်ဆိုင်းဘုတ်မှာ အမှတ်အသားတစ်ခုနဲ့ဖော်ပြထားသင့်ပါတယ်။ ဒါမှလည်း ပြည်သူတွေအနေနဲ့ အလွယ်တကူနားလည်မှာပါ။ ဒီစနစ်က ကောင်းမွန်တဲ့စနစ်ဖြစ်တဲ့အတွက် ကျွန်တော်တို့ကတော့ ကြိုဆိုတယ်။ နောက်ပိုင်းမှာတော့ အဆင်ပြေသွားမှာပါ” ဟု ပြောသည်။

ပြည်သူတို့အနေဖြင့် ဘတ်စ်ကားလိုင်းစနစ်ပြောင်းလဲပြေးဆွဲမှုနှင့် ပတ်သက်၍ ကြိုတင်လေ့လာသိရှိထားသူများရှိသကဲ့သို့ ဘတ်စ်ကားလိုင်းစနစ်ပြောင်းလဲပြေးဆွဲမှုကိုပင် မသိရှိသေးသော ပြည်သူများပင်ရှိနေကြောင်း၊ ပြည်သူတို့အနေဖြင့် အခက်အခဲတချို့ကြုံတွေ့ခဲ့ရသော်လည်း ကြိုဆိုထောက်ခံမှုများရှိကြောင်း စေတနာ့ဝန်ထမ်းတစ်ဦးက ဆိုသည်။



ခရီးသွားပြည်သူများအတွက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးနေစဉ်




ရန်ကုန်မြို့အတွင်း စနစ်သစ်ဖြင့် စတင်ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင်ယာဉ်တစ်စီးကို တွေ့ရစဉ်

### ယာဉ်လမ်းပိတ်ဆို့မှုများပင် ပြုလုပ်ခဲ့

ဘတ်စ်ကားလိုင်းများ စတင်ပြေးဆွဲသည့် ယနေ့တွင် မြို့နယ်တချို့အတွင်း၌ ဘတ်စ်ကားလိုင်းပြေးဆွဲပေးမှု အစီးရေနှင့် စီးနင်းသူအရေအတွက်မမျှတသည့်အတွက် အခက်အခဲကို ပြည်သူတချို့ ကြုံတွေ့ခဲ့ကြရာ ယနေ့နံနက်ပိုင်းက လှိုင်သာယာမြို့နယ် ရန်ကုန်-ညောင်တုန်းလမ်းမ (၅)ထိပ်မှတ်တိုင်နှင့် ၃ ထိပ်မှတ်တိုင်ကြားတွင် ခရီးသွားပြည်သူများက လမ်းမပေါ်တက်ကာ ယာဉ်လမ်းပိတ်ဆို့မှုများပင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရုံးသွားချိန်နှင့် အများပြည်သူ အလုပ်သွားချိန်ဖြစ်သော နံနက် ၇ နာရီခန့်တွင် အဆိုပါနေရာသို့ပြေးဆွဲသော ယာဉ်နှင့် ခရီးသွားပြည်သူများ လုံလောက်မျှတမှုမရှိသောကြောင့် ခရီးသွားပြည်သူ ၃၀၀ ခန့်မှာ (၅) ထိပ် မှတ်တိုင်နှင့် (၃) ထိပ် မှတ်တိုင်တို့၌စောင့်ဆိုင်းနေစဉ် ယာဉ်များအား အလုအယက်စီးနင်းရာမှ ယခုကဲ့သို့ ဖြစ်ပွားခဲ့သဖြင့် လှိုင်သာယာမြို့မရဲစခန်းမှ တာဝန်ရှိသူတို့နှင့်အတူ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ အသင်းဝင်များက လာရောက်ရှင်းလင်းပေးရာ နံနက် ၇ နာရီ ၃၅ မိနစ်တွင် ယာဉ်လမ်းကြောင်း ပြန်လည်ပွင့်သွားခဲ့ကြောင်း သိရသည်။

### အော်ဟစ်တာမျိုးတွေ ပြုလုပ်

“လိုင်းကားတွေက တစ်စီးပြီးတစ်စီး လာတယ်၊ ဒါပေမယ့် ခရီးသည်တွေအပြည့်ပါလာလို့ ကားပေါ်တက်လို့မရဘူး၊ အချို့ကားတွေကျတော့လည်း လူပြည့်နေတော့ မှတ်တိုင်မှာ မရပ်တော့ဘူး၊ အဲဒါကြောင့် စောင့်နေတဲ့ခရီးသည်တွေက ဒေါသတွေထွက်ပြီး ကားလမ်းပေါ် ပိတ်ထိုင်တဲ့သူကထိုင်၊ အချို့တွေက ထမင်းချိုင့်တွေဖွင့်စားကြတာမျိုး လုပ်နေတဲ့အပြင် အော်ဟစ်တာမျိုးတွေ ပြုလုပ်ကြတာပါ”ဟု အဆိုပါဖြစ်ပွားမှုကို မျက်မြင်တွေ့ရှိသူတစ်ဦးဖြစ်သူ ဦးမြတ်သူက ပြောသည်။

ထိုသို့ဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ “ခရီးသွားပြည်သူတွေအနေနဲ့ အလုပ်ချိန်နောက်ကျမှာကို စိုးရိမ်ပြီး လိုင်းကားတွေပေါ် အလုအယက်တက်ကြရင်းနဲ့ ဖြစ်သွားတာပါ၊ ဆန္ဒပြတာမဟုတ်ပါဘူး၊ ပထမဆုံးနေ့ဖြစ်လို့ ဘာတွေအခက်အခဲရှိနေလဲဆိုတာကို ကျွန်တော်တို့အနေနဲ့ အဖြေရှာနေပါတယ်။ နောက်နေ့တွေမှာ အဆင်ပြေသွားမှာပါ” ဟု လှိုင်သာယာ (မြို့မ) ရဲစခန်းမှူးက အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မြန်မာ့သတင်းစဉ်၏ဆက်သွယ်မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားသည်။

### စတစ်ကာတွေ ကပ်ထားပေးသင့်

ထို့အတူ ယနေ့ ဘတ်စ်ကားလိုင်းစနစ်ပြောင်းလဲ ပြေးဆွဲသည့် ပထမနေ့တွင် ပြည်သူများ အခက်အခဲတချို့ကြုံတွေ့ရမှုနှင့်ပတ်သက်၍ “အပြောင်းအလဲကို လက်ခံပါတယ်။ အခုတော့ စည်းစနစ်သိပ်မကျသလိုဖြစ်နေတယ်၊ အရင်လိုင်းကားတွေမှာဆိုရင် ဘယ်ကနေ ဘယ်ခရီးအထိရောက်တယ်ဆိုတဲ့ ဂိတ်စ၊ ဂိတ်ဆုံးလမ်းကြောင်းတွေ ကပ်ထားတော့ ကြည့်ပြီးစီးလို့ရတယ်။ အခုကျတော့ ယာဉ်လိုင်းနံပါတ်တွေပဲ ရေးထားတော့ တစ်နေရာသွားဖို့အတွက် ပတ်ဝန်းကျင်ကိုမေးပြီး စီးနေရတယ်။ တကယ်ဆိုရင် မှန်အောက်မှာ ခရီးစဉ်လမ်းကြောင်း စတစ်ကာတွေ ကပ်ထားပေးသင့်တယ်၊ နောက်ပြီး အရင်တုန်းက ခရီးစဉ်တစ်ခုထဲ အိမ်ကိုရောက်တယ်၊ အခုတော့ နှစ်ဆင့်၊ သုံးဆင့် စီးရတယ်။ နောက်ပိုင်းမှာတော့ အကုန်အဆင်ပြေသွားမယ်လို့မြင်ပါတယ်” ဟု သာကေတမြို့နယ်တွင်နေထိုင်သူ ခရီးသည်တစ်ဦးက ပြောသည်။

### ကူညီမှုများ ပြုလုပ်ပေး

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘတ်စ်ကားလိုင်းစနစ်ပြောင်းလဲပြေးဆွဲလိုက်သည့်ပထမနေ့တွင် ပြည်သူများအနေဖြင့် ခရီးသည်တင်ယာဉ်နှင့် စီးနင်းသူဦးရေ မမျှတမှုများကို သာကေတ၊ သန်လျင်၊ လှိုင်သာယာမြို့နယ်နေပြည်သူတို့က အထူးကြုံတွေ့ခဲ့ရသဖြင့် မြို့တွင်းဘတ်စ်ကားမှတ်တိုင်တချို့အနီးတွင် ဒေသခံစေတနာ့ဝန်ထမ်းတချို့က အခမဲ့ယာဉ်များကို အကူအညီတောင်းခံ၍ ခရီးသည်များအတွက် ကူညီမှုများ ပြုလုပ်ပေးခဲ့ကြသည်။

### ယာဉ်လိုင်းများများ ချထားပေးဖို့လို

ထိုသို့ဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ “သာကေတနဲ့ သန်လျင်ဘက်ကို ပြန်မယ့်သူတွေအတွက် ပြေးဆွဲနေတဲ့ လိုင်းကားနဲ့ ခရီးသည်အင်အားမမျှတမှုတွေဖြစ်နေလို့ မှတ်တိုင်မှာ ခရီးသည်တွေပုံနေတယ်။ လာတဲ့ကားတွေကလည်း လူအပြည့်နဲ့ဆိုတော့ ကျွန်တော်တို့အနေနဲ့ အခမဲ့ယာဉ်တွေကို ခရီးသည်တွေအတွက် ဆိုင်းဘုတ်ထောင်ပြီး အကူအညီတောင်းနေတာပါ။ အစိုးရအနေနဲ့ အခုလို ခရီးသည်များတဲ့ မြို့နယ်တွေကို ယာဉ်လိုင်းများများ ချထားပေးဖို့လိုပါတယ်” ဟု မဟာဗန္ဓုလလမ်းပေါ်ရှိ ဘိုကလေးဈေးကားမှတ်တိုင်တွင် ခရီးသည်များသွားလာမှုအဆင်ပြေစေရန် ကူညီဆောင်ရွက်ပေးနေသူ ဗိုလ်တထောင်မြို့နယ် (၈) ရပ်ကွက်မှ ဦးမျိုးမြင့်က ပြောသည်။

### ဖြည့်စွက်ဆောင်ရွက်သွားမည်

ရန်ကုန်မြို့တွင်း ဘတ်စ်ကားလိုင်း စနစ်ပြောင်းလဲပြေးဆွဲမှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်သူများထံမှ ထွက်ပေါ်လာသည့်လိုအပ်ချက်များအပေါ် ပြန်လည်သုံးသပ် ဖြည့်စွက်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ယာဉ်လိုင်းပြေးဆွဲမှုများအပေါ် တစ်ဆင့်ချင်းအလိုက် အဆင့်မြှင့်တင်မှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

# အောက်တိန်းဓာတ်ဆီများ လဲလှယ်ထည့်ရာမှ မီးလောင်မှုဖြစ်

**ကန့်ဘလူ ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဇီးကုန်းကျေးရွာ ရန်ကြီးအောင်ရပ်ကွက် အရှေ့ဘက် ဇီးကုန်း-မူးဆုံသွားလမ်း တောင်ဘက်ဘေးရှိ ဆီဆိုင်တန်းတွင် ဇန်နဝါရီ ၁၅ ရက် ညနေက မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်ကြီးအောင်ရပ်ကွက် မစိမ်းမြမြတ်ငြိမ်း(၃၆ နှစ်)၏ ကိုလာစက်သုံးဆီ အရောင်းဆိုင်၌ အောက်တိန်းဓာတ်ဆီများကို ပေပါတစ်လုံးနှင့်တစ်လုံး လဲလှယ်ထည့်ရာမှ ဆီအငွေ့ပျံ၍(တည်ငြိမ်လျှပ်စစ်ဖြစ်ပေါ်)မီးထတောက်ပြီး မီးလောင်မှု ဖြစ်ပွားခဲ့ရာ ကိုလာစက်သုံးဆီအရောင်းဆိုင်အပါအဝင် ယင်းဆိုင်၏အရှေ့ဘက်ရှိ လူနေဆိုင်ခန်းနှင့် ဆိုင်ကယ်ဝပ်ရှော့ဆိုင်တို့အထိ မီးကူးစက်လောင်ကျွမ်းခဲ့သည်။



အဆိုပါမီးလောင်မှု ဖြစ်ပွားရာနေရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးစိုးသန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးမြင့်ဇော်နှင့် တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မီးငြိမ်းသတ်ယာဉ်ရှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ မီးပေါ်ဆသူ မစိမ်းမြမြတ်ငြိမ်းအား ဇီးကုန်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဘောက်ထော်အင်းကွင်းစားကျက်မြေအား ငါးကန်များတူးဖော်မှုကို ဒေသခံများက တိုင်ကြားထားဟုဆို

**မှော်ဘီ ဇန်နဝါရီ ၁၆**

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မြောက်ဘက် (၅)မိုင်ရှိ မင်းရွာကျေးရွာအုပ်စု မရမ်းဆယ်ကျေးရွာ ဘောက်ထော်အင်းကွင်းစားကျက်မြေပေါ်တွင် လုပ်ငန်းရှင် ငါးဦးက ငါးကန် ဧက ၅၀ ကျော် တူးထားမှုအား မင်းရွာကျေးရွာအုပ်စု ကျေးရွာပေါင်းကိုးရွာမှ တောင်သူ ၄၂၆ ဦးတို့က ၎င်းတို့ ကျွဲနွားများအတွက် စားကျက်ပျောက်မည်ကို စိုးရိမ်ကြ၍ ဇန်နဝါရီ ၁၅ ရက်တွင် တောင်သူများ လက်မှတ်ထိုးစာရင်းများဖြင့် တိုင်ကြားထားကြောင်း ဦးဆောင်တိုင်ကြားသူ မရမ်းဆယ်ကျေးရွာနေ ကိုကျော်စွာက ပြောသည်။

"ကျွန်တော်တို့ မေ ၂၀၁၆ ပထမပတ်က တိုင်စာတစ်စောင် စာတိုက်ကနေ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ သက်ဆိုင်ရာ ဌာနဆိုင်ရာ ခြောက်ခုကို တိုင်ထားတာ ဘာမှမထူးခြားဘူး။ ခုလည်း ဆက်လက်တိုင်ကြားထားတာပါ"ဟု ဦးဆောင်သူက ရှင်းပြသည်။

ဘောက်ထော် အင်းကွင်းစားကျက်မြေ ဧက ၄၂၀ ရှိကြောင်း၊ ယခုဧက ၅၀ ကျော်တူးထားပြီး ထပ်မံတူးရန် စီစဉ်နေကြောင်း၊ ယင်းလုပ်ငန်းရှင် ငါးဦးမှ ငါးကန်တူးထားခြင်းကြောင့် ပုံစံ(၇)ရရှိထားသော စပါးစိုက်လယ်မြေ ဧက ၁၀၀ ကျော် ရေစီးရေလာမကောင်း၍ ၂၀၁၆မိုးစပါးစိုက်ပျိုးလယ်များ ပျက်စီးမှုများရှိနေခြင်းကြောင့် တောင်သူများ ယခုကဲ့သို့ တိုင်ကြားခြင်းဖြစ်ကြောင်း လက်မှတ်ထိုးစာရင်းများဖြင့် တိုင်ကြားထားသောတောင်သူများထံမှ သိရသည်။

စားကျက်မြေအား ငါးကန်တူးခွင့်ပြုလုပ်မည်ဆိုပါက ပထမဦးစွာ စားကျက်မြေအား ပယ်ဖျက်ခွင့်စတင်လျှောက်ရမည်ဖြစ်ပြီး စားကျက်မြေ ပယ်ဖျက်ခွင့်ပြုပြီး စားကျက်မြေ ဥပဒေအရ လန/၃၉ ဖြင့် အခြားနည်းသုံးစွဲခွင့်ပြုပြီးမှ ငါးကန်တူးခွင့်ရှိမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်ထိ ဘောက်ထော်အင်းကွင်းစားကျက်မြေသည် တရားဝင် ငါးကန်တူးခွင့် မရှိကြောင်း မှော်ဘီမြို့နယ် မြေစာရင်းတွင် တာဝန်ကျခဲ့သည့် အငြိမ်းစားဒုဦးစီးဦးစောမြင့်အောင်က ပြောသည်။

ယင်းစားကျက်မြေနှင့် ပတ်သက်၍ မင်းရွာအုပ်ချုပ်ရေးမှူး ဦးကျော်ရွှေအား ဖုန်းဖြင့် ဆက်သွယ်မေးမြန်းရာ အစည်းအဝေးရှိနေ၍ ဖြေကြားခွင့်မပြုနိုင်ကြောင်း ပြောသည်။

**ထွန်းလှိုင်**

# မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေး

**နေပြည်တော် ဇန်နဝါရီ ၁၆**

နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညိုရဲစခန်းမှူး ရဲအုပ်သန်းရွှေ၊ ဒုရဲအုပ်အောင်ဖြိုးဝေ၊ နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၅ ရက်က အမက(၂၅)နှင့် အမှတ်(၄) မူလတန်းကျောင်းတို့ကို မှုခင်းအသိပညာပေးယာဉ်ဖြင့် ပြသပြီး အသိပညာပေးခဲ့သည်။

ထို့အတူ ဇန်နဝါရီ ၁၅ ရက်က ပုဗ္ဗသီရိမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဌေးအောင်နှင့် တာဝန်ရှိသူများသည် အေးမြင့်သာယာမူလတန်းလွန်ကျောင်းသို့ မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

# မော်တော်ယာဉ်တစ်စီး လမ်းဘေးသစ်ပင်အား ဝင်တိုက် ယာဉ်ပေါ်ပါသူတစ်ဦး သေဆုံး

**သထုံ ဇန်နဝါရီ ၁၆**

မွန်ပြည်နယ် သထုံမြို့နယ် ဂေါ့ကျေးရွာ ငါးမွေးမြူရေးစခန်းရှေ့ ရထားလမ်းကူးအနီး ရန်ကုန်-မော်လမြိုင် ကားလမ်းပေါ်တွင် ဇန်နဝါရီ ၁၆ ရက် နံနက် ၅ နာရီခွဲက ယာဉ်တစ်စီး လမ်းဘေးသစ်ပင်အား အရှိန်ဖြင့်ဝင်ရောက်တိုက်မိပြီး ယာဉ်ပေါ်ပါသူတစ်ဦးသေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ မော်လမြိုင်ဘက်သို့ ယာဉ်မောင်း ခင်မောင်ဌေး (၃၇ နှစ်) ကမာရွတ်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူ မောင်းနှင်ပြီး ဘေးမှ ညီဖြစ်သူ ခင်မောင်ထွေး (၂၈ နှစ်) လိုက်ပါလာသည့် YGN/-----ယာဉ်သည် ဖြစ်စဉ်နေရာအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ သစ်ပင်အား ဝင်တိုက်မိခဲ့ရာ ဒဏ်ရာများရရှိခဲ့သဖြင့် သထုံခရိုင်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် ညီဖြစ်သူ ခင်မောင်ထွေးမှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ခင်မောင်ဌေးအား သထုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# မိတ္ထီလာတွင် နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံး

**မိတ္ထီလာ ဇန်နဝါရီ ၁၆**

မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် အောင်မင်္ဂလာနယ်မြေ၌ ဇန်နဝါရီ ၁၅ ရက်က ညီညီနိုင် (၂၉နှစ်) နွေမိုးဆောင်း ဖိနပ်လုပ်ငန်းပိုင်ရှင်သည် ဖိနပ်ကော်သုတ်နေစဉ် မီးပလပ်ထိုးရာမှ လျှပ်စစ်မီးပွားလွင့်စဉ်ပြီး ဓာတ်ဆီနှင့်ရောစပ်ထားသော ကော်များပေါ်ကျ၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးဆောင်၍ မီးသတ်ယာဉ် ခုနစ်စီး၊ ရေသယ်ယာဉ်လေးစီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးတို့နှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း၊ နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် မီးစတင်လောင်သည့် အိမ်ရှင်ညီညီနိုင်အား မြို့မရဲစခန်းက အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ငွေအလွဲသုံးစားလုပ်သဖြင့် ဘဏ်မန်နေဂျာကို အမှုဖွင့်

**မိတ္ထီလာ ဇန်နဝါရီ ၁၆**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့ မြန်မာ့စီးပွားရေးဘဏ် လက်ထောက်မန်နေဂျာ ဦးကျော်စိုးမင်း (၅၃ နှစ်)သည် တရားစွဲဘဏ်ချေးငွေရှင်များ၏မြေနှင့် အဆောက်အအုံများကို ဝယ်ယူသူငွေရှင်များက လာရောက်ပေးငွေများကို အပြည့်အဝ စာရင်းမသွင်းခြင်း၊ တချို့တစ်ဝက်ကိုသာ စာရင်းသွင်းခြင်းတို့ကြောင့် ငွေပေးသွင်းသူလေးဦး၏တင်ပြချက်အရ လည်းကောင်း၊ ဘဏ်၏လက်ရှိစာရင်းဇယားကောက်ယူမှုများအရ ငွေကျပ်သိန်း ၂၀၀၀ ကျော်ကို အလွဲသုံးစားပြုလုပ်ထားကြောင်း၊ စစ်ဆေးပေါ်ပေါက်၍ ဘဏ်မန်နေဂျာရာထူး၏လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုပြီး ငွေကျပ်သိန်း ၂၀၀၀ အလွဲသုံးစားပြုလုပ်ထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မန္တလေးတိုင်းဒေသကြီး မြန်မာ့စီးပွားရေးဘဏ်(တိုင်းဒေသကြီးရုံး) မှ တိုင်းဒေသကြီးမန်နေဂျာ ဦးအောင်ဇော်က တရားလိုပြုလုပ်၍ ဝမ်းတွင်းမြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားရာ ဦးကျော်စိုးမင်းအား ရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**


**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးအောင်မြင့်၏သား ရွှေဘိုတက္ကသိုလ် ရူပဗေဒအထူးတန်းမှ မောင်ငြိမ်းချမ်းအောင် ၅/ရဘန(နိုင်)၂၀၉၇၇၁နှင့် မောင်ညီမ်းချမ်းအောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ငြိမ်းချမ်းအောင်(ခ)**
**မောင်ညီမ်းချမ်းအောင်**

**ရွှေထူးလှိုင်**

Ph: 09 450044494, 09 450044496

**ဖခင်အမည်မှန်**

ကျောက်ပန်းတောင်းမြို့နယ်၊ မကျီးကိုင်းကျေးရွာနေ ဦးမြင့်ဆွေ(ဆည်မြောင်းဦးစီးဌာန၊ ယန္တရားမောင်း-၃)၏ဖခင် အမည်မှန်မှာ ဦးလှပြုံး ၉/ကပတ(နိုင်)၀၈၇၁၆၂ ဖြစ်ပါကြောင်း။

**ဦးလှပြုံး**

**ပျောက်ဆုံးကြောင်း**

ကျွန်မမရွှေဇင်သွင် ၁၂/ဗဟန(နိုင်)၀၈၄၆၉၁၏ပတ်စ်ပို့ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၁၀၅၈၇၇၂**

**ဖခင်အမည်မှန်**

အထက(ခွဲ)၊ ဒေါဖျာကျေးရွာ၊ အဋ္ဌမတန်းမှ မင်းဇော်မင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးအံ့ကဲ ၃/ကကရ(နိုင်)၂၃၈၅၁၂ ဖြစ်ပါသည်။

**ဦးအံ့ကဲ**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၀ယ/ ၆၇၁၅ Honda Wave NF 100F ယာဉ်လက်ဝယ်ရှိသူ ဦးထင်ကျော် ၇/သကန(နိုင်)၀၀၀၇၉၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

**ရောင်းမည်**

(1) GEMS Condo(ပြင်ဆင်ပြီး)-1505 Sqft
MBR-1,BR-2 Swimming Pool,Carparking
**အင်းစိန်လမ်း၊ လှိုင်(ဈေးနှုန်း-သိန်း ၃၈၀၀)**

(2) 178 Mini Condo(ပြင်ဆင်ပြီး)-999 Sqft
MBR-1,BR-1 Lift & Carparking
**ပါရမီလမ်းမကြီးဘေး၊ ပင်းယမှတ်တိုင်အနီး**
**တောင်ဥက္ကလာပ(ဈေးနှုန်း-သိန်း ၈၅၀)**
Ph-09-798933098, 09-5171149

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၃ယ/ ၈၆၄၇ Nambo 110/ M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှထွန်း ၈/မထန(နိုင်)၀၁၂၀၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

ကျိန်းသေပေါက်ဝင်ခွင့်ရရန်အထူးသင်ကြားလေ့ကျင့်ပေးသော

**SURE** ကျန်းမာရေးမှူးဝင်ခွင့်

နေ့စဉ်တက်အနီးကပ်သင်တန်း

21.1.17 ရက်နေ့စမည် 21 to 26 (6Days), 09773122855

နေ့လည်-၁း၀၀ - ၃း၀၀၊ သင်တန်းကြေး - ၂၀၀၀၀ ကျပ်

နယ်သင်တန်းသားနေရေး၊စားရေးစီစဉ်ပေးသည်

ခြံအမှတ်(5B)၊ခိုင်ရွှေဝါလမ်း၊အင်းစိန်လမ်းမကြီး၊လှည်းတန်းလမ်းဆုံ။

**ဝန်ထမ်းအလိုရှိသည်**

Marketing Supervisor 4 posts (Female)

- အနည်းဆုံးပညာအရည်အချင်း (၁၀)တန်းအောင်ရမည်။
- အသက် (၃၀) အောက်ဖြစ်ရမည်။
- အိမ်ခြံမြေ အရောင်းအဝယ်နှင့် ပတ်သက်၍ အတွေ့အကြုံရှိသူ ဦးစားပေးမည်။
- လုပ်ငန်းအတွေ့အကြုံနှင့် အရည်အချင်းပေါ်မူတည်၍ လစာညှိနှိုင်းပေးမည်။
- (အနည်းဆုံး ၂ သိန်းခွဲနှင့်အထက်)
- မြန်မာစကားကို ကျွမ်းကျင်သွက်လက်စွာ ပြောဆိုနိုင်ရမည်။

လျှောက်ထားလိုသူများသည် ၃၁-၁-၂၀၁၇ရက် နောက်ဆုံးထား၍ CV From အပြည့် အစုံနှင့်အတူ အောက်ဖော်ပြပါ နေရာ(သို့) အောက်ပါ E.mail လိပ်စာသို့ လာရောက် လျှောက်ထားနိုင်ပါသည်။

**လိပ်စာ-အမှတ် (၃၁၅/I)၊ပေါက်စေတီလမ်း၊ (၆)ရပ်ကွက်၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၆၅၂၈၄၆၊** E-mail- bxtinternationalmm@gmail.com

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၅ယ/၈၃၁၈၆၏ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုသန်း ၁၄/ညတန(နိုင်)၃၂၈၉၉၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)၊ မအူပင်မြို့**

**ခင်ပွန်းအဖြစ်မှမသက်ဆိုင်ပါကြောင်း**

ကျွန်မ၏ခင်ပွန်း ဦးတင်စိန် ၁၂/သကတ(နိုင်)၀၁၆၃၀၁သည် လွန်ခဲ့သော နှစ်၃၀ခန့်က ၎င်း၏ဆန္ဒအလျောက်နေအိမ်မှ ထွက်ခွာသွားပြီး ယနေ့ထိတိုင် ထောက်ပံ့ ပေးကမ်းခြင်းမရှိသည့် ခင်ပွန်းဝတ္တရားပျက်ကွက်သူဖြစ်သဖြင့် ဦးတင်စိန်နှင့်ပတ်သက်၍ လုံးဝမသက်ဆိုင်ကြောင်းနှင့် ခင်ပွန်းအဖြစ်မှ ပြတ်စဲကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဌေး**
**၁၂/သကတ(နိုင်) ၀၁၈၃၈၁**
**အမှတ်-၂၀၃/က၊ အောင်ဇေယျလမ်း၊**
**၄/မြောက်၊ သာကေတမြို့နယ်**

**ကျောက်မျက်တူးဖော်ရေးလုပ်ငန်းအတွက် ကျောက်ရှာဝန်ထမ်းအလိုရှိသည်**

အသက်(၁၈)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။

အကျင့်စာရိတ္တကောင်းမွန်ပြီး ကုမ္ပဏီမှ စည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။

အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံချက်၊

ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ(၂)စောင်

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၇၁၈၁၇၁၃**
**၀၉-၄၄၂၃၆၇၈၇၇**

**ဖခင်အမည်မှန်**

မိတ္ထီလာမြို့၊ အထက(၁)၊ အဋ္ဌမတန်း(E)မှ မောင်ဝမ်မင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမောင် ၉/မထလ(နိုင်)၁၉၀၁၇၃ ဖြစ်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7B/3372 TOYOTA Dyna Bu /47, Van(4x2) ယာဉ်လက်ဝယ်ရှိသူ Yathar Cho Industry Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

**စာအုပ် စာပေ လူ့မိတ်ဆွေ**




# ကရာတေးဒို ဗိုလ်လုပွဲပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီမှ ဦးဆောင်၍ တိုင်းဒေသကြီး ဆပ်ကော်မတီမှ ကျင်းပသည့် ဒုတိယအကြိမ် TAKUYA TANIYAMA CUP Karatedo Championship ပြိုင်ပွဲဗိုလ်လုပွဲများကို ဇန်နဝါရီ ၁၅ ရက်နံနက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်းပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဗိုလ်လုပွဲပြိုင်ပွဲများအပြီး အသင်းလိုက်ကုမိတဲ့ အမျိုးသား အမျိုးသမီးတစ်ဦးချင်း "ခတ"၊ အမျိုးသား ၅၂၊ ၅၇၊ ၆၁ ကီလိုအောက်၊ အထက်၊ ကုမိတဲ့ အမျိုးသမီး ၄၇၊ ၅၃ ကီလိုအောက်၊ အထက်ကုမိတဲ့ ပထမ၊ ဒုတိယ၊ တတိယ၊ အမျိုးသား၊ အမျိုးသမီး အကောင်းဆုံး အားကစားသမားကုမိတဲ့မှ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများကို NAGATA MYANMAR ကုမ္ပဏီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ကရာတေးဒိုဆပ်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်း၊ အတွင်းရေးမှူး ဦးစိုးဝင်း (သုဝဏ္ဏ)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ရန်ကုန် အား/ကာသိပ္ပံ ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်နှင့် မြန်မာ့လက်ရွေးစင် အသင်းအား နည်းပြအဖြစ် ဆောင်ရွက်ခဲ့သော Mr. Takuya Tahiyama တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာ ကွက်ကျားမိုးရွာနိုင်သည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။

(မိုး/ဇလ)

# မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှဖလား တတိယအဆင့် ခြေစစ်ပွဲဆီဒင်များသတ်မှတ်

**ရန်ကုန် ဇန်နဝါရီ ၁၆**

မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၉ အာရှဖလားပြိုင်ပွဲ တတိယအဆင့် ခြေစစ်ပွဲအုပ်စုများ မဲခွဲရန် ဆီဒင်သတ်မှတ်ချက်များ ထွက်ပေါ်လာပြီဖြစ်ပြီး Pot-3 တွင် ပါဝင်လျက်ရှိသည်။

အာရှဖလားတတိယအဆင့် ခြေစစ်ပွဲကို အသင်းစုစုပေါင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်း ခြောက်အုပ်စုခွဲကာ ကျင်းပမည်ဖြစ်သည်။ ယင်းခြေစစ်ပွဲတွင် မူလက ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရထားသည့် အသင်းများအနက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ နိုင်ငံတကာပြိုင်ပွဲဝင်ခွင့် ပိတ်ပင်ခံထားရသည့် ကူဝိတ်အသင်းအစား ဂူအမ်၊ ပြိုင်ပွဲမှ နုတ်ထွက်ခဲ့သည့် နီပေါအစား မကာအိုအသင်းတို့ ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ခြေစစ်ပွဲအတွက် ဆီဒင်သတ်မှတ်ချက်တွင် Pot-1 ၌ ဂျော်ဒန်၊ အိုမန်၊ ဖိလစ်ပိုင်၊ ဘာရိန်း၊ ကာဂျစ္စတန်၊ မြောက်ကိုရီးယား၊ Pot-2 ၌ အိန္ဒိယ၊ ပါလက်စတိုင်း၊ တာဂျစ္စတန်၊ ဗီယက်နမ်၊ ဟောင်ကောင်၊ တာ့ခ်မင်နစ္စတန်၊ Pot-3 ၌ မော်လ်ဒိုက်၊ လက်ဘနွန်၊ ယီမင်၊ အာဖဂန်နစ္စတန်၊ တရုတ်(တိုင်ပေ)၊ မြန်မာ၊ Pot-4 ၌ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ နီပေါ၊ ဘူတန်၊ မကာအိုအသင်းတို့ ပါဝင်လျက်ရှိသည်။ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ဇန်နဝါရီ ၂၃ ရက်တွင် ယူအေအီးနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဂတ်ဖရိုင်းဒရစ် တက်ရောက်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် တစ်ကြိမ်သာ ယှဉ်ပြိုင်ခဲ့ဖူးပြီး ၁၉၆၈ ပြိုင်ပွဲတွင် ဒုတိယနေရာရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ယင်းခြေစစ်ပွဲကို ၂၀၁၇ ခုနှစ် မတ်လ မှ ၂၀၁၈ ခုနှစ် မတ်လအထိ တစ်နှစ်ကြာ ကျင်းပမည်ဖြစ်ပြီး အိမ်ကွင်း၊ အဝေးကွင်းစနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ မြန်မာအသင်းအနေဖြင့် အာရှဖလားပြိုင်ပွဲတွင် ပြန်လည်ယှဉ်ပြိုင်ခွင့်ရရန် မျှော်လင့်ချက်ရှိနေသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလား ခြေစစ်ပွဲယှဉ်ပြိုင်ရန် မတ်လ တတိယပတ်တွင် လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်ပြီး ခြေစစ်ပွဲ ပထမပွဲ မတိုင်မီ နိုင်ငံတကာခြေစမ်းပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကို လက်ရှိ ဖွဲ့စည်းရခြင်းမရှိသေးသော်လည်း ၂၀၁၆ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ကစားသမားများကိုသာ အခြေခံဖွဲ့စည်းဖွယ်ရှိနေသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**



ဆူဇူကီးဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်း


# အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုခြင်း

၂၀၁၇ခုနှစ်(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၇)ဖြင့် ဒေါ်ဝင်းစိန်(ကျိုက်လတ်မြို့၊ သုခစာကြည့်တိုက် နာယကကြီးနှင့် ကျိုက်လတ်မြို့နယ်လုံးဆိုင်ရာ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ ပူဇော်ကန်တော့ပွဲကျင်းပရေးဦးစီးကော်မတီဝင်)အား **သုခမ္မသီဂီဘွဲ့**ကို ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူချီးကျူးပါကြောင်းနှင့် နောင်တွင်လည်း သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံ့အကျိုး၊ သာသနာတော်၏အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ကြိုးပမ်းဆောင်ရွက်သွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**မြို့နယ်လုံးဆိုင်ရာအငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ ပူဇော်ကန်တော့ပွဲကျင်းပရေး ဦးစီးကော်မတီ၊ ကျိုက်လတ်မြို့**

**သုခစာကြည့်တိုက်ကော်မတီ ကျိုက်လတ်မြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/7463 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ပျောက်ဆုံးကြောင်း

ဦးဇော်ဝင်း(၁၁/စတန(နိုင်)၀၀၉၅၀၈) ၏ CDC 40273 ကိုင်ဆောင်သော S.I.D ကတ်မှာ ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၅၄၀၀ ၂၈၈

## ရောင်းမည် (ညှိနှိုင်းဈေး)

သန်လျင်၊ လက်ယက်စမ်း၊ သီလဝါစက်မှုဇုန်အနီး (သုည ဒသမ ၃၃) ဧက၊ (၁၄၅၀၀ စ/ပေ ခန့်)၊ လမ်းကျယ်၊ တစ်ထပ် B/N၊ ရေမီးစုံ၊ ဈေး/ကျောင်းနီး၊ လူနေ၊ လုပ်ငန်းသင့်တော်။
**Ph : 09 794263740, 09 250173261.**

## "မြန်မာ့အားကစားသမားလက်ရွေးစင်ဟောင်းများအသင်း" "ဖိတ်ကြားလွှာ"

" မြန်မာ့အားကစားလက်ရွေးစင်ဟောင်းများအသင်း " ၏ အသင်းဝင်များ ဒုတိယအကြိမ် **"စုံညီတွေ့ဆုံပွဲ"** ကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များ အားလုံးမပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အားကစားနည်းပေါင်းစုံမှ အသင်းမဝင်ရသေးသော မြန်မာ့လက်ရွေးစင်ဟောင်းများလည်းတက်ရောက်ချီးမြှင့်ကြပါရန်နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

နေ့ရက် ။ ၂၈. ၁. ၂၀၁၇ (စနေနေ့)
အချိန် ။ နံနက် (၀၉ : ၀၀)နာရီ
နေရာ ။ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) NIS (1) သုဝဏ္ဏ၊ သယ်န်းကျွန်းမြို့နယ်၊ရန်ကုန်မြို့

**အလုပ်အမှုဆောင်ကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့နယ်ခွဲ၊ (၄)ရပ်ကွက်နေ ဦးခိုင်ဝင်းစိုး ၅/ရဘန(နိုင်)၁၃၀၅၆၉နှင့် ဦးခိုင်စိုးသည်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးခိုင်ဝင်းစိုး(ခ)ဦးခိုင်စိုး**

## မွေးသက္ကရာဇ်အမှန်

ဦးခင်မောင်ဇော်၏ သမီး ဝမ်းတွင်းမြို့နယ်၊ ဘုရားစုအထက(ခွဲ) အဋ္ဌမတန်းမှ မယမင်းရွှေရည်ဇော် ၉/ဝတန(နိုင်)၂၂၄၄၃၁၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၄-၂၀၀၃ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက်၊ တပင်ရွှေထီးလမ်းနေ ဒေါ်စန်းစန်းအေးမှ ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(ရပ်-၁၂)၊ စာတိုက်မြောက်ရပ်၊ ဦးပိုင်အမှတ် ၁၅၊ မြေကွက်အမှတ် ၃၈တွင်ရှိသော မြေချိန်ဧရိယာ ၀ဒသမ ၀၇၃၂ ဧကခန့်ရှိသော မြေကိုအမည်ပြောင်းခွဲစိတ်သက်တမ်းတိုး မြေငှားဂရန်လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အားကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညောင်လေးပင်မြို့**

## အမည်ပြောင်း

ဦးအောင်မိုး-ဒေါ်စန်းစန်းနွယ်တို့၏သား ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အမက(၁၇)ဒုတိယတန်းမှ မောင်အောင်ဘုန်းသစ်အား မောင်အောင်မြတ်ကိုဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်မြတ်ကို**

## မွေးသက္ကရာဇ်အမှန်

ဦးထွန်းထွန်း၏သမီး ဝမ်းတွင်းမြို့နယ်၊ ဘုရားစု အထက(ခွဲ) အဋ္ဌမတန်းမှ မအိကေခိုင် ၉/ဝတန(နိုင်)၂၂၄၄၂၈၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၈-၂၀၀၃ ဖြစ်ပါကြောင်း။

# စစ်ကိုင်းတိုင်းဒေသကြီးခရီးသွားစခန်းအသစ်များအပေါ် စိတ်ဝင်စားမှုပိုလာ



**မုံရွာ ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားစခန်းအသစ်များကို ၂၀၁၆ခုနှစ်အတွင်းမှစတင်၍ သိသိသာသာဖော်ဆောင်လာနေသည်ကို တွေ့ရသည်။ ပြည်တွင်းခရီးသွား ဝန်ဆောင်မှု လုပ်ငန်းလုပ်သူများအနေဖြင့်လည်း တိုင်းဒေသကြီးအတွင်းခရီးသွားနေရာအများစုကို စိတ်ဝင်စားလာသလို ခရီးသွားတို့၏ စုံစမ်းမေးမြန်းမှုများကလည်း ပိုမိုလာကြောင်း သိရသည်။

ခရီးသွားစခန်းနေရာသစ်များ ဖော်ထုတ်ကာပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ သဘာဝအမွေအနှစ်များကျန်ရှိနေသည့် နယ်မြေများအတွင်း သဘာဝပတ်ဝန်းကျင်နှင့်ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်မှုမရှိစေသည့် ခရီးသွားလုပ်ငန်းအဆောက်အအုံများ၊ အပန်းဖြေစခန်းများကို တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ခရီးသွားဝန်ဆောင်မှုလုပ်ငန်း လုပ်ဆောင်နေသူ ကိုလင်းထံမှ သိရသည်။

"အခုအချိန်မှာ ပြည်တွင်းရော ပြည်ပကပါ ခရီးသွားရင်းလေ့လာတာကို ခုံမင်နှစ်သက်တာတွေ ပိုများလာနေပါပြီ။ကိုယ့်အနီးဝန်းကျင်ကဒေသတွေကိုပါမက ရပ်ဝေးဒေသတွေအထိ အချိန်ပေးပြီး ခရီးသွားလာတာတွေကို အလေ့အကျင့် တစ်ခုလိုလုပ်ဆောင်လာနေပါပြီ။ ပြည်တွင်းက ခရီးသွားတွေအနေနဲ့ ဘုရားဖူးရင်းလေ့လာရေးခရီးအဖြစ် ထွက်ကြတာများပါတယ်။ အခုလောလောဆယ်ဖွင့်ထားတဲ့ အလောင်းတော်ကဿပ ခရီးကိုဆိုရင် ပြည်တွင်းခရီးသွားတော်တော်များ ခုံခုံမင်မင်သွားလာတာကို တွေ့ရပါတယ်"ဟု ၎င်းက ပြောသည်။

တိုင်းဒေသကြီးအတွင်း သဘာဝက လက်ဆောင်ပေးထားသော ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်သည့် သမိုင်းဝင်နေရာ ရှေးဟောင်းဘုရားများ၊ ရှေးလက်ရာများစသည်တို့သည် မြို့နယ်အသီးသီးတွင် တည်ရှိနေပြီးဖြစ်သော်လည်း တိမ်မြုပ်ပျောက်ကွယ် လူသိနည်းနေသည့် နေရာများလည်း ရှိနေသေးသည်။ ရှိပြီးနေရာများကို ပိုမိုပြည့်စုံသည့် ခရီးသွားဒေသအဖြစ်အကောင်အထည်ဖော်နေပြီး လေ့လာနိုင်မည့်နေရာသစ်များကို တိုင်းဒေသကြီးအစိုးရက မိတ်ဆက်ရန် ကြိုးစားနေကြောင်း တွေ့ရသည်။

ထိုသို့ကြိုးစားသော နေရာသစ်များထဲတွင် ရွှေဘို-မြစ်ကြီးနားကားလမ်းပေါ်ရှိ အင်းတော်မြို့မှ ၂၈ မိုင် ဝေးသည့် ဗန်းမောက်မှ တစ်နာရီခန့်ကားစီးလျှင် ရောက်မည့်ဇလုံတောင် ခရီးစဉ်ပါဝင်သလို မြန်မာ့လက်မှုပညာစဉ့်ထည် လုပ်ငန်းဖြင့် ပြည်ပခရီးသွားများကို ဆွဲဆောင်နေသည့် ရွှေဘိုခရိုင် နွယ်ငြိမ်းကျေးရွာနှင့် မြန်မာ့ကျေးလက်လေ့လာစရာအဖြစ် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းထူထောင်ရန် ကြိုးပမ်းနေသည့် မုံရွာမြို့အရှေ့တောင်ဘက်တွင် တည်ရှိသည့် လယ်ဇင်စံပြကျေးရွာတို့လည်း ပါဝင်သည်။ **မျိုးဝင်းထွန်း (မုံရွာ)**

## ဓမ္မစကူးလ်သင်တန်းဆင်း ဆုပေးပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၆**

ကလေးငယ်များ၊ ယဉ်ကျေးလိမ္မာရှိလာကြစေရန်အတွက် ဘာသာရေးအသွင်မဟုတ်ဘဲ ဗုဒ္ဓဘာသာစာရိတ္တပညာရေးအသွင်ဖြင့် နိုင်ငံတကာတွင် သင်ကြားနေသည့် ခေတ်မီ သင်ကြားမှုနည်းစနစ်အတိုင်း ဗုဒ္ဓ၏ အဆုံးအမတို့ကို သင်ကြားပေးရခြင်း ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့သော မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (အရှေ့) ရပ်ကွက်၊ မန္တလေးလမ်းရှိ ရွှေညောင်ပင်ဇရပ်ကွင်းကျောင်းတိုက် ဓမ္မစကူးလ်ကျောင်းတော် သင်တန်းဆင်းအောင်လက်မှတ်ပေးပွဲနှင့် ထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၅ ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။ အခြေခံပညာပထမတန်းမှ ဆဋ္ဌမတန်းအထိ သင်ကြားနေသော ကျောင်းသား ကျောင်းသူ ကလေး ၈၀ တို့အား ၃၇ ပတ်ကြာ သင်ကြားပေးခဲ့ပြီး အတန်းလိုက် ဆုရရှိသူများကို ပဓာနနာယက ဆရာတော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာလင်းတို့က ဆုများပေးအပ်ချီးမြှင့်သည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(ကရင်)အား ကြိုဆိုဂုဏ်ပြု၊ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဘားအံ ဇန်နဝါရီ ၁၆**

ကရင်ပြည်နယ် ဘားအံမြို့တွင် ကျင်းပမည့် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(ကရင်)အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၁၄ ရက်က ဘားအံမြို့ ကမ်းနားလမ်းတစ်လျှောက်တွင် ပြည်နယ်အစိုးရအဖွဲ့မှဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။



ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်အဖွဲ့ဝင်ဝန်ကြီးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဘားအံပညာရေးကောလိပ်မှ သင်တန်းသား သင်တန်းသူများ၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နေပြည်သူများက ကမ်းနားလမ်းတစ်လျှောက်ရှိ စွန့်ပစ်ပလတ်စတစ်၊ အမှိုက်များနှင့် အညစ်အကြေးများအား မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ကရင်ပြည်နယ် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်တိုင်တိုင် ဘားအံမြို့သီရိဘားအံဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ပြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်အဖွဲ့အစည်းများမှ ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မွေးမြူရေးဆိုင်ရာ နည်းပညာရယူနိုင်ရန် အသိပေးဖိတ်ခေါ်ခြင်း

၁။ တိရစ္ဆာန်မွေးမြူထုတ်လုပ်ရေးသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်သည့် ကဏ္ဍတစ်ခုဖြစ်သည်နှင့်အညီ တိရစ္ဆာန်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျန်းမာသန့်ရှင်းပြီး အာဟာရပြည့်ဝသည့် မွေးမြူရေး ထုတ်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်စေရန် ရည်ရွယ်လျက် မွေးမြူရေးနည်းပညာ သင်တန်းများကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှစ၍ စဉ်ဆက်မပြတ်ဖွင့်လှစ်သွားမည် ဖြစ်ပါသဖြင့် မွေးမြူရေးဆိုင်ရာလုပ်ငန်းများ စီးပွားဖြစ်စနစ်တကျလုပ်ကိုင်လိုသူများအား သင်တန်းများတက်ရောက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါသင်တန်းများတွင် အောက်ပါနည်းပညာများကို စာတွေ့လက်တွေ့ သင်ကြား ပို့ချပေးမည် ဖြစ်ပါသည်-

(က) စီးပွားဖြစ် တိုင်းရင်းကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ ပျားနှင့် နို့စားနွား မွေးမြူရေး ဆိုင်ရာနည်းစနစ်များ၊
(ခ) အာဟာရဗေဒနှင့် အစာကျွေးမွေးမှုဆိုင်ရာ နည်းပညာများ၊
(ဂ) ဖြစ်ပွားတတ်သည့် ရောဂါများနှင့် အရေးပေါ်ကုသခြင်းများ၊
(ဃ) ရောဂါကြိုတင်ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာ နည်းစနစ်များ၊
(င) ဇီဝလုံခြုံမှုဆိုင်ရာ နည်းပညာများ၊
(စ) သားစပ်မှုဆိုင်ရာ နည်းပညာများ (သဘာဝ/မေထုန်မဲ့)၊

၃။ သင်တန်းတက်ရောက်လိုသူများအနေဖြင့် အသေးစိတ်သိရှိလိုပါက နီးစပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံးများနှင့်တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဌာနခွဲ နေပြည်တော် ဖုန်း - ၀၆၇-၄၀၈၀၂၀ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မြန်မာ့သိုင်းပညာမျိုးဆက်သစ်ပြန့်ပွားရန် သိုင်းပညာများအခမဲ့သင်ကြားပေး

**မိတ္ထီလာ ဇန်နဝါရီ ၁၆**

မြန်မာ့သိုင်းပညာမျိုးဆက်သစ်ပြန့်ပွားရန်ရည်ရွယ်၍ မိတ္ထီလာမြို့နယ် ပြည်သာယာတောင်ရပ်ကွက်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ အသိအမှတ်ပြု(ပထမ)အဆင့် မိဘမဲ့တိုင်းရင်းသားလူငယ်များအား ပညာသင်ကြားပေးလျက်ရှိသည့် မေတ္တာရိပ်မြုံလူငယ်ဖွံ့ဖြိုးရေးဂေဟာ၌ သိုင်းပညာများ အခမဲ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ သင်တန်းကို မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်အဖွဲ့ဝင်၊ မန္တလေးတိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီ ၊ မြန်မာ့သိုင်းမျိုးဆက်သစ်ပြန့်ပွားရေးအဖွဲ့ဝင် ဦးအောင်မျိုးက သင်ကြားပေးခြင်း ဖြစ်သည်။

မိတ္ထီလာမြို့နယ် ပြည်သာယာတောင်ရပ်ကွက်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ အသိအမှတ်ပြု(ပထမ)အဆင့် မိဘမဲ့တိုင်းရင်းသားလူငယ်များအား ပညာသင်ကြားပေးလျက်ရှိသည့် မေတ္တာရိပ်မြုံလူငယ်ဖွံ့ဖြိုးရေးဂေဟာ၌ မိဘမဲ့ တိုင်းရင်းသားလူငယ် ၆၈ ဦးတို့အား သိုင်းပညာအခြေခံမှစ၍ လက်နက်မျိုးစုံခုခံကာကွယ်နည်းများကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၇ ခုနှစ် မတ်လကုန်အထိ စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် အခမဲ့ သင်ကြားပေးလျက်ရှိကြောင်း ဦးအောင်မျိုးက ပြောကြားခဲ့သည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**



## နိုင်ငံတကာအဆင့်မီ အရေးပေါ် အသက်ကယ်သင်တန်း လက်တွေ့ပြသ

**မြင်းမူ ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်လုံးဆိုင်ရာ ပရဟိတပေါင်းစုံကွန်ရက် အဖွဲ့မှကြီးမှူး၍ နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်သင်တန်း လက်တွေ့ပြသဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၁၅ ရက်က မြင်းမူမြို့မစျေးကြီး မုံရွာ-မန္တလေး ကားလမ်း၌ ကျင်းပခဲ့သည်။

"ကျွန်တော်တို့ ဒီသင်တန်းကို ဇန်နဝါရီ ၁၀ ရက်ကစပြီး သင်ကြားပို့ချခဲ့တာပါ။ အခု မြေပြင်မှာ တကယ်လက်တွေ့ လူနာသရုပ်ပြတွေနဲ့ လူနာတင်ယာဉ်တွေကိုအသုံးပြု ဆောက်ရွက်ပြသတာဖြစ်လို့ အတွေ့အကြုံတွေကိုရရှိစေမှာဖြစ်ပါတယ်"ဟု မန္တလေးမြို့ ချမ်းမြသုခ ပရဟိတလူမှုကူညီရေးအသင်းမှ သင်တန်းမှူး ကိုလှိုင်မင်းဦးကပြောပြသည်။ လက်တွေ့ပြသမှုတွင်၊ အရေးပေါ်ပစ္စည်းမဲ့လူနာကယ်တင်နည်း၊ လူနာသယ်ဆောင်နည်း၊ အရေးပေါ်နှလုံးနှိုးဆွနည်း၊ ပတ်တီးစည်းနည်းများကို သင်တန်းသား သင်တန်းသူများအား တစ်ဦးချင်းနှင့်အဖွဲ့လိုက် မြေပြင်တွင်လက်တွေ့ကိုင်တွယ်၍ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ယခု ဒုတိယပတ်သင်တန်းသို့ မန္တလေး ၊ စစ်ကိုင်း၊ ရွှေဘို၊ မြင်းခြံ၊ မုံရွာ၊ ပြည်၊ ပဲခူးနှင့်မြင်းမူမြို့နယ်အတွင်းရှိ ပရဟိတလူမှုကူညီရေးအသင်းများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်စိုးဇေ(မြင်းမူ)**

# စော်ဘွားကြီး ဦးအောင်မြတ် သက်တော်(၁၅၅)နှစ်ပြည့်ပွဲတော်ကျင်းပ

**ဝန်းသို ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့၌ ဝန်းသိုမြို့တည်( ၁၀၇၅ ) နှစ်ပြည့် အထိမ်းအမှတ်နှင့် စော်ဘွားကြီး ဦးအောင်မြတ် သက်တော်(၁၅၅)နှစ်ပြည့်ပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို စော်ဘွားကြီး ဦးအောင်မြတ် ကြေးရုပ်တုရှေ့၌ ကျင်းပရာ တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေဝင်းနှင့် တာဝန်ရှိသူတို့က ဖွင့်လှစ်ပေးခဲ့သည်။




ထို့နောက် အနယ်နယ်အရပ်ရပ်မှ ရှမ်းတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများက ဝန်းသိုအာဇာနည် စော်ဘွားကြီး ဦးအောင်မြတ်အား ပန်းစည်းချကာ တစ်မိနစ်ခန့်ငြိမ်သက်စွာဖြင့် ဂါရဝပြုခဲ့ကြပြီး မြို့တွင်းသို့ ရှမ်းရိုးရာ အကအလှများဖြင့် စီတန်းလှည့်လည်ခဲ့ကြသည်။ ယင်းနောက် ဦးအောင်မြတ်ခန်းမ၌ စော်ဘွားကြီး သက်တော်(၁၅၅)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို ကျင်းပခဲ့ရာ မုံရွာမြို့ လမ်းတံတားဆရာတော် ဦးသူရိယက နှုတ်ခွန်းဆက်စကားပြောကြားသည်။ အဆိုပါပွဲတော်တွင် ရှမ်းရိုးရာ ပစ္စည်းအရောင်းပြခန်းများ၊ ရှမ်းနီအမျိုးသားဆိုင်ရာ ဓာတ်ပုံပြခန်းများ၊ စော်ဘွားကြီး၏ မှတ်တမ်းဓာတ်ပုံပြပွဲများကိုလည်း ပြသခဲ့ရာ ဒေသခံပြည်သူများ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။ **လှိုင်မျိုးထွန်း (ပြန်/ဆက်)**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ ပြန်လည်ဖွဲ့စည်း

**ပုသိမ် ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအသစ် ပြန်လည်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၁ ရက်က ပုသိမ်ဟိုတယ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက မြန်မာနိုင်ငံ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာဥပဒေများနှင့် အခွင့်အရေးလေးရပ်ဖြစ်သော အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ် စောင့်ရှောက်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်တို့ကို အပြည့်အဝရရှိရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း ကလေးသူငယ်များအား အကြမ်းဖက်ခြင်း၊ လွဲမှားစွာပြုကျင့်ခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်းစသည့် ဖွံ့ဖြိုးတိုးတက်ခြင်းကို အဟန့်အတားဖြစ်စေသော လုပ်ရပ်များကို ကာကွယ်တားဆီးစောင့်ရှောက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ကော်မတီအနေဖြင့် ထိုသို့ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်းဦးစီးဌာန အပါအဝင် လူမှုရေးအဖွဲ့အစည်းများ ဖြစ်ကြသော INGOs ၊ NGOs နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ပြည်သူလူထုအားလုံးကပါ ပူးပေါင်းစောင့်ရှောက်ရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

မြို့နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌက ပုသိမ်မြို့ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များအား အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်တွင်ပါရှိသော အခြေခံမူလေးရပ်ကို ကလေးတိုင်းရရှိခံစားနိုင်ရေးပြောကြားရာတက်ရောက်လာကြသည့် အဖွဲ့အစည်းများမှ သိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားကြကြောင်း သိရသည်။ **မေမိုးသဲ**

# ကျေးရွာ ၁၅ ရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်မည်

**တမူး ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ပထမရေ့ပြေးအဖြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

တမူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးအဖွဲ့ (Lift Fund) နှင့် ပူးပေါင်း၍ တမူးမြို့နယ်အတွင်းရှိ ကျေးရွာ ၅၈ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနည်း သင်တန်းများအား ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းက ဖွင့်လှစ်ပို့ချပေးခဲ့ပြီးဖြစ်သည်။

အဆိုပါကျေးရွာများမှ ပြန်လည်တင်ပြလာသော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာများအတွက် အဓိကလိုအပ်ချက်များ ဆောင်ရွက်နိုင်ရန် ပထမရေ့ပြေးအနေဖြင့် ကျေးရွာ ၁၅ ရွာအား တစ်ရွာလျှင် ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **ဖိုးချမ်း(မုံရွာ)**

# ရွှေဘိုပေါ်ဆန်းစပါးအသစ် လက်ဝယ်ရှိသောတောင်သူအများစု တက်ဈေးမျှော်ရင်း ရောင်းချမှုမပြုသေး

**မုံရွာ ဇန်နဝါရီ ၁၆**

လက်ရှိ ရွှေဘိုပေါ်ဆန်းစပါးအဟောင်း တင်း ၁၀၀ လျှင် ငွေကျပ် ၁၂ သိန်းဈေးရှိပြီး ရွှေဘိုပေါ်ဆန်းစပါးအသစ် တင်း ၁၀၀ လျှင် ငွေကျပ် ကိုးသိန်းခန့်ရှိသဖြင့် လက်ဝယ်တွင် အသစ်သာရှိသော တောင်သူအများစုသည် တက်ဈေးကို မျှော်၍ ရောင်းချမှုမရှိသေးသောကြောင့် ရွှေဘိုပေါ်ဆန်းစပါးဈေးကွက်မှာအေးနေလျက်ရှိကြောင်း ရွှေဘိုဒေသခံ တောင်သူတစ်ဦးထံမှ သိရသည်။

လက်ကျန် ရွှေဘိုပေါ်ဆန်းစပါး အဟောင်းအများစုသည် ကုန်သည်ပွဲစားများ၏ လှောင်ကုန်အဖြစ်သာရှိနေပြီး တောင်သူများ၏လက်ထဲတွင် ပေါ်ဆန်းအသစ်သာရှိနေသည့်အတွက်ဈေးကောင်းမရဖြစ်နေသည့်အပေါ် တောင်သူ အများစုကဈေးကွက်မျှော်စောင့်သောကာလအဖြစ်ရှိနေကြောင်း သိရသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလကုန်ပိုင်းက ရွှေဘိုနယ် ရေဦး၊ ခင်ဦး၊ ကျွန်းလှ၊ ကန့်ဘလူဒေသများတွင် ပေါ်ဆန်းစပါးအသစ်များကို ငွေကျပ် ရှစ်သိန်းခွဲနှုန်းဖြင့်စတင်၍ ဈေးကွက်ဖွင့်ထွက်ခဲ့ရာ ရွှေဘိုနယ် ပေါ်ဆန်းစပါး စိုက်ဧက ၃၃၉၂၂၆ ဧကတွင် စိုက်ကြသော တောင်သူအများစုသည် ပေးလာမည့် တက်ဈေးကိုစောင့်၍ ရောင်းချကြမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ တက်ဈေးစောင့်နေစဉ် ကာလဖြစ်သည့် လက်ရှိကာလရက် ၂၀ အတွင်း စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၅၀၀၀၀ ခန့် ဈေးတက်လာနေပြီဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။



"ရွှေဘို ပေါ်ဆန်းမွှေးဆန်က ပြည်တွင်းဈေးကွက်အခိုင်အမာရှိနေတဲ့ အပြင်ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်ဖို့နဲ့ ဈေးကွက်ချဲ့ထွင်နိုင်ရေးတို့အတွက် (ရွှေဘိုပေါ်ဆန်းမွှေးအမည်နဲ့ စင်ကာပူနိုင်ငံ စူပါမားကတ်တွေကို တင်ပို့ရောင်းချနေပြီး အမှာစာရရှိထားတဲ့ တရုတ် ၊ ဥရောပ ၊ အီတလီနိုင်ငံများကို ဈေးကွက်ထိုးဖောက်သွားဖို့ စီစဉ်နေပါတယ်"ဟု ရွှေဘိုဒေသခံ တောင်သူတစ်ဦးက ပြောသည်။

ရွှေဘိုပေါ်ဆန်းမွှေးဆန်သည် ၂၀၁၁ ခုနှစ်က ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပသော World Rice Conference မှ ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ်ဆုရရှိထားရာ ဆန်တစ်အိတ်ဈေးအပေါ်တွင် ဧရာဝတီပေါ်ဆန်းမွှေးထက် အမြဲတမ်းငွေကျပ် ၇၀၀၀ မှ ၁၀၀၀၀ ကျော်အထိ ဈေးနှုန်းပိုမိုရရှိနေကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အင်းတော်မြို့တွင် အင်းပတ်လမ်းဖောက်လုပ်

**ကသာ ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့တွင် တည်ရှိသောအလျားလေးမိုင်ကျော်၊ အနံနှစ်မိုင်ကျော်ရှိ အင်းကြီးအား အင်းပတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်၍ OK. BROTHERS ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါလမ်းသည် အရှည်တစ်မိုင် အကျယ်၁၂ ပေနှင့် ထု ကိုးလက်မရှိပြီး ကုန်ကျငွေကျပ် ၇၆ ဒသမ ၅ သန်းဖြစ်ပြီး ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် ပြီးစီးမည်ဟု သိရသည်။ အဆိုပါအင်းပတ်လမ်း ပြီးစီးသွားပါက ရပ်ဝေးရပ်နီးမှ ခရီးသွားဧည့်သည်များ၊ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် အင်း၏အလှကိုကြည့်ရှုခံစားရမည်ဖြစ်ပြီး အင်းနှင့်နီးစပ်သော ကျေးရွာအများတွက် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာသည့်အပြင် ရွှေဘို-မြစ်ကြီးနားလမ်းမှ ဗန်းမောက်မြို့သို့သွားလိုပါက အဆိုပါအင်းပတ်လမ်းမှလာလျှင် ခရီးစဉ်ပို၍နီးကြောင်း သိရသည်။

**လှအောင်(ကသာ)**

# တက္ကသိုလ်ခြေလျင်တောင်တက်အသင်း ကရင်ချောင်းရေတံခွန်တောင်သို့ ညအိပ်ခရီးရောက်ရှိ

**ရေတာရှည် ဇန်နဝါရီ ၁၆**

တက္ကသိုလ်ခြေလျင်တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းမှ အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၁၇ ဦး လိုက်ပါလာသောအဖွဲ့သည် ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ကမ်း ရေလွှဲကျေးရွာအနီးရှိ ကရင်ချောင်းရေတံခွန်သို့ ခြေကျင်ခရီးကြမ်း ညအိပ်ခရီးအဖြစ်ရောက်ရှိလာခဲ့သည်။ ရေတာရှည်မြို့အရှေ့ဘက် ပိတောက်စမ်းကျေးရွာမှတစ်ဆင့် ဆင်ဂွေကျေးရွာ၊ ထိုမှတစ်ဆင့် စစ်တောင်းမြစ်ကိုဖြတ်ကူးပြီး သောင်ကြီး၊ ဘိုတဲစုကျေးရွာများကိုဖြတ်၍ ကရင်ချောင်းကျေးရွာသို့ရောက်ရှိခဲ့ကာ ရှေးဟောင်းသမိုင်းဝင် ရွှေပြည်အေးထိုင်တော်မူဘုရားကြီးအား ဖူးမြော်ခဲ့ကြသည်။ ဆက်လက်၍ တောလမ်းအတိုင်း ခရိုင်ချင်းဆက်လမ်းပေါ်ရှိ ရေလွှဲကျေးရွာသို့ ရောက်ရှိခဲ့ကြသည်။

"အခုလာကြတာကတော့ တက္ကသိုလ်ပေါင်းစုံကပါ ပါတယ်။ ကချင်ပြည်နယ်က ရေခဲတောင်တွေကိုတက်နိုင်ဖို့ရာ အကြိုလေ့ကျင့်မှုလည်းဖြစ်ပါတယ်။ မနက်ဖြန်ဆိုရင်တော့ ဒီကနေ ထုံးဘိုရွာ အဲ့ဒီကနေ တောင်ငူမြတ်စောညီနောင်ဘုရားတွေဖူးပြီး ရန်ကုန်ကို တိုက်ရိုက်ပြန်မယ်"ဟု အဖွဲ့တွင် လိုက်ပါလာသည့် ဆရာ ဦးဝင်းကိုက ပြောသည်။



"စုပေါင်းခရီးကြမ်းသွားရတော့ ကိုယ့်အချင်းချင်း ရိုင်းပင်းကူညီလိုတဲ့စိတ်ဓာတ်တွေအပြင် ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုရှိလာတယ်။ ဒါ့အပြင် ကျေးလက်ဒေသလူနေမှုဘဝတွေကိုလည်း အနီးကပ်လေ့လာနိုင်ပါတယ်" ဟု မခင်ဇာလီက ပြောသည်။ ဆက်လက်၍ အဖွဲ့ဝင်များအားလုံး ညအိပ်စခန်းချမည့် အရှေ့တောင်ပေါ်ရှိ ကရင်ချောင်းရေတံခွန်ရှိရာ ကျောက်တောင်အတိုင်း ဆက်လက်ထွက်ခွာသွားခဲ့ကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ပုဂံနှင့် စိမ်းညက်ညီအစ်မ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနယ်မြေတစ်ခုဖြစ်သည့် ပုဂံညောင်ဦးတစ်ဝိုက်သည် စေတီ၊ ပုထိုး၊ ဂူ၊ ကျောင်း၊ ဥမင် အစရှိသည့် သမိုင်းဝင် ရှေးဟောင်းအဆောက်အအုံများစွာ တည်ရှိနေသဖြင့် ခေတ်အဆက်ဆက် ပြည်တွင်းပြည်ပခရီးသည်များ စိတ်ဝင်စားသည့် ခရီးသွားနယ်မြေတစ်ခု ဖြစ်လာခဲ့သည်။ ပုဂံဒေသရှိ များပြားလှသည့် သာသနိကအဆောက်အအုံများကို “လှည်းဝင်ရိုးသံ တည်းညံ ပုဂံဘုရားပေါင်း”ဟု သံပေါက်ဖြင့် မှတ်သားခဲ့ကြရာ သံပေါက်အစ စာလုံးလေးလုံးဖြစ်သည့် လှည်းဝင်ရိုး သံအရ ပုဂံတွင် ဘုရားပေါင်းသည် ၄၄၄၆ ဆူရှိခဲ့ကြောင်း ယူဆနိုင်ပေသည်။

အင်းဝခေတ် မိုးညှင်းမင်းတရား (ခရစ်နှစ် ၁၄၂၇-၁၄၈၀) လက်ထက်တွင် ပုဂံဒေသရှိ စေတီပုထိုးများကို စာရင်းကောက်ယူ၍ “ဝင်းဝင်းထိန်လျှံ ပုဂံဘုရားပေါင်း” ဟု အမှတ်အသားပြုခဲ့ရာ ဝင်းဝင်းထိန်လျှံအရ အဆူပေါင်း ၄၄၇၄ ဆူ ဖြစ်သည်။ ကုန်းဘောင်ခေတ်လက်ရာဖြစ်ဟန်တူသည့် ကဗျာတွင် “မြတ်ဘုရားဆူရေ ဖြူရွှေလိုဝင်း၊ ပုဂံပြည် ဘယ်တိုင်းဌာနီမှ၊ စံမမီလွန်ထင်ရှား စောမုနိများ”ဟု မှတ်သားခဲ့ကြရာ ပင္ဒိလောမနည်းအရ “ဖြူရွှေလိုဝင်း”ကို နောက်ဆုံးမှ ပြန်ရေတွက်လျှင် ပုဂံရှိ စေတီပုထိုးအရေအတွက်သည် ၄၄၄၅ ဆူဖြစ်သည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကောက်ယူထားသော စာရင်းများအရ ပုဂံဒေသရှိ စေတီပုထိုးများအရေအတွက်သည် ၂၂၁၇ ဆူရှိသဖြင့် “ကျောင်းကြီးအုတ်နီ ကိန်းနှင့်ညီ စေတီဂူဘုရား”ဟု မှတ်တမ်းပြုခဲ့သည်။

ပုဂံတွင်တည်ထားခဲ့သည့် စေတီပုထိုးများ၏ ပုံစံသည် လိုဏ်ပါအဆောက်အအုံ (Temple)နှင့် လိုဏ်မပါသည့် အပိတ်အဆောက်အအုံ(Stupa)ဟူ၍ အဓိကအားဖြင့် နှစ်မျိုးရှိသည်။ ယင်းပုံစံနှစ်မျိုးကို စိတ်ဖြာပါက စေတီလုံးများ၊ သီဟိုဠ်ပုံစေတီများ၊ တစ်ထပ်လိုဏ်ဂူများ၊ နှစ်ထပ်သုံးထပ်လေးထပ် အဆောက်အအုံများ၊ မြေအောက်ဥမင်များ၊ တစ်ထပ်တည်းတည်ထားသည့် ကုလားကျောင်းများ၊ ကျောင်းတိုက်ကြီးများ၊ ပိဋကတ်တိုက်များနှင့် သိမ်များဖြစ်ကြောင်း တွေ့ရှိနိုင်သည်။

ပုဂံသည် ပထမမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည့်ဒေသဖြစ်ပြီး ပုဂံပြည်သူပြည်သားများသည် ဘုရား၊ တန်ဆောင်း၊ ဂူ၊ ကျောင်း ပြာသာဒ်များစွာကို တည်ဆောက်လှူဒါန်းခဲ့ကြကာ ကျောက်စာများ ရေးထိုးမှတ်တမ်းတင်ခဲ့ကြသည်။ ပုဂံတွင် ကြီးမားသော ဂူဘုရားကြီးများကို ဘုရင်များက တည်ခဲ့ပြီး တံတိုင်းနှစ်ထပ်ကာရံလေ့ရှိခဲ့သည်။ အတန်အသင့်ကြီးမားသော အဆောက်အအုံများကို မှူးမတ်ဗိုလ်ပါများက တည်ထားခဲ့ကြပြီး အရွယ်ငယ်သည့် အဆောက်အအုံများကို သူဌေးသူကြွယ်များနှင့် ပြည်သူများက ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။

ပုဂံခေတ်တွင် နန်းတော်အပါအဝင် လူနေအဆောက်အအုံများကို သစ်ဝါးများဖြင့် တည်ဆောက်ခဲ့သဖြင့် ယခုအချိန်၌ သစ်သားအဆောက်အအုံ အကြွင်းအကျန်များကို မတွေ့ရှိရတော့သော်လည်း အုတ်၊ ကျောက်များဖြင့် တည်ဆောက်ခဲ့သည့် စေတီပုထိုးများကိုမူ ယနေ့တိုင် မြင်တွေ့နေကြရပေသည်။ ပုဂံရှိ နန်းတော်အဆောက်အအုံများကိုပင် အောက်ခံပန္နက်ကိုသာ အုတ်ဖြင့်တည်ဆောက်ပြီး အပေါ်ပိုင်းအဆောက်အအုံများကို သစ်ဖြင့် တည်ဆောက်ခဲ့ကြသည်။

ပုဂံမြို့ဟောင်း ရွှေဂူကြီးဘုရားအနီးရှိ ကျန်စစ်သားမင်းနန်းတော်ဟု ယာယီသတ်မှတ်ခဲ့သည့် အောင်မြေကုန်းကို ၁၉၉၀ ပြည့်နှစ်တွင် တူးဖော်ခဲ့ရာ သစ်သားတိုင်များစိုက်ခဲ့သည့် ကျင်းများကို တွေ့ရှိခဲ့သည်။ အချို့ကျင်းများတွင် ဆွေးမြည့်နေသည့် သစ်သားတိုင်အစအနများကို တွေ့ရှိခဲ့ရသည်။




ပုဂံခေတ်တွင် သဗ္ဗည၊ ဓမ္မရံကြီး၊ အာနန္ဒာ အစရှိသည့် ကြီးမားသော သာသနိကအဆောက်အအုံများကို တည်ဆောက်ခဲ့ကြရာ ဘုရင့်နန်းတော်ကိုလည်း ခမ်းနားထည်ဝါကြီးမားစွာ ဆောက်လုပ်ခဲ့မည်ဖြစ်ပေသည်။ သို့သော်လည်း ဘာသာသာသနာကို အလေးမူသည့်အနေဖြင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို လူနေအဆောက်အအုံများနှင့် ရောထွေးမှုမရှိစေဘဲ အုတ်၊ ကျောက်များဖြင့် တည်ဆောက်ခဲ့ကြောင်း ယူဆကြသည်။

ပုဂံရှိ စေတီပုထိုးပေါင်း ၂၀၀၀ ကျော်အနက် အုတ်ဖြင့်တည်ဆောက်ခဲ့သည့် အဆောက်အအုံများအပြင် ကျောက်ဖြင့်ဆောက်လုပ်ထားသည့် ရွှေစည်းခုံစေတီ၊ နန်းဘုရား၊ ကျောက်ဂူဥမင်နှင့် စက္ကူတိုက်ခေါ် ပိဋကတ်တိုက်တို့ကိုလည်း မြင်တွေ့နိုင်ကြပေသည်။

ပုဂံစေတီပုထိုးများတွင် ရုပ်ပွားဆင်းတုတော်များ ထည့်သွင်းပူဇော်ထားသည့် လိုဏ်ဘုရားများနှင့် ဓာတ်တော်စသည်တို့ကို ဌာပနာထည့်သွင်းခဲ့သည့် လိုဏ်မပါသောပုထိုးများ ရှိရာတွင် ဂူနှင့်ပုထိုးကို တစ်နေရာတည်း၌ ယှဉ်တွဲတည်ဆောက်ထားခြင်းကို တွေ့ရှိနိုင်ကြသည်။ မြင်းကပါရွာအနောက်ဘက်ရှိ ဖြတ်စရွှေဂူနှင့် ဖြတ်စရွှေဂူပုထိုး၊ မြင်းကပါ ဂူပြောက်ကြီးနှင့် မြစေတီ၊ စိမ်းညက်ညီအစ်မဘုရားဟု ထင်ရှားသည့် စိမ်းညက်ဂူနှင့် စိမ်းညက်ပုထိုးတို့သည် ဂူနှင့်ပုထိုးကို ယှဉ်တွဲတည်ဆောက်ထားသည့်အဆောက်အအုံများ ဖြစ်ကြသည်။

စိမ်းညက်ဂူနှင့် စိမ်းညက်ပုထိုးသည် ပုဂံမှ ချောက်သို့သွားသည့် ကားလမ်း၏ လက်ဝဲဘက် လမ်းဘေးတွင်ကပ်လျက် တည်ရှိသည်။ စိမ်းညက်ဂူဘုရားကို စိမ်းညက်အစ်မဘုရားဟုလည်းကောင်း၊ စိမ်းညက်ပုထိုးကို စိမ်းညက်ညီမဘုရားဟုလည်းကောင်း ခေါ်ဆိုကြသည်။ စိမ်းညက်ဂူနှင့် ပုထိုးကို တံတိုင်းနှစ်ထပ်ကာရံထားပြီး ပုထိုးက အရှေ့ဘက်တွင်တည်ရှိ၍ ဂူဘုရားက အနောက်ဘက်တွင် ရှိသည်။

**စာရေးဆရာပါရဂူက စိမ်းညက်ညီအစ်မနှင့်ပတ်သက်၍ ပုဂံသမိုင်းတွင် စိမ်းညက်မင်းဟူသည့် အမည်နာမတစ်ခု တစ်ကြိမ်ပါလာခဲ့ကြောင်း၊ အရှင်အရဟံ ပရိနိဗ္ဗာန်ပြုတော်မူလျှင် အရှင်အရဟံအရာကို စိမ်းညက်မင်း သားတော် မဟာထေရ်ကိုပေး၍ သာသနာပိုင်ပြုရ၏ဟု မှန်နန်းရာဇဝင်စသည်တို့၌ ဆိုထားကြောင်း၊ နရသူမင်းနှင့် ပြဿနာဖြစ်ပြီး သိန်းယိုရ်ကျွန်းသို့ကြွသွားသော ပံ့သကူမထေရ်သည် စိမ်းညက်မင်း၏ သားတော်ဖြစ်သည်ဟု ဆိုကြောင်းနှင့် ယင်းစိမ်းညက်မင်းနှင့် စိမ်းညက်ညီ အစ်မ မည်သို့ဆက်စပ်မှုရှိသနည်း သို့မဟုတ် တခြားစီပင် ဖြစ်သလောဟု သုံးသပ်ခဲ့သည်**

“ပုဂံဒေသတွင် အလှပဆုံးသော ရှေးဟောင်းအသွင်ကိုဆောင်သည့် ရှုမျှော်ခင်းများကို ပြပါဟုဆိုလျှင် စိမ်းညက်ဂူနှင့် စိမ်းညက်ပုထိုးကို အလယ်ထား၍ တောင်ဘက်ခပ်လှမ်းလှမ်းမှလည်းကောင်း၊ မြောက်ဘက် မဝေးကွာသောနေရာမှလည်းကောင်း မြင်တွေ့ရသော ပုဂံရှုမျှော်ခင်းတစ်ခုကို တည့်သွင်းရမည်ဖြစ်လေသည်” ဟု ဆရာဦးဗိုကေက ပုဂံသုတေသနလမ်းညွှန်စာအုပ်တွင် ရေးသားခဲ့သည်။

**စိမ်းညက်ဂူ**

စိမ်းညက်ဂူသည် အရှေ့ဘက်သို့ မျက်နှာပြုထားသဖြင့် တောင်မြောက်ဖောက်လုပ်ထားသည့် ပုဂံ-ချောက် ကားလမ်းမှလာလျှင် ဘုရားလိုဏ်အတွင်းသို့ အနောက်ဘက်မုခ်ပေါက်မှ ဝင်ရောက်ရသည်။ စိမ်းညက်ဂူ၏ လေးထောင့်ပုံပန္နက်ခုံကို မြေပြင်မှ သုံးပေကျော်မြှင့်ထားသဖြင့် လိုဏ်အတွင်းသို့ အုတ်လှေကားများပေါ်မှ တက်ရောက်ကြရသည်။ ပန္နက်ပေါ်တွင် မုခ်ပေါက်လေးဘက်ပွင့် ဆောက်လုပ်ထားသည်။ စိမ်းညက်ဂူကို စိမ်းညက်မိဖုရားက ၁၂ ရာစု၌တည်ခဲ့သည်ဟု ယူဆကြပြီး ဗိသုကာပုံစံလက်ရာကိုထောက်ဆ၍ ၁၃ ရာစု မြန်မာ့ဗိသုကာလက်ရာဖြစ်ကြောင်း သမိုင်းဝင် ပုဂံစေတီပုထိုးများစာအုပ်တွင် ရေးသားထားသည်။ စေတီတော်၏ အမည်များအရ ညီအစ်မနှစ်ဦးက တစ်ဆူစီတည်ခဲ့ဟန်ရှိသော်လည်း ကျောက်စာအထောက်အထားမရှိသဖြင့် အတိအကျပြောဆိုနိုင်ခြင်း မရှိသေးပါချေ။

စိမ်းညက်ဂူကို အလယ်မဏ္ဍိုင်ခံ၍ စင်္ကြံပတ်လမ်းပြုလုပ်ထားကာ ပတ်လမ်းမုခ်ခုံးနံရံများနှင့် အာရုံခံမုခ်များအတွင်း၌ ပုဂံခေတ်အနုပညာလက်ရာ ပန်းချီများနှင့် ကနုတ်ပန်းများကို တွေ့ရှိရသည်။ လက်ရာအများစုသည် ပျက်စီးနေပြီဖြစ်သော်လည်း ဂူအတွင်း ပတ်လမ်းနံရံပေါ်တွင် ကြွင်းကျန်နေသည့် ပန်းချီနှင့် ကနုတ်ပန်းလက်ရာများကို တစ်စိတ်တစ်ဒေသ မြင်တွေ့ရပါသေးသည်။ တောင်ဘက် အာရုံခံဆောင်အတွင်း၌ ဗုဒ္ဓရုပ်ပွားတော်ပုံများကိုလည်းကောင်း၊ အရှေ့ဘက် ဝင်ပေါက်နံရံတွင် ၅၅၀ ဇာတ်တော်လာ ဇာတ်ကွက် ပန်းချီများကိုလည်းကောင်း တွေ့ရှိရပေသည်။

စိမ်းညက်ဂူသည် အောက်ခြေ၌ လေးထောင့်ပစ္စယာသုံးဆင့်ခံထားပြီး ဂူအထွတ်သည် ထောင့်လေးထောင့်ကို အခြေခံထားသည်။ ကွမ်းတောင်ပေါက်လိုဏ် တစ်ထပ်ဂူဘုရားတစ်ဆူဖြစ်သည့် စိမ်းညက်ဂူ၏ ပစ္စယာအဆင့်သုံးဆင့်၏ ထောင့်လေးထောင့်၌ သီဟိုဠ်ပုံစံ ထောင့်စိုက်စေတီငယ်များ စိုက်ထူထားသည်။ ဂူအပြင်ဘက်မျက်နှာကို အင်္ဂတေပန်းတော့လက်ရာ ဘီလူးပန်းဆွဲများဖြင့် တန်ဆာဆင်ထားသည်။

**စိမ်းညက်ပုထိုး**

စိမ်းညက်ပုထိုးသည် မြေစိုက်စေတီလုံးဖြစ်ပြီး ပစ္စယာသုံးဆင့်ပေါ်တွင် ခေါင်းလောင်းပုံ၊ ဟာမိက(ဓာတ်တော်တိုက်)နှင့် ဖောင်းရစ်များကို အဆင့်ဆင့်တည်ဆောက်ထားသည်။ ထောင့်စိုက်စေတီအချို့သည် ကလသာအိုးပုံစံနှင့် တူသယောင်ရှိသည်။ စိမ်းညက်ပုထိုးကို စိမ်းညက်ညီမက တည်ခဲ့သည်ဟု အဆိုရှိပြီး စိမ်းညက်ပုထိုး၏ အရှေ့တောင်ဘက်တွင် သိုက်သမားများ ဌာပနာတိုက်ကိုဖောက်ခဲ့သည့် အပေါက်ရှိခဲ့သည်။

စိမ်းညက်ပုထိုးကို အောက်ခြေလေးထောင့်ပစ္စယာ သုံးဆင့် ခံထားပြီး ပစ္စယာများ၏ ထောင့်လေးထောင့်၌ သီဟိုဠ်ပုံစံ အရံစေတီငယ်များကို စိုက်ထူထားသည်။ ပထမပစ္စယာ အရံစေတီများတွင် ဘီလူးရုပ်များ၊ ဒုတိယပစ္စယာ ထောင့်စိုက်စေတီငယ်များ၏အောက်ခြေတွင် ခြင်္သေ့ရုပ်များ၊ တတိယပစ္စယာ စေတီများတွင် ကိန္နရာရုပ်များ ထုလုပ်ခဲ့သည်။ ပစ္စယာများအပေါ်ပိုင်း ခေါင်းလောင်းပုံပတ်လည်ကို ဘီလူးပန်းဆွဲများ၊ ပန်းထောင်၊ ပန်းတန်းများဖြင့် ရစ်ပတ်ထားကာ အောက်ခြေတွင် ကြာဖတ်များကို နှစ်ထပ်ခံထားသည်။ ပုထိုး၏ ကိုယ်လုံးတော်လေးမျက်နှာတွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူစီ သီတင်းသုံးနေသည့် မုခ်ကပ်လေးခုရှိပြီး မုခ်ကပ်များအပေါ်တွင် ကွန်းတောင်ပေါက်ထားသည်။ စိမ်းညက်ဂူဘက်သို့ မျက်နှာမူနေသည့် ဗုဒ္ဓရုပ်ပွားတော်၏ ဓမ္မစက္ကမုဒြာလက်တော်ဟန်ကို ကောင်းစွာမြင်ကြရသည်။

ဗုဒ္ဓဘုရားရှင် ရုပ်ပွားဆင်းတုတော်များတွင် ဘုရားရှင်၏လက်တော်ဟန်(မုဒြာ)ကို ဘူမိဖဿမုဒြာ(လက်တော်မြေထိဟန်)ဖြင့် အများဆုံးထုလုပ်လေ့ရှိပြီး မိဂဒါဝုန်၌ ပဉ္စဝဂ္ဂီငါးဦးအား တရားဦး ဓမ္မစကြာဟောကြားခဲ့ပုံကို ရည်ညွှန်းသည့် ဓမ္မစက္ကမုဒြာ(ဓမ္မစကြာတရားဦးဟောတော်မူဟန်)ကိုလည်း ထုလုပ်ကြသည်။

စိမ်းညက်ပုထိုး ခေါင်းလောင်းပုံ၏အထက်တွင် အမြောင်းများဖော်ထားသည့် အရစ်ဝိုင်းများကို တစ်ဆင့်စီထပ်လျက် အထက်သို့ အတန်ငယ်ရှူးသွားသည့် ထုလုံးရှည်ပုံ တည်ဆောက်ထားသည်။ ယင်းပုံစံမျိုးကို ဖြတ်စရွှေဂူပုထိုးတွင်လည်း တွေ့ရှိနိုင်သည်။ စိမ်းညက်ဂူ ဗိသုကာလက်ရာများသည် စိမ်းညက်ပုထိုး၏ ဗိသုကာလက်ရာများထက် ပို၍ထူးခြားကောင်းမွန်သည်ဟု ဆိုကြသည်။

စိမ်းညက်ညီအစ်မဘုရားဟု မော်ကွန်းတိုင်စိုက်ထားသည့် စိမ်းညက်ဂူနှင့် စိမ်းညက်ပုထိုးတို့အား ဒုတိယကမ္ဘာစစ်မတိုင်မီကပင် ထိန်းသိမ်းစောင့်ရှောက်ခဲ့သဖြင့် ယနေ့တိုင် ခိုင်ခံ့ကောင်းမွန်စွာ တည်ရှိနေသည်။ ပတ်လည်ကာရံထားသည့် တံတိုင်းနှစ်ထပ်အတွင်း တည်ရှိနေသည့် စိမ်းညက်ဂူနှင့် ပုထိုး၏ ပတ်လည်တွင် သစ်ပင်များနှင့် အခြားအဆောက်အအုံများ မရှိသဖြင့် မြင်ကွင်းက ရှင်းလင်းလှပနေသည်။

စာရေးဆရာပါရဂူက စိမ်းညက်ညီအစ်မနှင့်ပတ်သက်၍ ပုဂံသမိုင်းတွင် စိမ်းညက်မင်းဟူသည့် အမည်နာမတစ်ခု တစ်ကြိမ်ပါလာခဲ့ကြောင်း၊ အရှင်အရဟံ ပရိနိဗ္ဗာန်ပြုတော်မူလျှင် အရှင်အရဟံအရာကို စိမ်းညက်မင်းသားတော် မဟာထေရ်ကိုပေး၍ သာသနာပိုင်ပြုရ၏ဟု မှန်နန်းရာဇဝင်စသည်တို့၌ ဆိုထားကြောင်း၊ နရသူမင်းနှင့် ပြဿနာဖြစ်ပြီး သိန်းယိုရ်ကျွန်းသို့ကြွသွားသော ပံ့သကူမထေရ်သည် စိမ်းညက်မင်း၏ သားတော်ဖြစ်သည်ဟု ဆိုကြောင်းနှင့် ယင်းစိမ်းညက်မင်းနှင့် စိမ်းညက်ညီအစ်မ မည်သို့ဆက်စပ်မှုရှိသနည်း သို့မဟုတ် တခြားစီပင်ဖြစ်သလောဟု သုံးသပ်ခဲ့သည်။

ပုဂံထွန်းကားခဲ့စဉ်က ဧရာဝတီမြစ်နှင့် တုရွင်းတောင်၊ တွင်းရွာနှင့် ကျောက်ဂူဥမင်တို့အကြား မိုင် ၂၀ ဝန်းကျင် အကျယ်အဝန်းအတွင်း၌ အုတ်ကျောက်အဆောက်အအုံများစွာ ဆောက်လုပ်ခဲ့ရာ ယခုအချိန်အထိ ကျန်ရှိနေသည့် အဆောက်အအုံ ၂၂၁၇ ခုအနက် ဂူနှင့် ပုထိုးယှဉ်တွဲနေသည့် စိမ်းညက်ဂူ(အဆောက်အအုံအမှတ် ၁၀၈၅/၄၅၇)နှင့် စိမ်းညက်ပုထိုး(အဆောက်အအုံအမှတ် ၁၀၈၆/၄၅၈)တို့သည် အခြားသော စေတီပုထိုးများနည်းတူ ပုဂံခေတ် ဗိသုကာလက်ရာများကို ဖော်ညွှန်းနေသည့် ယဉ်ကျေးမှုအမွေအနှစ်များပင် ဖြစ်ပါပေသည်။ ။

**ကိုးကား**

**ပုဂံသုတေသန လမ်းညွှန်(ဦးဗိုကေ)**

**ပုဂံစေတီပုထိုးများ(ဦးသန်းဆွေ)**

**THE PAGODAS AND MONUNENTS OF BAGAN**

**(Ministry of Information)**

# တိုးချဲ့မြို့ရေပေးရေးလုပ်ငန်းများ ပြီးစီးပါက မကွေးမြို့ရှိ လူဦးရေ ၁၂၀၀၀ ကျော်ကို အကျိုးပြုနိုင်မည်

**မကွေး ဇန်နဝါရီ ၁၆**

ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)ချေးငွေဖြင့် မကွေးမြို့တိုးချဲ့ရေပေးဝေရေးလုပ်ငန်းများကို ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်းက စတင်ဆောင်ရွက်ခဲ့ပြီး မတ်လကုန်တွင် လုပ်ငန်းများ ပြီးစီးမည်ဖြစ်ကြောင်းနှင့် ပြီးစီးပါက ဒေသတွင်းမှ လူဦးရေ ၁၂၀၀၀ ကျော်အတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း မြို့ရေပေးရေး တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းသန်းထံမှ သိရသည်။

လတ်တလောတွင် ဆောင်ရွက်နေဆဲနှင့် လုပ်ငန်းပြီးစီးမှုအဖြစ် ဂါလန် ၁၆၀၀၀ ဆံ့ စင်မြင့်ရေစင်လေးလုံးတည်ဆောက်မှု ၈၀ ရာခိုင်နှုန်း၊ ရေပိုက်လိုင်း တိုးချဲ့သွယ်တန်းခြင်း ၇၀ ရာခိုင်နှုန်း၊ ရှစ်လက်မ စက်ရေတွင်းသစ်တူးဖော်ခြင်း ၁၀၀ ရာခိုင်နှုန်း၊ မြစ်ရေတင်မှုရေကို သန့်စင်နိုင်ရန် Clorine Dosing House တည်ဆောက်ခြင်း ၆၀ ရာခိုင်နှုန်း၊ ရေစစ်ကန်တည်ဆောက်ခြင်း ၆၀ ရာခိုင်နှုန်းနှင့် မြေထိန်းနံရံတည်ဆောက်ခြင်း ၇၀ ရာခိုင်နှုန်းတို့ ပြီးစီးနေပြီဖြစ်ကာ ၅၀ ကေဗွီအေ ထရန်စဖော်မာနှင့် မီးလိုင်းလုပ်ငန်းများ ကျန်ရှိနေသေးကြောင်း တာဝန်ခံအင်ဂျင်နီယာက ပြောသည်။

ထူးခြားချက်တစ်ရပ်အနေဖြင့် ပုဂ္ဂလိကစက်ရေတွင်း၊ တုံကင်တွင်းများ ပေါများသောနေရာဖြစ်သည့် ၁၉၉၄ ခုနှစ်ကတည်းက မြို့ကွက်သစ်တည်ခဲ့သော အောင်စေတနာရပ်ကွက်မှာ မြို့ရေပေးရေးတွင် ပါဝင်ခြင်းမရှိခဲ့သော်လည်း JICA ချေးငွေဖြင့် တိုးချဲ့ရေပေးဝေရေးအစီအစဉ်၌ ပါဝင်လာခဲ့ကာ ရေပိုက်လိုင်းသွယ်တန်းမှုများ လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ မြစ်ရေတင်မှ ဖြန့်ဝေမည့်ရေများမှာလည်း ကလိုရင်းခတ်စက်၊ ရေစစ်ကန်များ ပါဝင်လာခြင်းကြောင့် မြို့ဟောင်းရပ်ကွက်နေ ပြည်သူများမှာ သန့်စင်သောရေသန့်များကို သောက်ရေ သုံးရေအဖြစ် သုံးစွဲနိုင်မည်ဖြစ်ကြောင်း မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

တိုးချဲ့ရေပေးဝေရေးအတွက် JICA မှ ချေးငွေ ကျပ် ၇၃၅ ဒသမ ၃၆၂၂ သန်း ချေးပေးထားပြီး ၁၀နှစ်ဆိုင်းငံ့၊ နှစ် ၃၀ အကြေဆပ်စနစ်ဖြင့် နှစ် ၄၀ အတွင်း ပေးဆပ်ရမည်ဖြစ်ကာ အတိုးနှုန်းမှာ ၀ ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်၍ တစ်နှစ်လျှင် အရင်း ၂၄၅ ဒသမ ၁၂ သိန်း၊ အတိုး ၀ ဒသမ ၇၃၅ သိန်း၊ စုစုပေါင်း ၂၄၅ ဒသမ ၈၅၅ သိန်း ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

လူဦးရေ ၇၄၀၀၀ ကျော် နေထိုင်သည့် မကွေးမြို့တွင် လူတစ်ဦးလျှင် တစ်နေ့ဂါလန် ၂၀ နှုန်းဖြင့် တွက်ချက်မှုအရ တစ်ရက် ရေလိုအပ်ချက်မှာ ရေဂါလန် ၁၄ ဒသမ ၉၆ သိန်းဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့မှ လက်ရှိဖြန့်ဝေနိုင်သည့်ပမာဏမှာ ရေဂါလန် ၁၀ ဒသမ ၈၅ သိန်းဖြစ်ကြောင်း ဌာနမှတ်တမ်းများအရ သိရသည်။ **ဇေယျတု(မကွေး)**

# စက္ခုဒါနဆေးရုံ တည်ဆောက်ပြီးစီး၊ မျက်စိဝေဒနာရှင်များ စာရင်းပေးသွင်းနိုင်

**ပြွန်တန်ဆာ ဇန်နဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တံဆာမြို့၌ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော်ကြီး တည်ထောင်တော်မူသော သီတဂူစက္ခုဒါန ဆေးရုံတော်ကြီးကို ၂၀၁၆ နှစ်ကုန်ပိုင်းက တည်ဆောက်ပြီးစီးခဲ့ပြီး ဖေဖော်ဝါရီလအတွင်း စတင်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကုသလိုသော မျက်စိဝေဒနာရှင်များ စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ အတွင်း မျက်စိဝေဒနာရှင်ပေါင်း ၁၅၀၀ ခန့်ကို သီတဂူမျက်စိအထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာမြအောင် ဦးဆောင်သော သီတဂူမျက်စိအထူးကု အဖွဲ့က လာရောက်စမ်းသပ်ကုသပေးသွားမည်ဖြစ်၍ ကုသမှုခံယူလိုသော မျက်စိဝေဒနာရှင်များအနေဖြင့် ဇန်နဝါရီ ၁၅ ရက်မှ ၂၅ ရက်အတွင်း နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သီတဂူ



စက္ခုဒါနဆေးရုံ၌ လူနာကိုယ်တိုင်ဖြစ်စေ၊ လူနာ၏ မိသားစုဝင်တစ်ဦးကဖြစ်စေ ကုသမှုခံယူလိုသည့် လူနာ၏ အမည်၊ အဘအမည်၊ မှတ်ပုံတင်အမှတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာစသည့် အချက်အလက်အပြည့်အစုံနှင့်အတူ လာရောက်၍ စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ရွှေသာလျောင်းဘုရားကြီး အနေကဇာတင် ဌာပနာပိတ်ပွဲနှင့် သိက္ခာထပ်အလှူပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် သိဒ္ဓိအောင် (ပန်းဘုန်းကြီးကျောင်းတိုက်) တွင် အသစ်တည်ထား ပြီးစီးသော ရွှေသာလျောင်းမြတ်စွာဘုရားကြီးအား ဌာပနာပိတ်ပွဲ၊ ဘုရားအနေကဇာတင်အလှူမင်္ဂလာပွဲနှင့် ပန်းဘုန်းကြီးဆရာတော် ဘဒ္ဒန္တသောမအား သိက္ခာထပ်နှင့် ရဟန်းခံရှင်ပြုပွဲကို ဇန်နဝါရီ ၉ ရက် ညနေ ၅ နာရီက ကျင်းပခဲ့သည်။

မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကေလာသ၊ ပန်းဘုန်းကြီးဆရာတော်နှင့် သံဃာတော်များက ရွှေသာလျောင်းဘုရားကြီးအား အနေကဇာတင်ခြင်း၊ အလှူရှင်များက လှူဒါန်းပစ္စည်းများအား ဌာပနာထည့်သွင်းခြင်းတို့အား ဆောင်ရွက်ကြသည်။

ဘုရားကြီးမတည်အလှူရှင် မယ်တော်ကြီး ဒေါ်ရီစော၊ ဒေါ်သန်းမြင့်၊ ဘုရားဒကာ ဦးဝင်းနိုင်- ဒေါ်အေးအေးသန့်၊ ဦးမျိုးသန့်- ဒေါ်ကြည်ကြည်မာ၊ ဦးမင်းဇော်- ဒေါ်နုနုကြည်၊ ကိုရဲကိုကိုဇင်- မဇင်မာလင်း၊ ကိုရဲထွန်းနှင့် ခုနစ်ရက်သားသမီးအလှူရှင်များက ပန်းဘုန်းကြီး ဆရာတော်ထံတွင် ငါးပါးသီလနှင့် အလှူပေးတရားတော်နာယူကာ ရေစက်သွန်းချအမျှအတန်းပေးဝေခဲ့ကြကြောင်း သိရသည်။

**မောင်မောင်**

# တိုင်းရင်းဆေးဖြင့် ကွင်းဆင်းဆေးဝါးကုသမှုများ အခမဲ့ဆောင်ရွက်ပေး

**သံဖြူဇရပ် ဇန်နဝါရီ ၁၆**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စခန်းကြီး ကျေးရွာအုပ်စုအတွင်းမှ ဒေသခံပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ ဆေးဝါးကုသမှုများကို မော်လမြိုင်မြို့ ကုတင် ၅၀ ဆံ့တိုင်းရင်းဆေးရုံမှ ဆေးမှူး ဦးစိန်ဝင်းဌေးနှင့် ဆေးဝန်ထမ်းများက သံဖြူဇရပ်မြို့နယ် တိုင်းရင်းဆေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပူးပေါင်းကာ ဇန်နဝါရီ ၁၄ ရက်က ကုန်းမြင့်သာယာကျေးရွာ မူလွန်ကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ကွင်းဆင်းဆေးဝါးကုသမှုများ ဆောင်ရွက်ပေးရာတွင် ဆေးမှူး ဦးစိန်ဝင်းဌေး၊ ဦးအေးမင်းထွန်းနှင့် ဆေးခန်းမှူး ဒေါ်အေးအေးချစ်တို့က ကျန်းမာရေးဆိုင်ရာများကို ဒေသခံပြည်သူများအား အသိပညာပေးဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်အေးအေးသီက ပြည်သူများ၏ အသိပညာ အတွေးအခေါ် မြင့်မားရေးနှင့် ဗဟုသုတတိုးပွားရေးအတွက် စာအုပ်စာပေများ ဖတ်ရှုလေ့လာကြရန် ဟောပြောသည်။ ထို့နောက် တိုင်းရင်းဆေးရုံမှ ဝန်ထမ်းများက ဒေသခံပြည်သူများအား အခမဲ့ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ရာ ကျေးရွာအုပ်စုအတွင်းမှ ပြည်သူ ၅၀ ခန့်အား ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# ကျေးရွာချင်းဆက်လမ်း အဆင့်တိုးမြှင့်

**ပွင့်ဖြူ ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ သရက်အုပ်-ယောစု-ညောင်ကုန်း ကျေးရွာချင်းဆက်လမ်းကို မြေသားလမ်းအဆင့်မှ မြေနီကျောက်စရစ်လမ်းအဖြစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အဆင့်တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် အရှည် ၁ မိုင် ၂ ဖာလုံ၊ အကျယ် ၁၂ ပေရှိပြီး မြေနီကျောက်စရစ်ခင်း လမ်းအဆင့်တိုးမြှင့်ခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီးအစိုးရ၏ ကုန်သွယ်လုပ်ငန်းခွန်ရန်ပုံငွေကျပ် ၁၄ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ လုပ်ငန်းများ ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မြတ်၊ တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဌေးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ ဇန်နဝါရီ ၁၄ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်သည်။

အဆိုပါလမ်းကို အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခြင်းကြောင့် သရက်အုပ်ကျေးရွာ၊ ယောစုကျေးရွာနှင့် ညောင်ကုန်းကျေးရွာများရှိ ဒေသခံပြည်သူများအနေဖြင့် ပွင့်ဖြူမြို့သို့ ဆက်သွယ်သွားလာရာတွင် ရာသီမရွေး လွယ်ကူစွာဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**သူရထွန်း (ပွင့်ဖြူ)**

# ကိုယ်ဝန်ဆောင်များအား ကျန်းမာရေးပညာပေးဟောပြောပြီး အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်

**ကျောက်တံခါး ဇန်နဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကျောက်တံခါးမြို့၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၄ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းစန်းမိုက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးဇော်လှက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မိုးသူဇာကျော်က အမျိုးသမီးရေးရာအဖွဲ့ ဖြစ်ပေါ်လာပုံ၊ လူမှောင်ခို လူကုန်ကူးမှုနှင့် သက်ငယ်မုဒိမ်းမှုလျော့နည်းပပျောက်စေရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေး စသည့် အကြောင်းအရာများကိုလည်းကောင်း ဟောပြောခဲ့သည်။

ထို့နောက် ကျောက်တံခါးမြို့နယ် သူဌေးကုန်းကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆေးခန်းမှ ကိုယ်ဝန်ဆောင်မိခင် ၁၅ ဦး၊ သားဖွားလူနာငါးဦးနှင့် မွေးကင်းစကလေး ၁၀ ဦးတို့အား တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့က ဆန်၊ ဆီ၊ အိုင်အိုဒင်းဆား၊ ကြက်ဥ၊ ပေါင်မုန့်၊ ကွေကာနှင့် အနှီးပိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဂန့်ဂေါမြို့၌ ကလေးငယ်များအား အခြေခံပန်းချီဆင့်ပွားသင်တန်း ပို့ချ

**ဂန့်ဂေါ ဇန်နဝါရီ ၁၆**

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ အခြေခံပန်းချီ ဆင့်ပွားသင်တန်းကို ဇန်နဝါရီ ၁၄ ရက်က စတင်ဖွင့်လှစ်သင်ကြားလျက်ရှိပြီး သင်တန်းသို့ ကလေးငယ် ၂၆ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

သင်တန်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးက အခြေခံပန်းချီပညာရပ်များကို သင်ကြားပေးလျက်ရှိပြီး သင်တန်းစတင်ဖွင့်လှစ်သည့်နေ့တွင် မျဉ်းလဲ၊ မျဉ်းယိုင်၊ မျဉ်းမတ်များအကြောင်းကို ရှင်းလင်းပြသ၍ လေ့ကျင့်စေခဲ့ကာ သင်တန်းတွင် သီးနှံများ၊ တိရစ္ဆာန်ပုံများကို ရေးဆွဲတတ်စေရန်နှင့် အင်္ဂလိပ်အက္ခရာများနှင့်တွဲဖက်၍ ပန်းချီပုံများ ဆက်လက်ရေးဆွဲတတ်စေရန် လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းကို မတ်လအထိ အပတ်စဉ်စနေနေ့တိုင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၁၀၁)



# မန်ယူအသင်းခေါင်းဆောင် ပေါ့ဂ်ဘာဖြစ်နိုင်

မန်ယူအသင်း၏ ခေါင်းဆောင်သည် အနာဂတ်တွင် ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို ပေးနိုင်ဖွယ်ရှိကြောင်း မန်ယူနည်းပြ မော်ရင်ဟိုက ထုတ်ဖော်ပြောကြားလိုက်သည်။ ပေါ့ဂ်ဘာသည် မန်ယူအသင်းခေါင်းဆောင် တာဝန်နှင့် ထိုက်တန်သော အရည်အချင်းရှိကြောင်း ၎င်းက ထပ်ဆင့်ပြောကြားသည်။

"မန်ယူအသင်းဟာ သမိုင်းအစဉ်အလာကောင်းတဲ့ အသင်းဖြစ်ပြီး အသင်းခေါင်းဆောင်ဆိုတာကလည်း ကစားသမားတွေအတွက်ရော အသင်းရလဒ်ကောင်းအောင်အတွက်ပါ အရေးပါတဲ့သူတစ်ဦးဖြစ်ပါတယ်။ ဒီအရည်အချင်းတွေ ပေါ့ဂ်ဘာမှာ ရှိပါတယ်"ဟု မော်ရင်ဟိုက ပြောသည်။

မန်ယူအသင်းသို့ ပြီးခဲ့သည့် နွေရာသီက ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၈၉ ဒသမ ၃ သန်းဖြင့် ဂျူဗင်တပ်စ်မှ ပြောင်းရွှေ့ရောက်ရှိလာသည့် ပေါ့ဂ်ဘာသည် လက်ရှိအချိန်၌ မန်ယူအသင်းအတွက် အကျိုးပြုမှုများစွာ ပံ့ပိုးပေးနိုင်နေပြီဖြစ်သည်။ ကွင်းလယ်ကစားသမားတစ်ဦးအနေဖြင့် အထက်၊ အောက်နေရာစုံကစားနိုင်ပြီး အသင်းအောင်မြင်ရေးအတွက် စွမ်းဆောင်ပေးနိုင်သူဖြစ်သည်။

အသက် ၂၃ နှစ်အရွယ် ပေါ့ဂ်ဘာသည် ၎င်းပါဝင်ကစားသည့်ပွဲများတွင် မန်ယူကစားသမားများကို စိတ်ဓာတ်မြှင့်တင်နိုင်အောင် ဆွဲဆောင်နိုင်သလို အသင်းလိုက်စွမ်းဆောင်မှု မြင့်မားအောင်လည်း အားထုတ်နိုင်သည့် ကစားသမားတစ်ဦးလည်းဖြစ်ကြောင်း မော်ရင်ဟိုက မှတ်ချက်ပြုထားသည်။



# ဗီဒယ် ချယ်လ်ဆီးသို့ မပြောင်းဖြစ်

ဘိုင်ယန်မြူးနစ်အသင်းတွင် ခြေစွမ်းပြကစားနေသော ဗီဒယ်ကို ချယ်လ်ဆီးက ခေါ်ယူရေး ကြိုးစားသော်လည်း ဘိုင်ယန်မြူးနစ်နည်းပြ အန်ဆယ်လော့တီက ရောင်းချမည် မဟုတ်ကြောင်း ပယ်ချလိုက်ပြီဖြစ်သည်။ ကွင်းလယ်ကစားသမားလိုအပ်နေသော ချယ်လ်ဆီးသည် အော်စတာကို ရောင်းချထားသော ငွေကြေးရှိနေရာ ခြေစွမ်းထက်မြက်သည့် ကစားသမားတစ်ဦးကို ရှာဖွေနေခြင်းဖြစ်သည်။

"ဗီဒယ်ကို ရောင်းချမှာမဟုတ်ပါဘူး၊ ချယ်လ်ဆီးပေးတဲ့ငွေကြေးကြောင့် မဟုတ်ဘဲ ကျွန်တော်တို့ အသင်းဟာ ဗီဒယ်လို ကစားသမားမျိုး လိုအပ်နေလို့ ဖြစ်ပါတယ်"ဟု ဘိုင်ယန်မြူးနစ် နည်းပြအန်ဆယ်လော့တီက ပြောကြားသည်။

ချယ်လ်ဆီးသည် ဗီဒယ်ကို ရရှိရန် ပြောင်းရွှေ့ကြေး ပေါင် ၃၈ သန်းဖြင့် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်တွင် အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော ကစားသမားအချို့ကို အသင်းမှ ပြောင်းရွှေ့ခွင့်ပြုထားသဖြင့် ဗီဒယ်ကဲ့သို့ ကစားသမားမျိုးကို လက်မလွှတ်ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ပရီမီယာလိဂ်မှာ သွားရောက်ကစားဖို့ ရင်ခုန်ပါတယ်။ ဆန္ဒလည်း ရှိပါတယ်။ ဒါပေမယ့် ဘိုင်ယန်မြူးနစ်မှာ ကစားရတာလည်း ပျော်ရွှင်နေပါတယ်"ဟု ဗီဒယ်က ပြောကြားသည်။ ချယ်လ်ဆီးမှာ ကွင်းလယ်ကစားသမားတစ်ဦးဖြည့်ဆည်းနိုင်ရေးအတွက် လောလောဆယ်တွင် ဝက်စ်ဟမ်းအသင်းမှ ပါယက်ဇ်ကို ခေါ်ယူနိုင်ရန် ကြိုးစားလျက်ရှိသည်။





# နောက်တစ်ဆင့်တက်ရေး ခြေကုန်ဖွင့်ရမယ့် လီဗာပူးတို့ရဲ့ အက်ဖ်အေဖလား တတိယအဆင့် ပြန်ကန်ပွဲစဉ်

မိုးမြင့်လင်းလက်

ဒီတစ်ပတ် ကြားရက်ဖြစ်တဲ့ ဇန်နဝါရီ ၁၈ ရက်နဲ့ ၁၉ ရက်မှာ အက်ဖ်အေဖလား တတိယအဆင့် ပြန်ကန်ပွဲစဉ်တွေကို ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ မျှော်လင့်ချက်ကြီးနေတဲ့ လီဗာပူး၊ နောက်တစ်ဆင့်တက်ဖို့ အားထုတ်မယ့် ဆောက်သမ်တန်၊ မှတ်တမ်းကောင်းရေးထိုးမယ့် ဆန်းဒါးလန်းတို့ရဲ့ စွမ်းဆောင်မှုတွေက ပရိသတ်တွေကို ရင်ခုန်သံမြန်စေဦးမှာဖြစ်ပါတယ်။ အရေးကြီးတဲ့ အဆုံးအဖြတ်ပွဲစဉ်ဖြစ်တာမို့ ရေကုန်ရေခန်းနွှဲကြမယ့် ပွဲကောင်းတွေအဖြစ် အားပေးကြရဦးမှာဖြစ်ပါတယ်။

### ပလိုင်းမောက်နှင့် လီဗာပူး

ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ပွဲရလဒ်က ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ပါတယ်။ ပလိုင်းမောက်ကွင်းမှာ ကစားရမယ့် အခုပွဲကတော့ လီဗာပူးတို့ အမာခံကစားသမားတွေ ထုတ်သုံးပါလိမ့်မယ်။ ပလိုင်းမောက်ဟာ လိဂ်-၂ မှာ တန်းစီဇယား ဒုတိယနေရာမှာ ရပ်တည်နေတာကြောင့် လီဗာပူးတို့ လျှော့တွက်လို့မရတာတော့ အမှန်ပါပဲ။ လီဗာပူးတို့ကလည်း ပရီမီယာလိဂ်မှာ စတုတ္ထအဆင့်မှာ ရပ်တည်နေတဲ့ အသင်းဖြစ်ပါတယ်။ လီဗာပူးဟာ ဆောက်သမ်တန်ကို ရှုံးခဲ့တာကြောင့် ဒီပွဲမှာ စိတ်ဓာတ်စွမ်းအားမြှင့်ပြီး ကစားမှာဖြစ်လို့ အခုပွဲကို လီဗာပူးရဲ့ အောင်ပွဲအဖြစ် သတ်မှတ်ရမှာဖြစ်ပါတယ်။ အကြိုက်က လီဗာပူးဖြစ်ပါတယ်။

### ဘန်လေနှင့် ဆန်းဒါးလန်း

ဂိုးမရှိသရေဖြစ်ခဲ့တဲ့အတွက် ပြန်ကစားရတဲ့ ဒီနှစ်သင်းဟာ အပြိုင်ခြေကုန်ဖွင့်ကစားမှာဖြစ်ပါတယ်။ ဆန်းဒါးလန်းဟာ ပရီမီယာလိဂ်မှာ တန်းဆင်းဇုန်ထဲရောက်နေပြီး ခြေစွမ်းကျဆင်းနေပါတယ်။ ဘန်လေတို့ကတော့ တန်းစီဇယားမှာ အဆင့် ၁၂ နေရာမှာရှိနေပြီး တိုက်စစ်ရော ခံစစ်ပါ ဟန်ချက်ညီအောင် ကစားနိုင်တဲ့ ဘန်လေဟာ လက်ရှိခြေစွမ်းအရ ဒီပွဲကို အနိုင်ကစားပါလိမ့်မယ်။

### ခရစ္စတယ်ပဲလေ့စ်နှင့် ဘော်လ်တန်

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံတဲ့ပွဲမှာ ဂိုးမရှိသရေဖြစ်ခဲ့ပါတယ်။ ပဲလေ့စ်ရဲ့ လက်ရှိခြေစွမ်းက အတက်အကျရှိနေပြီး ခံစစ်ပိုင်းမှာ အားနည်းချက်ရှိနေပါတယ်။ တိုက်စစ်ဖွင့်ကစားတတ်တဲ့ ပဲလေ့စ်ဟာ ပထမတန်းမှာ ပုံမှန်ခြေစွမ်းပြနေတဲ့ ဘော်လတန်ကို ခက်ခက်ခဲခဲ ရင်ဆိုင်ရပါလိမ့်မယ်။ ခံစစ်ပိုင်းမာကျောပြီး အမှားအယွင်းနည်းတဲ့ ဘော်လ်တန်ဟာ နိုင်ပွဲကို အပြင်းအထန်ရှာဖွေပါလိမ့်မယ်။ အကြိုက်က ပဲလေ့စ်ဖြစ်ပေမယ့် အနိုင်က ဘော်လ်တန်ဖြစ်သွားနိုင်ပါတယ်။

### ဘန်စလေနှင့် ဘလက်ပူး

ချန်ပီယံရှစ်မှာ ခြေမမှန်တဲ့ ဘန်စလေနဲ့ လိဂ်-၂ မှာ ရလဒ်မကောင်းတဲ့ ဘလက်ပူးတို့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ ဂိုးမရှိသရေဖြစ်ခဲ့ပါတယ်။ ဘန်စလေတို့က အိမ်ကွင်းဆိုရင် တိုက်စစ်မှူးတွေ ဂိုးသွင်းနိုင်တာမို့ ဘလက်ပူးတို့ရဲ့ခံစစ်က ဘယ်လိုတားဆီးနိုင်မလဲ ကြည့်ရမှာပါ။ လက်ရှိခြေစွမ်းအရ ဘန်စလေတို့ အားသာချက်ရှိနေတာတော့ အမှန်ပါပဲ။

### ဆောက်သမ်တန်နှင့် နော့ဝှစ်ချ်

နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့လို့ ဒီနှစ်သင်းပြန်ကန်ပွဲစဉ်မှာ ဆောက်သမ်တန်တို့ နိုင်ပွဲရအောင် ကစားပါလိမ့်မယ်။ တိုက်စစ်အားနည်းချက်ရှိနေတဲ့ ဆောက်သမ်တန်ဟာ ဒီပွဲမှာ ခံစစ်ပိုင်းလျော့ရဲနေတဲ့ နော့ဝှစ်ချ်ကို ဂိုးရအောင် သွင်းပြီး ရလဒ်ကောင်းအောင် အားထုတ်ပါလိမ့်မယ်။ ချန်ပီယံရှစ်ကလပ် နော့ဝှစ်ချ်အတွက်တော့ အက်ဖ်အေပွဲစဉ်က နှုတ်ဆက်ရမယ့်အခြေအနေ ကြုံတွေ့ရနိုင်ပါတယ်။

### နယူးကာဆယ်နှင့် ဘာမင်ဂမ်

နောက်ဆုံးပွဲမှာ တစ်ဂိုးစီသရေဖြစ်ခဲ့တာမို့ ဒီပွဲမှာ ချန်ပီယံရှစ်ကလပ်နှစ်သင်းရဲ့ အဆုံးအဖြတ်ဟာ ဘယ်အသင်းဘက် အလေးသာသွားမလဲဆိုတာ စိတ်ဝင်စားစရာပါပဲ။ ချန်ပီယံရှစ်မှာတော့ နယူးကာဆယ်တို့က ခြေစွမ်းပြနိုင်နေပြီး ရလဒ်လည်း ကောင်းနေပါတယ်။ တိုက်စစ်ပိုင်းထက်မြက်ပြီး ခံစစ်ပိုင်းကျစ်လျစ်တဲ့ နယူးကာဆယ်ကို ဘာမင်ဂမ်တို့ ယှဉ်ဖို့ မလွယ်ပါဘူး။ နယူးကာဆယ်တို့ အနိုင်ရအောင်ကစားပြီး နောက်တစ်ဆင့်တက်သွားပါလိမ့်မယ်။ ။

# ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ အောင်မြင်မှုရမည်ဟု ယုံကြည်ကြောင်း ဆီရီနာဝီလျံပြောကြား

အမေရိကန် တင်းနစ်မယ် ဆီရီနာဝီလျံသည် ယခုနှစ်တွင် ကျင်းပမည့် ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် ဗိုလ်စွဲနိုင်ခြေနည်းပါးနေကြောင်း၊ ပြိုင်ဘက်ကောင်းများကို ဖြတ်ကျော်နိုင်ရေး ခက်ခဲမှုရှိမည်ဖြစ်ကြောင်း သိရသည်။

ဆီရီနာဝီလျံသည် ၂၀၁၇ ခုနှစ် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ကမ္ဘာ့အဆင့်(၇) ရပ်တည်ခဲ့ဖူးသည့် ဆွစ်ဇာလန်တင်းနစ်မယ် ဘင်ဆစ်နှင့် ဆင်နွှဲရမည်ဖြစ်သည်။ ဆီရီနာဝီလျံအနေဖြင့် ဘင်ဆစ်ကို အနိုင်ယူခဲ့ပြီးပါက စတုတ္ထအဆင့်တွင် လက်ရှိ ဆစ်ဒနီအိုးပင်းတင်းနစ်ချန်ပီယံ ကွန်တာနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

ဆက်လက်ပြီး ကွာတားဖိုင်နယ် တက်ရောက်လာပါကလည်း ဆလိုဗက်ကီးယားတင်းနစ်မယ် ဆီဘူလ်ကိုဗာအားကျော်ဖြတ်ရဦးမည်ဖြစ်ရာ ပွဲကျပ်များဖြစ်နေသည်။ တစ်ဖန်ကွာတားဖိုင်နယ်ကို ကျော်ဖြတ်ပြီးပါကလည်း ဆီမီးဖိုင်နယ်တွင် ယူအက်စ်အိုးပင်းချန်ပီယံ ပလီစကိုဗာနှင့် ဆုံတွေ့ရမည်ဖြစ်ရာ ဆီရီနာဝီလျံမှာ ပလီစကိုဗာကို ရှုံးပွဲ ကြုံတွေ့ဖူးထားသဖြင့် ခက်ခဲလျက်ရှိသည်။

သို့သော် ဆီရီနာဝီလျံသည် အခက်အခဲများကို ကျော်ဖြတ်ပြီး ချန်ပီယံအကြိမ်ကြိမ်ဖြစ်ခဲ့ဖူးသော မှတ်တမ်းကောင်းများမိမိတွင်ရှိကြောင်း၊ ဩစတြေးလျ အိုးပင်းပြိုင်ပွဲတွင် အောင်ပွဲခံမည်ဟု ယုံကြည်မှုရှိနေကြောင်း ထုတ်ဖော်ပြောကြားလျက်ရှိသည်။

ကောင်းမြတ်သူ - စုစည်းသည်။



# မြန်မာနိုင်ငံဆရာဝန်သင်း(ဗဟို)မှ အခမဲ့ကွင်းဆင်းဆေးကုသပေး

**ချောင်းဆုံ ဇန်နဝါရီ ၁၆**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ ပြည်သူများအား ကျန်းမာရေးအသိပညာပေးခြင်းနှင့် အခမဲ့ကျန်းမာရေးပြုစုစောင့်ရှောက်မှုများကို မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အစာအိမ် အူလမ်းကြောင်းဆိုင်ရာနှင့် အသည်းရောဂါအထူးကုဆရာဝန်များအဖွဲ့ ဇန်နဝါရီ ၁၄ ရက်က လာရောက်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချောင်းဆုံမြို့မင်းကျောင်းဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည့် ကျန်းမာရေးကွင်းဆင်းဆောင်ရွက်ခြင်းနှင့် အသိပညာပေး ဟောပြောပွဲတွင် အသည်းရောင်ဘီပိုး ကာကွယ်ဆေးထိုးခြင်း၊ အစာအိမ်နှင့် အသည်းရောဂါ လူနာများအား ဆေးကုသပေးခြင်း၊ အစာအိမ်မှန်ပြောင်းကြည့်ခြင်းများနှင့် အသည်းရောင်အသားဝါအကြောင်း သိကောင်းစရာများကို ရန်ကုန်အထူးကုဆေးရုံမှ အသည်းရောဂါ ဆေးပညာဌာန ပါမောက္ခ ဦးဝင်းနိုင်ကလည်းကောင်း၊ အစာအိမ်ရောဂါအကြောင်း သိကောင်းစရာများကို အစာအိမ်နှင့် အူလမ်းကြောင်းအထူးကုဌာနမှ ပါမောက္ခဦးသိန်းမြင့်တို့ကလည်းကောင်း ဟောပြောခဲ့ကြ သည်။



ထို့နောက် ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ရာ အသည်းရောင်အသားဝါဘီပိုး ကာကွယ်ဆေးထိုးခြင်းကို ပြည်သူ ၄၀၀၊ အသည်းရောင်အသားဝါရောဂါ ကုသခြင်းကို ပြည်သူ ၃၂၂ ဦး၊ အစာအိမ်ရောဂါနှင့်ပတ်သက်၍ ကုသခြင်းကို ပြည်သူ ၃၃၄ ဦး၊ အစာအိမ်မှန်ပြောင်းကြည့်ခြင်းကို ကိုးဦးအား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။
**ထူးအိမ် (ပြန်/ဆက်)**

# မိတ္ထီလာမြို့နယ်အတွင်း၌ နွေစပါးနှင့် အခြားသီးနှံ ဧက ၂၃၇၀ စိုက်ပျိုးမည်

**မိတ္ထီလာ ဇန်နဝါရီ ၁၆**
မိတ္ထီလာမြို့နယ်၌ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း မိတ္ထီလာကန်၊ မုန်တိုင်ဆည်၊ ချောင်းကောက်ဆည်၊ ညောင်ကုန်းတမံ၊ လက်ခုပ်ပင်တမံ၊ လွန်ငင်ဆည်နှင့် ရှမ္မငယ်ဆည်မှ ရေများဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် နွေစပါးနှင့် အခြားသီးနှံ စုစုပေါင်း ဧက ၂၃၇၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်အတွင်း၌ ဆည်ရေ၊ ကန်ရေများဖြင့် နွေစပါး၊ နွေနှမ်း၊ မိုးကြိုဝါ စသည့်သီးနှံများ စိုက်ပျိုးနိုင်ရန် လျာထားရာတွင် မိတ္ထီလာကန်ရေဖြင့် လျှော်ဖြူကန်၊ မကျီးစု၊ ရှမ်းတဲ၊ ဇောင်းချမ်းကုန်း၊ စက်ပစ်တောင်၊ ပျဉ်သာ၊ ကဖြူ၊ ကံကြီးနှင့် တောမကျေးရွာများ၌ နွေစပါး ဧက ၁၅၀၀ နှင့် နွေနှမ်း ဧက ၅၀ စိုက်ပျိုးရန်လျာထားပြီး မုန်တိုင်ဆည်ရေဖြင့် မုန်တိုင်၊ သီးကုန်း၊ မြင်ကန်ကျေးရွာများတွင် နွေးစပါး ဧက ၁၆၀ နှင့် နွေနှမ်း ၂၅ ဧက လျာထားလျက်ရှိသည်။

ထို့အတူ ချောင်းကောက်ဆည်ရေဖြင့် ကုက္ကိုကုန်းနှင့် ကွက်ငယ် ကျေးရွာများတွင် နွေစပါး ဧက ၄၀၀ နှင့် နွေနှမ်း ၂၅ ဧက၊ ညောင်ကုန်းဆည်ရေဖြင့် ခင်တဲကျေးရွာ၌ နွေစပါး ဧက ၅၀ နှင့် မိုးကြိုဝါ ဧက ၁၀၀၊ ရှမ္မငယ် ဆည်ရေဖြင့် ရှမ္မငယ်ကျေးရွာ၌ နွေစပါး ၁၀ ဧက၊ လက်ခုပ်ပင်ဆည်ရေဖြင့် အင်းကျေးရွာ၌ နွေစပါး ၂၅ ဧကနှင့် မိုးကြိုဝါ ၂၅ ဧက အသီးသီး လျာထားသတ်မှတ်ထားရာ မြို့နယ်အတွင်း၌ နွေစပါး စုစုပေါင်း ၂၁၄၅ ဧက၊ နွေနှမ်း ဧက ၁၀၀ နှင့် မိုးကြိုဝါ ၁၂၅ ဧက လျာထားချက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်ငြိမ်း၏ ပြောကြားချက်အရ သိရသည်။
**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# လွိုင်လင်မြို့နှင့် ကွန်ဟိန်းမြို့၌ မီနီမာရသွန်ပြိုင်ပွဲများ ကျင်းပ

**လွိုင်လင် ဇန်နဝါရီ ၁၆**
၂၀၂၀ ခုနှစ် ရှမ်းပြည်နယ်တစ်ခွင် ဆေးလိပ်ငွေ့ကင်းစင် အထိမ်းအမှတ် မီနီမာရသွန်အပြေးပြိုင်ပွဲများကို ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်အတွင်းရှိ လွိုင်လင်မြို့နှင့် ကွန်ဟိန်းမြို့များ၌ ဇန်နဝါရီ ၁၄ ရက်နှင့် ၁၅ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

ဇန်နဝါရီ ၁၄ ရက်က ကျင်းပသော ကွန်ဟိန်းမြို့ မီနီမာရသွန်ပြိုင်ပွဲတွင် ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးပြီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၅၆ ဦး ပါဝင်ယှဉ်ပြိုင်ကြကာ နမ့်စမ်းကျေးရွာမှ မဟာကမ္ဘာဇပြည်ငြိမ်းအေးစေတီတော်အထိ ယှဉ်ပြိုင်ကြပြီးနောက် ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။



ဇန်နဝါရီ ၁၅ ရက်က လွိုင်လင်မြို့ အားကစားကွင်းရှေ့၌ ကျင်းပသည့် ပြိုင်ပွဲတွင်လည်း ပြည်နယ်ဝန်ကြီးက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးပြီး အဆိုပါပြိုင်ပွဲတွင် အားကစားသမား ၃၅၀ က ခရီးတာ ခြောက်မိုင်အကွာအဝေးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကာ ဆုရရှိသူများအား ပြည်နယ်ဝန်ကြီး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။ လွိုင်လင်မြို့ မီနီမာရသွန်ပြိုင်ပွဲကို အမျိုးသား အကြီးတန်း၊ အမျိုးသား အငယ်တန်းနှင့် အမျိုးသမီးအလွတ်တန်းဟု အတန်းသုံးတန်းခွဲ၍ ကျင်းပခဲ့ကြောင်း သိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**

# သာသနာ့ဒါယကာ ရှင်ပြုအသင်းကြီး နှစ်(၁၀၀)ပြည့် ကျင်းပမည်

**လက်ပံတန်း ဇန်နဝါရီ ၁၆**
ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ သာသနာ့ဒါယကာရှင်ပြုအသင်းကြီးမှာ နှစ်(၁၀၀) ပြည့် အကြိမ် (၁၀၀)မြောက် စုပေါင်းရှင်ပြုပွဲကြီးကို မတ် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအသင်းကြီးမှာ ၁၂၇၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မိဘမဲ့ကလေးများနှင့် ဆင်းရဲနွမ်းပါးကလေးများကို သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခဲ့သည်မှာ ရဟန်းပေါင်း ၂၀၊ ရှင်အပါးပေါင်း ၄၃၈၆ ရှိပြီး ယခုနှစ်တွင် ရှင်အပါး ၁၀၀၊ ရဟန်းလောင်း ၁၅ ဦးကိုလည်း သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်သွားမည်ဖြစ်ရာ တစ်ပါးလျှင် သုံးသောင်းနှုန်းဖြင့် အဝေးရောက် မြို့သူမြို့သားများနှင့် အလှူရှင်များအနေဖြင့် ဖုန်း-၀၉-၄၂၃၆၇၂၄၇၄၊ ၀၉-၅၃၇၂၁၅၅၊ ၀၉-၄၂၃၆၈၂၀၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။
**အောင်ဆင့် (လက်ပံတန်း)**

# တိုင်းရင်းဆေးဖြင့် အခမဲ့ ဆေးဝါးကုသပေး

**မိုင်းယောင်း ဇန်နဝါရီ ၁၆**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ဝမ်မန်းကျေးရွာအုပ်စု၊ ယမ်းပုံးကျေးရွာနှင့် ဝမ်ဖြတ်ကျေးရွာများ၌ ဒေသခံပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးဝါးကုသပေးခြင်းနှင့် ပညာပေးလုပ်ငန်းများအဖြစ် သစ်တောဆိုင်ရာများ အသိပညာပေးခြင်း၊ တောင်သူပညာပေးဆွေးနွေးခြင်းနှင့် နယ်လှည့်စာကြည့်တိုက် လုပ်ငန်းများကို ဌာနဆိုင်ရာများပူးပေါင်း၍ ဇန်နဝါရီ ၁၄ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆေးဝါးမကုသပေးမီတွင် မြို့နယ်တိုင်းရင်းဆေးကုဌာနမှူး ဦးဝေဇော်က တိုင်းရင်းဆေးအကြောင်းနှင့် ကျန်းမာရေးဆိုင်ရာများကို ဒေသခံပြည်သူများအား အသိပညာပေး ဆွေးနွေးဟောပြောသည်။

ထို့နောက် ကျေးလက်နေပြည်သူများအား မြို့နယ်တိုင်းရင်းဆေးမှူးနှင့် လက်ထောက်တိုင်းရင်းဆေးမှူး ဦးအောင်ဆွေသက်တို့ဦးဆောင်သော မြို့နယ်တိုင်းရင်းဆေးကုဌာန ဝန်ထမ်းများက ရောဂါများစမ်းသပ်ခြင်းနှင့် တိုင်းရင်းဆေးဖြင့် ကုသပေးခြင်းတို့ကို အခမဲ့ ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း ဒေသခံပြည်သူများအတွက် စာဖတ်ဝိုင်းများပြုလုပ်၍ စာအုပ်များဖတ်ရှုစေခဲ့ပြီး ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲများလည်း ခင်းကျင်းပြသပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# ကြိမ်၊ ဝါး၊ နှီး(အခြေခံ)လက်မှုသင်တန်းဖွင့်

**ရွှေဘို ဇန်နဝါရီ ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကြိမ်၊ ဝါး၊ နှီး (အခြေခံ) လက်မှုသင်တန်း အမှတ်စဉ်(၇/၂၀၁၇)ကို ဇန်နဝါရီ ၁၂ ရက်က ကျောက်မြောင်းမြို့ အမှတ်(၄)ရပ်ကွက် လက်ရွေးဘုန်းကြီးကျောင်း ဓမ္မာရုံ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေဇင်လတ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးကျော်သူတို့က အမှာစကားပြောကြားသည်။ သင်တန်းသို့ ရွှေဘိုမြို့နယ်အတွင်း ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက် ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်ရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် မိသားစုဝင်ငွေ တိုးတက်စေရေး၊ တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးရည်ရွယ်ပြီး အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုးသင်တန်း၊ ကွန်ပျူတာ (အခြေခံ) သင်တန်း၊ ဆိုင်ကယ် (အခြေခံ) ပြုပြင်သင်တန်း၊ လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

# ကိုယ့်အားကိုယ်ကိုးမူလွန်ကျောင်းနှင့် ဓမ္မစကူးလ်သင်တန်းကျောင်း ဆောက်လုပ်ရန် အလှူငွေသိန်း ၁၀၀ လှူဒါန်း

**သံတွဲ ဇန်နဝါရီ ၁၆**
သံတွဲမြို့နယ် ရွှေကျောင်းပြင်ကျေးရွာတွင် ရွှေကျောင်းပြင်ကျေးရွာကိုယ့်အားကိုယ်ကိုးမူလွန်ကျောင်းနှင့် ဓမ္မစကူးလ်သင်တန်းကျောင်း ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီလ ပထမပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် အဆိုပါကျောင်းဆောက်လုပ်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သုခိတာရာမပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တမာឃိန္ဒ (သာသနာဓဇဓမ္မာစရိယ) အမှူးပြုသည့် ဒါယကာ၊ ဒါယိကာမများစုပေါင်းလှူဒါန်းသည့် အလှူငွေသိန်း ၁၀၀ အား သံတွဲခရိုင်အသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ကြည်မြင့်က ပေးအပ်လှူဒါန်းရာ ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျန်အောင် (မြို့နယ်ပညာရေးမှူး (ငြိမ်း)) က လက်ခံရယူသည်။

အဆိုပါ ကျောင်းဆောင်မှာ အလျား ပေ ၉၀၊ အနံ ပေ ၃၀ တစ်ထပ်အုတ်စီ သွပ်မိုးအဆောက်အအုံနှင့် ဓမ္မစကူးလ်သင်တန်းကျောင်း ဆောက်လုပ်မည်ဖြစ်ပြီး ဘာသာရေး၊ ပညာရေးစေတနာရှင်အလှူရှင်များအနေဖြင့် ဖုန်း-၀၉-၅၃၂၁၁၇၂ နှင့် ၀၉-၂၆၂၂၆၇၀၉၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။**(ခရိုင် ပြန်/ဆက်)**



# စွယ်တော်စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်






■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊ သီရိရတနာ လက်လီလက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တို့နှင့် အနီးဆုံးနေရာတွင်တည်ရှိပြီး ရန်ကုန်စက်မှုဇုန် ၊ မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ်တွင်တည်ရှိသည့် စီးပွားရေးအရ အချက်အခြာကျသောနေရာ ဖြစ်သည်။



■ မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ မြေကေ (၃၀)ပေါ်တွင်တည်ဆောက်နေသည့် စီမံကိန်း ဖြစ်ပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့် အချိုးကျ မြေပိုင်ဆိုင်မှု ခိုင်မာစွာ ရရှိနိုင်မည့် စုပေါင်းအိမ်ရာဖြစ်သည်။

■ ထိုင်းနိုင်ငံ G4 Architect မှ ရေးဆွဲသော ဗိသုကာဒီဇိုင်း၊ Pile - Foundation၊ ခေတ်မီ Post-Tensioned စံနစ်ဖြင့် 10" Concrete Slab၊ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်မည့် (၈)ထပ် အဆင့်မြင့် ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦးတိုင်းတွင် 2500 sq-ftခန့် ကျယ်ဝန်းသော Lobby ပါရှိပါသည်။



900 sq-ft for 2 Bedrooms
1260 sq-ft for 3 Bedrooms

■ အဆောက်အဦးတိုင်းတွင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး၊ Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များ ပါဝင်ပြီး စုပေါင်းအိမ်ရာဝင်း တစ်ခုလုံးအတွင်း Underground Cableများကိုသာ အသုံးပြုထားပါသည်။

■ ရေကူးကန်များ ၊ စားသောက်ဆိုင်၊ Fitness Center, SPA, Steam, Sauna , Jacuzzi, Convenience Store၊ ကလေးကစားကွင်း နှင့် လူ (၃၀၀)ခန့် စုဝေးနိုင်သော မြက်ခင်းပြင်/ခန်းမကျယ်များ ပါဝင်သည့် Clubhouse တစ်ခု ပါရှိပါသည်။



■ (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန် ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများ၊ အဆောက်အဦး ပတ်လည်တွင် သာယာလှပသော ပန်းခြံ ဥယျာဉ်နှင့် ယာဉ်ရပ်နားရန် Car Parking နေရာများ ပြည့်စုံလုံလောက်စွာ ပါဝင်ပါသည်။




အထူးအစီအစဉ်အနေဖြင့် ပထမပုဂ္ဂလိကဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်များနှင့် ချိတ်ဆက်၍ အရစ်ကျ ငွေပေးချေမှုစနစ်များဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

တစ်ပေပတ်လည်လျှင် ၉၀၀၀၀/- နှုန်း မှစတင်၍ ရောင်းချပေးနေပါပြီ

**DEVELOPER-**

GRAND STYLE CO.,LTD.၊ အမှတ်(၂၄၅)၊ ဗားကရာလမ်း (မြေနီကုန်းဂမုန်းပွင့်) ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**TEL :09-799-332211 , 09-799-221133, 09-797-221133**

# ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

**တံဆိပ်စက္ကူပေါ်တွင်ကပ်နှိပ်ထားသော 'ကိန္နရီ' အရုပ်နှင့်စာသားပါ (Hologram) လေဆာရောင်ပြန်ပြား**




၄/၅၁၄၁/၂၀၀၂

**လုံချည်ချုပ်ရိုးတွင် ထည့်သွင်းချုပ်ထားသည့် 'ကိန္နရီ' စာသား နှစ်ဖက်ပါ အသားတံဆိပ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃) ရပ်ကွက်၊ မဟာဗောဂ (၂) လမ်း၊ အမှတ် (၂၀၇)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးလှမျိုး [၁၂/ကမရ(နိုင်) ၀၃၀၁၄၇]သည် အထက်ဖော်ပြပါ **ကိန္နရီ**အဆင့်မြင့်ချည်ချောလုံချည် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ်အသုံးပြုနိုင်ရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတော်တွင် စာချုပ်မှတ်ပုံတင်အမှတ် ၄/၅၁၄၁ (၁၉-၉-၂၀၀၂) ရက်အရ တရားဝင်မှတ်ပုံတင်ပြီး အဆင့်မြင့်သဘာဝချည်သားစစ်စစ်ဖြင့် အဆင့်မြင့်ချည်ဆိုးဆေးများအသုံးပြုကာ မိမိတို့ကိုယ်တိုင် စက်ရက်ကန်းဖြင့်ရက်လုပ်ခြင်း၊ စိတ်တိုင်းကျအရည်အသွေးစစ်ဆေးကာ ချုပ်လုပ်ခြင်း၊ ထုတ်လုပ်သော အသင့်ချုပ်ပြီး အမျိုးသားဝတ် ချည်ချောလုံချည်အမျိုးမျိုးကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

**ကိန္နရီ**အဆင့်မြင့်ချည်ချောလုံချည်ကုန်အမှတ်တံဆိပ်ဖြင့် ကိုယ်တိုင်ရက်လုပ်ဖြန့်ဖြူးရောင်းချသည့် ကုန်ပစ္စည်းများ၏အရည်အသွေး ကောင်းမွန်အဆင့်မြင့်သော ဂုဏ်သတင်းများဖြင့် နာမည်ကောင်းသတင်းကျော်ကြား လူကြိုက်များကာ အများပြည်သူတို့က ဝယ်ယူအားပေး နှစ်သက်စွာ သုံးစွဲကြသည်ကို ကုန်ပစ္စည်းတံဆိပ်ပိုင်ရှင် ဦးလှမျိုးက ကျေးဇူးတင်ဝမ်းမြောက်ဝမ်းသာရှိရပါသည်။ သို့ပါသော်လည်း ယခုအခါ မသမာသူအချို့က **ကိန္နရီ** အဆင့်မြင့်ချည်ချောလုံချည် အမည်တံဆိပ်ကိုတုပ၍ ဆင်တူယိုးမှားပုံပြုကာ အရည်အသွေးညံ့ဖျင်းသည့် လုံချည်၊ ပုဆိုးများတွင်ကပ်နှိပ်၍ **ကိန္နရီ** မှထုတ်လုပ်သော ဒုတိယတန်းစားလုံချည်၊ ပုဆိုးဟု လိမ်လည်ပြောဆိုကာရောင်းချနေကြောင်း ကြားသိရပါသည်။

**ကိန္နရီ** အဆင့်မြင့်ချည်ချောလုံချည်အစစ်အမှန်တွင် -

(က) **ကိန္နရီ**စက္ကူတံဆိပ်ပေါ်တွင်ရိုက်နှိပ်ထားသည့် '**ကိန္နရီ**'အရုပ်သည် မျက်မြင်အရ လက်ဝဲ(ဘယ်ဘက်)သို့ မျက်နှာလှည့်ပါသည်။ ယင်းစက္ကူတံဆိပ်တွင် အဆင့်မြင့်ချည်ချောလုံချည် ပင်ရင်း - **ကိန္နရီ** အထည်စက်၊ သဲတောမြို့။ ဖုန်း-၀၆၄-၅၀၁၃၁၊ ရန်ကုန်ဖြန့်ချိရေး- ၀၁-၅၂၆၂၂၈ ဟု ရေးသားဖော်ပြထားပါသည်။



(ခ) **ကိန္နရီ** သည် စာလုံးသုံးလုံးသာရှိပါသည်။ ကိ(၁) န္န(၂) ရီ(၃)

(ဂ) **ကိန္နရီ** စာ၏ရှေ့တွင်လည်းကောင်း၊ နောက်တွင်လည်းကောင်း မည်သည့်အပိုစာလုံးမှမပါရှိပါ။ ------ **ကိန္နရီ** ------

(ဃ) **ကိန္နရီ** ကို 'ရ'ဖြင့်သာ 'ရီ'ပါသည်။ ------ **ကိန္နရီ** ------

(င) **ကိန္နရီ** ကို နငယ်နှစ်လုံးဆင့် 'န္န'ဖြင့်ရိုက်နှိပ်ထားပါသည်။ ------ **ကိန္နရီ** ------

(စ) **ကိန္နရီ** အမှတ်တံဆိပ်စက္ကူပေါ်တွင် '**ကိန္နရီ**'အရုပ်နှင့် '**ကိန္နရီ**'ဟုဖော်ပြပါရှိသော လေဆာရောင်ပြန်ပြား (**ကိန္နရီ** Hologram) **ကိန္နရီ** ထပ်ဆင့်ကပ်ထားပါသည်။

(ဆ) လုံချည်ချုပ်ရိုးတွင် နက်ပြာရောင်အောက်ခံအပေါ်၌ ရွှေအိုရောင်ဖြင့် '**ကိန္နရီ**'စာတန်းနှစ်ဖက်ရိုက်နှိပ်ထားသည့် အသားတံဆိပ် **ကိန္နရီ®** ထည့်သွင်းချုပ်ထားပါသည်။

(ဇ) **ကိန္နရီ** အမည်တံဆိပ်ပါ ပလတ်စတစ်အိတ်ခွံများဖြင့် **ကိန္နရီ** လုံချည်ကို ထည့်သွင်းထုပ်ပိုးထားပြီး ၎င်းပလတ်စတစ်အိတ်ခွံပေါ်တွင်လည်း **ကိန္နရီ**အထည်စက်၊ သဲတောမြို့၊ ဖုန်း-၀၆၄-၅၀၁၃၁၊ ၅၀၃၂၅၊ ၅၀၄၆၄၊ ရန်ကုန် ဖုန်း-၀၁-၅၂၆၂၂၈ ဟု ဖော်ပြပါရှိပါသည်။

**ကိန္နရီ** ပုဆိုး၊ လုံချည်ထုတ်လုပ်ရေးလုပ်ငန်းမှ **ကိန္နရီ** အဆင့်မြင့်ချည်ချောလုံချည်နာမည်ဆင်တူယိုးမှားဖြင့် မည်သည့်ဒုတိယတန်းစားပုဆိုး၊ လုံချည်ကိုမှ ထုတ်လုပ်ရောင်းချခြင်းမရှိပါ။ **ကိန္နရီ** အဆင့်မြင့်ချည်ချောလုံချည် ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်ထားသူ တစ်ဦးတည်းမူပိုင် ဦးလှမျိုးမှလွဲ၍ မည်သူမဆို အမှတ်တံဆိပ်တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထင်ယောင်ထင်မှား၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ သံတူကြောင်းကွဲ စာသား၊ အရုပ်တံဆိပ်များ တုပပြုလုပ်သုံးစွဲပြီး အရည်အသွေးညံ့သည့်ပုဆိုး၊ လုံချည်များတွင် ကပ်နှိပ်ရောင်းချနေသူများအပေါ် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူတော့မည်ဖြစ်ပြီး ပိုင်ရှင်ဦးလှမျိုး၏ အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုများကို တရားမကြောင်းအရလည်း အရေးယူတရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှမျိုး၏ညွှန်ကြားချက်အရ -**

**ဦးအောင်မြင့် (ကမာရွတ်)**
**H.G.P, LL.B, D.B.L, D.M.L, D.I.L**
**D.Apsy (Advocate)**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၄၁၄၇/၁၉၈၇)
(၂၁၃)၊ မဟာဗောဂ(၁)လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**ကိန္နရီ ဆင်တူယိုးမှားပေါ်ပေါက်လာသည့်အခါတိုင်း အသိပေးပြောကြားပေးပြီး ကိန္နရီ အစစ်အမှန်ကို တစ်ဆင့်ပြန်လည်ရောင်းချပေးသူများနှင့် ကိန္နရီ အစစ်အမှန်ကို စိစစ်ရွေးချယ်ဝယ်ယူအားပေးသော ဝတ်ဆင်သူများအား အထူးကျေးဇူးတင်ရှိပါသည်။**

**ကိန္နရီ မှ ကိန္နရီ ဖြစ်စေဖို့ အစဉ်ကြိုးစားလျက် -**

## ဝမ်းနည်းကြေကွဲခြင်း
# ပါမောက္ခ ဒေါက်တာဦးကံညွန့်
### မျက်စိအထူးကုဆရာဝန်ကြီး
### (စာရေးဆရာ ဒေါက်တာကံညွန့်၊ မောင်မျက်စိ)
### အသက်(၇၂)နှစ်

ချစ်ခင်လေးစားရပါသော ဆရာကြီး ပါမောက္ခ ဒေါက်တာဦးကံညွန့်သည် ၁၃-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာဖေမြင့်နှင့် ဇနီး ဒေါ်ခိုင်နွယ်ဦး မိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးမြင့် (သထုံ)
### ကထိက၊ မနုဿဗေဒ(ငြိမ်း)
### ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်၊ ရန်ကုန်
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ကျောင်းလမ်း၊ အမှတ် ၂၃နေ [ဦးကြည်ညွန့်(ဒု-ဝန်ကြီး၊ ငြိမ်း)]၏ဇနီး၊ ဦးချစ်လှိုင်(နိုင်ငံခြားရေးဝန်ကြီးဌာန၊ ငြိမ်း၊ ယူကရိန်းနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ရုံး)-ဒေါ်ကြည်ကြည်သန်း (အကောက်ခွန်ဦးစီးဌာန၊ ငြိမ်း)တို့၏မိခင်၊ မောင်သန့်ဇင်ထွန်း(MAI)၊ မနှင်းသီရိ၊ မောင်နေမျိုးသီဟတို့၏အဘွားသည် ၁၅-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၇း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၁-၂၀၁၇ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# ဝမ်းနည်းကြောင်း

ကျေးဇူးရှင် တီချယ်ကြီး ဒေါ်အေးမြင့် အသက်(၈၈)နှစ်သည် ၁၅-၁-၂၀၁၇ရက် ည ၇း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။ တီချယ်ကြီး၏ သွန်သင်ဆုံးမသည့် ကျေးဇူးတရားများကို အမြဲဦးထိပ်ထားဂါရဝပြုလျက်-

**(မနုဿဗေဒမိသားစု)**
**ရန်ကုန်တက္ကသိုလ်**

---

## ဝမ်းနည်းကြေကွဲခြင်း
# ဦးမျိုးလွင်
### အသက်(၄၂)နှစ်

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးလွင် အသက်(၄၂)နှစ်သည် ၁၆-၁-၂၀၁၇ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစု**
**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန**

---

## ဦးနေမျိုးအောင် (Golden King Agency)
### အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၂၅)ရပ်ကွက်နေ (ဦးသိန်းထွန်း)(မြန်မာ့မီးရထား၊ ငြိမ်း)-ဒေါ်ခင်လှတို့၏သား၊ ကျောက်ပန်းတောင်းမြို့နေ (ဦးကျော်အေး)-ဒေါ်ကြည်ကြည်နွဲ့တို့၏သားသမက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဦးအောင်မြတ်(Golden King Angency)-ဒေါ်မိုးသူ၊ ဦးမောင်ကြီး-ဒေါ်ဖြူဖြူထွန်း၊ ကျောက်ပန်းတောင်းမြို့နေ ဦးကျော်နိုင်ဦး-ဒေါ်အေးအေးသန်း၊ ဦးဇော်နိုင်ဦး-ဒေါ်တိုးတိုးတို့၏ညီ/မောင်၊ ဦးပြည့်စုံ-ဒေါ်ငုရွှေဝါ၊ ဦးခင်မောင်ဝင်း(ကြေးမုံသတင်းစာတိုက်)-ဒေါ်ချိုချိုသွယ်၊ ဦးသီဟထွန်း-ဒေါ်ဇာဇာထွန်း(Golden King Agency)၊ ဦးသန်းဇော်ဦး-ဒေါ်ယဉ်ယဉ်မြ(ခ)ဒေါ်ပူစူးတို့၏အစ်ကို၊ တူ၊တူမ ၁၈ယောက်တို့၏ဦးလေး၊ သုဝဏ္ဏ၊ ပေါ်ဆန်းမွှေးလမ်း၊ အမှတ် ၈၀၊ အခန်း ၁နေ မနှင်းနန္ဒာအောင်၊ မောင်ဟိန်းစည်သူတို့၏ချစ်လှစွာသောဖခင်၊ ဒေါ်ခင်မျိုးအေး၏ချစ်လှ စွာသောခင်ပွန်းသည် ၁၆-၁-၂၀၁၇ရက် နံနက် ၅း၂၀နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်အေးနွဲ့
### အလပြ(ငြိမ်း)
### အထက(၅)ဗိုလ်တထောင်
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၈၊ လေးလွှာနေ (ဦးဘခိုင်-ဒေါ်သန်းတင်)တို့၏သမီး၊ဦးဌေးဝင်း(လ/ထ ညွှန်မှူး၊ ငြိမ်း၊ ပညာရေးဌာန)၏ ဇနီး၊ ဒေါ်မြတ်သီဂီဝင်း (ရေကြောင်းတက္ကသိုလ်)၊ ဒေါက်တာအောင်ကျော်စိုး (ရေကြောင်းတက္ကသိုလ်)၊ ဒေါက်တာမြတ်နွယ်နီဝင်း (သွားဘက်ဆိုင်ရာဆရာဝန်၊ရန်ကုန်ဆေးရုံကြီး)၊ဒေါက်တာအောင်ထက်(မေ့ဆေးပညာဌာန၊ရန်ကုန်ဆေးရုံကြီး)တို့၏ချစ်လှစွာသောမိခင်၊ မောင်အောင်ကောင်းမြတ် (GII-A 21 ES4E)၊ မထက်အိမ်နွယ်တို့၏အဘွားသည် ၁၅-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) ည ၁၁း၂၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်ဆေးရုံကြီး၊ တိုက်အမှတ် ၁၀၀၊ ဆရာဝန်ရိပ်သာ၊ ၁၉လမ်းဝင်ပေါက်မှ ကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသိုင်းကြူ အသက်(၈၆)နှစ်
### (မြိတ်၊ ကန်တော်လေး)
### B.Sc Engg (Mechanical)
### စက်ရုံမှူး(ငြိမ်း)
### ရှာမဓာတ်အားပေးစက်ရုံ
### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ ၉၄လမ်း၊ အမှတ် ၈၇/၉၄လမ်းနေ (ဦးဘိုးကြူ-ဒေါ်ကြင်ရွှေ)တို့၏သား၊ကန်/ရှေ့ရပ်ကွက်၊ ၉၃လမ်း၊ အမှတ် ၉၁နေ (ဦးပါ-ဒေါ်စော)တို့၏ သားသမက်၊ ဒေါ်ကြူကြူ၏ခင်ပွန်း၊ ဦးစိုင်းလင်းဦး-ဒေါ်ဂျက်ကီ(ခ)ဒေါ်တင်ယုလွင်(ခေတ္တ-ဩစတြေးလျ)၊ ဦးစိုင်းမင်းဦးတို့၏ဖခင်၊ တိုးထယ်ဝါ(ခ) NICOLE (ခေတ္တ-ဩစတြေးလျ)၊ ဝင့်ထယ်ဝါ(ခ) NATASHA(ခေတ္တ-ဩစတြေးလျ)တို့၏ ဘိုးဘိုးကြီးသည် ၁၆-၁-၂၀၁၇ရက် (တနင်္လာနေ့)နံနက် ၂း၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးမျိုးတင့်ကြည်
### B.Sc (DSA-17)
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၄၊ ပုဂံလမ်း၊ အောင်ဇေယျမြို့တော်၊ လှိုင်သာယာမြို့နယ်နေ ဒေါ်ညွန့်ယဉ်ဝင်း (MD-Landmark Co.,Ltd)၏ခင်ပွန်း ဦးမျိုးတင့်ကြည် B.Sc (DSA-17)သည် ၁၄-၁-၂၀၁၇ရက် ည ၁၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်(ငြိမ်း) ဇနီး ဒေါ်ခင်သန့်စင် မိသားစု**

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
# ပါမောက္ခ ဒေါက်တာဒေါ်မေသွင် (OG)
### သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး
### အသက်(၈၈)နှစ်

ဒိုက်ဦးမြို့နေ (ဦးဘို-ဒေါ်ငွေ)တို့၏သမီး၊ လန်ဒန်မြို့နေ [ဦးGEORGE ဘအို - ဒေါ်အေးမြင့်(ခ) ဒေါ် JENNY ဘအို)တို့၏ညီမ၊ ဦးအောင်မြင့်၊ ဦးSTANLEYဘအို၊ ဒေါ်ခင်ခင်အေးဘအို၊ ဦးKENNYဘအို၊ ဦးRICHARD ဘအိုတို့၏အဒေါ်၊ ခွန်နေဝင်း(ခ)ဖိုးနီ-ဒေါ်နိုးနိုးတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၁၅-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)ညနေ ၄း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ထွေး
### အသက်(၈၅)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ (ဦးဘဘ-ဒေါ်ငွေရင်)တို့၏သမီး၊ ဦးမောင်ကလေး-ဒေါ်မိမိကြီးတို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၆လမ်း၊ အမှတ် ၁၄၂၊ ငါးလွှာနေ ဦးနေဝင်း(အပျော်တမ်း၊ လူရွှင်တော်ကြီး၊ ဦးပလာတာ)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးတင့်ဝေ(ငြိမ်း)-ဒေါ်ရီရီမြင့်၊ ဒေါ်စန်းစန်းဝင်း၊ ဦးခင်ဇော်-ဒေါ်နုတင်၊ ဒေါ်သန်းသန်းဝင်း၊ ဦးထွန်းကျော်ဝင်း-(ဒေါ်တင်တင်မြ)၊ ဦးခင်ကျော်ဝင်း-ဒေါ်ညွန့်ညွန့်ကြည်တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၁၆-၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၂း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၆လမ်းထိပ်၊ အနော်ရထာလမ်းမှ ကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးတင်အောင်ဝင်း အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ စံပြ ဖဆပလရပ်ကွက်နေ (ဦးကြည်-ဒေါ်စိုးမြင့်)တို့၏သား၊ ရေနံချောင်းမြို့နေ (ဦးကိုလေး-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီ(၃)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် ၈၀နေ ဒေါ်ခင်နုဝေ(အလပြ၊ ငြိမ်း၊ အထက-၇၊ မ/ဥ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးစောလှိုင်-(ဒေါ်အေးကြည်မြင့်)၊ (ဦးတင်အောင်ရီ)-ဒေါ်ကြူကြူဝေ၊ ဦးတင်အောင်လင်း၊ ဒေါ်ရီမြင့်အေး(ထ-၄၊ မင်္ဂလာတောင်ညွန့်)၊ ဦးတင်အောင်လွင်-ဒေါ်ချိုချိုဇော်၊ ဦး သန်းထွဋ်ဆွေ(တိုင်းဦးစီးမှူး၊ ကယ်ဆယ်ရေး၊ မန္တလေးတိုင်း)-ဒေါက်တာအေးအေး မာ(ပါမောက္ခ ဌာနမှူး၊ မိတ္ထီလာတက္ကသိုလ်)တို့၏အစ်ကို၊ ကိုထင်လင်းအောင်-မသန္တာဝင်း၊ ကိုထင်မင်းအောင်၊ ကိုထွန်းထွန်းလင်း-မဝင်းမြင့်ကြည်၊ ဗိုလ်ကြီးကောင်းစံစိုး(နေပြည်တော်)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၆-၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၅း၃၅နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)၌ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ရဟန်း၊ အာရုံခံတန်ဆောင်း၊ နတ်လမ်း ဒါယကာကြီး
# ဦးလှဝင်း
### တကက (ရေ/၁၄၅၄၈၊ ငြိမ်း)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ် ၄၂၆/ခနေ (ဦးကြီးရှိန်-ဒေါ်သောင်းကြည်)တို့၏သား၊ (ဦးရွှေသီး-ဒေါ်စော)တို့၏သားသမက်၊ ကိုမျိုးဇော်ဝင်း(ခေတ္တ-စင်ကာပူ)-မခင်ခင်အေး၊ အခ/တကကမင်းသိန်း(ရေ၊ ငြိမ်း)-မရီရီဝင်း၊ ကိုကျော်မင်းစိုး(မြန်မာပါတိတ်လုပ်ငန်း)-မလဲ့လဲ့ဝင်း၊ ကိုချစ်ကိုကို-မသီတာဝင်း(မ-ဖ၊ မူလွန်၊ ဒဂုံတောင်)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်လှရွှေ၏ချစ်လှစွာသောခင်ပွန်းသည် ၁၅-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၁၀း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ရဟန်းဒါယကာကြီး
## ဦးဝင်းထိန်
### M.M.G Co.,Ltd. Yangon (Ice Plant)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြတ်အိမ်ရာ ၂လမ်း၊ တိုက် D 23၊ တည်းကုန်းနေ ဒေါ်ခင်သန်းဝင်း၏ခင်ပွန်း၊ ဦးအောင်မြတ်သိန်း - ဒေါ်မေသူဇာ၊ ဦးအောင်မြင့်ဦး - ဒေါ်သီဂီဟန်တို့၏ဖခင်၊ မောင်ပိုင်သူအောင်၊ မောင်ညီညီဟိန်း၊ မောင်အောင်မြင့်မြတ်သူ၊ မဆုမြတ်စန္ဒီဦး၊ မဖြိုးဟေမန်ပိုင်တို့၏အဘိုးသည် ၁၄-၁-၂၀၁၇ရက် (စနေနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## မမြတ်မိုးလှိုင်
### B.Sc Zoology Diploma Business Management
### (TTC ကျောင်းသူဟောင်း)
### အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁) ရပ်ကွက်၊ အနောက်အောင်မြေသာစည်အိမ်ရာ၊တိုက် ၃၊ အခန်း ၁၀၂နေ ဦးချစ်လှိုင်-ဒေါ်ရီရီတို့၏သမီး၊ ဦးမျိုးမင်းဦး-ဒေါ်သန်းသန်းအေး၊ ဦးရန်ရှင်း-ဒေါ်သင်းမာတို့၏ညီမ၊ မောင်ဇင်လင်းထက်၏အဒေါ်သည် ၁၅-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့)ည ၁၀း၅၆နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ ကမာရွတ်မြို့နယ်၊(၁)ရပ်ကွက်၊ အောင်ချမ်းသာဓမ္မာရုံသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်သိန်းနွဲ့
### အသက်(၉၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နတ်စင်လမ်း၊ အမှတ် ၁၀၀နေ (ဦးမြသိန်း)၏ဇနီး၊ ဦးသောင်းဆွေ-ဒေါ်ခင်စန်းကြည်၊ ဦးအောင်သန်း-ဒေါ်ဂျယ်နီ၊ ဦးအောင်ဆန်း-ဒေါ်သန်းသန်းရီ၊ မပဒ္မသီဂီ၊ (ဦးဝင်းနိုင်) - ဒေါ်အေးသိန်း၊ ဦးသက်နိုင် - ဒေါ်အေးအေးသိန်းတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၅ယောက်၊ မြစ် ၁၀ယောက်တို့၏ အဘွားသည် ၁၆-၁-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၂-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ယဉ်မေ
### စခန်းမှူး(ငြိမ်း)၊ (သတင်းတပ်ဖွဲ့)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် ၉၊ အခန်း ၁၆နေ (ဦးဘကြိုင်-ဒေါ်သန့်)၏ သမီး၊ ဦးတင့်ဆွေ၏ဇနီး၊ ဦးကျော်တင့်ဆွေ-ဒေါ်သန်းသန်းဌေး၊ ဒေါက်တာဇော်တင့်ဆွေ-ဒေါ်ခင်မေဖြူ၊ ဦးမော်တင့်ဆွေ-ဒေါ်နုနုလွင်၊ ဒေါ်မေတင့်ဆွေ၊ ဒေါ်စံပယ်တင့်ဆွေတို့၏ချစ်လှစွာသောမိခင်၊ မဟေမာန်ဦး၊ မောင်သန့်ဇင်ဇော်၊ မဖြိုးမြတ်သူ၊ မသင်ဇာဇော်၊ ဒေါက်တာကေခိုင်သိမ့်၊ မောင်သီဟဇော်၊ မောင်ကျော်ဇင်ထက်တို့၏အဘွား၊ မသန့်ဟေသီဇော်၏ဘွားဘွားကြီးသည် ၁၅-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) ည ၈း၃၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၇ရက် (တနင်္လာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မြမြ(ခ)ဒေါ်အင်းတီ
### အသက်(၇၆)နှစ်

(ဦးကျင်ဟုတ် - ဒေါ်ကြည်)တို့၏ သမီး၊ (ဦးမြဝင်း-ဒေါ်ခင်အေး)တို့၏ သမီးချွေးမ၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ခနောင်တိုအရှေ့ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၃နေ ဦးကျော်ရင်၏ချစ်လှစွာသောဇနီး၊ ညီ၊ညီမ၊ တူ၊ တူမ ၃၀တို့၏ အဒေါ်သည် ၁၅-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ဆိပ်ကြီးခနောင်တိုမြို့နယ် သံဝေဂသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
### Pa Langh Khan Mang (Nau Lak Beh)
## ဦးလန်းခန်းမန်(ခ)Julias
### အသက်(၆၂)နှစ်

ကလေးမြို့၊အမှတ်၉၊ပင်လုံရပ်ကွက်နေ(Pa Thawng Za Gin, Pi Ning Khaw Hau)တို့၏သား၊ (ဦးသောင်း)-ဒေါ်အေးလှတို့၏သားသမက်၊ (Pa Zan Khan Ming) ဆရာဦး Hang Lian Khai-ဆရာမဒေါ်မော်လီ(ခ)Nu Ciin Ngaih Lian,Rev. Dong Suan Pau-Maeeng Suan Vung(ခေတ္တ-USA), Tg Go Lian Khup, Tg. Cin Lian Thaug, (Gr. Gin Khen Lian @ Pulay)တို့၏အစ်ကို၊ လှိုင်သာယာမြို့နယ်၊အောင်ဘောဂလမ်း၊(၁၁)ရပ်ကွက်၊ အမှတ် ၄/၉(က)နေ မိုးမြင့်မိုရ်(ခ)Lia Hau Muan Lian ၊ မသက်ထားနဒီ(ခ) Christus Gin Lian Tuu No၊ မရွဲယုယသွေး(ခ)Alexendara Lian Lian Huaiတို့၏ဖခင်၊ဒေါ်စန်းစန်းလွင်(ရွှံနဒီမိုး အပ်ချုပ်ဆိုင်)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၅-၁-၂၀၁၇ရက် ည ၈နာရီတွင် နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၁-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (စမ်းချောင်း TBCY ဘုရားကျောင်းမှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တတိက္ခ
### သက်တော်(၉၈)နှစ်၊ သိက္ခာတော်(၇၈)ဝါ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ပေါင်းတလည်မြို့၊ ကုန်းတန်းကျောင်းတိုက်ကြီး၏ဦးစီးပဓာန မဟာနာယက ဆရာတော်ဘဒ္ဒန္တတိက္ခသည် (၁၃၇၈ခုနှစ် ပြာသိုလပြည့်ကျော် ၃ရက်) ၁၅-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၅း၂၀နာရီတွင် ကုန်းတန်းကျောင်းတိုက်ကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။ (ဈာပနရက်ကို ထပ်မံကြေညာပါမည်။)

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဝိဇယ
### တောင်ကြီးမြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်
### သက်တော်(၈၀)၊ သိက္ခာတော်(၆၀)

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကျောင်းကြီးစု(ဝါးပြား)ရပ်ကွက်၊ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၊ ဦးစီးပဓာနနာယက၊ ရှမ်းပိဋကတ်ဘာသာပြန် သံဃနာယကအဖွဲ့ချုပ် အနုနာယက၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ကျမ်းပြုဂန္ထကာရက၊ ဝိနယဂရုက၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စဖို့ဒ်ဆရာတော် ပါမောက္ခ ဒေါက်တာဓမ္မသာမိ၏ မူလဆရာဖြစ်တော်မူသောဆရာတော်ကြီး ဘဒ္ဒန္တဝိဇယသည် (၁၃၇၈ခုနှစ် ပြာသိုလဆန်း ၈ရက်) ၅-၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၄း၅၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင်ကျင်းပမည့်ရက်နှင့် အချိန်ကိုထပ်မံကြေညာပါမည်။)

ဆရာတော်ကြီး၏တပည့်သံဃာတော်များနှင့်ဒါယကာ၊ ဒါယိကာမများ

---

## ဦးခင်(ခ)ဦးစောယုံခင် (ကျူကဒတ်ကျေးရွာ)
### အသက်(၁၀၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဗိုလ်စိန်မှန်လမ်း၊ အမှတ် (၂/၄)နေ (ဒေါ်ထွေးကြည်)၏ခင်ပွန်း၊ ဦးကင်စင်း-(ဒေါ်စိန်လှိုင်)၊ ဦးမင်းလွင်-ဒေါ်မြင့်မြင့်၊ (ဦးလှမြင့်)-ဒေါ်ရှုကြည်တို့၏ဖခင်၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ အမှတ်(၈၆-B)နေ ဦးညွန့်ဦး(ထာဝရမိဘမေတ္တာကုမ္ပဏီ)-ဒေါ်စောစန္ဒာအေး(မြန်မာဝင့်နဝရတ်ကုမ္ပဏီ)၊ မြေးကိုးယောက်၊ မြစ်ခုနစ်ယောက်၊ တီ တစ်ယောက်တို့၏အဘိုးသည် ၁၆-၁-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအောင်စိုး
### အခြေခံပညာဦးစီးဌာန(ငြိမ်း)
### မဟာစည်ရိပ်သာကြီး၊ သဒ္ဓမ္မရံသီ/သုခပဋိပတ္တိတရားရိပ်သာ
### ဆုထူးပန် အဘိဓမ္မာငွေစာရင်းမင်းကြီးရုံး
### ဆရာကြီးဦးဘခင် တရားရိပ်သာ၊ ယောဂီဟောင်း
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၂၄၊ အခန်း ၂နေ (ဦးညွန့်-ဒေါ်မြရှင်)တို့၏သား၊(ဒေါ်နွဲ့နွဲ့စိုး)၏ခင်ပွန်း၊ ဦးထွန်းမင်းဦး(ခ)ကိုဦး(Asian Wings Airways)၊ ဒေါ်သန္တာစိုး(သတ္တုတွင်းဝန်ကြီးဌာန)၊ ဒေါ်သီတာစိုး-ဒေါက်တာရဲမိုးမြင့်(ဒါရိုက်တာ၊ ပန်းလှိုင်ဆေးရုံ)၊ ဒေါ်မာလာစိုး(Trendg Beauty Salon၊ ရန်ကင်း Centre)-ဦးကျော်ဟန်(SEAPAL Co:)၊ ဒေါ်မေမြတ်စိုး-ဦးမျိုးမြင့်စိုးတို့၏ဖခင်၊ မမေသူမိုးမြင့်-ဒေါက်တာစစ်နိုင်(ပန်းလှိုင်ဆေးရုံ)၊ မောင်ပြည့်စုံမိုးမြင့်(ပန်းလှိုင်ဆေးရုံ)၊ မကေသရီကျော်၊ မောင်ထူးကျော်ဇံ၊ မယွန်းနဒီတို့၏အဘိုးသည် ၁၆-၁-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၉း၅၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၆-၁-၂၀၁၇ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဆရာဦးမျိုးတင့်
### အင်္ဂလိပ်စာ-ထက်မြက်နည်းပြ၊ တ/ဥက္ကလာ
### အသက်(၆၉)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ် ၁၁၉နေ (ဦးလှတင်)-ဒေါ်ကြည်ကြည်ဝေတို့၏သား၊ (ဦးကြည်စိန်-ဒေါ်ညိုဖြူ)တို့၏သားသမက်၊ ဦးတင်နွယ်(လေကြောင်းဦးစီးဌာနဦးစီးအရာရှိငြိမ်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအတွင်းရေးမှူး၊ ညောင်ဦးမြို့နယ်) - ဒေါ်ဘေဘီ (နဒီဧရာစားသောက်ဆိုင်၊ ပုဂံ)တို့၏ညီ၊ (ဦးစိုးသန်း၊ စာရင်းစစ်)-ဒေါ်စိုးစိုးတင်(မြို့နယ်စာရင်းရုံး၊ သဃ်္ဃန်းကျွန်း)တို့၏အစ်ကို၊ မသူဇာမျိုးတင့်၊ မောင်သူရတို့၏ဖခင်၊ ဒေါ်သန်းအေး(အမက-၈၊ မူ/လယ်-ငြိမ်း၊ သဃ်္ဃန်းကျွန်း)၏ချစ်လှစွာသောခင်ပွန်းသည် ၁၅-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၆နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ ညနေ ၄း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသန်းဌေး
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ (၁)လမ်း၊ အမှတ် ၁၃နေ (ဦးကျော်ရှိန် - ဒေါ်စန်းရီ)တို့၏သား၊ [ဦးစီဦး(ခ)ဦးဘီမြင့်ဆွေ(St.Paul's)]၊ ဒေါ်ရိုဇီစီဦး(St.John's Convent)တို့၏ သားသမက်၊ ဦးမန်းကျော်-ဒေါ်ယု၊ (ဦးသန်းနိုင်)၊ (ဦးကျော်မြင့်)၊ ဦးဖုန်းနိုင်-ဒေါ်ဝင်းမြင့်၊ (ဦးဇော်မင်းဟန်)-ဒေါ်သက်သက်မွန်တို့၏အစ်ကို၊ ဒေါ်နှင်းနွယ်ဦး (အမက-၁၇၊ မရမ်းကုန်းမြို့နယ်)၏ခင်ပွန်း၊ မောင်ကျော်ဇင် Second Officer(Sunrise Shipping Co.,Ltd.)၊ မောင်ထက်အောင် O/S (Marine Sky Shipping Co.,Ltd.)၊ မောင်ထက်မြက်တို့၏ဖခင်သည် ၁၆-၁-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်မေရီ
### အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ဝါးသခ်ကျေးရွာနေ (ဦးမန်းစစ်ကိုင်း-ဒေါ်စောဝါ)တို့၏သမီး၊ (ဦးမန်းကျော်စိန်)၊ (ဒေါ်နန်းအေးလုံ)တို့၏ညီမ၊ (ဦးကံဝင်း)၏ဇနီး၊ (ဦးမျိုးတင့်)၊ ဦးမျိုးဇင်၊ ဦးမျိုးနိုင်၊ ဒေါ်နန်းခင်စော၊ ဦးမျိုးထွန်းတို့၏ချစ်လှစွာသောမိခင်၊မြေး ၁၀ယောက်၊ မြစ်ငါးယောက်တို့၏အဘွား၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ သုဒဿန ၃လမ်း၊ သီရိဂုဏ်အိမ်ရာ၊ အခန်း ၄၀၂နေ ဒေါ်မေရီသည် ၁၆-၁-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၉း၁၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၈-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(သီရိဂုဏ်အိမ်ရာ နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ပြည်သူလူထုအတွက် ဝန်ဆောင်မှုကောင်းတဲ့ သယ်ယူပို့ဆောင်ရေးစနစ်ပေါ်ပေါက်ဖို့ ကြိုးစားသွားပါမယ်

**တွေ့ဆုံမေးမြန်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊မင်းသစ်(သတင်းစဉ်)**

**ဓာတ်ပုံ-ရဲထွဋ်၊ မင်းထက်**



ရန်ကုန်မြို့ဆူးလေဘုရားအနီး မြို့တော်ခန်းမရှေ့၌ ခရီးသည်များအား တွေ့ရစဉ်

**ရန်ကုန် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် လူဦးရေ ခုနစ်သန်းကျော်ရှိပြီး နေ့စဉ် ခရီးသည်ပို့ဆောင်ရေးယာဉ်များနှင့် သွားလာနေသည့် လူဦးရေ နှစ်သန်းကျော်ရှိကာ မြို့ပတ်ရထားစီး ခရီးသည် ရှစ်သောင်းခန့်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) က ကောက်ယူထားသည့် စာရင်းများအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း ယနေ့ နံနက်က စတင်ပြီး ယခင် အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက် ဖွဲ့စည်းခဲ့သည့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မထသ)ကို ဖျက်သိမ်းပြီး အများပိုင်ယာဉ်လိုင်းစနစ် (YBS)နှင့် ယာဉ်လိုင်း ၇၀၊ ယာဉ်စီးရေ ၃၇၀၀ ကျော်နှင့် ယာဉ်လိုင်းစနစ်သစ်ကို စတင်ကျင့်သုံးပြီး ပြေးဆွဲခဲ့သည်။

ယာဉ်လိုင်းစနစ်သစ်နှင့် ယာဉ်များကို စတင်ကျင့်သုံးပြေးဆွဲသည့် ယနေ့အစတွင်မှု ဘတ်စ်ကားစီးခရီးသည်များ အခက်အခဲရှိခဲ့သော်လည်း တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူလူထုပါဝင်သည့် လုပ်အားပေးအဖွဲ့များ၏ ကူညီမှု၊ တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု

စာမျက်နှာ ၅ ကော်လံ ၁ ✻

## အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ငွေကျပ်သိန်းသုံးသောင်းလှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၆**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM) မှ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ငြိမ်းချမ်းရေးရန်ပုံငွေအတွက် ဇန်နဝါရီ ၁၁ ရက်က နိုင်ငံတော်အစိုးရမှ တရားဝင်ထုတ်ပြန်ကြေညာခဲ့သော မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲရှိ ငွေစုဘဏ်စာရင်းအမှတ် SF 004048 သို့ ယနေ့တွင် ငွေကျပ်သိန်းသုံးသောင်း ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အစိုးရ၊ တပ်မတော်နှင့်ပြည်သူတို့ ပူးပေါင်းမှုစွမ်းအားဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အလေးထား၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့ အောင်မြင်စေရေးအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM)မှ အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် ပါဝင်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ ခေတ်မီနိုင်ငံတော်သစ် ထူထောင်ရာတွင် ပြည်တွင်းငြိမ်းချမ်းရေးသည် အဓိကကျသဖြင့် တစ်ပြည်လုံး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး အမြန်ဆုံးပေါ်ထွန်းလာရေးကို မိမိတို့အနေဖြင့် မျှော်လင့်ပါကြောင်း၊ တစ်နိုင်ငံလုံးအေးချမ်းသာယာမှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ကြောင်း ဖောင်ဒေးရှင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❁

## အသင်း ၁၁ သင်းယှဉ်ပြိုင်မည့် MNL-2 ပြိုင်ပွဲယနေ့စတင်မည်

**သတင်း-ရဲရင့်ရှိုင်း**

**ရန်ကုန် ဇန်နဝါရီ ၁၆**

၂၀၁၇ ရာသီ MNL-2 ပထမတန်းအမှတ်ပေးပြိုင်ပွဲကို ဇန်နဝါရီ ၁၇ ရက် (**ယနေ့**) စတင်ကျင်းပမည်ဖြစ်ပြီး အသင်း ၁၁ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို အပတ်စဉ် အင်္ဂါနှင့် ဗုဒ္ဓဟူးနေ့တွင် ကျင်းပမည်ဖြစ်ပြီး အချို့အပတ်များတွင် တနင်္လာနှင့် ကြာသပတေးနေ့တို့တွင် ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်(၁)အဖြစ် ဇန်နဝါရီ ၁၇ ရက်တွင် အောင်ဆန်းကွင်း၌ မောရဝတီအသင်းနှင့် ဖုန်ဂန်အသင်း၊ သုဝဏ္ဏကွင်း၌ စီးတီးစတားအသင်းနှင့် သန်လျင်ယူနိုက်တက်အသင်း၊ ပဒုမ္မာကွင်း၌

စာမျက်နှာ ၅ ကော်လံ ၅ ❍



# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်း

*(ယမန်နေ့မှအဆက်)*

(၆) ကုမ္ပဏီသို့ စာဖြင့်ရေးသားအကြောင်းကြား၍ ဒါရိုက်တာအဖြစ် ၎င်း၏ ရာထူးနေရာမှ နုတ်ထွက်လျှင်၊
(၇) သေဆုံးခဲ့လျှင်၊
(၈) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းများနှင့်အညီ လုပ်ငန်းမှ ဖယ်ရှားခြင်းခံရလျှင်၊
(၉) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းများတွင် သတ်မှတ်ဖော်ပြထားသော ဒါရိုက်တာရာထူးနေရာအတွက် လိုအပ်သည့် အရည်အချင်းတစ်ရပ်ရပ်ကိုရရှိရန် သို့မဟုတ် ညီညွတ်ရန် ပျက်ကွက်လျှင်။

(ခ) ဤပုဒ်မတွင် ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ဒါရိုက်တာ၏လုပ်ငန်းကို ဤပုဒ်မတွင် သတ်မှတ်ထားသည့်ပြဋ္ဌာန်းချက်များအပြင် အခြားအကြောင်းများကြောင့် ဖယ်ရှားခံရမည်ဟု ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် ဖော်ပြပါရှိစေရန်အတွက် ကုမ္ပဏီက ဆောင်ရွက်နိုင်ခြင်းကို ပိတ်ပင်ထားခြင်း မရှိစေရ။

၁၇၉။ **အတွင်းရေးမှူးများ**

(က) အတွင်းရေးမှူးတစ်ဦးကို ဒါရိုက်တာများ၏ ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် ခန့်အပ်နိုင်သည်။
(ခ) အနည်းဆုံး အသက် (၁၈) နှစ်ပြည့်ပြီးသည့် လူပုဂ္ဂိုလ်ကိုသာလျှင် အတွင်းရေးမှူးတစ်ဦးအဖြစ် ခန့်ထားရမည်။
(ဂ) အတွင်းရေးမှူးသည် စိတ်ပေါ့သွပ်သောသူ မဖြစ်စေရ။
(ဃ) ဤဥပဒေအရဖြစ်စေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ ဒါရိုက်တာ၊ အတွင်းရေးမှူးသို့မဟုတ် အရာရှိတစ်ဦးအဖြစ် ဆောင်ရွက်ရန် တားမြစ်ထားခြင်းခံရသူတစ်ဦးသည် ထိုသို့တားမြစ်ထားသည့် အချိန်ကာလအတွင်း အတွင်းရေးမှူးတစ်ဦးအဖြစ် ဆောင်ရွက်ခြင်းမပြုနိုင်။
(င) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကုမ္ပဏီက ထည့်သွင်းသတ်မှတ်နိုင်သော အတွင်းရေးမှူးတစ်ဦးတွင် ရှိရမည့် သီးခြားအရည်အချင်းများကို ထိခိုက်စေခြင်းမရှိစေရ၊ သို့သော် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ လိုအပ်သော အရည်အချင်းတစ်ရပ်ရပ်နှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။
(စ) အတွင်းရေးမှူးတစ်ဦး၏ ဆောင်ရွက်မှုများသည် ၎င်းတို့အား ခန့်အပ်ပြီး နောက်ပိုင်း ချို့ယွင်းချက်တစ်ခုခုတွေ့ရှိခြင်း သို့မဟုတ် ဤဥပဒေအရဖြစ်စေ သို့မဟုတ် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ဖြစ်စေ ၎င်းတို့အား ခန့်အပ်ရန် သတ်မှတ်ထားသည့် အရည်အချင်းတစ်ရပ်ရပ်နှင့် မညီညွတ်စေကာမူ တရားဝင်အတည်ဖြစ်စေရမည်။ သို့ရာတွင် ပုဂ္ဂိုလ်တစ်ဦးဦးအား ဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းသည် တရားဝင်အတည်ဖြစ်ခဲ့သော်လည်း တရားဝင်မဟုတ်သော ဆောင်ရွက်မှုတစ်ရပ်ရပ်ကို တရားဝင်အတည်ဖြစ်စေသည်ဟု ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ မှတ်ယူခြင်း မရှိစေရ။

**လျော်ကြေးငွေ၊ အာမခံ၊ တာဝန်ရှိမှုမှသက်သာခွင့်များနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များနှင့် အကန့်အသတ်မရှိသော တာဝန်ရှိမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ**

၁၈၀။ **ဒါရိုက်တာများ၊ အရာရှိများနှင့် စာရင်းစစ်များ၏ တာဝန်ရှိမှုမှ ကင်းလွတ်ခွင့် ပြုနိုင်သော ပြဋ္ဌာန်းချက်များကို ရှောင်ရှားခြင်း**

ဤအခန်းတွင် ပြဋ္ဌာန်းပါရှိသည်မှတစ်ပါး ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိကိုလည်းကောင်း၊ ကုမ္ပဏီ၏အရာရှိတစ်ဦးဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ စာရင်းစစ်အဖြစ် ခန့်အပ်ထားသော အခြားသူတစ်ဦးဦးကိုလည်းကောင်း၊ ၎င်းတို့အပေါ် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်း သို့မဟုတ် ကုမ္ပဏီနှင့်အခြားနည်းဖြင့် ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်တို့တွင် ဖော်ပြထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကုမ္ပဏီနှင့် သက်ဆိုင်သော အပြစ်ရှိစေနိုင်မည့်ပေါ့လျော့မှု၊ ပျက်ကွက်မှု၊ တာဝန်ချိုးဖောက်မှု သို့မဟုတ် ယုံကြည်အပ်နှံမှုကို ဖောက်ဖျက်မှုတို့နှင့် စပ်လျဉ်း၍ ကုမ္ပဏီသို့ တာဝန်ရှိမှု တစ်ရပ်ရပ်မှ ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် ဖော်ပြထားသည့် ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် ပျက်ပြယ်စေရမည်။

၁၈၁။ **လျော်ကြေးငွေများ**

(က) ဤပုဒ်မတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့် အဖွဲ့အစည်းတစ်ခုသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကုမ္ပဏီ၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် စာရင်းစစ်တစ်ဦးအဖြစ် ကျခံဆောင်ရွက်ပေးရန် ဖြစ်ပေါ်လာသည့် အောက်ပါတာဝန်ရှိမှုတစ်ရပ်ရပ်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးအား လျော်ကြေးမပေးရ -
(၁) ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုသို့ ဆောင်ရွက်ပေးရမည့် တာဝန်ရှိမှုတစ်ရပ်ရပ်၊ သို့မဟုတ်
(၂) ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုမှအပ အခြားသူတစ်ဦးဦးသို့ ဆောင်ရွက်ပေးရမည်ဖြစ်ပြီး သဘောရိုးဖြင့် ဆောင်ရွက်ခြင်း မဟုတ်သည့် တာဝန်ရှိမှုတစ်ရပ်ရပ်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် အောက်ပါကိစ္စရပ်များအတွက် ကုန်ကျစရိတ်ကျခံခြင်းမှတစ်ပါး ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့် အဖွဲ့အစည်း တစ်ခုအား ကုမ္ပဏီ၏ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် စာရင်းစစ်တစ်ဦးအဖြစ် ကျခံဆောင်ရွက်ပေးရမည့် တာဝန်ရှိမှုတစ်ရပ်အတွက် တရားစွဲဆိုမှုကို ခုခံချေပရာတွင် ကုန်ကျသည့် တရားရုံးစရိတ်များအပေါ် တာဝန်ရှိမှုအတွက် လျော်ကြေးပေးခြင်းကို တားမြစ်ခြင်း မရှိစေရ -
(၁) ဤပုဒ်မ၏ ပုဒ်မခွဲ (က) အရ လျော်ကြေးမပေးရသော တာဝန်ရှိမှု တစ်ရပ်နှင့် စပ်လျဉ်းသော တရားစွဲဆိုမှုများတွင် ခုခံချေပခြင်း၊ သို့မဟုတ်
(၂) အပြစ်ရှိသောသူပါဝင်သည့် ပြစ်မှုဆိုင်ရာတရားစွဲဆိုမှုများတွင် ခုခံချေပခြင်း၊ သို့မဟုတ်
(၃) မှတ်ပုံတင်အရာရှိကဖြစ်စေ၊ စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိကဖြစ်စေ တရားရုံးအမိန့်တစ်ရပ်ချမှတ်ရန်အတွက် စွဲဆိုသည့်အမှုများတွင် တရားရုံးက အမိန့်တစ်ရပ်ချမှတ်ရန် လိုအပ်ကြောင်း အထောက်အထား များရှိခဲ့လျှင် ထိုအမှုများကို ခုခံချေပခြင်း၊ သို့မဟုတ်
(၄) ဤဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးကို သက်သာခွင့်ပြုရန်အတွက်တရားစွဲဆိုသောအမှုဖြစ်ပြီး တရားရုံးက ထိုသက်သာခွင့်ကို ငြင်းပယ်သည့် အမှုများနှင့် စပ်လျဉ်းခြင်း။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)ပါ ကိစ္စရပ်များအတွက် တရားစွဲဆိုမှုများ၏ ရလဒ်သည် တရားစွဲဆိုမှုများနှင့် အယူခံမှုတို့၏ ရလဒ်ကိုဆိုလိုသည်။

၁၈၂။ **အာမခံထားရှိခြင်း**

(က) ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အောက်ပါကိစ္စရပ်တစ်ခုခုကြောင့် ပေါ်ပေါက်လာသော တာဝန်ရှိမှုတစ်ရပ်အပေါ် တရားရုံးစရိတ်များအတွက် တာဝန်ရှိမှုမှအပ ကုမ္ပဏီ၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် စာရင်းစစ်ဖြစ်သူအတွက် အာမခံ ပဋိညာဉ်တစ်ရပ်၏ ပရီမီယံကြေး (premium)ကို ပေးဆောင်ခြင်းမပြုရ သို့မဟုတ် ပေးဆောင်ရန် သဘောတူခြင်းမပြုရ -
(၁) ကုမ္ပဏီနှင့် သက်ဆိုင်သောတာဝန်တစ်ရပ်ကို တမင်ဖောက်ဖျက်ခြင်းများ ပါဝင်သော ဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊ သို့မဟုတ်
(၂) ပုဒ်မ ၁၆၇ သို့မဟုတ် ၁၆၈ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင် ဆောင်ရွက်ခြင်း။

(ခ) အခြားသက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဤပုဒ်မ၏ ပုဒ်မခွဲ (က) အပိုဒ်(၁) သို့မဟုတ် (၂)တွင် ရည်ညွှန်းသည့် တာဝန်ရှိမှုတစ်ရပ်မှအပ အခြားတာဝန်ရှိမှုကို ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုသည် ပေးချေရန် သို့မဟုတ် ပေးချေရန်သဘောတူခြင်း၊ တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်၍ ကုမ္ပဏီ၏ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် စာရင်းစစ်ဖြစ်သူအတွက် အာမခံထားပဋိညာဉ်တစ်ရပ်၏ ပရီမီယံကြေး (premium) ပေးဆောင်ခြင်းကို ဤပုဒ်မ၏ ပုဒ်မခွဲ (က)သည် တားမြစ်ခြင်းမရှိ။

၁၈၃။ **တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီတွင် ဒါရိုက်တာများ၌ အကန့်အသတ်မရှိသော တာဝန်ရှိမှုများ ရှိနိုင်ခြင်း**

ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင်ပါရှိသော အခြား ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကန့်သတ်ထားခြင်းမရှိစေဘဲ ဤဥပဒေစတင် အကျိုးသက်ရောက်ခြင်းမရှိမီက ဖွဲ့စည်းတည်ထောင်ခဲ့သည့် တာဝန်ကန့်သတ်ထား သည့် ကုမ္ပဏီတစ်ခုတွင် ဤဥပဒေစတင်အကျိုးသက်ရောက်ခြင်းမရှိမီက ခန့်အပ် ထားသော ဒါရိုက်တာများ သို့မဟုတ် ဒါရိုက်တာတစ်ဦးဦး၏ တာဝန်ရှိမှုများသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ထိုသို့အကန့်အသတ်မရှိကြောင်း သတ်မှတ် ဖော်ပြထားလျှင် အကန့်အသတ်မရှိ ထားရှိနိုင်သည်။

**ဒါရိုက်တာများ၊ အရာရှိများနှင့် အခြားဆက်နွှယ်သည့်ပုဂ္ဂိုလ်များ၏ အကျိုးခံစားခွင့်များနှင့် ၎င်းတို့နှင့် ဆက်သွယ်ဆောင်ရွက်မှုများဆိုင်ရာ ပြဋ္ဌာန်းချက်**

၁၈၄။ **အငြိမ်းစားယူခြင်းအတွက် အကျိုးခံစားခွင့်များ ထောက်ပံ့ခြင်း**

(က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီတစ်ခုသည် အကျိုးခံစားခွင့် ပေးရန်အတွက် ပုဒ်မ ၁၈၆ အရ ကုမ္ပဏီတွင် ပါဝင်သူများ၏ အတည်ပြုချက် မရရှိဘဲ ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခု၏ အရာရှိတစ်ဦး အဖြစ်မှ ပုဂ္ဂိုလ်တစ်ဦးဦးက အငြိမ်းစားယူခြင်းနှင့်သက်ဆိုင်သော အကျိုး ခံစားခွင့်တစ်ရပ်ရပ်ကို ထိုပုဂ္ဂိုလ်အား ပေးအပ်ခြင်းမပြုရ။
(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် အရာရှိ၏ အလုပ်ခန့်ထားခြင်းဆိုင်ရာ ပဋိညာဉ်စာချုပ် သို့မဟုတ် ကုမ္ပဏီနှင့်အလားတူ စီစဉ်ဆောင်ရွက်ထားမှုအရ သို့မဟုတ် ယင်းတို့နှင့်စပ်လျဉ်း၍ ဥပဒေအရသော်လည်းကောင်း၊ သဘောရိုး ဖြင့်သော်လည်းကောင်း ပေးချေရန်လိုအပ်သည့် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို ပေးချေခြင်းအား ကန့်သတ်ထားခြင်းမရှိစေရ။

၁၈၅။ **တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းကိုလွှဲပြောင်းခြင်းနှင့် စပ်လျဉ်းသည့် အကျိုး ခံစားခွင့်များပေးအပ်ခြင်း**

ကုမ္ပဏီတစ်ခုသည် ယင်း၏ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုခု၏ အရာရှိ သို့မဟုတ် ယခင်ကတာဝန်ထမ်းဆောင်ခဲ့သောအရာရှိတစ်ဦးကိုဖြစ်စေ၊ ယင်းတို့၏ ဇနီးမယား၊ ဆွေမျိုး သို့မဟုတ် တွဲဖက်လုပ်ကိုင်သူတစ်ဦးဦးကိုဖြစ်စေ ပုဒ်မ ၁၈၆ အရ ကုမ္ပဏီတွင် ပါဝင်သူများ၏ အတည်ပြုချက်မရရှိဘဲ ယင်းကုမ္ပဏီ၏ သို့မဟုတ် ဆက်စပ် သည့်အဖွဲ့အစည်းတစ်ခု၏ တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းအားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လွှဲပြောင်းပေးခြင်းနှင့် သက်ဆိုင်သော အကျိုး ခံစားခွင့်အား ပေးအပ်ခြင်းမပြုရ။

၁၈၆။ **အကျိုးခံစားခွင့်ဆိုင်ရာများကို ကုမ္ပဏီတွင်ပါဝင်သူများက အတည်ပြုခြင်း**

(က) ပုဒ်မ ၁၈၄ သို့မဟုတ် ၁၈၅ တို့တွင် ဖော်ပြထားသော အကျိုးခံစားခွင့်တစ်မျိုးမျိုး ကို ကုမ္ပဏီတစ်ခု၊ အဆိုပါကုမ္ပဏီ၏ မူရင်းအစုများပိုင်ဆိုင်သည့် ကုမ္ပဏီရှိခဲ့ ပါက ၎င်းကုမ္ပဏီနှင့်အခြား ဆက်စပ်သည့်အဖွဲ့အစည်းများမှ ထိုကုမ္ပဏီများ တွင် ပါဝင်သူများ၏ အထွေထွေအစည်းအဝေး၌ အတည်ပြုခဲ့လျှင် ပေးအပ်နိုင် သည်။
(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က) အရ ကျင်းပသော အစည်းအဝေးတစ်ရပ်ရပ်အတွက် အကြောင်းကြားစာတွင် အကျိုးခံစားခွင့်နှင့်သက်ဆိုင်သည့် အသေးစိတ် ဖော်ပြချက်များနှင့် ယင်းအတွက် မည်သို့မဲပေးဆောင်ရွက်မည်ဟူသည့် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်းသည့် အရေးကြီးသောအချက်အလက်များကို ဖော်ပြ ပါရှိရမည်။
(ဂ) ပုဒ်မ ၁၈၄ သို့မဟုတ် ၁၈၅ တို့တွင် ဖော်ပြထားသော အရာရှိ သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သောအရာရှိ သို့မဟုတ် အကျိုးခံစားခွင့်ကို ရရှိနိုင်သော အခြားသူတစ်ဦးဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးထံမှ ကိုယ်စားလှယ် အဖြစ် မည်သို့မဲပေးရမည်ကို ညွှန်ကြားထားလျှင်မှတစ်ပါး အဆိုပါအကျိုး ခံစားခွင့်နှင့်စပ်လျဉ်းသော ဆုံးဖြတ်ချက်တစ်ရပ်ရပ်အတွက် မဲပေးခြင်းမပြုရ။

၁၈၇။ **ဒါရိုက်တာများ၏ အခကြေးငွေနှင့် ဒါရိုက်တာများနှင့် ဆက်နွှယ်သည့်ပုဂ္ဂိုလ်များသို့ ပေးအပ်သည့် အခြားအကျိုးခံစားခွင့်များ**

(က) ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပါရှိသော ကန့်သတ်ချက်များ၊ ဤဥပဒေတွင်လည်းကောင်း၊ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်လည်းကောင်း ပါရှိသော သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အညီ အောက်ပါကိစ္စရပ်များကို ခွင့်ပြုနိုင်သည် -
(၁) ဒါရိုက်တာအဖြစ် သို့မဟုတ် အခြားရာထူးနေရာတွင် ဆောင်ရွက်ခြင်း အတွက် ကုမ္ပဏီက ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ၎င်းနှင့် ဆက်နွှယ် သည့် ပုဂ္ဂိုလ်တစ်ဦးဦးသို့ပေးရမည့် အခကြေးငွေ သို့မဟုတ် အခြား အကျိုးခံစားခွင့်များကို ပေးချေခြင်း၊
(၂) လုပ်ငန်းလက်လွှတ်ဆုံးရှုံးမှုအတွက် လျော်ကြေးငွေကို ကုမ္ပဏီက ဒါရိုက်တာ သို့မဟုတ် ယခင်ကတာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာ တစ်ဦးဦးသို့ ပေးချေခြင်း၊
(၃) ကုမ္ပဏီက ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ဆက်နွှယ်သည့် ပုဂ္ဂိုလ် တစ်ဦးဦးသို့ ချေးငွေထုတ်ပေးခြင်း၊
(၄) ဒါရိုက်တာ သို့မဟုတ် ဆက်နွှယ်သည့် ပုဂ္ဂိုလ်တစ်ဦးဦးက ပေးချေရမည့် ကြွေးမြီများအတွက် ကုမ္ပဏီက အာမခံချက်များပြုလုပ်ပေးခြင်း၊
(၅) အပိုဒ်(၁)၊ (၂)၊ (၃)နှင့်(၄) တို့တွင် ဖော်ပြပါရှိသည့် ကိစ္စရပ်များအနက်မှ တစ်ရပ်ရပ်ကိုပြုလုပ်ပေးရန် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ် သို့မဟုတ် ဤဥပဒေအရ အခြားနည်းအားဖြင့် သတ်မှတ်ပြဋ္ဌာန်းခြင်း မရှိသည့် ဒါရိုက်တာ သို့မဟုတ် ဆက်နွှယ်သည့်ပုဂ္ဂိုလ်အတွက် အခြားသော ငွေကြေးဆိုင်ရာ အကျိုးခံစားခွင့်တစ်ရပ်ရပ်ပြုလုပ်ပေးခြင်းနှင့်
(၆) ဘုတ်အဖွဲ့သည် အောက်ပါကိစ္စရပ်များကို ကျေနပ်လက်ခံလျှင် -
(ကက) ထိုသို့ဆောင်ရွက်ခြင်းသည် ကုမ္ပဏီ၏ အကောင်းဆုံးအကျိုး စီးပွားအတွက် ဖြစ်ခြင်း၊
(ခခ) ထိုသို့ဆောင်ရွက်ခြင်းသည် ဆောင်ရွက်နေသော အခြေအနေများ နှင့် ကျိုးကြောင်းညီညွတ်မှုရှိခြင်းနှင့်
(ဂဂ) ထိုသို့ငွေပေးချေခြင်း သို့မဟုတ် အကျိုးခံစားခွင့် သို့မဟုတ် ချေးငွေ သို့မဟုတ် အာမခံချက် သို့မဟုတ် ပဋိညာဉ်သည် ကုမ္ပဏီ၏ရှုထောင့်မှ ကြည့်ပါက နှစ်ဦးနှစ်ဖက် လွတ်လပ်စွာဖြင့် ဘက်လိုက်မှုမရှိသည့် စည်းကမ်းချက်များထက် မလျော့နည်း သည့် စည်းကမ်းချက်များဖြင့် သတ်မှတ်၍ ဆောင်ရွက်ခြင်း။

(ခ) ဒါရိုက်တာအဖွဲ့သည် ငွေပေးချေမှုပြုလုပ်ခြင်း၊ အကျိုးခံစားခွင့်များပေးခြင်း၊ ချေးငွေထုတ်ပေးခြင်း၊ အာမခံချက်များပေးခြင်း သို့မဟုတ် ပဋိညာဉ်စာချုပ် ချုပ်ဆိုခြင်းများပြုလုပ်ရန် ခွင့်ပြုပြီးနောက်တွင် ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်နှင့်စပ်လျဉ်းသည့် အချက်အလက်များ ကို ပုဒ်မ ၁၉၉ အရ ကုမ္ပဏီက ထိန်းသိမ်းထားရှိသည့် အကျိုးခံစားခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြရမည်။
(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ခွင့်ပြုထားသော ပဋိညာဉ်တစ်ရပ်ရပ်အရ ဒါရိုက်တာ တစ်ဦး သို့မဟုတ် ဆက်နွှယ်သည့်ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ အခကြေးငွေများ ပေးချေခြင်း သို့မဟုတ် အခြားအကျိုးခံစားခွင့်များ ပေးအပ်ခြင်းတို့ကို အဆိုပါ ပုဒ်မခွဲအရ ထပ်မံခွင့်ပြုပေးရန်မလို။
(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ခွင့်ပြုရန်အတွက် ဆန္ဒမဲပေးသော ဒါရိုက်တာများသည် ၎င်းတို့၏ ထင်မြင်ချက်အရ ငွေပေးချေမှုပြုလုပ်ခြင်း၊ အကျိုးခံစားခွင့်များပေးခြင်း၊ ချေးငွေထုတ်ပေးခြင်း၊ အာမခံချက်များပေးခြင်း သို့မဟုတ် ပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်းများသည် ကုမ္ပဏီ၏ အကျိုးစီးပွား အတွက် အကောင်းဆုံးဖြစ်ကြောင်း၊ ကုမ္ပဏီ၏ရှုထောင့်မှ ကြည့်ပါက နှစ်ဦးနှစ်ဖက် လွတ်လပ်စွာဖြင့် ဘက်လိုက်မှုမရှိသည့် စည်းကမ်းချက်များထက် မလျော့နည်းသည့် စည်းကမ်းချက်များဖြင့် ပြုလုပ်ကြောင်း၊ ဆောင်ရွက်နေ သော အခြေအနေများနှင့် ကျိုးကြောင်းညီညွတ်မှုရှိကြောင်း၊ အဆိုပါ ထင်မြင် ယူဆချက်များအတွက် အခြေခံအထောက်အထားများအား ဖော်ပြထားသည့် မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြရမည်။
(င) ငွေပေးချေမှုပြုလုပ်ခြင်း၊ အကျိုးခံစားခွင့်များပေးခြင်း သို့မဟုတ် အာမခံချက် များပေးခြင်းများကို ဤပုဒ်မ၏ ပုဒ်မခွဲ(က)နှင့်အညီ ဆောင်ရွက်ပြီး အောက်ပါ ကိစ္စရပ်တစ်ခုခု ဖြစ်ပေါ်ခဲ့သည့်အခါတွင် -
(၁) ဤပုဒ်မ၏ ပုဒ်မခွဲ (က)နှင့်(ဃ) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာ ဆောင်ရွက်ထားခြင်းမရှိလျှင်၊ သို့မဟုတ်
(၂) ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ)အရ ထုတ်ပေးသည့် အထောက်အထား လက်မှတ်တွင် ဖော်ပြပါရှိသည့် ထင်မြင်ချက်များအတွက် သင့်လျော် သော အခြေခံအထောက်အထားများမရှိခဲ့လျှင်၊

ငွေပေးချေမှုကို လက်ခံခဲ့သည့် သို့မဟုတ် အကျိုးခံစားခွင့်ပေးခြင်းကို ရရှိခဲ့သည့် သို့မဟုတ် အာမခံချက်ပေးခြင်းနှင့် သက်ဆိုင်ခဲ့သည့် ဒါရိုက်တာ သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာ သို့မဟုတ် ဆက်နွှယ်သည့်ပုဂ္ဂိုလ်တစ်ဦးသည် ငွေပေးချေခြင်း၊ အကျိုးခံစားခွင့်ပေးခြင်း၊ အာမခံချက်ပေးခြင်းများကို ပြုလုပ်သည့် အချိန်က ယင်းသို့ဆောင်ရွက်မှုများသည် ကုမ္ပဏီအပေါ် မျှတမှုရှိခဲ့ကြောင်း သက်သေ ထင်ရှားပြနိုင်သည့် ကိစ္စရပ်မှအပ ပေးချေထားသည့်ငွေပမာဏ၊ အကျိုးခံစားခွင့် အတွက် တန်ဖိုးငွေပမာဏ၊ သို့မဟုတ် အာမခံချက်အရ ကုမ္ပဏီကပေးချေခဲ့သည့် ငွေပမာဏများအတွက် ကုမ္ပဏီသို့ တစ်ဦးချင်းအလိုက် မိမိတို့ကိုယ်တိုင် တာဝန်ရှိစေ ရမည်။

(စ) ချေးငွေထုတ်ပေးခြင်းကို ဤပုဒ်မ၏ ပုဒ်မခွဲ(က)နှင့်အညီ ဆောင်ရွက်ပြီး အောက်ပါကိစ္စရပ်တစ်ခုခု ဖြစ်ပေါ်ခဲ့သည့်အခါတွင် -
(၁) ဤပုဒ်မ၏ ပုဒ်မခွဲ (က) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာ ဆောင်ရွက်ထားခြင်းမရှိလျှင်၊ သို့မဟုတ်
(၂) ဤပုဒ်မ၏ ပုဒ်မခွဲ(ဃ) အရ ထုတ်ပေးသည့် တရားဝင်အထောက်အထား လက်မှတ်တွင် ဖော်ပြပါရှိသည့် ထင်မြင်ချက်များအတွက် သင့်လျော် သော အခြေခံအထောက်အထားများ မရှိခဲ့လျှင်။

ချေးငွေထုတ်ပေးသည့်အချိန်က အဆိုပါချေးငွေကို ပြုလုပ်ခြင်းသည် ကုမ္ပဏီအပေါ် မျှတမှုရှိကြောင်း သက်သေထင်ရှားပြနိုင်သည့် ကိစ္စရပ်မှအပ ချေးငွေနှင့် စပ်လျဉ်း၍ ပြုလုပ်ထားသည့် စည်းကမ်းချက်များ၊ သဘောတူညီချက်များစေကာမူ ဒါရိုက်တာ သို့မဟုတ် ဆက်နွှယ်သည့် ပုဂ္ဂိုလ်တစ်ဦးသည် ထုတ်ပေးထားသည့်ချေးငွေကို ကုမ္ပဏီ သို့ ချက်ချင်းပြန်လည်ပေးဆပ်ရမည်။

(ဆ) ဒါရိုက်တာများသည် ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်တစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ကုမ္ပဏီ၏ နောက်တစ်ကြိမ်ကျင်းပသော နှစ်ပတ်လည်အထွေထွေ အစည်း အဝေးတွင် ကုမ္ပဏီတွင်ပါဝင်သူများထံသို့ သေချာစွာထုတ်ဖော်တင်ပြရမည်။

၁၈၈။ **ဒါရိုက်တာများ၏အခကြေးငွေနှင့် ဒါရိုက်တာများ၊ ဆက်နွှယ်သည့်ပုဂ္ဂိုလ်များသို့ ပေးအပ်သည့် အကျိုးခံစားခွင့်များအား ကုမ္ပဏီတွင်ပါဝင်သူများက အတည်ပြုခြင်း**

(က) ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ ကုမ္ပဏီတွင် ပါဝင်သူများက အတည်ပြုခဲ့လျှင် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပါရှိသော ကန့်သတ်ချက်များ၊ ဤဥပဒေနှင့် အခြားသက်ဆိုင်ရာဥပဒေ တစ်ရပ်ရပ်တွင်ပါရှိသော သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဒါရိုက်တာ တစ်ဦး သို့မဟုတ် အခြားဆက်နွှယ်သည့်ပုဂ္ဂိုလ်တစ်ဦးသို့ ပုဒ်မ ၁၈၇ ပုဒ်မခွဲ(က) တွင် ဖော်ပြပါရှိသော ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ခွင့်ပြုနိုင်သည်။
(ခ) သက်ဆိုင်ရာ အစည်းအဝေးကျင်းပရန်အတွက် အကြောင်းကြားစာအား မှတ်ပုံတင်အရာရှိသို့ ပေးပို့ခြင်းမပြုမီ ကုမ္ပဏီသည် အောက်ပါတို့ကို ပေးပို့ တင်ပြရမည်-
(၁) အဆိုပြုမည့် ဆုံးဖြတ်ချက်စာသားများအား ရေးသားဖော်ပြပါရှိသည့် အဆိုပြု အစည်းအဝေးအကြောင်းကြားစာ၊

*စာမျက်နှာ ၂ သို့*

*စာမျက်နှာ ၁ မှ*

(၂) ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်အား လက်ခံရရှိသော ဒါရိုက်တာ သို့မဟုတ် ဆက်နွှယ်သည့် ပုဂ္ဂိုလ်များ၏ အသေးစိတ် အချက်အလက်များ၊ အဆိုပါ ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ အပါအဝင် ဆုံးဖြတ်ချက်ကို မည်သို့မဲပေးဆုံးဖြတ်မည်ဟူသည့် ကိစ္စရပ်အတွက် အရေးပါသော အချက်အလက်များဖြစ်သော ကုမ္ပဏီက သိရှိထားသည့် အချက်အလက်များအားလုံးကို ဖော်ပြထားသည့် အဆိုပြုထားသော ရှင်းလင်းဖော်ပြချက်တစ်စောင်နှင့်

(၃) အစည်းအဝေးကျင်းပမည့် အကြောင်းကြားစာနှင့်အတူ ပူးတွဲတင်ပြမည့် အခြားစာရွက်စာတမ်းများနှင့် အဆိုပြုထားသော ဆုံးဖြတ်ချက်နှင့် သက်ဆိုင်သော အခြားစာရွက်စာတမ်းများ။

(ဂ) မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီမှ ကုမ္ပဏီတွင်ပါဝင်သူများထံသို့ အစည်းအဝေးအကြောင်းကြားစာ ပေးပို့ဆောင်ရွက်နိုင်ခြင်း ရှိ မရှိကို (၂၈)ရက်အတွင်း ဆုံးဖြတ်ရမည်။ မှတ်ပုံတင်အရာရှိက အကြောင်းကြားစာပေးပို့ရန် အတည်ပြုခဲ့လျှင် သို့မဟုတ် ယင်းကာလအတွင်း အတည်ပြုချက်ကို မထုတ်ပြန်လျှင် ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာကို ကုမ္ပဏီတွင်ပါဝင်သူများအား ပေးပို့ဆောင်ရွက်နိုင်သည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ (ဂ)အရ အတည်ပြုချက်တစ်ရပ်ရပ်အား ချမှတ်ခဲ့လျှင် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီတွင် ပါဝင်သူများအား အကာအကွယ်ပေးရန်အတွက် လိုအပ်သည်ဟု ယူဆသည့်အခါတွင် ပုဒ်မခွဲ(ခ)အရ တင်ပြသော စာရွက်စာတမ်း တစ်ရပ်ရပ်ကို ရှင်းလင်းစွာ ဖော်ပြရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်ရန်အတွက် ကုမ္ပဏီအား ညွှန်ကြားနိုင်သည်။

(င) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) အပိုဒ် (၂)တွင် ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာထားခြင်းမရှိကြောင်း သို့မဟုတ် အလားတူ အရေးကြီးသော အကြောင်းများ ရှိခဲ့ကြောင်းနှင့်စပ်လျဉ်း၍ သင့်လျော်သည့် အကြောင်းအရာများကို တွေ့ရှိရလျှင် အစည်းအဝေးအကြောင်းကြားစာ ထုတ်ဝေပေးပို့ခြင်း ငြင်းပယ်နိုင်သည်။

(စ) ဒါရိုက်တာ သို့မဟုတ် သက်ဆိုင်ရာ ဆက်နွှယ်သည့်ပုဂ္ဂိုလ်သည် အထွေထွေ အစည်းအဝေး၌ အခြားပုဂ္ဂိုလ်တစ်ဦးထံမှကိုယ်စားလှယ်အဖြစ် မည်သို့မဲပေးရမည်ကို ညွှန်ကြားထားလျှင်မှတစ်ပါး ဆုံးဖြတ်ချက်တစ်ရပ်ရပ်ချမှတ်ရန်အတွက် မဲပေးခြင်း မပြုရ။

(ဆ) ကုမ္ပဏီသည် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်ပြီးနောက် (၁၄) ရက်အတွင်း ဤပုဒ်မ၏ ပုဒ်မခွဲ(က) အရ ယင်းဆုံးဖြတ်ချက်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံပေးပို့တင်ပြရမည်။

**ဒါရိုက်တာများ၏ အချက်အလက်များနှင့် အခြားအကြောင်းအရာများ**

၁၈၉။ **ဒါရိုက်တာများ၊ အတွင်းရေးမှူးများနှင့် သက်ဆိုင်သည့် မှတ်တမ်းများ**

(က) ကုမ္ပဏီအားလုံးသည် ယင်းတို့၏ မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် ယင်းတို့၏ မှတ်ပုံတင်စာရင်းများထားရှိရာ အခြားနေရာ၌ အောက်ပါအချက်အလက်များပါဝင်သော ဒါရိုက်တာများ၊ အလှည့်ကျဒါရိုက်တာများနှင့် အတွင်းရေးမှူးများနှင့် သက်ဆိုင်သည့် မှတ်ပုံတင်စာရင်း တစ်ရပ်ကို ထိန်းသိမ်းထားရှိရမည် -

(၁) ဒါရိုက်တာ၊ အလှည့်ကျဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး၏ လက်ရှိအမည် အပြည့်အစုံ၊ ယခင်အသုံးပြုခဲ့သည့်အမည် အပြည့်အစုံ၊ မွေးနေ့၊ အမြဲတမ်းနေရပ်လိပ်စာ၊ နိုင်ငံ၊ နိုင်ငံသားနှင့် အခြားနိုင်ငံသားအဖြစ် ထပ်မံခံယူထားလျှင် ယင်းနိုင်ငံသား၊ စီးပွားရေး အလုပ်အကိုင်ရှိခဲ့လျှင် ယင်းအလုပ်အကိုင်၊ အခြားဒါရိုက်တာနေရာ သို့မဟုတ် ဒါရိုက်တာ နေရာများကို ရယူထားခြင်းရှိခဲ့လျှင် အဆိုပါ နေရာများ၏ အကြောင်းအရာများ၊

(၂) ပုဒ်မ ၁၇၂ အရ ဒါရိုက်တာတစ်ဦးဦးက ကြေညာသည့် အကျိုးခံစားခွင့် တစ်ရပ်ရပ်နှင့်

(၃) ပုဒ်မ ၁၈၇ အရ ဒါရိုက်တာတစ်ဦးဦးထံသို့ ပေးအပ်သည့် အကျိုးခံစားခွင့် တစ်ရပ်ရပ်။

(ခ) ဒါရိုက်တာ၊ အလှည့်ကျဒါရိုက်တာနှင့် အတွင်းရေးမှူး တစ်ဦးစီသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က) အရ ထိန်းသိမ်းထားရှိရသော မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြရန် လိုအပ်သည့် အချက်အလက်များကို ကုမ္ပဏီသို့ ပေးအပ်ရမည်။

(ဂ) ကုမ္ပဏီသည် ပုဒ်မ ၉၇ အရ ဆောင်ရွက်သော နှစ်စဉ်အစီရင်ခံစာအား တင်ပြရန် တာဝန်၏ တစ်စိတ်တစ်ဒေသအဖြစ် အဆိုပါ မှတ်ပုံတင်စာရင်းတွင် ဖော်ပြထားသော အကြောင်းအရာများ ပါဝင်သည့် သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် နှစ်စဉ်အစီရင်ခံစာအား မှတ်ပုံတင်အရာရှိထံ ပေးပို့တင်ပြရမည်။ ကုမ္ပဏီသည် မှတ်ပုံတင်စာရင်းတွင် ဖော်ပြပါရှိသောဒါရိုက်တာများ၊ အလှည့်ကျဒါရိုက်တာများနှင့် အတွင်းရေးမှူးများပြောင်းလဲခြင်း သို့မဟုတ် အချက်အလက် တစ်ရပ်ရပ် ပြောင်းလဲခြင်းများအတွက် ထိုသို့ပြောင်းလဲသည့်နေ့မှ (၂၈)ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အကြောင်းကြားချက်တစ်ရပ်ကို မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ထိန်းသိမ်းထားရှိရမည့် မှတ်ပုံတင်စာရင်းကို ရုံးလုပ်ငန်း အချိန်ကာလအတွင်း ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး၏ စစ်ဆေးဆောင်ရွက်မှုအတွက် အခမဲ့ခွင့်ပြုရမည်ဖြစ်ပြီး အခြားသူတစ်ဦးဦး၏ စစ်ဆေးဆောင်ရွက်မှုကို စစ်ဆေးမှုတစ်ရပ်အတွက် ကုမ္ပဏီက သတ်မှတ်ထားသည့် သင့်လျော်သော ငွေပမာဏတစ်ရပ်ကို ပေးသွင်းစေလျက် ခွင့်ပြုရမည်။ သို့ရာတွင် ကုမ္ပဏီသည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သို့မဟုတ် အထွေထွေ အစည်းအဝေးတွင် စစ်ဆေးဆောင်ရွက်ခြင်းအတွက် တစ်နေ့လျှင် အချိန်(၂) နာရီအောက်မနည်းသောကာလကို ခွင့်ပြုရန် သတ်မှတ်နိုင်သည်။

(င) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ လိုအပ်သော စစ်ဆေးဆောင်ရွက်မှု တစ်ရပ်ရပ်ကို ငြင်းပယ်ခဲ့လျှင် တရားရုံးသည် စစ်ဆေးမှုအတွက် ငြင်းပယ်ခံရသူ၏ လျှောက်ထားချက်နှင့် ကုမ္ပဏီ၏ အကြောင်းကြားချက်တို့အရ မှတ်တမ်းကို ချက်ချင်းစစ်ဆေးဆောင်ရွက်မှု ပြုလုပ်စေရန် အမိန့်တစ်ရပ်ချမှတ်၍ ညွှန်ကြားနိုင်သည်။

**ဤအခန်းပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း**

၁၉၀။ **ဤအခန်းတွင် ပါရှိသည့် သတ်မှတ်ချက်တစ်ရပ်ရပ်အား ဖောက်ဖျက်မှုအတွက် အကျိုးဆက်များ**

(က) အခန်း(၁၈)၏ပုဒ်မတစ်ရပ်ရပ်တွင်ပါရှိသော ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင် အဆိုပါပျက်ကွက်မှုတွင် ပတ်သက်သော ဒါရိုက်တာအားလုံး သို့မဟုတ် သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သော အခြားပုဂ္ဂိုလ် တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၂၀၀) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါပြဋ္ဌာန်းချက်အား ကန့်သတ်ခြင်းမရှိစေဘဲ ပျက်ကွက်မှုအား သိလျက်ဖြင့်တမင်ပြုလုပ်ခဲ့သော ဒါရိုက်တာအားလုံး သို့မဟုတ် ဤအခန်းပါသက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သော အခြားပုဂ္ဂိုလ် တစ်ဦးဦးသည် အောက်ပါအတိုင်း ပြုလုပ်ရမည် -

(၁) ပျက်ကွက်မှုတွင် ဒါရိုက်တာ သို့မဟုတ် သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သော အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ မရိုးသားမှုများ ပါဝင်ခဲ့လျှင် တရားရုံးမှ သတ်မှတ်သည့် သီးခြားဒဏ်ငွေ သို့မဟုတ် ပြစ်ဒဏ်ကို ကျခံရမည်၊ ၎င်းပြင်

(၂) မှတ်ပုံတင်အရာရှိမှ လျှောက်ထားတင်ပြလာလျှင် တရားရုံးမှ သတ်မှတ်သည့် ကာလအတွင်း ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် အခြားအရာရှိအဖြစ် ဆောင်ရွက်ရန်တားမြစ်ထားခြင်း ဖြစ်စေရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ဒါရိုက်တာများ၊ ဤအခန်း၏ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သော ပုဂ္ဂိုလ်တစ်ဦးဦး၏ အခြားသော တာဝန်ရှိမှုတစ်ရပ်ရပ်ကို ဖြစ်စေ၊ အောက်တွင်ဖော်ပြပါရှိသော ပုဒ်မ ၁၉၃ နှင့် ၂၀၀ တို့ပါ ပြဋ္ဌာန်းချက်များ အပါအဝင် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေ တစ်ရပ်ရပ်အရ အခြားပုဂ္ဂိုလ်တစ်ဦးဦးက ၎င်းတို့အပေါ် တရားစွဲဆိုဆောင်ရွက်မှု တစ်ရပ်ရပ်ကိုဖြစ်စေ ကန့်သတ်ထားခြင်း မရှိစေရ။

၁၉၁။ **သတင်းအချက်အလက်များ သို့မဟုတ် အကြံဉာဏ်များအပေါ် ယုံကြည်အားထားခြင်း**

(က) ဒါရိုက်တာတစ်ဦးသည် ဤအခန်းပါ ပြဋ္ဌာန်းချက်အရ တာဝန်တစ်ရပ်ရပ် သို့မဟုတ် အလားတူဥပဒေအရ တာဝန်တစ်ရပ်ရပ်ကို ဖောက်ဖျက်မှု ပြုသည် မပြုသည်ကိုဆုံးဖြတ်နိုင်ရန်အတွက် ပြုလုပ်သော တရားစွဲဆိုဆောင်ရွက်မှုများတွင် သတင်းအချက်အလက် သို့မဟုတ် ကျွမ်းကျင်သူ၏ အကြံဉာဏ်အပေါ် ဒါရိုက်တာ သို့မဟုတ် အရာရှိမှ ယုံကြည်အားထားမှုမှာ လျော်ကန်မှုရှိကြောင်း ပေါ်ပေါက်လျှင် အောက်ပါ ကိစ္စရပ်များ ဖြစ်ပေါ်ပါက ထိုသို့သော သတင်းအချက်အလက် သို့မဟုတ် ကျွမ်းကျင်သူ၏ အကြံဉာဏ်အပေါ် ဒါရိုက်တာ သို့မဟုတ် အရာရှိမှ ယုံကြည်အားထားမှုမှာ လျော်ကန်မှုရှိသည်ဟု သတ်မှတ်ရမည် -

(၁) သတင်းအချက်အလက် သို့မဟုတ် အကြံဉာဏ်ကို အောက်ပါပုဂ္ဂိုလ်များက ပေးလျှင် သို့မဟုတ် ပြုစုခဲ့လျှင် -

(ကက) သက်ဆိုင်ရာကိစ္စရပ်အတွက် ယုံကြည်အားထားရန် သင့်လျော်သည့် အခြေခံအကြောင်းများရှိပြီး အရည်အချင်း ပြည့်ဝကြောင်း ဒါရိုက်တာက ယုံကြည်သည့် ကုမ္ပဏီ၏ဝန်ထမ်း တစ်ဦးဦး၊ သို့မဟုတ်

(ခခ) လုပ်ငန်းကျွမ်းကျင်မှု သို့မဟုတ် အရည်အချင်းပြည့်ဝမှုရှိကြောင်း ဒါရိုက်တာက ယုံကြည်ရန် သင့်လျော်သည့် အခြေခံအကြောင်းများရှိသော သက်ဆိုင်ရာကိစ္စရပ်နှင့် စပ်လျဉ်းသည့် အတတ်ပညာဆိုင်ရာ အကြံပေး သို့မဟုတ် ကျွမ်းကျင်သူ တစ်ဦးဦး၊ သို့မဟုတ်

(ဂဂ) ဒါရိုက်တာ သို့မဟုတ် အရာရှိတို့၏ လုပ်ပိုင်ခွင့်အတွင်းမှ ကိစ္စရပ်များနှင့် ဆက်စပ်သည့် အခြားဒါရိုက်တာ သို့မဟုတ် အရာရှိ၊ သို့မဟုတ်

(ဃဃ)အဆိုပါဒါရိုက်တာ မပါဝင်သည့် ဒါရိုက်တာများ၏ ကော်မတီ တစ်ရပ်ရပ်၏ လုပ်ပိုင်ခွင့်အတွင်းမှ ကိစ္စရပ်များကို ဆောင်ရွက်နေသည့် ကော်မတီနှင့်

(၂) ဒါရိုက်တာများ၏ ကုမ္ပဏီနှင့်စပ်လျဉ်း၍ သိရှိနားလည်မှု၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံနှင့်လုပ်ငန်းဆောင်ရွက်မှုများ ခက်ခဲနက်နဲမှုတို့အပါအဝင် သတင်းအချက်အလက် သို့မဟုတ် အကြံဉာဏ်ကို လွတ်လပ်သော လေ့လာ အကဲဖြတ်မှုပြုပြီးနောက် ယုံကြည်အားထားမှုကို သဘောရိုးဖြင့် ပြုလုပ်ခဲ့လျှင်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)တွင် ဖော်ပြပါရှိသည့် မှတ်ယူဆောင်ရွက်ခြင်းများကို ချေပနိုင်ပြီး ပုဂ္ဂိုလ်တစ်ဦးဦးသည်တရားစွဲဆို၍ မမှန်ကန်ကြောင်း ပြဆိုနိုင်သည်။

**အခန်း (၁၉) ကုမ္ပဏီတွင်ပါဝင်သူများ၏ အခွင့်အရေးနှင့် ကုစားခွင့်များ**

**တရားမျှတမှုမရှိသော ကိစ္စရပ်များတွင် ကုမ္ပဏီတွင်ပါဝင်သူများနှင့် အခြားသူများ၏ တရားစွဲဆိုဆောင်ရွက်မှုများ**

၁၉၂။ **တရားမျှတမှုမရှိသော လုပ်ငန်းဆောင်ရွက်မှုများ**

**အကယ်၍-**

(က) ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများနှင့်သက်ဆိုင်သော ဆောင်ရွက်မှု၊ သို့မဟုတ်

(ခ) ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားဖြစ်စေ အမှန်တကယ် ဆောင်ရွက်မှု သို့မဟုတ် အဆိုပြုထားသော ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှု၊ သို့မဟုတ်

(ဂ) ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူအမျိုးအစား တစ်ရပ်တွင် ပါရှိသောသူများက ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အဆိုပြုသော ဆုံးဖြတ်ချက်

တို့သည် အောက်ပါတို့အနက်မှ တစ်ရပ်ရပ်ကို ဖြစ်ပေါ်စေခဲ့လျှင် တရားရုံးသည် ပုဒ်မ ၁၉၃ အရ အမိန့်တစ်ရပ် ချမှတ်နိုင်သည် -

(ဃ) ကုမ္ပဏီတွင်ပါဝင်သူများအားလုံး၏ အကျိုးခံစားခွင့်နှင့် ဆန့်ကျင်ခြင်း၊

(င) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သို့မဟုတ် ပါဝင်သူ ရာထူးနေရာတွင်သော်လည်းကောင်း၊ အခြားရာထူးနေရာတွင်သော်လည်းကောင်း ၎င်းတို့အပေါ် မတရားဖြစ်စေခြင်း၊ မမျှမတဖြစ်စေခြင်း သို့မဟုတ် မတရားသဖြင့် ခွဲခြားပြုမူခြင်း။

ဤအခန်းပါ ကိစ္စရပ်များအတွက် ကုမ္ပဏီရှိ အစုရှယ်ယာတစ်ရပ်ရပ်ကို သေတမ်းစာအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ လွှဲပြောင်းပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦးအဖြစ် သတ်မှတ်ရမည်။

၁၉၃။ **တရားရုံးက ချမှတ်နိုင်သည့်အမိန့်များ**

(က) တရားရုံးသည် ဤပုဒ်မအရ အောက်ပါအမိန့်တစ်ရပ်ရပ် အပါအဝင် ကုမ္ပဏီနှင့် စပ်လျဉ်း၍ သင့်လျော်သည်ဟု ၎င်းမှ ထင်မြင်လျှင် အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(၁) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

(၂) ကုမ္ပဏီ၏ လက်ရှိဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန်၊

(၃) နောင်တွင်ဆောင်ရွက်မည့် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များအတွက် စည်းကမ်းချက်များ သတ်မှတ်ရန်၊

(၄) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သို့မဟုတ် ကုမ္ပဏီရှိ အစုရှယ်ယာ တစ်ရပ်ရပ်ကို သေတမ်းစာအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ လွှဲပြောင်းပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးက အစုရှယ်ယာတစ်ရပ်ရပ်ကို ဝယ်ယူရန်၊

(၅) ကုမ္ပဏီ၏အစုရှယ်ယာမတည်ငွေရင်းအား သင့်လျော်သည့် ပမာဏကို လျှော့ချခြင်းဖြင့် အစုရှယ်ယာများကို ဝယ်ယူရန်၊

(၆) ကုမ္ပဏီအတွက် တရားစွဲဆိုမှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊ စွဲဆိုခြင်း၊ ခုခံချေပခြင်း သို့မဟုတ် ရပ်စဲခြင်းများ ဆောင်ရွက်ရန်၊

(၇) ကုမ္ပဏီ၏အမည်ဖြင့် သို့မဟုတ် ကုမ္ပဏီ၏ကိုယ်စား တရားစွဲဆိုမှု တစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊ စွဲဆိုခြင်း၊ ခုခံချေပခြင်း သို့မဟုတ် ရပ်စဲခြင်းများ ဆောင်ရွက်ရန်အတွက် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သို့မဟုတ် ကုမ္ပဏီရှိ အစုရှယ်ယာ တစ်ရပ်ရပ်ကို သေတမ်းစာအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ လွှဲပြောင်းပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန်၊

(၈) ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ် သို့မဟုတ် အားလုံးအတွက် ပစ္စည်းလက်ခံထိန်းသိမ်းသူ (receiver) တစ်ဦးအား ခန့်အပ်ရန်၊

(၉) ပုဂ္ဂိုလ်တစ်ဦးဦးအား သတ်မှတ်ထားသည့် အပြုအမူကို ပြုမူစေခြင်း သို့မဟုတ် ပြုလုပ်စေခြင်းမှ ရှောင်ကြဉ်စေရန်၊

(၁၀) ပုဂ္ဂိုလ်တစ်ဦးဦးအား သတ်မှတ်ထားသည့် ဆောင်ရွက်မှုတစ်ရပ်ရပ်ကို ပြုလုပ်စေရန်။

(၁၁) နစ်နာကြေးများ ပေးလျော်ရန်။

(ခ) ဤပုဒ်မအရ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ် ချမှတ်ခဲ့လျှင် ကုမ္ပဏီများ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လိုအပ်သလို ပြောင်းလဲပြင်ဆင်ထားသည့် ပြဋ္ဌာန်းချက်များအား လိုက်နာရမည်။

(ဂ) ဤပုဒ်မအရ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန်အတွက် အမိန့်တစ်ရပ်ချမှတ်ခဲ့လျှင် အမိန့်၌ ထိုသို့ဆောင်ရွက်ခွင့်ပြုထားခြင်း မရှိလျှင်ဖြစ်စေ သို့မဟုတ် ကုမ္ပဏီသည် တရားရုံး၏ ခွင့်ပြုမှုကို ဦးစွာ ရယူထားခြင်း မရှိလျှင်ဖြစ်စေ အဆိုပါပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းသည် အမိန့်တွင် ပါရှိသည့် စည်းကမ်းချက်များနှင့် ညီညွတ်ခြင်း မရှိလျှင် ကုမ္ပဏီသည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန်အတွက် ပုဒ်မ ၁၇ အရ လုပ်ပိုင်ခွင့်မရှိ။

၁၉၄။ **တရားရုံးအမိန့်တစ်ရပ်အတွက် လျှောက်ထားခြင်း**

ကုမ္ပဏီနှင့်စပ်လျဉ်း၍ ပုဒ်မ (၁၉၃) အရ အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်ထားမှုကို အောက်ပါ ပုဂ္ဂိုလ်များက ပြုလုပ်နိုင်သည် -

(က) လျှောက်ထားမှုသည် အောက်ပါပုဂ္ဂိုလ်များနှင့်ဆန့်ကျင်သည့် ဆောင်ရွက်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သော်လည်း ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦး -

(၁) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ်မှတစ်ပါး အခြားရာထူးနေရာ တစ်ခုခုတွင် ဆောင်ရွက်နေသော ကုမ္ပဏီတွင်ပါဝင်သူ၊ သို့မဟုတ်

(၂) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ် ၎င်းတို့၏ရာထူးနေရာတွင် ဆောင်ရွက်နေသော ကုမ္ပဏီတွင်ပါဝင်သောအခြားသူများ။

(ခ) မတည်ငွေရင်း ရွေးချယ်လျှော့ချခြင်းကြောင့် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းမှ ဖယ်ရှားခံရသူ၊

(ဂ) လျှောက်ထားမှုသည် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲသည့်အခြေအနေနှင့် သက်ဆိုင်ခဲ့လျှင် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲခံရသူ၊

(ဃ) ကုမ္ပဏီရှိ အစုရှယ်ယာတစ်ရပ်ရပ်ကို သေတမ်းစာအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ လွှဲပြောင်းပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တစ်ဦးဦး၊ သို့မဟုတ်

(င) အောက်ပါကိစ္စရပ်များအား စုံစမ်းစစ်ဆေးနေသည့် သို့မဟုတ် စုံစမ်းစစ်ဆေးပြီးသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိမှ သင့်လျော်သည်ဟု ထင်မြင်ယူဆသူ တစ်ဦးဦး-

(၁) ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များ၊ သို့မဟုတ်

(၂) ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်သောကိစ္စရပ်များ။

၁၉၅။ **ချမှတ်သည့်အမိန့်ကို မှတ်ပုံတင်အရာရှိထံ ပေးပို့တင်ပြရန် လိုအပ်ခြင်း**

ပုဒ်မ ၁၉၃ အရ အမိန့်တစ်ရပ်အား ချမှတ်ခဲ့လျှင် လျှောက်ထားသူသည် အဆိုပါ အမိန့်အား ချမှတ်သည့်နေ့မှ (၂၁) ရက်အတွင်း ယင်းအမိန့်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်။

**ကုမ္ပဏီကိုယ်စား တရားစွဲဆိုဆောင်ရွက်မှုများ**

၁၉၆။ **ကုမ္ပဏီကိုယ်စား တရားစွဲဆိုဆောင်ရွက်ခြင်း သို့မဟုတ် ကြားဝင်ဆောင်ရွက်ခြင်း**

(က) ကုမ္ပဏီကိုယ်စား တာဝန်ယူ ဆောင်ရွက်ရန်အတွက် သို့မဟုတ် အဆိုပါ တရားစွဲဆိုမှုများတွင် စေ့စပ်ညှိနှိုင်းခြင်း သို့မဟုတ် ဖြေရှင်းဆောင်ရွက်ခြင်းကဲ့သို့ လိုအပ်သည့် ဆောင်ရွက်မှုများကို ပြုလုပ်နိုင်ရန်အတွက် အောက်ပါ ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီကိုယ်စား တရားစွဲဆိုဆောင်ရွက်နိုင်သည် သို့မဟုတ် ကုမ္ပဏီမှ အမှုသည်အဖြစ် ပါဝင်သော တရားစွဲဆိုမှုတစ်ရပ်ရပ်တွင် ကြားဝင်ဆောင်ရွက်နိုင်သည် -

(၁) ကုမ္ပဏီသို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတွင် ပါဝင်သူ၊ ယင်းတို့တွင် ပါဝင်ခဲ့သူ (former member) သို့မဟုတ် ယင်းတို့တွင် ပါဝင်သူတစ်ဦးအဖြစ် မှတ်ပုံတင်ခွင့်ရရှိသော ပုဂ္ဂိုလ်တစ်ဦးဦး၊ သို့မဟုတ်

(၂) ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ၊ ယခင်က တာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာ (former director)၊ အရာရှိ သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သော အရာရှိ (former officer) ဖြစ်ရမည့်အပြင်

(၃) ပုဒ်မ ၁၉၇အရ ခွင့်ခံစားခွင့်ရရှိထားသော တာဝန်ထမ်းဆောင်နေဆဲ ပုဂ္ဂိုလ် တစ်ဦးဦး။

(ခ) ကုမ္ပဏီကိုယ်စား ဆောင်ရွက်သည့် တရားစွဲဆိုမှုများကို ကုမ္ပဏီ၏အမည်ဖြင့် စွဲဆို ဆောင်ရွက်ရမည်။

(ဂ) ကုမ္ပဏီကိုယ်စား တရားစွဲဆိုဆောင်ရွက်ရန် သို့မဟုတ် ကြားဝင်ဆောင်ရွက်ရန် အခြားဥပဒေတစ်ရပ်ရပ်၌ ဖော်ပြထားသည့်ပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးကို ပယ်ဖျက်ရမည်။

၁၉၇။ **တရားစွဲဆိုခွင့်နှင့်ကြားဝင်ဆောင်ရွက်ခွင့် လျှောက်ထားခြင်းနှင့် ခွင့်ပြုခြင်း**

(က) ပုဒ်မ ၁၉၆ ပုဒ်မခွဲ(က) အပိုဒ်(၁) တွင် ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦးသည် တရားစွဲဆိုမှုများ ဆောင်ရွက်ရန် သို့မဟုတ် တရားစွဲဆိုမှုများတွင် ကြားဝင်ဆောင်ရွက်ခွင့်ရရှိရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) တရားရုံးသည် အောက်ပါအချက်များကို ကျေနပ်လက်ခံလျှင် လျှောက်ထားမှုအား ခွင့်ပြုရမည်-

(၁) ကုမ္ပဏီကိုယ်တိုင်က တရားစွဲဆိုမှုများကို မဆောင်ရွက်နိုင်ကြောင်း သို့မဟုတ် အဆိုပါကိစ္စများအတွက် တာဝန်ယူဆောင်ရွက်နိုင်ခြင်း သို့မဟုတ် လိုအပ်သော ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊

(၂) လျှောက်ထားသူသည် သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း၊

(၃) လျှောက်ထားသူအပေါ် ခွင့်ပြုချက်ပေးခြင်းသည် ကုမ္ပဏီ၏ အကျိုးအတွက် အကောင်းဆုံးဖြစ်စေမည်ဖြစ်ကြောင်း၊

(၄) လျှောက်ထားသူသည် တရားစွဲဆိုဆောင်ရွက်ရန်အတွက် ခွင့်ပြုချက်လျှောက်ထားလျှင် အရေးကြီးသော ကိစ္စရပ်ကို ဖြေရှင်းရန်ရှိကြောင်းနှင့်

*စာမျက်နှာ ၃ သို့*

*စာမျက်နှာ ၂ မှ*

(ဂ) အောက်ပါကိစ္စတစ်ရပ်ရပ် ရှိခဲ့လျှင် -

(ကက) လျှောက်လွှာမတင်မီ အနည်းဆုံး (၁၄)ရက် ကြိုတင်၍ လျှောက်ထားသူသည် ခွင့်ပြုချက်လျှောက်ထားရန် ရည်ရွယ်ကြောင်းနှင့် ထိုသို့လျှောက်ထားရသည့် အကြောင်းရင်းတို့ကို စာဖြင့်ရေးသား၍ ကုမ္ပဏီသို့ အကြောင်းကြားရမည်၊ သို့မဟုတ်

(ခခ) အပိုဒ်ခွဲငယ် (ကက) ပါ ဖော်ပြချက်ကို လက်ခံနိုင်ခြင်းမရှိသော်လည်း ခွင့်ပြုချက်ပေးရန် သင့်လျော်မှုရှိရမည်။

(ဂ) အောက်ပါတို့ကို တွေ့ရှိရလျှင် ခွင့်ပြုချက်ပေးခြင်းသည် ကုမ္ပဏီ၏ အကောင်းဆုံး အကျိုးခံစားခွင့်အတွက်မဟုတ်ကြောင်း ချေပနိုင်သည့် မှတ်ယူချက်တစ်ခု ဖြစ်သည်-

(၁) တရားစွဲဆိုခြင်းသည် -

(ကက) တတိယပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ကုမ္ပဏီမှ တရားစွဲဆိုမှုဖြစ်ခြင်း၊ သို့မဟုတ်

( ခခ ) ကုမ္ပဏီအပေါ် တတိယပုဂ္ဂိုလ်တစ်ဦးဦးက တရားစွဲဆိုမှုဖြစ်ခြင်းနှင့်

(၂) ကုမ္ပဏီမှ အောက်ပါတို့ကို ဆုံးဖြတ်ခဲ့လျှင် -

(ကက) တရားစွဲဆိုမှုကို မဆောင်ရွက်ရန်၊ သို့မဟုတ်

( ခခ ) တရားစွဲဆိုမှုတွင် ခုခံချေပခြင်း မပြုရန်၊ သို့မဟုတ်

( ဂဂ ) တရားစွဲဆိုမှုကို ရပ်စဲရန်၊ ဖြေရှင်းရန် သို့မဟုတ်စေ့စပ်ညှိနှိုင်းရန် နှင့်

(၃) အဆိုပါ ဆုံးဖြတ်ချက်တွင် ပါဝင်ဆောင်ရွက်ခဲ့သော ဒါရိုက်တာများ အားလုံးသည် -

(ကက) လျော်ကန်သင့်မြတ်သော ကိစ္စရပ်အတွက် သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ကြခြင်း၊

( ခခ ) ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့် မပါရှိခြင်း၊

( ဂဂ ) ဆုံးဖြတ်ချက်ချမှတ်သည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ ၎င်းတို့ကိုယ်တိုင် သင့်လျော်မျှတသည်အထိ စုံစမ်းခြင်းနှင့်

(ဃဃ) ဆုံးဖြတ်ချက်သည် ကုမ္ပဏီ၏ အကျိုးအတွက် အကောင်းဆုံး ဖြစ်သည်ဟု ကျိုးကြောင်းညီညွတ်စွာ ယုံကြည်ခြင်း။

(ဃ) အလားတူအခြေအနေတွင် သာမန်ပုဂ္ဂိုလ်တစ်ဦးက လက်ခံဆောင်ရွက်နိုင်ခြင်း မရှိခြင်းမှတစ်ပါး ထိုဆုံးဖြတ်ချက်သည် ကုမ္ပဏီ၏ အကျိုးအတွက် အကောင်းဆုံးဖြစ်သည်ဟု ဒါရိုက်တာများ၏ ယုံကြည်မှုသည် ကျိုးကြောင်းညီညွတ်သော ယုံကြည်မှုဖြစ်သည်။

(င) ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ) တွင် ပါရှိသောကိစ္စရပ်များအတွက် -

(၁) ပုဂ္ဂိုလ်တစ်ဦးသည် ကုမ္ပဏီ၏ ဆက်နွယ်သည့်ပုဂ္ဂိုလ်တစ်ဦး မဟုတ်ပါက ထိုပုဂ္ဂိုလ်သည် တတိယပုဂ္ဂိုလ်တစ်ဦးဖြစ်သည်၊ ၎င်းပြင်

(၂) ကုမ္ပဏီကသော်လည်းကောင်း၊ ကုမ္ပဏီအပေါ်တွင် လည်းကောင်း တရားစွဲဆိုမှုများတွင် ယင်းသို့တရားစွဲဆိုမှုများတွင် ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်အား အယူခံဝင်ခြင်းများလည်း ပါဝင်သည်။

**၁၉၈။ တရားစွဲဆိုခွင့်နှင့်ကြားဝင်ဆောင်ရွက်ခွင့် ရရှိသောသူအတွက် အခြားသူတစ်ဦးဦးကို အစားထိုး ဖြည့်စွက်ခြင်း**

(က) ပုဒ်မ ၁၉၇ အရ ခွင့်ပြုချက် ရရှိထားသော ပုဂ္ဂိုလ်တစ်ဦးဦးအတွက် အစားထိုး ဖြည့်စွက်ရန်အတွက် အမိန့်တစ်ရပ်ချမှတ်ပေးနိုင်ရန် အောက်ပါပုဂ္ဂိုလ်များ အနက်မှ တစ်ဦးဦးသည် တရားရုံးသို့ လျှောက်ထားရမည် -

(၁) ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတွင် ပါဝင်သူ၊ ယင်းတို့တွင် ပါဝင်ခဲ့သူ (former member)၊ သို့မဟုတ် ယင်းတို့တွင် ပါဝင်သူ တစ်ဦးအဖြစ် မှတ်ပုံတင်ခွင့်ရရှိသော ပုဂ္ဂိုလ်တစ်ဦးဦး၊

(၂) ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ၊ ယခင်က တာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာ (former director)၊ အရာရှိ သို့မဟုတ် ယခင်က တာဝန် ထမ်းဆောင်ခဲ့သောအရာရှိ (former officer)။

(ခ) တရားရုံးသည် အောက်ပါအချက်များကို ကျေနပ်လက်ခံလျှင် အမိန့်တစ်ရပ်ကို ချမှတ်ရမည် -

(၁) လျှောက်ထားသူသည် သဘောရိုးဖြင့် ဆောင်ရွက်ကြောင်းနှင့်

(၂) အကြောင်းခြင်းရာအားလုံးတွင် အမိန့်ချမှတ်ရန် သင့်လျော်မှုရှိကြောင်း။

(ဂ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား အခြားသူတစ်ဦးအတွက် အစားထိုး ဖြည့်စွက်ရန် ချမှတ်သည့်အမိန့်သည် အောက်ပါအတိုင်း အကျိုးသက်ရောက်မှုရှိသည်-

(၁) ခွင့်ပြုချက်ပေးခြင်းသည် အစားထိုးဖြည့်စွက်သောပုဂ္ဂိုလ် အကျိုးငှာ ပြုလုပ်သည်ဟု သတ်မှတ်ရမည်၊ ၎င်းပြင်

(၂) အခြားသူတစ်ဦးသည် တရားစွဲဆိုဆောင်ရွက်မှုအား ပြုလုပ်ပြီး သို့မဟုတ် ကြားဝင်ဆောင်ရွက်ပြီးဖြစ်လျှင် အစားထိုး ဖြည့်စွက်သော ပုဂ္ဂိုလ်သည် အဆိုပါတရားစွဲဆိုမှုကို ဆောင်ရွက်ပြီး သို့မဟုတ် ကြားဝင် ဆောင်ရွက်ပြီးဖြစ်သည်ဟု သတ်မှတ်ရမည်။

**၁၉၉။ ကုမ္ပဏီတွင်ပါဝင်သူများက အတည်ပြုဆောင်ရွက်ခြင်း၏ အကျိုးသက်ရောက်မှု**

(က) ကုမ္ပဏီတွင်ပါဝင်သူများက ပြုလုပ်ဆောင်ရွက်မှုတစ်ရပ်ကို အတည်ပြုခဲ့လျှင် သို့မဟုတ် ထောက်ခံခဲ့လျှင် ထိုအတည်ပြုချက် သို့မဟုတ် ထောက်ခံချက်သည်-

(၁) ပုဂ္ဂိုလ်တစ်ဦးဦးအား ပုဒ်မ ၁၉၇ အရ ခွင့်ခံစား၍ တရားစွဲဆိုမှုများကို ပြုလုပ်ခြင်း သို့မဟုတ် ယင်းတို့တွင် ကြားဝင်ဆောင်ရွက်ခြင်းကိုဖြစ်စေ၊ အဆိုပါပုဒ်မပါ ပြဋ္ဌာန်းချက်အရ ခွင့်ခံစားနိုင်ရန်အတွက် လျှောက်ထား ခြင်းကိုဖြစ်စေ တားမြစ်ထားခြင်း မရှိစေရ။

(၂) ပုဒ်မ ၁၉၇ အရ ခွင့်ခံစား၍ စွဲဆိုဆောင်ရွက်သော သို့မဟုတ် ကြားဝင် ဆောင်ရွက်သော တရားစွဲဆိုမှုများကို တရားပြိုင်၏ အကျိုးအတွက် ဆုံးဖြတ်ပေးရမည် သို့မဟုတ် အဆိုပါပုဒ်မပါ ပြဋ္ဌာန်းချက်အရ ခွင့်ပြု ချက်ရရှိရန် လျှောက်ထားခြင်းကို ငြင်းပယ်ရမည်ဟု အကျိုး သက်ရောက်ခြင်းမရှိစေရ။

(ခ) ကုမ္ပဏီတွင်ပါဝင်သူများက ပြုလုပ်ဆောင်ရွက်မှုတစ်ရပ်ကို အတည်ပြုခဲ့လျှင် သို့မဟုတ် ထောက်ခံခဲ့လျှင် တရားရုံးသည် ပုဒ်မ ၁၉၇ အရ ခွင့်ပြုချက်ရရှိ၍ စွဲဆိုဆောင်ရွက်သော သို့မဟုတ် ကြားဝင်ဆောင်ရွက်သော တရားစွဲဆိုမှု များတွင် လည်းကောင်း၊ အဆိုပါပုဒ်မပါ ပြဋ္ဌာန်းချက်အရ တရားစွဲဆိုခွင့်နှင့် ကြားဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း နစ်နာမှုများအပါအဝင် အမိန့်သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ် ရာ၌ ဖော်ပြပါအတည်ပြုချက် သို့မဟုတ် ထောက်ခံချက်ကို ထည့်သွင်းစဉ်းစား နိုင်သည်။ ထိုသို့ ချမှတ်ဆောင်ရွက်ခဲ့လျှင် ယင်းဆုံးဖြတ်ချက်တွင် အောက်ပါ အချက်များကို ထည့်သွင်းစဉ်းစားရမည်-

(၁) ကုမ္ပဏီတွင်ပါဝင်သူများမှ ပြုလုပ် ဆောင်ရွက်မှုတစ်ရပ်ကို အတည်ပြု မပြု သို့မဟုတ် ထောက်ခံခြင်း ပြု မပြု ဆုံးဖြတ်ရာတွင်၎င်းတို့၏ ပြုလုပ် ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ပြည့်စုံစွာသိရှိခဲ့ခြင်းနှင့်

(၂) ပြုလုပ်ဆောင်ရွက်မှုတစ်ရပ်ကို အတည်ပြုခြင်း သို့မဟုတ် ထောက်ခံခြင်း တို့အား ပြုလုပ်ခဲ့သော ကုမ္ပဏီတွင်ပါဝင်သူများက လျော်ကန်သင့်မြတ် သော ကိစ္စရပ်အတွက် ဆောင်ရွက်ခဲ့ခြင်း ရှိ မရှိ။

**၂၀၀။ တရားရုံး၏ အထွေထွေလုပ်ပိုင်ခွင့်များ**

(က) တရားရုံးသည် အောက်ပါကိစ္စများအပါအဝင် ခွင့်ပြုချက်ရရှိ၍ စွဲဆိုဆောင်ရွက် သော သို့မဟုတ် ကြားဝင်ဆောင်ရွက်သော တရားစွဲဆိုမှုများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တရားစွဲဆိုခွင့်နှင့် ကြားဝင်ဆောင်ရွက်ခွင့် ရရှိနိုင်ရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း သင့်သည်ထင်မြင်သည့် အတိုင်း အမိန့်တစ်ရပ်ရပ်ချမှတ်နိုင်ပြီး ညွှန်ကြားချက်များကို ပြုလုပ်နိုင်သည်-

(၁) ကြားဖြတ်အမိန့်များ၊

(၂) စေ့စပ်ညှိနှိုင်းခြင်းဆောင်ရွက်ရန်လိုအပ်ခြင်း အပါအဝင် တရားစွဲဆို ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် ညွှန်ကြားချက်များ၊

(၃) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ၏အရာရှိတစ်ဦးဦးကို ဆောင်ရွက်မှုတစ်ရပ်ရပ် ပြုလုပ်စေရန် သို့မဟုတ် မပြုလုပ်စေရန် ညွှန်ကြားသည့် အမိန့်တစ်ရပ်နှင့်

(၄) အောက်ပါတို့ကို စုံစမ်းစစ်ဆေးရန် နှင့် တရားရုံးသို့ အစီရင်ခံတင်ပြစေရန် လွတ်လပ်သောပုဂ္ဂိုလ်တစ်ဦးဦးကို ခန့်ထားသည့်အမိန့်တစ်ရပ် -

(ကက) ကုမ္ပဏီ၏ ငွေရေးကြေးရေးကိစ္စရပ်များ၊ သို့မဟုတ်

( ခခ ) တရားစွဲဆိုသည့် အကြောင်းအရာနှင့် စပ်လျဉ်း၍ တရားစွဲဆိုရန် အကြောင်း ပေါ်ပေါက်လာရသည့် အချက်အလက်များ သို့မဟုတ် အခြေအနေများ၊ သို့မဟုတ်

( ဂဂ ) တရားစွဲဆိုမှုတွင် ပါဝင်လျက်ရှိကြသော အမှုသည်များနှင့် ခွင့်ပြုချက် ရရှိသောသူတို့က တရားစွဲဆိုမှုတွင် ကုန်ကျခဲ့သည့် စရိတ်များ။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ (က) အပိုဒ် (၄) အရ တရားရုံးက ခန့်အပ်သောပုဂ္ဂိုလ် တစ်ဦးဦးသည် ကုမ္ပဏီသို့ သင့်လျော်သည့်အကြောင်းကြားမှု ပြုလုပ်၍ ၎င်းအားခန့်အပ်မှုနှင့် သက်ဆိုင်သောလုပ်ငန်းများအတွက် ကုမ္ပဏီ၏ စာရင်း စာအုပ်များကို စစ်ဆေးခွင့်ရှိသည်။

(ဂ) တရားရုံးသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က) အပိုဒ်(၄) အရပုဂ္ဂိုလ်တစ်ဦးဦးအား ခန့်အပ်ခဲ့လျှင် -

(၁) တရားရုံးသည် ထိုသို့ ခန့်အပ်ထားခြင်းခံရသူအတွက် အခကြေးငွေနှင့် ကုန်ကျစရိတ်များကို မည်သူက ကျခံရမည်ဖြစ်ကြောင်း ဖော်ပြပါရှိ သည့် အမိန့်တစ်ရပ်ကိုလည်း ချမှတ်ရမည်၊

(၂) တရားရုံးသည် အဆိုပါအမိန့်ကို မည်သည့်အချိန်တွင်မဆို ပြောင်းလဲနိုင် သည်၊

(၃) အဆိုပါအမိန့်အရ သို့မဟုတ် ထိုသို့ပြောင်းလဲထားသော အမိန့်အရ ပြုလုပ်ဆောင်ရွက်ရန် တာဝန်ရှိသောပုဂ္ဂိုလ်များမှာ အောက်ပါပုဂ္ဂိုလ် များ ဖြစ်သည်-

(ကက) တရားစွဲဆိုမှု သို့မဟုတ် လျှောက်ထားမှုတွင် အမှုသည်အဖြစ် ပါဝင်သူအားလုံး သို့မဟုတ် အမှုသည်တစ်ဦးဦးနှင့်

( ခခ ) ကုမ္ပဏီ။ ၎င်းပြင်

(၄) အဆိုပါအမိန့် သို့မဟုတ် ထိုသို့ပြောင်းလဲထားသော အမိန့်တွင် သက်ဆိုင်သူနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများအား တာဝန်ရှိ ကြောင်း ဖော်ပြထားလျှင် ထိုအမိန့်တွင် ထိုသို့ သက်ဆိုင်သူတစ်ဦးစီ၏ တာဝန်ရှိမှု အခြေအနေနှင့် အတိုင်းအတာပမာဏကိုလည်း ဆုံးဖြတ် ပေးနိုင်သည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ) ပါ ပြဋ္ဌာန်းချက်များသည် ကုန်ကျစရိတ်နှင့်စပ်လျဉ်းသည့် တရားရုံး၏လုပ်ပိုင်ခွင့်များကို ထိခိုက်စေခြင်း မရှိစေရ။

**၂၀၁။ ကုန်ကျစရိတ်ဆိုင်ရာ အမိန့်များကိုချမှတ်နိုင်သည့် တရားရုံး၏အခွင့်အာဏာ**

တရားရုံးသည် ပုဒ်မ ၁၉၇ အရ ခွင့်ပြုချက်ရရှိ၍ စွဲဆိုဆောင်ရွက်သော သို့မဟုတ် ကြားဝင်ဆောင်ရွက်သော တရားစွဲဆိုမှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အဆိုပါ ပုဒ်မပါ ပြဋ္ဌာန်းချက်အရ တရားစွဲဆိုခွင့်နှင့် ကြားဝင်ဆောင်ရွက်ခွင့် ရရှိနိုင်ရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သော အောက်ပါ ပုဂ္ဂိုလ်များ၏ ကုန်ကျစရိတ်များမှာ သင့်လျော်သည်ဟုယူဆလျှင် မည်သည့်အချိန်တွင် မဆို အမိန့်တစ်ရပ်ရပ်ချမှတ်နိုင်သည် -

(က) တရားစွဲဆိုခွင့်နှင့်ကြားဝင်ဆောင်ရွက်ခွင့် ရရှိနိုင်ရန် လျှောက်ထားသူ သို့မဟုတ် ခွင့်ပြုချက်ရရှိသူ၊

( ခ ) ကုမ္ပဏီနှင့်

( ဂ ) တရားစွဲဆိုမှု သို့မဟုတ် လျှောက်ထားမှုများတွင် ပါဝင်သောအခြားအမှုသည် တစ်ဦးဦး။

ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီ ချမှတ်သည့်အမိန့်တစ်ရပ်ရပ်သည် ကုန်ကျစရိတ် များကို ပေးချေရန် တာဝန်ချမှတ်နိုင်သည်။

**အခန်း (၂၀) အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများက အစုရှယ်ယာရောင်းချရန် ကမ်းလှမ်းမှု များနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ**

**ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus)**

**၂၀၂။ ဤအခန်းပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ခြင်း**

(က) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)မှအပ ဤအခန်းတွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များ သည် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများနှင့် ယင်းတို့၏ အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ရောင်းချရန် ကမ်းလှမ်းခြင်းများနှင့် သက်ဆိုင်စေရမည်။ ဤပြဋ္ဌာန်းချက်များ အား ဤဥပဒေပါ အခြားသောပြဋ္ဌာန်းချက်များ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ ကျင့်သုံး ဆောင်ရွက်ရမည့်အပြင် အဆိုပါသက်ဆိုင်ရာ ဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

(ခ) အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီမှအပ အခြားကုမ္ပဏီအမျိုးအစားများသည် ၎င်းတို့၏အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ် များကို အများပြည်သူသို့ ရောင်းချရန်အတွက် ကမ်းလှမ်းခြင်း၊ သို့မဟုတ် အများပြည်သူသို့ ရောင်းချရန်အတွက် ကမ်းလှမ်းရန်ရည်ရွယ်လျက် ကုမ္ပဏီ၏ ငွေချေးသက်သေခံလက်မှတ်များကို ခွဲဝေသတ်မှတ်ခြင်း သို့မဟုတ် ခွဲဝေ သတ်မှတ်ရန် သဘောတူညီခြင်းတို့ကို မပြုလုပ်ရ။

**၂၀၃။ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား တင်ပြခြင်း**

(က) ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားဖြစ်စေ၊ အဆိုပြုကုမ္ပဏီဖြစ်စေ ထုတ်ဝေ သည့် သို့မဟုတ် ယင်းကုမ္ပဏီနှင့်စပ်လျဉ်းသည့် ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) အားလုံးတွင် ရက်စွဲပါရှိရမည်ဖြစ်ပြီး အဆိုပါ ရက်စွဲသည် ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာမရှိခဲ့လျှင် ကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း (Prospectus) အား ထုတ်ဝေသည့်ရက်စွဲအဖြစ် သတ်မှတ်ရမည်။

(ခ) ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) တွင် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အဆိုပြုထားသော ဒါရိုက်တာအဖြစ် အမည်စာရင်းပါရှိသူအားလုံး သို့မဟုတ် ၎င်းတို့မှ စာဖြင့်ရေးသား၍ အခွင့်အာဏာအပ်နှင်းခြင်းခံရသည့် ၎င်းတို့၏ ကိုယ်စားလှယ်များမှ လက်မှတ်ရေးထိုးထားသော ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အားလုံး၏ မိတ္တူတစ်စောင်ကို ယင်းအား ထုတ်ဝေသည့်နေ့ရက်တွင်ဖြစ်စေ၊ ယင်းနေ့မတိုင်မီတွင်ဖြစ်စေ မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက် မှတ်ပုံတင်အရာရှိထံသို့ တင်ပြ ဆောင်ရွက်ရမည်။ အဆိုပါကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) ၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်ခြင်းအတွက် မှတ်ပုံတင်အရာရှိထံ တင်ပြ ဆောင်ရွက်ခြင်းမရှိသေးလျှင် ထိုကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း (Prospectus) ကို ထုတ်ဝေခြင်း မပြုရ။

(ဂ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မပါ နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်သောရက်စွဲ ဖော်ပြခြင်း၊ လက်မှတ်ရေးထိုးခြင်းများ မပါရှိသည့် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တစ်ခုခုကို မှတ်ပုံတင် ပေးခြင်း မပြုရ။

(ဃ) ကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း (Prospectus) အားလုံး၏ မျက်နှာဖုံး စာမျက်နှာအပေါ်တွင် ဤကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) ၏ မိတ္တူတစ်စောင်ကို ဤပုဒ်မတွင် ဖော်ပြပါရှိသည့် လိုအပ်ချက်များနှင့်အညီ မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက် တင်ပြပြီးဖြစ်ကြောင်း ဖော်ပြရမည်။

၂၀၄။ ကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း (Prospectus) ၏ မိတ္တူကို ပုဒ်မ ၂၀၃ ပါအတိုင်း တင်ပြဆောင်ရွက်ခြင်းမပြုဘဲ အဆိုပါကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခဲ့လျှင် ကုမ္ပဏီနှင့် ယင်းအားထုတ်ဝေရာတွင် သိလျက် ဖြင့် ပါဝင်ခဲ့သူများ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၂၀၀) ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်စေရမည်။

**၂၀၅။ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း(Prospectus)တွင် သီးခြားဖော်ပြရန်လိုအပ်သည့် အချက်အလက်များ**

(က) ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီ၏ကိုယ်စားကဖြစ်စေ သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်း ခြင်းနှင့်ပတ်သက်သောသူကဖြစ်စေ၊ ယင်း၏ ကိုယ်စားကဖြစ်စေ ထုတ်ဝေသည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်ရပ်တွင် အောက်ပါ တို့ကို ဖော်ပြရမည်-

(၁) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ အကြောင်းအရာများ၊ မူလအစု ရှယ်ယာရှင်များ၏ အမည်များ၊ ရှင်းလင်းဖော်ပြချက်များ၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများ၊ ၎င်းတို့တစ်ဦးချင်းစီ ထည့်ဝင်ထားသည့် အစု ရှယ်ယာအရေအတွက်များ၊ ကုမ္ပဏီအား စတင်တည်ထောင်သူများ ပိုင်ဆိုင်သည့် အစုရှယ်ယာအရေအတွက်၊ ကုမ္ပဏီ၏ဒါရိုက်တာများနှင့် အရာရှိများပိုင်ဆိုင်သည့် အစုရှယ်ယာ (management shares) အရေအတွက် သို့မဟုတ် ကုမ္ပဏီ၏အခြေပစ္စည်းများကို ရပိုင်ခွင့် ရွှေ့ဆိုင်းထားသော အစုရှယ်ယာ (Deferred shares) ရှိခဲ့လျှင် ယင်း၏အရေအတွက်၊ ကုမ္ပဏီ၏ပစ္စည်းများနှင့် အကျိုးအမြတ်များတွင် ပိုင်ဆိုင်သူများ၏ အကျိုးခံစားခွင့်အခြေအနေနှင့် အတိုင်းအတာ ပမာဏ၊ ထုတ်ဝေရန်နေ့ရက်သတ်မှတ်ထားသည့် ပြန်လည် ရွေးနုတ်ယူ နိုင်သော ဦးစားပေးအစုရှယ်ယာအရေအတွက်နှင့် ထုတ်ဝေရန် သတ်မှတ်ထားသည့် နေ့ရက် သို့မဟုတ် အဆိုပါနေ့ရက် သတ်မှတ် ထားခြင်းမရှိပါက အကြောင်းကြားစာ ပေးပို့ရမည့်ကာလနှင့် ပြန်လည် ရွေးနုတ်ယူခြင်းအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ၊

(၂) ဒါရိုက်တာတစ်ဦးတွင် ရှိရမည့်သတ်မှတ်ချက်တစ်ရပ်အဖြစ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် သတ်မှတ်ထားရှိခဲ့ပါက အစုရှယ်ယာ အရေအတွက်၊ ဒါရိုက်တာများ၏ အခကြေးငွေနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်များ၊

(၃) ဒါရိုက်တာများ၊ အဆိုပြုထားသော ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် အဆိုပြုထားသောအရာရှိများ၏ အမည်များ၊ ရှင်းလင်း ဖော်ပြချက်များ၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများ၊ အရာရှိများအား ခန့်အပ်မှုနှင့် ၎င်းတို့အားပေးချေရမည့် အခကြေးငွေများနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သို့မဟုတ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်တွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များနှင့် စည်းကမ်းချက်များ၊

(၄) ဒါရိုက်တာများက အစုရှယ်ယာများ ခွဲဝေသတ်မှတ်နိုင်ရန်အတွက် ထည့်ဝင်ရမည့် အနည်းဆုံးအစုရှယ်ယာပမာဏ၊ အစုရှယ်ယာတစ်ခုစီ အတွက် လျှောက်ထားမှု၊ ခွဲဝေမှုများနှင့်စပ်လျဉ်း၍ ပေးချေရမည့် ငွေပမာဏ၊ ဒုတိယအကြိမ် သို့မဟုတ် ယင်းနောက်ပိုင်းတွင် အစု ရှယ်ယာများ ကမ်းလှမ်းရောင်းချသည့်အခါ လွန်ခဲ့သည့် (၂)နှစ်အတွင်း ပြုလုပ်ခဲ့သော ခွဲဝေသတ်မှတ်မှုနှင့်စပ်လျဉ်း၍ ကမ်းလှမ်းသည့် အစု ရှယ်ယာနှင့် ငွေကြေးပမာဏ၊ အမှန်တကယ် ခွဲဝေသတ်မှတ်ထားသည့် အစုရှယ်ယာပမာဏ၊ ထိုသို့ခွဲဝေသတ်မှတ်ထားသည့် အစုရှယ်ယာ များနှင့် စပ်လျဉ်း၍ ပေးချေထားသည့်ငွေပမာဏ၊

(၅) လွန်ခဲ့သည့် (၂)နှစ်အတွင်း ထုတ်ဝေခဲ့သည့် သို့မဟုတ် ထုတ်ဝေရန် သဘောတူထားသည့်ငွေသားဖြင့် သို့မဟုတ် အခြားနည်းလမ်း တစ်ရပ် ရပ်ဖြင့် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော် လည်းကောင်း ပေးချေထားသည့်အစုရှယ်ယာများ၊ ဒီဘင်ချာများနှင့် အခြားငွေချေးသက်သေခံလက်မှတ်များ၏ အရေအတွက်နှင့် တန်ဖိုး ပမာဏ၊ တစ်စိတ်တစ်ဒေသသာ ပေးချေထားသည့်ကိစ္စရပ်တွင် ထိုသို့ပေးချေထားသည့်ပမာဏ အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသ ကိုဖြစ်စေ ပေးချေထားသည့်ကိစ္စရပ်တွင် ထုတ်ဝေထားသည့် သို့မဟုတ် ထုတ်ဝေရန် သဘောတူထားသည့် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များအတွက် အဖိုးစားနား သတ်မှတ်ချက်၊

(၆) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် ငွေချေးသက်သေခံ လက်မှတ်များအား ထုတ်ဝေခြင်းသည် အာမခံသူ (underwriter) ဖြင့် ဆောင်ရွက်ခြင်းဖြစ်လျှင် ထိုအာမခံသူများ၏ အမည်များ၊ အာမခံသူများသည် အာမခံထားသည့် တာဝန်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လုံလောက်သည့် အခြေအနေရှိကြောင်း ဒါရိုက်တာ များ၏ ထင်မြင်ယူဆချက်၊

(၇) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) ဖြင့် ငွေကြေး ထည့်ဝင်ရန်ကမ်းလှမ်းမှု အကျိုးအမြတ်မှ အပြည့်အဝဖြစ်စေ၊ တစ်စိတ် တစ်ဒေသဖြစ်စေ ပေးချေထားသည့် ကုမ္ပဏီကဝယ်ယူထားသော သို့မဟုတ် ရရှိထားသော၊ သို့မဟုတ်ဝယ်ယူရန် သို့မဟုတ်ရယူရန် အဆိုပြုထားသော ပစ္စည်းတစ်ရပ်ရပ်အား ရောင်းချသူများ၏ အမည် များနှင့် နေရပ်လိပ်စာများ၊ ရောင်းချသူသို့ ထုတ်ပေးသည့်ငွေသားဖြင့် ပေးချေထားသည့်ပမာဏ၊ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များ၊ ရောင်းချသူတစ်ဦးထက်ပိုသည့် အခါတွင်ဖြစ်စေ၊ ကုမ္ပဏီသည် တစ်ဆင့်ခံဝယ်ယူသူဖြစ်သည့် အခါတွင် ဖြစ်စေ ရောင်းချသူတစ်ဦးစီသို့ ပေးချေထားသည့်ပမာဏ၊ သို့ရာတွင် ရောင်းချသူများ သို့မဟုတ် ရောင်းချသူတစ်ဦးဦးသည် လုပ်ငန်းစု တစ်ရပ်ဖြစ်ခဲ့လျှင် ထိုလုပ်ငန်းစုတွင် ပါဝင်သူများအား သီးခြားရောင်းချ သူများအဖြစ် သတ်မှတ်ခြင်းမပြုရ၊

*စာမျက်နှာ ၄ သို့*

စာမျက်နှာ ၃ မှ

(၈) အပိုဒ်(၇)တွင်ဖော်ပြပါရှိသည့်ပစ္စည်းတစ်ရပ်ရပ်အားကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus)ကို ထုတ်ဝေပြီးနောက် (၂) နှစ်အတွင်း ရောင်းချခြင်းဖြင့် လွှဲပြောင်းသည့်အခါတွင် အဆိုပါလွှဲပြောင်းမှု တစ်ရပ်စီ၌ ဝယ်ယူသူကပေးချေသည့်ပမာဏ၊ အဆိုပါပစ္စည်းတစ်ရပ်ရပ်သည် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည့် အခါတွင် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ထုတ်ဝေပြီးနောက်တစ်ဆက်တည်း (၃) နှစ်အတွင်း နှစ်အလိုက် အဆိုပါစီးပွားရေးလုပ်ငန်းမှ ရရှိသည့်အကျိုးအမြတ်များ၊ သို့မဟုတ် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုမှာ (၃)နှစ်အောက် နည်းသည့် ကာလအတွက်သာရှိပါက လက်ရှိကာလ၏ နှစ်အလိုက်ရရှိသည့် အကျိုးအမြတ်များ၊ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) နှင့်အတူ ပူးတွဲပါရှိရမည့် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) ကို ထုတ်ဝေသည့်နေ့မှ ရက်ပေါင်း(၉၀) ထက်မများသည့်ကာလအတွင်း ပြုစုထားသော သက်ဆိုင်ရာစီးပွားရေးလုပ်ငန်း၏ လက်ကျန်ရှင်းတမ်း (balance sheet) တစ်စောင်၊

(၉) အထက်တွင် ဖော်ပြပါရှိသည့် ပစ္စည်းတစ်ရပ်ရပ်အတွက် ဝယ်ယူပေးချေသည့်ငွေအဖြစ် ပေးချေခဲ့သော သို့မဟုတ် ပေးချေမည်ဖြစ်သော ငွေသား၊ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များရှိခဲ့လျှင် ယင်း၏ပမာဏ၊ ကုန်ရောင်းကုန်ဝယ် နာမည်ကောင်း ဂုဏ်သတင်း (Goodwill) အတွက် ပေးချေမည်ဖြစ်သောပမာဏရှိခဲ့လျှင် ယင်းပမာဏ၊

(၁၀) ကုမ္ပဏီ၏ အစုရှယ်ယာ၊ ဒီဘင်ချာ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်တစ်ရပ်ရပ်အတွက် ထည့်ဝင်ကြေးများကို ထည့်ဝင်ခြင်း သို့မဟုတ် ထည့်ဝင်ရန် သဘောတူညီခြင်းအတွက်ဖြစ်စေ၊ ဝယ်ယူခြင်း သို့မဟုတ် ဝယ်ယူရန် သဘောတူညီခြင်းအတွက်ဖြစ်စေ ပေးချေရသည့် ကော်မရှင်ခအဖြစ်သော်လည်းကောင်း ထုတ်ဝေထားသော အစုရှယ်ယာများနှင့်စပ်လျဉ်းသည့် လျှော့ငွေ (Discount) အဖြစ်သော်လည်းကောင်း လွန်ခဲ့သည့် (၂)နှစ်အတွင်း ပေးချေခဲ့လျှင် ယင်းပမာဏ သို့မဟုတ် ပေးချေရမည့် ပမာဏ၊

သို့ရာတွင် တစ်ဆင့်ခံ အာမခံသူများထံသို့ ပေးချေရမည့် ကော်မရှင်ခများကို ဖော်ပြရန် မလို၊

(၁၁) ကနဦးကုန်ကျစရိတ်ပမာဏ သို့မဟုတ် ကနဦးခန့်မှန်းကုန်ကျငွေပမာဏ၊

(၁၂) ကမကထပြုသူ (promoter) သို့ လွန်ခဲ့သည့်(၂)နှစ်အတွင်း ပေးချေခဲ့သည့်ပမာဏ သို့မဟုတ် ပေးချေရန်သတ်မှတ်ထားသည့်ပမာဏ၊ ထိုသို့ ပေးချေမှုတစ်ရပ်ရပ်အတွက် အဖိုးစားနားသတ်မှတ်ချက်၊

(၁၃) အပိုဒ် (၇) နှင့်သက်ဆိုင်သော ပစ္စည်းများ ရရှိရေးနှင့် စပ်လျဉ်းသည့် ပဋိညာဉ်စာချုပ်များအပါအဝင် အရေးကြီးသော ပဋိညာဉ်စာချုပ်အားလုံးကိုချုပ်ဆိုသည့် နေ့ရက်များနှင့် ထိုစာချုပ်များတွင် ပါဝင်သူများ၊ အရေးကြီးသော ပဋိညာဉ်စာချုပ်များ သို့မဟုတ် ယင်းတို့၏ မိတ္တူများကို စစ်ဆေးကြည့်ရှုနိုင်မည့် အချိန်နှင့်နေရာ၊

သို့ရာတွင် ဤပြဋ္ဌာန်းချက်သည် ကုမ္ပဏီကဆောင်ရွက်ခဲ့သည့် သို့မဟုတ် ဆောင်ရွက်ရန်ရည်ရွယ်ထားသည့် သာမန်ကိစ္စရပ်များအတွက် ချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်တစ်ရပ်ရပ် သို့မဟုတ် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေသည့် နေ့ရက်မတိုင်မီ (၂)နှစ်ထက်ပိုသောကာလအတွင်း ချုပ်ဆိုခဲ့သော ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်းမရှိစေရ၊

(၁၄) ကုမ္ပဏီ၏စာရင်းစစ်များရှိခဲ့ပါက ၎င်းတို့၏ အမည်များနှင့် နေရပ်လိပ်စာများ၊

(၁၅) ကုမ္ပဏီကို မြှင့်တင်ရာတွင်ဖြစ်စေ၊ ကုမ္ပဏီကရယူရန် အဆိုပြုထားသော ပစ္စည်းတစ်ရပ်ရပ်တွင်ဖြစ်စေ ပါဝင်သော ဒါရိုက်တာအားလုံး၏ အကျိုးခံစားခွင့်ရှိခဲ့လျှင် ယင်းအခြေအနေနှင့် အတိုင်းအတာပမာဏတို့၏ ဖော်ပြချက်အပြည့်အစုံ သို့မဟုတ် အဆိုပါဒါရိုက်တာ၏ အကျိုးခံစားခွင့်သည် လုပ်ငန်းစုတစ်ခု၏ ဖက်စပ်လုပ်ကိုင်သူအဖြစ် ပါရှိခြင်းဖြစ်ခဲ့လျှင် အဆိုပါလုပ်ငန်းစု၏ အကျိုးခံစားခွင့်အခြေအနေနှင့် အတိုင်းအတာပမာဏ၊ ပုဂ္ဂိုလ်တစ်ဦးဦးက ဒါရိုက်တာဖြစ်မည့်သူ သို့မဟုတ် ဒါရိုက်တာဖြစ်ရန် အရည်အချင်းပြည့်ဝသူသို့ဖြစ်စေ၊ ကုမ္ပဏီကိုမြှင့်တင်ခြင်း သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းတို့နှင့်စပ်လျဉ်း၍ ယင်းက သို့မဟုတ် လုပ်ငန်းစုက ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများအတွက်ဖြစ်စေ ၎င်းတို့ကိုသော်လည်းကောင်း၊ လုပ်ငန်းစုကိုသော်လည်းကောင်း ငွေသားဖြင့်ဖြစ်စေ၊ အစုရှယ်ယာအားဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ပေးချေခဲ့သော သို့မဟုတ် ပေးချေရန်သဘောတူညီခဲ့သော ပမာဏအားလုံးပါရှိသည့် ရှင်းလင်းဖော်ပြချက်၊

(၁၆) ကုမ္ပဏီသည် အစုရှယ်ယာအမျိုးအစားတစ်ရပ်ထက် ပိုမိုပါရှိပါက ကုမ္ပဏီ၏ အစည်းအဝေးများတွင် မဲပေးနိုင်သည့်အခွင့်အရေး၊ အစုရှယ်ယာအမျိုးအစားအသီးသီးတွင် ဆက်စပ်ပါရှိသော မတည်ငွေရင်းနှင့် အမြတ်ဝေစုဆိုင်ရာ အခွင့်အရေးများနှင့်

(၁၇) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကုမ္ပဏီ၏ အစည်းအဝေးများသို့ တက်ရောက်ခွင့်၊ ဆွေးနွေးပြောဆိုခွင့် သို့မဟုတ် မဲပေးခွင့်များနှင့်စပ်လျဉ်းသည့် ကန့်သတ်ချက်များ၊ အစုရှယ်ယာလွှဲပြောင်းခွင့်နှင့် စပ်လျဉ်းသည့်ကန့်သတ်ချက်များ၊ သို့မဟုတ် ဒါရိုက်တာများ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်များအပေါ် ကန့်သတ်ချက်များရှိခဲ့လျှင် ထိုကန့်သတ်ချက်များ၏ အခြေအနေနှင့် အတိုင်းအတာပမာဏ။

(ခ) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) ထုတ်ဝေခြင်း မပြုမီကပင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီကထုတ်ဝေသည့် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) ဖြစ်ခဲ့လျှင် ထိုကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ၌ ဤပုဒ်မ၏ ပုဒ်မခွဲ(က) တွင် ဖော်ပြပါရှိသော ကိစ္စရပ်များအပြင် အောက်ပါအစီရင်ခံစာများကိုလည်း ထည့်သွင်းဖော်ပြရမည် -

(၁) လက်အောက်ခံကုမ္ပဏီများရှိခဲ့လျှင် ယင်းကုမ္ပဏီများ အပါအဝင် ကုမ္ပဏီ၏ အကျိုးအမြတ်နှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေသည့်နေ့မှ လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၃)နှစ်အတွက် နှစ်အလိုက်ကုမ္ပဏီ၏ စာရင်းစစ်များက တင်ပြသည့် အစီရင်ခံစာ၊ ယင်းအစီရင်ခံစာတွင် အဆိုပါ (၃) နှစ်ကာလ၏ နှစ်စဉ်ကာလတွင် ကုမ္ပဏီ၏အစုရှယ်ယာအမျိုးအစားတစ်ရပ်ချင်းအတွက် ကုမ္ပဏီကပေးချေခဲ့သည့် အမြတ်ဝေစုနှုန်းထားများရှိခဲ့လျှင် ယင်းတို့ကို ဖော်ပြရမည့်အပြင် အမြတ်ဝေစုများခွဲဝေပေးခဲ့သည့် အစုရှယ်ယာ အမျိုးအစားတစ်ရပ်ချင်း၏ အကြောင်းအရာများ၊ အမြတ်ဝေစုခွဲဝေပေးခဲ့သည့် ငွေကြေးအရင်းအမြစ်များ၊ အဆိုပါနှစ်များတွင် အစုရှယ်ယာအမျိုးအစားတစ်ရပ်ရပ်အပေါ် အမြတ်ဝေစု ခွဲဝေပေးခြင်းမပြုခဲ့လျှင် ထိုကိစ္စရပ်များနှင့်သက်ဆိုင်သော အချက်အလက်၊ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ထုတ်ဝေခြင်းမပြုမီ (၃)လ အလိုတွင် ကုန်ဆုံးသော (၃)နှစ် ကာလ သက်တမ်းတစ်ရပ်အတွင်း ဘဏ္ဍာရေးစာရင်း ပြုလုပ်ဆောင်ရွက်ထားခြင်းမရှိပါက အဆိုပါအချက်အလက်အကြောင်းအရာများနှင့်

(၂) စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို ဝယ်ယူဆောင်ရွက်ရာတွင် အစုရှယ်ယာများ၊ ဒီဘင်ချာများ၊ အခြားငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေခြင်းမှရရှိသည့်အကျိုးအမြတ် သို့မဟုတ် ယင်း၏ တစ်စိတ်တစ်ဒေသအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခဲ့လျှင် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တွင် အမည်စာရင်းဖော်ပြပါရှိပြီး ပုဒ်မ ၂၇၉ တွင် သတ်မှတ်ထားသော အထောက်အထားလက်မှတ်ကို ရရှိထားသည့် စာရင်းကိုင်တစ်ဦးဦး သို့မဟုတ် စာရင်းကိုင်များက ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေပြီးသည့်နေ့မတိုင်မီ ဘဏ္ဍာရေးနှစ် (၃)နှစ်အတွင်း နှစ်အလိုက် အဆိုပါစီးပွားရေးလုပ်ငန်းမှရရှိသည့် အကျိုးအမြတ်များအပေါ် စစ်ဆေးပြုစုထားသည့်အစီရင်ခံစာ၊

သို့ရာတွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုမှာ (၃) နှစ်အောက်နည်းသည့် ကာလအတွက်သာရှိသည့် ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏စာရင်းကိုင်များသည် (၂)နှစ် သို့မဟုတ် ထိုထက်လျော့နည်းသောကာလအတွက်သာလျှင် အစီရင်ခံစာပြုစုရသည့်အခါ ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များသည် (၂) နှစ်သို့မဟုတ် ထိုထက်လျော့နည်းသော ကာလအတွက် ဖော်ပြထားသော ရည်ညွှန်းချက်များကို (၃)နှစ်ကာလအတွက် ဖော်ပြထားသော ရည်ညွှန်းချက်များအတွက် အစားထိုးဆောင်ရွက်သကဲ့သို့ အကျိုးသက်ရောက်စေရမည်။

(ဂ) သက်ဆိုင်ရာဥပဒေအရ ကုမ္ပဏီတစ်ခု၏ သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ရပ်၏ အကျိုးအမြတ်များနှင့်စပ်လျဉ်း၍ ဤပုဒ်မ၏ ပုဒ်မခွဲ(က)၊ အပိုဒ် (၈)တွင် ပါရှိသည့်ဖော်ပြချက်များနှင့် ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)တွင်ပါရှိသည့် အစီရင်ခံစာများတွင် ကုန်သွယ်လုပ်ကိုင်မှုရလဒ်များ၊ ထိုသို့ဆောင်ရွက်ရာတွင် ကုန်ကျသော အခကြေးငွေများနှင့် စရိတ်များအားလုံးတို့ကို ရှင်းလင်းစွာဖော်ပြပါရှိစေရမည်ဖြစ်ပြီး သက်ဆိုင်ရာကာလအတွင်း ကုန်သွယ်လုပ်ကိုင်မှုနှင့် စပ်လျဉ်းခြင်းမရှိသည့်ဝင်ငွေ သို့မဟုတ် အကျိုးအမြတ်များ၊ တစ်ကြိမ်သာရရှိသည့် အကျိုးအမြတ် သို့မဟုတ် ဝင်ငွေအမျိုးအစားများကို ဖော်ပြရန်မလို။ သို့ရာတွင် အခွန်ပေးဆောင်ခြင်း သို့မဟုတ် သီးသန့်ရန်ပုံငွေထားရှိခြင်း ကိစ္စရပ်များအတွက် အကျိုးအမြတ်များမှ သင့်လျော်သည့် ငွေပမာဏကို ထည့်သွင်းဖော်ပြရမည်။

(ဃ) ပုဒ်မ ၂၁၅ ပုဒ်မခွဲ (ခ) တွင် ဖော်ပြပါရှိသော ကိစ္စရပ်များအတွက် လိုအပ်သော ငွေပမာဏ၏ တစ်စိတ်တစ်ဒေသကို အစုရှယ်ယာမတည်ငွေရင်းမှအပ အခြားငွေကြေးအရင်းအမြစ်တစ်ရပ်မှ ပေးအပ်ရလျှင် ထိုသို့ပေးအပ်ရသည့် ငွေပမာဏနှင့် ငွေကြေးအရင်းအမြစ်တို့နှင့်စပ်လျဉ်းသည့် ဖော်ပြချက်များ ပါရှိရမည်၊

(င) ဤပုဒ်မတွင် ဖော်ပြပါရှိသည့် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်ရပ်ကို သတင်းစာတွင် ထည့်သွင်းကြေညာခဲ့လျှင် ထိုကြေညာ၌ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ အကြောင်းအရာများ၊ မူလအစုရှယ်ယာရှင်များ၊ ၎င်းတို့ထည့်ဝင်ထားသည့် အစုရှယ်ယာအရေအတွက်များကို ထည့်သွင်းဖော်ပြရန်လိုအပ်ခြင်းမရှိစေရ။

(စ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီတွင် လက်ရှိပါဝင်နေသူများ သို့မဟုတ် ကုမ္ပဏီ၏ ဒီဘင်ချာများကို ပိုင်ဆိုင်ထားသူများသို့ အခြားသူတစ်ဦးဦး၏ အကျိုးငှာ စွန့်လွှတ်ခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကုမ္ပဏီ၏အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် ငွေကြေးထည့်ဝင်ရန်ဖိတ်ခေါ်သည့် ဖြန့်ဝေစာ သို့မဟုတ် အကြောင်းကြားစာများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ဆ) ဤပုဒ်မတွင် ဖော်ပြပါရှိသည့် ကနဦးကုန်ကျစရိတ်ပမာဏ သို့မဟုတ် ခန့်မှန်းကုန်ကျစရိတ်ပမာဏနှင့်သက်ဆိုင်သည့် သတ်မှတ်ချက်များသည် ကုမ္ပဏီ စီးပွားရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခွင့်ရှိသည့်နေ့ရက်မှ တစ်နှစ်ထက်ပိုမိုသောကာလတွင် ထုတ်ဝေသောကုမ္ပဏီ၏ အလားအလာညွှန်းတမ်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။ သို့ရာတွင် ယင်းပြဋ္ဌာန်းချက်များသည် ကနဦးကုန်ကျစရိတ်ပမာဏ သို့မဟုတ် ခန့်မှန်းကုန်ကျစရိတ်ပမာဏနှင့် သက်ဆိုင်သည့် သတ်မှတ်ချက်များမှအပ အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီမှ ပြောင်းလဲလာသော ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) နှင့် သက်ဆိုင်စေရမည်။

(ဇ) ဤပုဒ်မတွင် ဖော်ပြပါရှိသော မည်သည့် ပြဋ္ဌာန်းချက်ကမျှ ယေဘုယျဥပဒေ သို့မဟုတ် ဤပုဒ်မမှအပ ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ပုဂ္ဂိုလ်တစ်ဦးဦးက ဆောင်ရွက်ပေးရမည့် တာဝန်ရှိမှုတစ်ရပ်ရပ်ကို ကန့်သတ်ခြင်း သို့မဟုတ် လျော့နည်းစေခြင်းမရှိစေရ။

**၂၀၆။ ငှားရမ်းခြင်းဖြင့်ရယူသည့် ပစ္စည်းများနှင့်စပ်လျဉ်းသည့်ကိစ္စရပ်တွင် ပုဒ်မ ၂၀၅ အား လိုက်နာဆောင်ရွက်ရခြင်း**

ကုမ္ပဏီကရယူမည့် ပစ္စည်းတစ်စုံတစ်ရာကို ငှားရမ်းခြင်းဖြင့် ရရှိရန်ဆောင်ရွက်မည်ဆိုလျှင် ပုဒ်မ ၂၀၅ ပါ ပြဋ္ဌာန်းချက်များအား ရောင်းချသူဟူသည့်စကားရပ်တွင် အငှားချထားသူ (lessor) လည်းပါဝင်သည်၊ ပေးချေရမည့်ငွေ (purchase-money) ဟူသည့်စကားရပ်တွင် ငှားရမ်းခြင်းအတွက် အဖိုးစားနား (consideration) လည်း ပါဝင်ခြင်း၊ တစ်ဆင့်ဝယ်ယူသူဟူသည့်စကားရပ်တွင် တစ်ဆင့်အငှားချထားခြင်းခံရသူ (sub-lessee) လည်း ပါဝင်သည်။

**၂၀၇။ စွန့်လွှတ်မှု သို့မဟုတ် အကြောင်းကြားမှုများနှင့်စပ်လျဉ်းသည့် အချို့သောစည်းကမ်းချက်များမှာ တရားဝင်အတည် မဖြစ်ခြင်း**

(က) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် လျှောက်ထားသူတစ်ဦးဦးအား ပုဒ်မ ၂၀၅ တွင် ပါရှိသည့်သတ်မှတ်ချက်ကို လိုက်နာဆောင်ရွက်ခြင်းမပြုစေရန်အတွက် သတ်မှတ်သည့် သို့မဟုတ် စည်းနှောင်မှုရှိသည့် စည်းကမ်းချက်တစ်ရပ်ရပ် သို့မဟုတ် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် သီးခြားဖော်ပြထားခြင်းမရှိသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်၊ စာရွက်စာတမ်း သို့မဟုတ် အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည်ဟု အကြောင်းကြား၍ ၎င်းအပေါ်တွင် သက်ရောက်စေရန်အတွက် ရည်ရွယ်သည့် စည်းကမ်းချက်တစ်ရပ်ရပ်သည် ပျက်ပြယ်သည်။

(ခ) ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် လျှောက်လွှာပုံစံတစ်ရပ်ကို ထုတ်ဝေရာတွင် အဆိုပါပုံစံသည် ပုဒ်မ ၂၀၅ တွင် ဖော်ပြပါရှိသည့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားသော ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) နှင့်အတူ ထုတ်ဝေထားခြင်းမရှိလျှင် ထိုလျှောက်လွှာပုံစံ ထုတ်ဝေမှုမှာ တရားဝင်ခြင်းမရှိစေရ။

သို့ရာတွင် လျှောက်လွှာပုံစံသည် အောက်ပါအခြေအနေများအရ ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရလျှင် ဤပုဒ်မခွဲပါပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိစေရ-

(၁) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများနှင့်စပ်လျဉ်း၍ အာမခံခြင်းဆိုင်ရာ သဘောတူစာချုပ်တစ်ရပ် (underwriting agreement) ချုပ်ဆိုရန်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးအားသဘောရိုးဖြင့် ဖိတ်ခေါ်ခြင်းနှင့် သက်ဆိုင်ခဲ့လျှင်၊ သို့မဟုတ်

(၂) အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်း မပြုသည့် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များနှင့် သက်ဆိုင်ခဲ့လျှင်။

၂၀၈။ မည်သူမဆို ပုဒ်မ ၂၀၇ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များကိုဆန့်ကျင်၍ ပြုမူဆောင်ရွက်လျှင် ပြစ်ဒဏ်ပမာဏ (၂၀၀) ခုထက်မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်။

**ပုဒ်မ ၂၀၅ ပါ ပြဋ္ဌာန်းချက်များကို ညီညွတ်ခြင်းမရှိသည့်ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အကြောင်းများ**

၂၀၉။ ပုဒ်မ ၂၀၅ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိသည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus)တစ်ရပ်အား ထုတ်ဝေခဲ့လျှင် ထိုကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေရာ၌ သိလျက်ဖြင့် တာဝန်ယူဆောင်ရွက်သူတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၂၀၀) ခုထက်မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်။

၂၁၀။ ပုဒ်မ ၂၀၅ တွင် ဖော်ပြပါရှိသည့် သတ်မှတ်ချက်တစ်ရပ်ရပ်နှင့် ညီညွတ်မှုမရှိလျှင် သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းပြုခဲ့လျှင် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အတွက် တာဝန်ရှိသောဒါရိုက်တာ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးသည် အောက်ပါအခြေအနေများကို သက်သေထင်ရှားတင်ပြနိုင်လျှင် သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းများပြုလုပ်သည့် အကြောင်းကြောင့် တာဝန်တစ်စုံတစ်ရာ မရှိစေရ -

(က) ထုတ်ဖော်ပြောဆိုခြင်း မပြုသည့် ကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ၎င်းအနေဖြင့် အသိအမှတ်ပြု လိုက်နာဆောင်ရွက်မှုမရှိခြင်း၊ သို့မဟုတ်

(ခ) ဒါရိုက်တာ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးသည် သဘောရိုးဖြင့် မှားယွင်းခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာရသောစည်းကမ်းချက်အား မလိုက်နာခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်း၊ သို့မဟုတ်

(ဂ) တရားရုံး၏ ယူဆချက်တွင် လိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းသည် အရေးကြီးသောကိစ္စရပ်နှင့် မသက်ဆိုင်ကြောင်း သို့မဟုတ် အကြောင်းအရာများအားလုံးကို ထည့်သွင်းစဉ်းစားပြီး ကင်းလွတ်ခွင့်ပြုသင့်ကြောင်းတွေ့ရှိသည့်အခါတွင် ယင်းအတွက်အရေးယူဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်။

သို့ရာတွင် ပုဒ်မ ၂၀၅ ပုဒ်မခွဲ(က) ၏ အပိုဒ် (၁၆) တွင် ပါရှိသော သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ဆောင်ရွက်ခြင်းပြုသည့် ကိစ္စရပ်တွင် ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် အခြားသူတစ်ဦးဦးသည် ထုတ်ဖော်မပြောဆိုသည့် အချက်များကို သိရှိသည်ဟု သက်သေထင်ရှားမပေါ်ပေါက်လျှင် ဖော်ပြပါလိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းပြုခြင်းများနှင့် စပ်လျဉ်း၍ တာဝန်တစ်စုံတစ်ရာ မရှိစေရ။

**၂၁၁။ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်းမရှိသည့် ကုမ္ပဏီများ၏တာဝန်များ**

(က) ကုမ္ပဏီတစ်ခုသည် ယင်း၏ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ခုကို ထုတ်ဝေခဲ့ခြင်းမရှိပါက အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ပထမအကြိမ် ခွဲဝေသတ်မှတ်ခြင်းမပြုမီတွင် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အဆိုပြုထားသော ဒါရိုက်တာအဖြစ်၊ သို့မဟုတ် ၎င်း၏ စာဖြင့်ရေးသား၍ အခွင့်အာဏာ အပ်နှင်းခြင်းခံရသော ကိုယ်စားလှယ်အဖြစ် လက်မှတ်ရေးထိုးထားသည့်ကုမ္ပဏီ၏ အလားအလာညွှန်းတမ်းကို ပြုစုမည့် အစား ရေးသားဖော်ပြချက်တစ်စောင် (Statement in lieu of Prospectus) ကို ပြည်ထောင်စုဝန်ကြီးမှ သတ်မှတ်ဖော်ပြထားသည့်ပုံစံနှင့် အချက်အလက်များအတိုင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြထားရမည်။ ယင်းသို့ တင်ပြထားခြင်းမရှိပါက ယင်းကုမ္ပဏီ၏အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ခွဲဝေသတ်မှတ်ခြင်းမပြုရ။

(ခ) ဤပုဒ်မသည် ဤဥပဒေ၏ အခြားပြဋ္ဌာန်းချက် တစ်စုံတစ်ရာကို ကန့်သတ်ခြင်းမရှိစေဘဲ အကျိုးသက်ရောက်စေရမည်။

**၂၁၂။ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ရောင်းချရန်အတွက် ကမ်းလှမ်းသည့် စာရွက်စာတမ်းများအား ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အဖြစ် မှတ်ယူရခြင်း**

(က) ဤအခန်းတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုသည် ယင်းကုမ္ပဏီ၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များအားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ အများပြည်သူသို့ရောင်းချရန်အတွက် ကမ်းလှမ်းရန် ရည်ရွယ်ချက်ဖြင့် ကုမ္ပဏီ၏အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ခွဲဝေသတ်မှတ်လျှင် သို့မဟုတ် ခွဲဝေသတ်မှတ်ရန် သဘောတူညီခဲ့လျှင် အများပြည်သူသို့ ရောင်းချရန်အတွက် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည့် စာရွက်စာတမ်းတစ်ရပ်ရပ်ကို ကုမ္ပဏီက ထုတ်ဝေသော ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ် အဖြစ် မှတ်ယူရမည်။ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ၏ အကြောင်းအရာများ၊ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင်ပါရှိသည့် ရေးသားဖော်ပြချက်များ၊ ပျက်ကွက်မှုများနှင့်စပ်လျဉ်းသည့် တာဝန်ရှိမှုများ သို့မဟုတ် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) နှင့်စပ်လျဉ်း၍ အခြားကိစ္စရပ်များအတွက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများအားလုံးကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည့်အပြင် အများပြည်သူသို့ ထည့်ဝင်ကြေးကမ်းလှမ်းသည့် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများအဖြစ်လည်းကောင်း၊ အစုရှယ်ယာများ သို့မဟုတ် ငွေချေးလက်မှတ်များနှင့်စပ်လျဉ်းသည့် ကမ်းလှမ်းမှုကို လက်ခံသူများအား အဆိုပါ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများအတွက် ငွေကြေးထည့်ဝင်သူများအဖြစ်လည်းကောင်း အကျိုးသက်ရောက်စေရမည်။ သို့ရာတွင် စာရွက်စာတမ်းတွင်ပါရှိသော မှားယွင်းဖော်ပြမှုများနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ယင်းတွင်ပါရှိသော အခြားအကြောင်းအရာများအတွက်ဖြစ်စေ ကမ်းလှမ်းမှုပြုလုပ်ခဲ့သူအားလုံး၏ တာဝန်ရှိမှုများကို ထိခိုက်စေခြင်းမရှိစေရ။

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

(ခ) ဤဥပဒေတွင် ဖော်ပြပါရှိသောကိစ္စရပ်များအတွက် ဆန့်ကျင်ကွဲလွဲမှုမရှိလျှင် အောက်ပါအကြောင်းအရာများ ပေါ်ပေါက်ကြောင်းတွေ့ရှိရပါက အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ရောင်းချရန်အတွက် ကမ်းလှမ်းရန် ရည်ရွယ်ချက်ဖြင့် ကုမ္ပဏီ၏အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ခွဲဝေသတ်မှတ်ခြင်း သို့မဟုတ် ခွဲဝေသတ်မှတ်ရန်အတွက် သဘောတူညီခြင်းကို ပြုလုပ်ခဲ့ကြောင်း သက်သေထင်ရှားဖြစ်စေရမည် -

(၁) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များ သို့မဟုတ် ယင်းတို့အနက် တစ်ရပ်ရပ်ကို အများပြည်သူသို့ ရောင်းချရန်အတွက် ကမ်းလှမ်းမှုတစ်ရပ်အား ခွဲဝေသတ်မှတ်ခြင်း သို့မဟုတ် ခွဲဝေသတ်မှတ်ရန်သဘောတူခြင်းကို ပြုလုပ်ဆောင်ရွက်ပြီးနောက် (၆)လအတွင်း ကမ်းလှမ်းခဲ့ခြင်း၊ သို့မဟုတ်

(၂) ကမ်းလှမ်းမှုအား ပြုလုပ်သည့်နေ့ရက်တွင် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များ အတွက် ကုမ္ပဏီကရရှိမည့် အဖိုးစားနားအားလုံးကို မရရှိသေးခြင်း။

(ဂ) ကမ်းလှမ်းမှုကို ပြုလုပ်ခဲ့သူတစ်ဦးဦး သို့မဟုတ် အားလုံးသည် ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) တွင် ဒါရိုက်တာများအဖြစ် အမည်စာရင်း ဖော်ပြထားသူများဖြစ်သကဲ့သို့ ပုဒ်မ ၂၀၉ နှင့် ၂၁၀ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။ ပုဒ်မ ၂၀၅ပါ ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ၏အလားအလာ ညွှန်းတမ်း (Prospectus) တွင် ဖော်ပြပါရှိရမည့် ယင်းပုဒ်မပါအကြောင်းအရာများအပြင် အောက်ပါတို့ကိုလည်း ထည့်သွင်း ဖော်ပြရန် လိုအပ်သည်ဟု သက်ရောက်စေရမည် -

(၁) ကမ်းလှမ်းမှုနှင့်သက်ဆိုင်သည့်အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် ရရှိသော သို့မဟုတ် ရရှိမည်ဖြစ်သော အသားတင်အဖိုးစားနား ပမာဏနှင့်

(၂) အဆိုပါ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံလက်မှတ်များအား ခွဲဝေသတ်မှတ်ထားသော သို့မဟုတ် ခွဲဝေသတ်မှတ်ရန်အတွက် ဆောင်ရွက်ထားသော ပဋိညာဉ် စာချုပ်အား စစ်ဆေးနိုင်မည့်နေရာနှင့် အချိန်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်သက်ဆိုင်သော ကမ်းလှမ်းမှုတစ်ရပ်ကိုပြုလုပ်သူသည် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းစုတစ်ရပ်ရပ်ဖြစ်ခဲ့ပါက အထက်ဖော်ပြပါ စာရွက်စာတမ်းအား ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းစု၏ကိုယ်စား ကုမ္ပဏီ၏ ဒါရိုက်တာအားလုံးကဖြစ်စေ၊ တစ်ဝက်အောက်မနည်းသော ဖက်စပ်လုပ်ကိုင်သူများကဖြစ်စေ လက်မှတ်ရေးထိုးခဲ့လျှင် ယင်းကမ်းလှမ်းမှုသည် ပြည့်စုံမှုရှိပြီး အဆိုပါ ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ဖက်စပ်လုပ်ကိုင်သူတစ်ဦးဦးသည် စာဖြင့်ရေးသား၍ အခွင့်အာဏာအပ်နှင်းထားသော ၎င်း၏ကိုယ်စားလှယ်ဖြင့် လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်သည်။

၂၁၃။ **ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) သို့မဟုတ် ယင်းအစား ပြုလုပ်သည့် ရေးသားဖော်ပြချက်တွင်ပါရှိသော စည်းကမ်းချက်များကို ပြောင်းလဲပြင်ဆင်ခြင်းနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်**

ကုမ္ပဏီတစ်ခုသည် အထွေထွေအစည်းအဝေးတွင်ပြုလုပ်သော အတည်ပြုဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်းမှတစ်ပါး မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) သို့မဟုတ် ယင်းအစား ပြုလုပ်သည့် ရေးသားဖော်ပြချက်တွင်ပါရှိသော ပဋိညာဉ်စည်းကမ်းချက်များကို ပြောင်းလဲခြင်း မပြုလုပ်ရ။

၂၁၄။ **ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တွင်ပါရှိသော ဖော်ပြချက်များ အတွက် တာဝန်ရှိခြင်း**

(က) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) သည် ကုမ္ပဏီ၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များအတွက် ငွေကြေးထည့်ဝင်ရန် ပုဂ္ဂိုလ်တစ်ဦးဦးအား ဖိတ်ခေါ်ထားခဲ့လျှင် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) ကို ထုတ်ဝေသည့်အချိန်က ကုမ္ပဏီ၏ဒါရိုက်တာဖြစ်သူများအားလုံး၊ ၎င်းတို့၏ကိုယ်စား အခွင့်အာဏာအပ်နှင်းခြင်းခံရသူများအားလုံး၊ ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) တွင် ဒါရိုက်တာအားလုံး၊ ချက်ချင်း သော်လည်းကောင်း၊ အချိန်ကာလတစ်ရပ်တွင် သော်လည်းကောင်း ဒါရိုက်တာ တစ်ဦးအဖြစ်ထားရှိရန် သဘောတူညီပြီးဖြစ်သော ပုဂ္ဂိုလ်များအားလုံး၊ ကမကထပြုသူများအားလုံးနှင့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ထုတ်ဝေရန် အခွင့်အာဏာအပ်နှင်းခြင်းခံရသူများ အားလုံးသည် အောက်ပါအကြောင်းများ ပေါ်ပေါက်ခြင်းမရှိခဲ့လျှင် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အပေါ် ယုံကြည်၍ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များ အတွက် ငွေကြေးထည့်ဝင်သူများအားလုံးသို့ အဆိုပါကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) တွင်ဖြစ်စေ၊ ၎င်းတွင်ပါရှိသည့် အစီရင်ခံစာ သို့မဟုတ် မှတ်တမ်းတစ်ရပ်ရပ်တွင်ဖြစ်စေ၊ ၎င်းတွင်ပါရှိသော သို့မဟုတ် ၎င်းနှင့်အတူ ဖော်ပြထားသော ရည်ညွှန်းချက်များတွင်ဖြစ်စေ မှားယွင်းတင်ပြထားသည့် သို့မဟုတ် မှန်ကန်မှုမရှိသည့်ရေးသားဖော်ပြချက်များကြောင့် ငွေကြေးထည့်ဝင်ကြသူများအပေါ် ဖြစ်ပေါ်လာသည့်ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုများအတွက် လျော်ကြေးပေးရန်တာဝန်ရှိသည်-

(၁) ကျွမ်းကျင်သူတစ်ဦးဦး၏ ခွင့်ပြုချက်အရပြုလုပ်ရန် ရေးသား ဖော်ပြချက်တစ်ရပ်ရပ် သို့မဟုတ် ဌာနမှ တရားဝင်ထုတ်ပြန်သည့် စာရွက်စာတမ်းများကို အထောက်အထားမပြုဘဲ မှားယွင်းတင်ပြထား သည့် ရေးသားဖော်ပြချက်တစ်ရပ်ရပ် သို့မဟုတ် မှန်ကန်မှုမရှိသည့် ဖော်ပြချက်များသည် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအား ခွဲဝေ သတ်မှတ်သည့်အချိန်အထိ မှန်ကန်စွာတင်ပြထားကြောင်း သို့မဟုတ် အချက်အလက်များသည် မှန်ကန်မှုရှိကြောင်း ယုံကြည်လောက်သော အခြေခံအကြောင်းများရှိခြင်း၊ သို့မဟုတ်

(၂) ကျွမ်းကျင်သူတစ်ဦးဦး၏ အစီရင်ခံစာ သို့မဟုတ် တန်ဖိုးသတ်မှတ်ချက် တစ်ရပ်ရပ်မှ မိတ္တူကူးယူခြင်းဖြင့် သို့မဟုတ် ရွေးချယ်ထုတ်နုတ်ခြင်းဖြင့် ပြုစုထားသော သို့မဟုတ် ယင်းအချက်များပါဝင်သော ရေးသား ဖော်ပြချက်တစ်ရပ်ရပ်တွင်ပါရှိသော မှားယွင်းတင်ပြထားသည့် သို့မဟုတ် မှန်ကန်မှုမရှိသည့် ဖော်ပြချက်များသည် မှန်ကန်စွာတင်ပြ ထားခြင်း သို့မဟုတ် အစီရင်ခံစာ သို့မဟုတ် တန်ဖိုးသတ်မှတ်ချက် တစ်ရပ်ရပ်မှ မှန်ကန်စွာ မိတ္တူကူးယူခြင်းဖြင့် သို့မဟုတ် ရွေးချယ် ထုတ်နုတ်ခြင်းဖြင့် ပြုလုပ်ထားခြင်း၊

သို့ရာတွင် ရေးသားဖော်ပြချက်၊ အစီရင်ခံစာ သို့မဟုတ် တန်ဖိုးသတ်မှတ်ချက်တို့ကို ပြုလုပ်သည့် ကျွမ်းကျင်သူသည် ထိုသို့ပြုလုပ်ဆောင်ရွက်ရန် အရည်အချင်း ပြည့်ဝသည်ဟု ယုံကြည်လောက်သော အခြေခံအကြောင်းများမရှိကြောင်း ထင်ရှား ပေါ်ပေါက်ခဲ့လျှင် ဒါရိုက်တာ၊ ဒါရိုက်တာအဖြစ် အမည်စာရင်း ရေးသွင်းခံရသူ၊ ကမကထပြုသူ သို့မဟုတ် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေရန်ခွင့်ပြုသူတို့သည် အထက်တွင်ဖော်ပြပါရှိသည့်အတိုင်း လျော်ကြေးပေးရန် တာဝန်ရှိသည်။ သို့မဟုတ်

(၃) ဌာနဆိုင်ရာ တရားဝင်စာရွက်စာတမ်းတစ်ရပ်ရပ်မှ မိတ္တူကူးယူခြင်းဖြင့် သို့မဟုတ် ရွေးချယ်ထုတ်နုတ်ခြင်းဖြင့် တရားဝင်ပုဂ္ဂိုလ်တစ်ဦးဦးက ပြုစုထားသော သို့မဟုတ် ယင်းအချက်များပါဝင်သော ရေးသား ဖော်ပြချက်တစ်ရပ်ရပ်တွင်ပါရှိသော မှားယွင်းတင်ပြထားသည့် သို့မဟုတ် မှန်ကန်မှုမရှိသည့်ဖော်ပြချက်များသည် မှန်ကန်စွာတင်ပြ ထားခြင်း သို့မဟုတ် ဖော်ပြပါစာရွက်စာတမ်းမှ မှန်ကန်စွာမိတ္တူကူးယူ ခြင်းဖြင့် သို့မဟုတ် ရွေးချယ်ထုတ်နုတ်ခြင်းဖြင့် ပြုလုပ်ထားခြင်း၊ သို့မဟုတ်

(၄) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်း မပြုမီက ဒါရိုက်တာအဖြစ် ဆောင်ရွက်ရန် သဘောတူညီထားသည့် ပုဂ္ဂိုလ်တစ်ဦးက ၎င်း၏သဘောဆန္ဒကို ရုပ်သိမ်းခဲ့ပြီး အဆိုပါ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ၎င်း၏ ခွင့်ပြုချက် သို့မဟုတ် သဘောတူညီချက်မပါရှိဘဲ ကုမ္ပဏီကထုတ်ဝေခဲ့ခြင်း၊ သို့မဟုတ်

(၅) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ၎င်းအနေဖြင့် သိရှိခြင်းမရှိဘဲ သို့မဟုတ် ၎င်း၏သဘောတူညီချက်မပါရှိဘဲ ထုတ်ဝေ ခဲ့ခြင်း၊ ထိုသို့ထုတ်ဝေခြင်းကို သိရှိသည့်အချိန်တွင် ထိုသို့ထုတ်ဝေ ခဲ့ခြင်းသည် ၎င်းအနေဖြင့် သိရှိခြင်းမရှိဘဲ သို့မဟုတ် ၎င်း၏ သဘော တူညီချက်မပါရှိဘဲ ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း အများပြည်သူသို့ ထိုက်သင့်သည့်နည်းလမ်းဖြင့် အသိပေးခဲ့ခြင်း၊ သို့မဟုတ်

(၆) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေပြီး နောက် ယင်းအရ ခွဲဝေသတ်မှတ်မှုများပြုလုပ်ခြင်း မရှိမီကာလတွင် ၎င်းအနေဖြင့် အဆိုပါ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ရေးသားဖော်ပြချက်များသည် မှားယွင်းတင်ပြ ထားသည့် သို့မဟုတ် မှန်ကန်မှုမရှိသည့် ဖော်ပြချက်များဖြစ်ကြောင်း သိရှိခဲ့သဖြင့် ၎င်း၏သဘောတူညီချက်ကို ရုပ်သိမ်းခဲ့ခြင်း၊ ထိုသို့သော အကြောင်းနှင့် ရုပ်သိမ်းမှုကို အများပြည်သူသို့ ထိုက်သင့်သည့် နည်းလမ်းဖြင့် အသိပေးခဲ့ခြင်း။

(ခ) ယခင်ဥပဒေ စတင်အာဏာတည်သည့်အချိန်က တည်ရှိခဲ့သော ကုမ္ပဏီ တစ်ခုက အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များအားထုတ်ဝေပြီး အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် ငွေကြေးထည့်ဝင်ခြင်းဖြင့် မတည်ငွေရင်းများ ထပ်မံရရှိစေရန်ရည်ရွယ်ချက်ဖြင့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်အား ထုတ်ဝေလျှင် ဒါရိုက်တာတစ်ဦးသည် ၎င်းအနေဖြင့် ထိုသို့ထုတ်ဝေရန်ခွင့်ပြုခြင်း မရှိလျှင် သို့မဟုတ် အဆိုပါ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus)အား အတည်ပြုခြင်းမရှိလျှင် အဆိုပါကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ပါရှိသည့် ဖော်ပြချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တာဝန် မရှိစေရ။

(ဂ) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ကုမ္ပဏီ၏ ဒါရိုက်တာ တစ်ဦးအဖြစ် ပုဂ္ဂိုလ်တစ်ဦး၏အမည် သို့မဟုတ် ဒါရိုက်တာတစ်ဦးအဖြစ် ဆောင်ရွက်ရန် သဘောတူညီထားသည့် ပုဂ္ဂိုလ်တစ်ဦး၏ အမည်အား ဖော်ပြ ထားပြီး ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေ ခြင်းမပြုမီ ထိုပုဂ္ဂိုလ်က ဒါရိုက်တာအဖြစ်ဆောင်ရွက်ရန် သဘောတူညီခြင်း မရှိလျှင် သို့မဟုတ် ၎င်း၏သဘောတူညီချက်အား ရုပ်သိမ်းလျှင်၊ ထိုကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား အထက်တွင်ဖော်ပြခဲ့သော ပုဂ္ဂိုလ်များအား အသိပေးခြင်းမရှိဘဲ သို့မဟုတ် ၎င်း၏သဘောတူညီချက် မပါရှိဘဲ ထုတ်ဝေခဲ့သည့်ကိစ္စမှအပ ထိုကုမ္ပဏီ၏ ဒါရိုက်တာ၊ ထိုသို့ ထုတ်ဝေရန် ခွင့်ပြုခဲ့သူများသည် ယင်းပုဂ္ဂိုလ်များသို့ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ၎င်းတို့၏အမည်အား ထည့်သွင်းဖော်ပြမှုကြောင့် ၎င်းတို့ အပေါ်တွင် ကျရောက်လာသည့် တာဝန်ရှိမှုများအတွက် သော်လည်းကောင်း၊ အဆိုပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ၎င်းတို့အပေါ် စွဲဆိုသည့်ပြစ်မှု သို့မဟုတ် တရားစွဲဆိုဆောင်ရွက်မှုတစ်ရပ်ရပ်တွင် ခုခံချေပခြင်းအတွက် သော်လည်းကောင်း ၎င်းတို့၏ထိခိုက်နစ်နာမှုနှင့် ကုန်ကျစရိတ်များအတွက် လျော်ကြေးပေးရန် တာဝန်ရှိသည်။

(ဃ) ဒါရိုက်တာအဖြစ် လည်းကောင်း၊ ဒါရိုက်တာအဖြစ် အမည်စာရင်းတင်သွင်းခံ ရသူအဖြစ် လည်းကောင်း၊ ဒါရိုက်တာအဖြစ် ဆောင်ရွက်ရန် သဘောတူညီသူ အဖြစ် လည်းကောင်း၊ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) ကို ထုတ်ဝေရန် ခွင့်ပြုချက်ပေးသူအဖြစ် လည်းကောင်း ဤပုဒ်မပါ ပြဋ္ဌာန်းချက် များအရ ငွေပေးချေရန်တာဝန်ရှိသူအားလုံးသည် ထိုသို့ပေးချေရန်တာဝန်ရှိ သူက လိမ်လည်လိုသောသဘောဖြင့် မှားယွင်းတင်ပြမှုအရ အပြစ်ရှိကြောင်း မပေါ်ပေါက်ဘဲ အခြားသူများက ထိုကိစ္စရပ်အတွက် အပြစ်ရှိကြောင်း ပေါ်ပေါက်ခဲ့လျှင် ပဋိညာဉ်စာချုပ်အရ ဆောင်ရွက်သည့် ကိစ္စရပ်များတွင် သီးခြားစီ တရားစွဲဆိုဆောင်ရွက်ပါက အလားတူငွေပေးချေရန် တာဝန်ရှိသော အခြားသူတစ်ဦးထံမှ ထည့်ဝင်ငွေများကို ရပိုင်ခွင့်ရှိသည်။

**ခွဲဝေသတ်မှတ်ခြင်း**

၂၁၅။ **ခွဲဝေသတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်**

(က) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် အနည်းဆုံး အစု ရှယ်ယာ မတည်ငွေရင်းပမာဏအဖြစ် ဖော်ပြထားသောပမာဏသည် ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)တွင် သတ်မှတ်ဖော်ပြထားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပေးချေရန် လိုအပ်သည့်ငွေပမာဏကို ဒါရိုက်တာများ၏ ထင်မြင်ချက်အရ စုစုပေါင်းငွေပမာဏ သို့မဟုတ် အဆိုပါငွေပမာဏ တစ်စိတ်တစ်ဒေသကို ပေးချေသည့်အခါ ပေးချေရန်ကျန်ရှိသည့် ငွေပမာဏ သို့မဟုတ် ပြည်ထောင်စု ဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် ငွေပမာဏကို ရှယ်ယာမတည်ငွေရင်းဖြင့် ခွဲဝေသတ်မှတ်ခြင်းမရှိခဲ့လျှင် အများပြည်သူမှ ငွေကြေးထည့်ဝင်နိုင်ရန်အတွက် ကမ်းလှမ်းသော ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာမတည်ငွေရင်းတစ်ရပ်ရပ်ကို ခွဲဝေသတ်မှတ်ခြင်းမပြုရ၊ ထို့အပြင် ထိုငွေပမာဏ၏ အနည်းဆုံး ၅% သို့မဟုတ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် ရာခိုင်နှုန်းကို ကုမ္ပဏီသို့ ငွေသားဖြင့်ပေးချေရမည် သို့မဟုတ် ကုမ္ပဏီကလက်ခံရယူရမည်။

(ခ) အောက်ပါကိစ္စရပ်များအတွက် အနည်းဆုံးအစုရှယ်ယာမတည်ငွေရင်း ပမာဏကိုရရှိရန် ဒါရိုက်တာများက ပြုလုပ်ဆောင်ရွက်ရမည် -

(၁) ထုတ်ဝေခြင်းမှရရှိသော အကျိုးအမြတ်ဖြင့် အားလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကိုဖြစ်စေ အသုံးပြု၍ဝယ်ယူထားသည့် သို့မဟုတ် ဝယ်ယူ မည့်ပစ္စည်းတစ်ရပ်ရပ်၏ ဈေးနှုန်းတန်ဖိုး၊

(၂) ကုမ္ပဏီကပေးချေရမည့် ကနဦးကုန်ကျစရိတ်တစ်ရပ်ရပ်နှင့် ကုမ္ပဏီ၏ အစုရှယ်ယာတစ်ရပ်ရပ်အတွက် ထည့်ဝင်ကြေးများပေးသွင်းရန် သဘောတူညီခြင်း သို့မဟုတ် အစုရှယ်ယာတစ်ရပ်ရပ်ကို ထည့်ဝင်ခြင်း သို့မဟုတ် ထည့်ဝင်ရန်သဘောတူညီခြင်းကြောင့် ထိုသူအား ပေးချေ ရမည့် ကော်မရှင်ခတစ်ရပ်ရပ်၊

(၃) အထက်ပါကိစ္စရပ်တစ်ခုခုအတွက် ကုမ္ပဏီကချေးယူထားသော ငွေတစ်ရပ်ရပ်ကို ပြန်လည်ပေးဆပ်ခြင်းနှင့်

(၄) စီးပွားရေးလုပ်ငန်း နေ့စဉ်ဆောင်ရွက်မှုတွင် အသုံးပြုသော မတည် ငွေရင်း (working capital)။

(ဂ) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ဖော်ပြပါရှိသော ငွေပမာဏအဖြစ် ဤပုဒ်မ၏ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့် ငွေပမာဏအား ငွေသားဖြင့် ပေးချေရမည်ဖြစ်ပြီး အခြားနည်းတစ်ရပ်ရပ်ဖြင့် ပေးချေခြင်းမပြုဘဲ အပြည့်အဝ တွက်ချက်လက်ခံရမည့်အပြင် ဤဥပဒေတွင် အနည်းဆုံးထည့်ဝင် ငွေကြေးအဖြစ် ဖော်ပြရမည်။

(ဃ) အစုရှယ်ယာများအတွက် လျှောက်ထားသူများထံမှ လက်ခံရရှိသော ငွေကြေး အားလုံးကို သတ်မှတ်စီစဉ်ထားသည့် ဘဏ်တစ်ခုခုတွင် ဤပုဒ်မ၏ ပုဒ်မခွဲ(စ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ပေးအပ်သည့် အချိန်အထိ သို့မဟုတ် ပုဒ်မ ၂၁၈ အရ စီးပွားရေးလုပ်ငန်း စတင်ဆောင်ရွက်ခွင့် အထောက်အထား လက်မှတ်ရရှိသည့်အချိန်အထိ အပ်နှံသိမ်းဆည်းထားရှိရမည်။

(င) အစုရှယ်ယာတစ်ခုစီနှင့် စပ်လျဉ်းသည့်လျှောက်လွှာအရ ပေးချေရမည့် ငွေပမာဏသည် အစုရှယ်ယာတန်ဖိုးပမာဏ၏ ၅% အောက် လျော့နည်းခြင်း မရှိစေရ။

(စ) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေပြီးနောက် ရက်ပေါင်း (၁၈၀) ကျော်လွန်သည်အထိ အထက်တွင်ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် အစုရှယ်ယာများ အတွက် လျှောက်ထားသူများထံမှ လက်ခံရရှိထားသည့် ငွေကြေးများ အားလုံး ကို အတိုးမပါရှိဘဲ ၎င်းတို့ထံ ပြန်လည်ပေးအပ်ရမည်။ အဆိုပါ ငွေကြေးများကို ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေပြီးနောက် ရက်ပေါင်း (၁၉၀) အတွင်း ပြန်လည်ပေးချေနိုင်ခြင်းမရှိခဲ့လျှင် ကုမ္ပဏီ၏ ဒါရိုက်တာများသည် ရက်ပေါင်း (၁၉၀) ပြည့်မြောက်သည့်နေ့မှ စတင် တွက်ချက်သော တစ်နှစ်လျှင်ပေးရမည့် သတ်မှတ်ဖော်ပြထားသည့် အတိုးနှင့် အတူ အဆိုပါငွေအား စုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ပြန်လည်ပေးချေရ မည်။ သို့ရာတွင် ငွေကြေးဆုံးရှုံးမှုသည် ဒါရိုက်တာတစ်ဦး၏ အကျင့်သိက္ခာ ပျက်ပြားခြင်း သို့မဟုတ် ပေါ့လျော့ခြင်းကြောင့် မဟုတ်ကြောင်း ထင်ရှား ပေါ်ပေါက်ခဲ့လျှင် ထိုဒါရိုက်တာအပေါ်တွင် တာဝန်တစ်စုံတစ်ရာ မရှိစေရ။

(ဆ) အစုရှယ်ယာများအတွက် လျှောက်ထားသူတစ်ဦးဦးအား ဤပုဒ်မတွင် ပါရှိ သည့် သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်း မပြုစေရန်အတွက် သတ်မှတ်သည့် သို့မဟုတ် စည်းနှောင်မှုရှိသည့် စည်းကမ်းချက် တစ်ရပ်ရပ် သည် အကျိုးသက်ရောက်ခြင်းမရှိဘဲ ပျက်ပြယ်စေရမည်။

(ဇ) ဤပုဒ်မ၏ ပုဒ်မခွဲ(င) တွင်ပါရှိသည့်ပြဋ္ဌာန်းချက်များမှအပ ဤပုဒ်မပါ ပြဋ္ဌာန်း ချက်များသည် ငွေကြေးထည့်ဝင်ရန်အတွက် အများပြည်သူသို့ ကမ်းလှမ်းခဲ့ သော အစုရှယ်ယာများအား ပထမအကြိမ် ခွဲဝေသတ်မှတ်ပြီးနောက် ဆောင်ရွက်သော အစုရှယ်ယာများ ခွဲဝေသတ်မှတ်ခြင်း တစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၁၆။ ပုဒ်မ ၂၁၅ ပုဒ်မခွဲ(ဃ) ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ဆောင်ရွက်သည့် ကိစ္စရပ် များတွင် ကမကထပြုသူ၊ ဒါရိုက်တာ၊ သို့မဟုတ် ထိုသို့ဆန့်ကျင်ဆောင်ရွက်မှုအတွက် တာဝန်ရှိသူတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ(၂၀)ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရန် တာဝန်ရှိသည်။

၂၁၇။ **နည်းလမ်းမကျသော ခွဲဝေသတ်မှတ်ခြင်း၏ အကျိုးသက်ရောက်မှုများ**

(က) ပုဒ်မ ၂၁၅ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ ကုမ္ပဏီတစ်ခုက ပြုလုပ်သည့် ခွဲဝေချထားမှုအပေါ် လျှောက်ထားသူတစ်ဦးသည် ကုမ္ပဏီက ဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစည်းအဝေးကျင်းပပြီးသည့်နေ့ရက်မှ (၂၈) ရက်အတွင်း လျှောက်ထားပါက အဆိုပါခွဲဝေမှုသည် ပျက်ပြယ်စေရမည် သို့မဟုတ် ကုမ္ပဏီကဥပဒေအရ လိုက်နာဆောင်ရွက်ရသော အစည်းအဝေး အား ကျင်းပရန်မလိုသည့်အခါတွင် ခွဲဝေသတ်မှတ်ခြင်း ပြုလုပ်သည့်နေ့မှ (၂၈)ရက်အတွင်း လျှောက်ထားပါက အဆိုပါ ခွဲဝေမှုသည် ပျက်ပြယ်စေရမည်။ ယင်းပျက်ပြယ်ခြင်းသည် ကုမ္ပဏီမှ စာရင်းရှင်းလင်းဖျက်သိမ်းရသည့် အကြောင်းကိစ္စ ဖြစ်စေကာမူ အကျိုးသက်ရောက်စေရမည်။

(ခ) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးသည် ခွဲဝေသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၂၁၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို သိလျက်ဖြင့် ဆန့်ကျင်၍ ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ထိုသို့ဆန့်ကျင်၍ ဆောင်ရွက်မှုကိုခွင့်ပြုခဲ့လျှင် ကုမ္ပဏီနှင့် ခွဲဝေ သတ်မှတ်ခြင်းခံရသူများအပေါ် ၎င်းတို့တွင် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှု၊ နစ်နာမှု သို့မဟုတ် ကုန်ကျစရိတ်များအတွက် လျော်ကြေးပေးရန် တာဝန်ရှိသည်။ သို့ရာတွင် ခွဲဝေသတ်မှတ်သည့်နေ့ရက်မှ (၂)နှစ် ကာလကျော်လွန်ပြီး နောက်တွင် အဆိုပါဆုံးရှုံးမှု၊ နစ်နာမှု သို့မဟုတ် ကုန်ကျစရိတ်များအား ပြန်လည်ရရှိရန်အတွက် တရားစွဲဆိုဆောင်ရွက်ခြင်း မပြုရ။

၂၁၈။ **စီးပွားရေးလုပ်ငန်း စတင်လုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များ**

(က) ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုသည် အောက်ပါ အချက်များ ပေါ်ပေါက်ခြင်းမရှိလျှင် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို စတင် ဆောင်ရွက် ခြင်းမပြုရ သို့မဟုတ် ချေးငွေရယူဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ကျင့်သုံး ဆောင်ရွက်ခွင့် မရှိစေရ-

(၁) ငွေသားဖြင့် ပမာဏတစ်ရပ်လုံးအား ပေးချေရမည့် အစုရှယ်ယာများကို အနည်းဆုံး ထည့်ဝင်ငွေကြေးပမာဏထက် မလျော့နည်းသည့်ပမာဏ တစ်ရပ်သို့ ခွဲဝေသတ်မှတ်ခြင်း၊

(၂) ကုမ္ပဏီ၏ ဒါရိုက်တာအားလုံးသည် ၎င်းတို့က ရယူမည်ဖြစ်သော သို့မဟုတ် ရယူမည်ဟု ပဋိညာဉ်ပြုလုပ်ထားသော အစုရှယ်ယာ တစ်ရပ်စီအတွက် ငွေပေးချေရာတွင် ၎င်းတို့က ငွေသားဖြင့်ပေးချေရန် တာဝန်ရှိပြီး အများပြည်သူက ငွေကြေးထည့်ဝင်နိုင်ရန်အတွက် ခွဲဝေသတ်မှတ်ခြင်းများအပေါ် ပေးချေရမည့် အချိုးအစားနှင့် တူညီသော အချိုးအစားအတွက်ပေးချေခဲ့ခြင်း သို့မဟုတ် ကုမ္ပဏီ၏ အစုရှယ်ယာများအတွက် ငွေကြေးထည့်ဝင်ရန် အများပြည်သူသို့ ဖိတ်ခေါ်သည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်းမပြုသော ကုမ္ပဏီအတွက်မူ အစုရှယ်ယာများနှင့် စပ်လျဉ်း၍ ငွေသားဖြင့်ပေးချေခြင်း၊

စာမျက်နှာ ၆ သို့

*စာမျက်နှာ ၅ မှ*

(၃) အထက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ထားကြောင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံတွင် ဖြည့်သွင်း ဖော်ပြလျက် အတွင်းရေးမှူးက ဖြစ်စေ၊ ဒါရိုက်တာတစ်ဦးဦးကဖြစ်စေ တရားဝင် အတည်ပြုထားသော ကြေညာချက်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြပြီးဖြစ်ခြင်းနှင့်

(၄) ကုမ္ပဏီ၏ အစုရှယ်ယာများအတွက် ငွေကြေးထည့်ဝင်ရန် အများပြည်သူသို့ ဖိတ်ခေါ်သည့် သို့မဟုတ် ကမ်းလှမ်းသည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်း မပြုသော ကုမ္ပဏီအတွက်မူ အဆိုပါကုမ္ပဏီ၏ အလားအလာညွှန်းတမ်းအစား ပြုစုထားသည့် ရေးသားဖော်ပြချက်တစ်စောင် (Statement in lieu of Prospectus) ကို မှတ်ပုံတင်အရာရှိထံ တင်ပြပြီး ဖြစ်ခြင်း။

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်အတည်ပြုထားသော ကြေညာချက်တစ်စောင်ကို တင်ပြလာပါက မှတ်ပုံတင်အရာရှိအနေဖြင့် ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းကို စတင်လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိကြောင်း၊ အဆိုပါ အထောက်အထားသည် ကုမ္ပဏီက ထိုသို့ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ပြည့်စုံသော အထောက်အထားဖြစ်ကြောင်း ထောက်ခံအတည်ပြုရမည်။
သို့ရာတွင် ကုမ္ပဏီ၏ အစုရှယ်ယာများအတွက် ငွေကြေးထည့်ဝင်ရန် အများပြည်သူသို့ ဖိတ်ခေါ်သည့် ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်း မပြုသော ကုမ္ပဏီအတွက်မူ ကုမ္ပဏီ၏အလားအလာညွှန်းတမ်း အစား ပြုစုထားသည့် ရေးသားဖော်ပြချက်တစ်ရပ် (Statement in lieu of Prospectus) ကို မှတ်ပုံတင်အရာရှိထံ တင်ပြလာခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိသည် အဆိုပါအထောက်အထားကို ထုတ်ပေးခြင်း မပြုရ။

(ဂ) ဤပုဒ်မတွင် ဖော်ပြပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ငွေကြေးထည့်ဝင်ရန် အတွက် တစ်ပြိုင်နက်တည်း ကမ်းလှမ်းချက်ကိုဖြစ်စေ၊ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံလက်မှတ်များအား ခွဲဝေသတ်မှတ်ခြင်းကိုဖြစ်စေ၊ ဒီဘင်ချာများသို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် လျှောက်ထားခြင်းအပေါ် ပေးချေရသောငွေကြေးတစ်ရပ်ရပ်အား လက်ခံခြင်းကိုဖြစ်စေ တားမြစ်ထားခြင်း မရှိစေရ။

၂၁၉။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၁၈ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ စီးပွားရေးလုပ်ငန်းအား စတင်လုပ်ကိုင်ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ချေးငွေရယူ ဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ခဲ့လျှင် ထိုသို့ ဆန့်ကျင်ဆောင်ရွက်မှုအတွက် တာဝန်ရှိသူတစ်ဦးဦးစီသည် အခြားသော တာဝန်ရှိမှုများကို မထိခိုက်စေဘဲ ပြစ်ဒဏ်ပမာဏ (၂၀)ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**ကော်မရှင်ခများနှင့် လျှော့ငွေများ**

၂၂၀။ **အချို့သော ကော်မရှင်ခများ ပေးချေရန် အခွင့်အာဏာနှင့် အခြားသော ကော်မရှင်ခများ၊ လျှော့ငွေများ စသည်တို့ကို ပေးချေခြင်းမှ တားမြစ်ချက်များ**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကော်မရှင်ခပေးခြင်းကို ခွင့်ပြုထားပြီး ပေးချေမည့် သို့မဟုတ် ပေးချေရန် သဘောတူညီထားသည့် ကော်မရှင်ခသည် ထိုသို့ ခွင့်ပြုထားသော ပမာဏ သို့မဟုတ် နှုန်းထားထက်ကျော်လွန်ခြင်း မရှိလျှင်၊ ပေးချေမည့် သို့မဟုတ် ပေးချေရန် သဘောတူညီထားသည့် ကော်မရှင်ခ၏ ပမာဏနှင့် နှုန်းထားရာခိုင်နှုန်းတို့သည် အောက်ပါအတိုင်းဖြစ်ခဲ့လျှင် ကုမ္ပဏီ၏ အစုရှယ်ယာ တစ်ရပ်ရပ်အတွက် အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ငွေကြေးထည့်ဝင်ခြင်း သို့မဟုတ် ငွေကြေးထည့်ဝင်ရန် သဘောတူညီခြင်းအတွက်သော်လည်းကောင်း၊ ဝယ်ယူခြင်း သို့မဟုတ် ဝယ်ယူရန်သဘောတူညီခြင်းအတွက်သော်လည်းကောင်း ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့်ကုမ္ပဏီက ထိုသူသို့ ကော်မရှင်ခ ပေးချေခြင်းသည် အောက်ပါပြဋ္ဌာန်းချက်များကို လိုက်နာလျက် ဥပဒေနှင့် ညီညွတ်သည်-

(၁) ငွေကြေးထည့်ဝင်ရန်အတွက် အများပြည်သူသို့ ကမ်းလှမ်းသည့် အစုရှယ်ယာများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်တွင် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ထုတ်ဖော်ရေးသားထားခြင်း၊ သို့မဟုတ်

(၂) ငွေကြေးထည့်ဝင်ရန်အတွက် အများပြည်သူသို့ ကမ်းလှမ်းခြင်း မပြုသည့် အစုရှယ်ယာများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်တွင် ကုမ္ပဏီ၏အလားအလာ ညွှန်းတမ်းအစား ပြုစုထားသည့် ရေးသား ဖော်ပြချက် (Statement in lieu of prospectus)ကို သတ်မှတ်ဖော်ပြ ထားသည့်ပုံစံဖြင့် လက်မှတ်ရေးထိုး ထုတ်ဖော်ရေးသားထားခြင်း၊ ယင်းတို့အား မှတ်ပုံတင်အရာရှိထံသို့ တင်ပြထားခြင်း၊ အစုရှယ်ယာများအတွက် ငွေကြေးထည့်ဝင်ရန် ဖိတ်ခေါ်သော ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) မဟုတ်သော ဖြန့်ဝေစာ သို့မဟုတ် အကြောင်းကြားစာအား ထုတ်ဝေခဲ့လျှင် အဆိုပါ ဖြန့်ဝေစာ သို့မဟုတ် အကြောင်းကြားစာတွင်လည်း ထုတ်ဖော်ရေးသားထားခြင်း။

(ခ) အစုရှယ်ယာများ သို့မဟုတ် ငွေကြေးများကို ကုမ္ပဏီက ရယူမည့်ပစ္စည်းတစ်စုံတစ်ရာအတွက် ဝယ်ယူသည့်ငွေတွင်ဖြစ်စေ၊ ကုမ္ပဏီအတွက် ပြုလုပ်ရမည့် လုပ်ငန်းတစ်ရပ်ရပ်အတွက် ပဋိညာဉ်ပြုလုပ်ထားသည့်တန်ဖိုးတွင်ဖြစ်စေ ဖြည့်စွက်ခြင်းဖြင့်သော်လည်းကောင်း၊ အနည်းငယ်မျှဖြစ်သော ဝယ်ယူသည့်ငွေ သို့မဟုတ် ပဋိညာဉ် ပြုလုပ်ထားသည့်တန်ဖိုးမှ ပေးချေခဲ့သည့်ငွေ သို့မဟုတ် အခြားကိစ္စ တစ်ရပ်ရပ်တွင် သော်လည်းကောင်း အသုံးပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ကုမ္ပဏီ၏ အစုရှယ်ယာများကို အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ငွေကြေးထည့်ဝင်ခြင်း သို့မဟုတ် ငွေကြေးထည့်ဝင်ရန်အတွက်သဘောတူညီခြင်း သို့မဟုတ် ကုမ္ပဏီ၏ အစုရှယ်ယာများကို အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ဝယ်ယူခြင်း သို့မဟုတ် ဝယ်ယူရန်သဘောတူညီခြင်းနှင့်စပ်လျဉ်း၍ ဤပုဒ်မ၏ ပုဒ်မခွဲ(က) ပြဋ္ဌာန်းချက်များနှင့် ပုဒ်မ ၂၂၁ တွင် ပါရှိသော ပြဋ္ဌာန်းချက်များမှအပ ထိခိုက်ခြင်းမရှိစေဘဲ မည်သည့်ကုမ္ပဏီကမျှ ယင်း၏ အစုရှယ်ယာများ သို့မဟုတ် မတည်ငွေရင်း ငွေကြေးများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကော်မရှင်ခ၊ လျှော့ငွေ သို့မဟုတ် အသုံးစရိတ်တစ်ရပ်ရပ်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးသို့ ပေးချေခြင်းတွင် အသုံးပြုခွင့် မရှိရ။

၂၂၁။ **တရားဝင် ငွေပေးချေမှုအပေါ် ကန့်သတ်မှုမရှိခြင်း**

ကုမ္ပဏီက တိုက်ရိုက်ပြုလုပ်ခဲ့သော အဆိုပါငွေပေးချေမှုသည် ပုဒ်မ ၂၂၀ အရ တရားဝင်ဖြစ်သည်ဆိုလျှင် ယင်းပုဒ်မတွင် ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ကုမ္ပဏီက ငွေပေးချေခြင်းကို တရားဝင်ရထိုက်သော ပွဲစားသို့ ငွေပေးချေနိုင်သည့် အခွင့်အာဏာအား ထိခိုက်စေခြင်းမရှိစေဘဲ ကုမ္ပဏီသို့ ပစ္စည်းရောင်းချသူ၊ ကုမ္ပဏီ၏ ကမကထပြုသူ သို့မဟုတ် ကုမ္ပဏီထံမှ ငွေကြေး သို့မဟုတ် အစုရှယ်ယာများအား လက်ခံရရှိသူတစ်ဦးဦးသည် ကော်မရှင်ခ တစ်ရပ်ရပ် ပေးချေမှုတွင် ထိုသို့ လက်ခံရရှိသော ငွေကြေး သို့မဟုတ် အစုရှယ်ယာ၏ တစ်စိတ်တစ်ဒေသကို အမြဲအသုံးပြုခွင့်ရရှိသည် သို့မဟုတ် အသုံးပြုခွင့်ရရှိသည်ဟု မှတ်ယူရမည်။

၂၂၂။ **ကော်မရှင်ခများ၊ လျှော့ငွေများနှင့်စပ်လျဉ်း၍ လက်ကျန်ရှင်းတမ်းတွင် ရေးသားဖော်ပြရခြင်း**

အစုရှယ်ယာများ သို့မဟုတ် ပေးချေထားသည့် ငွေစုစုပေါင်း သို့မဟုတ် စာရင်းရှင်းလင်း ပယ်ဖျက်ရခြင်း မရှိသေးသည့်ငွေပမာဏတို့နှင့်စပ်လျဉ်း၍ ကုမ္ပဏီသည် ကော်မရှင်ခအနေဖြင့် ငွေပမာဏတစ်ရပ်ရပ်ကို ပေးချေခဲ့လျှင် ၎င်းငွေပမာဏအားလုံးကို စာရင်းရှင်းလင်းပယ်ဖျက်ပြီးသည်အထိ ကုမ္ပဏီ၏လက်ကျန်ရှင်းတမ်း(balance sheet) အားလုံးတွင် ရေးသားဖော်ပြရမည်။

**အခန်း (၂၁) နိုင်ငံတော်၏ ပြင်ပတွင်ဖွဲ့စည်းတည်ထောင်ထားသော ကော်ပိုရေးရှင်းများက ကမ်းလှမ်းသည့် အစုရှယ်ယာများ**

၂၂၃။ **အစုရှယ်ယာများအား ရောင်းချရန်အတွက် ကမ်းလှမ်းခြင်းနှင့် ရောင်းချခြင်းဆိုင်ရာ တားမြစ်ချက်များ**

(က) ပုဂ္ဂိုလ်တစ်ဦးဦးက အောက်ပါတို့ကို ပြုလုပ်ခြင်းသည် တရားဝင်ခြင်း မရှိစေရ-

(၁) ကော်ပိုရေးရှင်းတစ်ခုခုသည် ယင်း၏ စီးပွားရေးလုပ်ငန်းနေရာသည် နိုင်ငံတော်အတွင်းရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ သို့မဟုတ် ဖွဲ့စည်းတည်ထောင်ပြီးနောက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အောက်ပါတို့ကို ဆောင်ရွက်ထားခြင်း မရှိခဲ့လျှင် နိုင်ငံတော်၏ ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသည့် သို့မဟုတ် ဖွဲ့စည်းတည်ထောင်မည့် ကော်ပိုရေးရှင်းတစ်ခု၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းမှု တစ်ရပ်ရပ် ပြုလုပ်ခြင်း၊ သို့မဟုတ် ကော်ပိုရေးရှင်းရှိ အစုရှယ်ယာများ သို့မဟုတ် ကော်ပိုရေးရှင်း၏ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံ လက်မှတ်များကို ရောင်းချခြင်း သို့မဟုတ် ထုတ်ဝေခြင်း အတွက် ကမ်းလှမ်းသည့် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်ရပ်ကို နိုင်ငံတော်အတွင်း ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ဝေခြင်း၊

(ကက)နိုင်ငံတော်အတွင်း ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) ကို ကမ်းလှမ်းခြင်း သို့မဟုတ် ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ဝေခြင်း မပြုလုပ်မီ စီမံအုပ်ချုပ်သော အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ဖြင့် အတည်ပြုထားသည့်အကြောင်း ကော်ပိုရေးရှင်း၏ အနည်းဆုံး ဒါရိုက်တာ နှစ်ဦးတို့က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသော ယင်း၏မိတ္တူတစ်စောင်ကို မှတ်ပုံတင်နိုင်ရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြပြီး ဖြစ်ရမည်၊

(ခခ) အဆိုပါ ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) မိတ္တူ၏ မျက်နှာဖုံးစာမျက်နှာအပေါ်တွင် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) အား ထိုသို့ ပေးပို့တင်ပြပြီးဖြစ်ကြောင်း ဖော်ပြပြီးဖြစ်ရမည်၊

(ဂဂ) ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) အား ရက်စွဲတပ်ထားပြီး ဖြစ်ရမည်၊ ၎င်းပြင်

(ဃဃ)ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) ကို ဤအခန်းပါ ပြဋ္ဌာန်းချက်များ၊ အခြားသက်ဆိုင်ရာဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ထားရမည်၊ သို့မဟုတ်

(၂) ဤအခန်းပါပြဋ္ဌာန်းချက်များ၊ အခြားသက်ဆိုင်ရာဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ထားသော ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) မပါရှိဘဲ နိုင်ငံတော်၏ ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသည့် သို့မဟုတ် ဖွဲ့စည်းတည်ထောင်မည့် ကော်ပိုရေးရှင်း၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် လျှောက်လွှာပုံစံတစ်စောင်ကို နိုင်ငံတော်အတွင်းရှိ ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ထုတ်ဝေခြင်း၊
သို့ရာတွင် လျှောက်လွှာပုံစံသည် အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များနှင့် စပ်လျဉ်း၍ အာမခံသဘောတူစာချုပ်တစ်ရပ် (underwriting agreement) ချုပ်ဆိုနိုင်ရေးအတွက် လူပုဂ္ဂိုလ်တစ်ဦးဦးကို သဘောရိုးဖြင့် ကမ်းလှမ်းဖိတ်ခေါ်ခြင်း တစ်ရပ်ရပ်နှင့်ပတ်သက်၍ ထုတ်ဝေခဲ့ကြောင်း ပေါ်ပေါက်ခဲ့လျှင် ဤပြဋ္ဌာန်းချက်နှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ခ) အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များအတွက် လျှောက်ထားသူတစ်ဦးဦးက အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ အကျိုးငှာ စွန့်လွှတ်ခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကော်ပိုရေးရှင်း တစ်ခု၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များနှင့်စပ်လျဉ်း၍ ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) သို့မဟုတ် လျှောက်လွှာပုံစံတစ်ရပ်ကို ကော်ပိုရေးရှင်းတွင် လက်ရှိပါဝင်နေသူများ သို့မဟုတ် ဒီဘင်ချာ ပိုင်ဆိုင်ထားသူများထံသို့ ပေးပို့ခြင်းသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။ သို့သော် အထက်တွင် ဖော်ပြပါရှိသော်လည်း ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ကော်ပိုရေးရှင်းအား ဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ဖွဲ့စည်းတည်ထောင်ပြီးနောက် ယင်းနှင့်စပ်လျဉ်း၍ ထုတ်ဝေသည့် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) သို့မဟုတ် လျှောက်လွှာပုံစံ တစ်ရပ်ရပ်နှင့် သက်ဆိုင်စေရမည်။

(ဂ) ကော်ပိုရေးရှင်းတစ်ခုကို ဤဥပဒေအရ အဓိပ္ပာယ်ဖော်ပြချက်အတွင်း ကုမ္ပဏီတစ်ခုဖြစ်သည်ဟု သတ်မှတ်သကဲ့သို့ နိုင်ငံတော်၏ ပြင်ပတွင် ဖွဲ့စည်း တည်ထောင်ထားသော ကော်ပိုရေးရှင်းတစ်ခု၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ရောင်းချရန် ကမ်းလှမ်းသည့် စာရွက်စာတမ်းတစ်ရပ်ရပ်အား ပုဒ်မ ၂၁၂ အရ ကော်ပိုရေးရှင်းက ထုတ်ဝေသည့် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ဤပုဒ်မပါ ကိစ္စရပ်များအတွက်လည်း အဆိုပါ စာရွက်စာတမ်းကို ကော်ပိုရေးရှင်းက ထုတ်ဝေသည့် ကော်ပိုရေးရှင်း၏ အလားအလာ ညွှန်းတမ်း (Prospectus) တစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များကို ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းသည် ပုံမှန်စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် သို့မဟုတ် ပုံမှန်စီးပွားရေးလုပ်ငန်း၏ အစိတ်အပိုင်း တစ်ရပ်အဖြစ် ဆောင်ရွက်နေသော ဦးစီး ဆောင်ရွက်သူအဖြစ် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်းရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံလက်မှတ်များအတွက် ငွေကြေးထည့်ဝင်စေရန် သို့မဟုတ် ရောင်းချရန်အတွက် ပြုလုပ်သည့် ကမ်းလှမ်းချက်တစ်ရပ်ကို ဤပုဒ်မပါ ကိစ္စရပ်များအလို့ငှာ အများပြည်သူသို့ ကမ်းလှမ်းခြင်းတစ်ရပ်ဖြစ်သည်ဟု မှတ်ယူခြင်း မရှိစေရ။

(င) ပုဒ်မ ၂၂၃ မှ ပုဒ်မ ၂၂၇ အထိ ဖော်ပြပါရှိသော ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus)၊ အစုရှယ်ယာများ၊ ဒီဘင်ချာများနှင့် ငွေချေး သက်သေခံလက်မှတ်များ၏ အဓိပ္ပာယ်ဖော်ပြချက်များသည် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီတစ်ခုခုနှင့်စပ်လျဉ်း၍ သုံးစွဲသည့်အခါ အလားတူ အဓိပ္ပာယ် သက်ရောက်စေရမည်။

၂၂၄။ မည်သူမဆို ပုဒ်မ ၂၂၃ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ သိလျက်ဖြင့် အများပြည်သူသို့ ကမ်းလှမ်းမှု ပြုလုပ်ခဲ့လျှင် သို့မဟုတ် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်ရပ်ကို ထုတ်ဝေခြင်း သို့မဟုတ် ဖြန့်ဝေခြင်း ပြုခဲ့လျှင် သို့မဟုတ် အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေး သက်သေခံ လက်မှတ်များအတွက် လျှောက်လွှာပုံစံတစ်ရပ်ကို ထုတ်ဝေခဲ့လျှင် ပြစ်ဒဏ်ပမာဏ (၂၀၀) ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၂၂၅။ ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ပါရှိရမည့် အချက်အလက်များ

(က) ပုဒ်မ ၂၂၃ ပုဒ်မခွဲ(က)၏ အပိုဒ်(၁) အပိုဒ်ခွဲ (ခခ) နှင့် (ဂဂ) တို့တွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည့်အပြင် ဤအခန်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရာ၌ ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) တွင်-

(၁) အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အချက်အလက်များ ပါရှိစေရမည် -

(ကက)ကော်ပိုရေးရှင်း၏ လုပ်ငန်းရည်ရွယ်ချက်များ၊

(ခခ) ကော်ပိုရေးရှင်း၏ ဖွဲ့စည်းမှုဆိုင်ရာ စာရွက်စာတမ်း သို့မဟုတ် ကော်ပိုရေးရှင်း၏ ဖွဲ့စည်းပုံအား သတ်မှတ်ဖော်ပြသည့် စာရွက်စာတမ်း၊

(ဂဂ) ကော်ပိုရေးရှင်းအား ဖွဲ့စည်းတည်ထောင်ခြင်းကို အကျိုး သက်ရောက်စေသည့် ဥပဒေတစ်ရပ်ရပ် သို့မဟုတ် ဥပဒေပြဋ္ဌာန်းချက်များ၊

(ဃဃ)အဆိုပါ စာရွက်စာတမ်း၊ ဥပဒေထုတ်ပြန်မှုများ သို့မဟုတ် ပြဋ္ဌာန်းချက်များ သို့မဟုတ် ယင်းတို့၏မိတ္တူများ၊ ယင်းတို့အား နိုင်ငံခြား ဘာသာတစ်ခုခုဖြင့် ရေးသားထားလျှင် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းနှင့်အညီ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာဖြင့် ပြုလုပ်ထားသည့် မူရင်းမိတ္တူမှန်တို့ကို စစ်ဆေးကြည့်ရှုနိုင်မည့် နိုင်ငံတော်အတွင်းရှိ လိပ်စာ၊

(ငင) ကော်ပိုရေးရှင်းအား ဖွဲ့စည်းတည်ထောင်ခဲ့သည့် နေ့ရက်၊ နိုင်ငံနှင့်

(စစ) ကော်ပိုရေးရှင်းသည် နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း ဆောင်ရွက်သည့်နေရာတစ်ခု ရှိ မရှိ၊ ဤဥပဒေအရ ဖွဲ့စည်း တည်ထောင်ထားသော ပြည်ပကော်ပိုရေးရှင်းတစ်ခုအဖြစ် မှတ်ပုံတင်ထားခြင်း ရှိ မရှိနှင့် အကယ်၍ရှိခဲ့ပါက နိုင်ငံတော် အတွင်းရှိ အဓိက ရုံးခန်းလိပ်စာ၊

(၂) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပုဒ်မ ၂၀၅ ပုဒ်မခွဲ(ခ) တွင် သတ်မှတ်ပါရှိသော ကိစ္စရပ်များနှင့် အဆိုပါပုဒ်မတွင် ဖော်ပြပါရှိသည့် အစီရင်ခံစာများကို ဖော်ပြရမည်။ သို့ရာတွင် ပုဒ်မ ၂၀၅ တွင် ပါရှိသည့်အတိုင်း ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ ရည်ညွှန်းဖော်ပြချက်တစ်ရပ်သည် ကော်ပိုရေးရှင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ ရည်ညွှန်းဖော်ပြချက်တစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံလက်မှတ်များအတွက် လျှောက်ထားသူ တစ်ဦးဦးကို ဤအခန်းတွင် ပါရှိသည့် သတ်မှတ်ချက်ကို လိုက်နာဆောင်ရွက်ခြင်း မပြုစေရန်အတွက် သတ်မှတ်သည့် သို့မဟုတ် စည်းနှောင်မှုရှိသည့် စည်းကမ်းချက်တစ်ရပ်ရပ် သို့မဟုတ် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus)တွင် သီးခြားဖော်ပြထားခြင်းမရှိသည့် ပဋိညာဉ် စာချုပ်တစ်ရပ်ရပ်၊ စာရွက်စာတမ်း သို့မဟုတ် အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် အကြောင်းကြားမှုကို ၎င်းအပေါ်တွင် သက်ရောက်စေရန်အတွက် ရည်ရွယ်သည့် စည်းကမ်းချက် တစ်ရပ်ရပ်သည် ပျက်ပြယ်သည်။

(ဂ) ဤအခန်းတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် လိုက်နာ ဆောင်ရွက်ခြင်းမရှိလျှင် သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းပြုခဲ့လျှင် ကော်ပိုရေးရှင်း၏ အလားအလာညွှန်းတမ်း (Prospectus) အတွက် တာဝန်ရှိသော ဒါရိုက်တာ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးသည် အောက်ပါ အခြေအနေများကို သက်သေထင်ရှားတင်ပြနိုင်လျှင် သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းများ ပြုလုပ်သည့် အကြောင်းကြောင့် တာဝန်တစ်စုံတစ်ရာ မရှိစေရ -

(၁) ထုတ်ဖော်ပြောဆိုခြင်း မပြုသည့် ကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ၎င်း အနေဖြင့် အသိအမှတ်ပြု လိုက်နာဆောင်ရွက်မှု မရှိခြင်း၊ သို့မဟုတ်

(၂) ဒါရိုက်တာ သို့မဟုတ် အခြား ပုဂ္ဂိုလ်တစ်ဦးဦးသည် သဘောရိုးဖြင့် မှားယွင်းခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာရသော စည်းကမ်းချက်အား မလိုက်နာခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်း၊ သို့မဟုတ်

(၃) တရားရုံး၏ ယူဆချက်တွင် လိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းသည် အရေးကြီးသော ကိစ္စရပ်နှင့် မသက်ဆိုင်ကြောင်း သို့မဟုတ် အမှု၏ အကြောင်းအရာများ အားလုံးကို ထည့်သွင်းစဉ်းစားပြီး ကင်းလွတ်ခွင့်ပြုသင့်ကြောင်း တွေ့ရှိသည့် အခါတွင် ယင်းအတွက် အရေးယူဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊
သို့ရာတွင် ပုဒ်မ ၂၀၅ ပုဒ်မခွဲ(က)၏ အပိုဒ် (၁၆) တွင်ပါရှိသော သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းပြုသည့် ကိစ္စရပ်တွင် ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် အခြားသူတစ်ဦးဦးသည် ထုတ်ဖော်မပြောဆိုသည့် အချက်များကို သိရှိသည်ဟု သက်သေထင်ရှား မပေါ်ပေါက်လျှင် ဖော်ပြပါ လိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းပြုခြင်းများနှင့် စပ်လျဉ်း၍ တာဝန်တစ်စုံတစ်ရာမရှိစေရ။

(ဃ) ဤပုဒ်မတွင် ဖော်ပြပါရှိသော မည်သည့် ပြဋ္ဌာန်းချက်ကမျှ ယေဘုယျဥပဒေ တစ်ရပ်ရပ် သို့မဟုတ် ဤပုဒ်မမှအပ ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ပုဂ္ဂိုလ်တစ်ဦးဦးမှ ဆောင်ရွက်ပေးရမည့် တာဝန်ရှိမှု တစ်ရပ်ရပ်ကို ကန့်သတ်ခြင်း သို့မဟုတ် လျှော့နည်းစေခြင်း မရှိစေရ။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

၂၂၆။ **အစုရှယ်ယာများကို ရောင်းချရန်အတွက် ပြုလုပ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် တားမြစ်ချက်များ**

(က) နိုင်ငံတော်၏ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသည့် ကော်ပိုရေးရှင်းတစ်ခု၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားသက်သေခံလက်မှတ်များကို အများပြည်သူက ငွေကြေးထည့်ဝင်စေရန်အတွက်ဖြစ်စေ၊ ဝယ်ယူစေရန်အတွက်ဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးဦးမှ အိမ်တိုင်ရာရောက် သွားရောက်ကမ်းလှမ်းခြင်း မပြုရ။

(ခ) ဤပုဒ်မတွင် ဖော်ပြပါရှိသော အိမ်ဟူသောစကားရပ်တွင် စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုနေသော ရုံးခန်းပါဝင်ခြင်း မရှိစေရ။

၂၂၇။ မည်သူမဆို ပုဒ်မ ၂၂၆ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျက် ဆောင်ရွက်ခဲ့လျှင် ပြစ်ဒဏ် ပမာဏ (၂၀၀)ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**အခန်း (၂၂) ကုမ္ပဏီတစ်ခုက ပြုလုပ်နိုင်သော ပေါင်နှံခြင်းများ (Mortgages) နှင့် ကြွေးမြီတာဝန်တင်ရှိခြင်း (Charges)**

၂၂၈။ **ပေါင်နှံခြင်းများ (Mortgages) နှင့် ကြွေးမြီတာဝန်တင်ရှိခြင်း (Charges) ပြုလုပ်နိုင်သည့် အခွင့်အာဏာ**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် အခြားသက်ဆိုင်ရာဥပဒေများကို လိုက်နာဆောင်ရွက်ပြီး ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်ထားသည့်အခြားသော အခွင့်အာဏာများကို ကန့်သတ်ခြင်းမရှိစေဘဲ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၂၉ တွင် ဖော်ပြထားသည့် ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ခွင့် ရှိစေရမည်။ မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီ သို့မဟုတ် အပေါင်ခံသူ သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား လက်ခံသူ သို့မဟုတ် ၎င်းတို့ကိုယ်စားဆောင်ရွက်သူက ပုဒ်မ ၂၃၄ နှင့်အညီ တင်ပြလာသည့် အဆိုပါ ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို မှတ်ပုံတင်ပေးရမည်။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအပေါ် ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို လွှဲပြောင်းခြင်းအား ကန့်သတ်သည့်အက်ဥပဒေ သို့မဟုတ် အလားတူ အကျိုးသက်ရောက်မှုရှိသော အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များသည် ကန့်သတ်ထားခြင်း မရှိစေဘဲ ယင်းကိစ္စရပ်များသည် အဆိုပါပြဋ္ဌာန်းချက်များအား ချိုးဖောက်သည်ဟုလည်း မှတ်ယူခြင်း မပြုရ-

(၁) ပုဒ်မ ၂၂၉ တွင် ဖော်ပြထားသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား ဆောင်ရွက်ခြင်း၊ သို့မဟုတ်

(၂) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအတွက် ပေးထားသော ပစ္စည်းတစ်စုံတစ်ရာ၏ တန်ဖိုးရရှိရန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဆိုပါ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့အရ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းကို ရရှိသူကဖြစ်စေ၊ ၎င်း၏ကိုယ်စား ဆောင်ရွက်သူက ဖြစ်စေ ကျင့်သုံးနိုင်သည့် အခွင့်အရေးအား ဆောင်ရွက်ခြင်း။

**ပေါင်နှံခြင်းများ (Mortgages) နှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges) စသည်တို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ**

၂၂၉။ မှတ်ပုံတင်ခြင်းမပြုလျှင် ပျက်ပြယ်သော ပေါင်နှံခြင်းများ (Mortgages) နှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges)

(က) ဤဥပဒေ စတင်အကျိုးသက်ရောက်ပြီးနောက် ကုမ္ပဏီတစ်ခုက ပြုလုပ်ခဲ့သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း အားလုံးသည် အောက်ပါ အမျိုးအစားတစ်ရပ်ရပ်ဖြစ်ခဲ့လျှင်-

(၁) ဒီဘင်ချာများ ထုတ်ဝေခြင်းအတွက် အာမခံချက်ရှိစေရန် ရည်ရွယ်၍ ပြုလုပ်သည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊

(၂) ကုမ္ပဏီ၏ တောင်းခေါ်ခြင်းမပြုသေးသော အစုရှယ်ယာမတည်ငွေရင်းနှင့်စပ်လျဉ်းသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊

(၃) မည်သည့်နေရာတွင်မဆို တည်ရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတစ်ရပ်ရပ် သို့မဟုတ် ထိုပစ္စည်းများတွင် ပါဝင်သည့် အကျိုးခံစားခွင့် တစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊

(၄) ကုမ္ပဏီတွင် သာမန်လုပ်ငန်းများအတွက် တင်ရှိသည့်ကြွေးမြီ (book debts)နှင့်စပ်လျဉ်း၍ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊

(၅) စီးပွားရေးလုပ်ငန်းတွင် အသုံးပြုဆောင်ရွက်နေသည့် ပစ္စည်းများမှအပ ကုမ္ပဏီ၏ ရွှေ့ပြောင်းနိုင်သောပစ္စည်းတစ်ရပ်ရပ်နှင့် သက်ဆိုင်သော ချေးငွေနှင့် စပ်လျဉ်း၍ ပေးသည့်အာမခံချက် (pledge) မဟုတ်သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၊ သို့မဟုတ်

(၆) ကုမ္ပဏီ၏ တာဝန်ယူဆောင်ရွက်မှုများ သို့မဟုတ် ပစ္စည်းများအပေါ် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge)၊

ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့၏ ဖော်ပြချက်များကို သတ်မှတ်ဖော်ပြထားသည့်ပုံစံနှင့်အတူ ယင်းတို့ကိုပြုလုပ်သည့် သို့မဟုတ် သက်သေထင်ရှားစေသည့် စာရွက်စာတမ်းများအား အတည်ပြုထားသော မိတ္တူတစ်စောင်ကို ထိုသို့ ပြုလုပ်သည့်နေ့မှ (၂၈)ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြခဲ့ခြင်းမရှိလျှင် ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)နှင့်အညီ ကုမ္ပဏီ၏ ပစ္စည်းသို့မဟုတ် တာဝန်ယူမှုနှင့် စပ်လျဉ်းသည့် အာမခံချက်တစ်ရပ်ရပ်ကို ပေးအပ်ထားသည့်အခါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနှင့် ကုမ္ပဏီ၏ မြီရှင်တို့အပေါ် ပျက်ပြယ်စေရမည်။ သို့သော် ထိုကိစ္စရပ်များတွင် အာမခံထားသည့် ငွေကြေးများကို ပြန်လည်ပေးဆပ်ရန်အတွက် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ် သို့မဟုတ် တာဝန်တစ်ရပ်ရပ်အား ထိခိုက်စေခြင်း မရှိစေဘဲ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့သည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ပျက်ပြယ်သည့်အခါ ထိုကိစ္စရပ်များတွင် အာမခံထားသည့် ငွေကြေးများကို ချက်ချင်း ပေးချေရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ကိစ္စရပ်များတွင် အောက်ပါကိစ္စရပ်များသည်လည်း အကျိုးသက်ရောက်စေရမည်-

(၁) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို နိုင်ငံတော်၏ ပြင်ပတွင် ပြုလုပ်ခဲ့ပြီး နိုင်ငံတော်၏ ပြင်ပတွင် တည်ရှိသော ပစ္စည်းသာလျှင် ပါဝင်သည့် ကိစ္စရပ်တွင် သက်ဆိုင်ရာ စာရွက်စာတမ်း သို့မဟုတ် မိတ္တူကို စာတိုက်မှ ထိုက်သင့်သည့် ဝီရိယဖြင့် ပေးပို့ခဲ့ပြီး နိုင်ငံတော်အတွင်း လက်ခံရရှိနိုင်သည့် နေ့မှ (၂၈) ရက်ကို ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို ပြုလုပ်သည့် နေ့ရက်နောက်ပိုင်း (၂၈)ရက်ဖြင့် အစားထိုးရမည်ဖြစ်ပြီး ထို(၂၈) ရက်ကာလအတွင်း အချက်အလက်များ၊ စာရွက်စာတမ်းများ သို့မဟုတ် မိတ္တူများကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။

(၂) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို နိုင်ငံတော်အတွင်း ပြုလုပ်ခဲ့သော်လည်း နိုင်ငံတော်၏ ပြင်ပတွင် တည်ရှိသော ပစ္စည်းများ ပါဝင်သည့်ကိစ္စရပ်တွင် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းတို့ကို ပြုလုပ်ခဲ့သည့် သို့မဟုတ် ပြုလုပ်ရန် ရည်ရွယ်ခဲ့သည့် စာရွက်စာတမ်း သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းဖြင့် အတည်ပြုထားသော ယင်း၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်ရန်အတွက် တင်ပြနိုင်သည်။ ယင်းသို့ ဆောင်ရွက်ခြင်းသည် ပစ္စည်းတည်ရှိရာ နိုင်ငံ၏ ဥပဒေအရ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းတို့ကို တရားဝင်စေရန် သို့မဟုတ် အကျိုးသက်ရောက်စေရန်အတွက် အခြားသော ဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်ခြင်းရှိစေကာမူ သက်ဆိုင်မှုမရှိစေရ။

(၃) ကုမ္ပဏီ၏ သာမန်လုပ်ငန်းများအတွက် တင်ရှိသည့်ကြွေးမြီ (book debts) အပေါ် ငွေပေးချေမှုများနှင့် စပ်လျဉ်းသည့် အာမခံမှုကို လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းတစ်ရပ်ဖြင့် ပြုလုပ်ပေးခဲ့လျှင် ကုမ္ပဏီသို့ ကြိုတင်ပေးချေမှုကို အာမခံနိုင်ရန်အတွက် စာချုပ်စာတမ်း၏ အာမခံငွေကို ဤပုဒ်မတွင် ပါရှိသော ကိစ္စရပ်များအလို့ငှာ ဖော်ပြပါ ကုမ္ပဏီ၏ သာမန်လုပ်ငန်းများအတွက် တင်ရှိသည့် ကြွေးမြီ (book debts) နှင့် စပ်လျဉ်းသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်အဖြစ် သတ်မှတ်ခြင်း မပြုရ။

(၄) မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်း၍ ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်နှင့် သက်ဆိုင်သော ဒီဘင်ချာများအား ပိုင်ဆိုင်ထားခြင်းသည် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတွင် အကျိုးခံစားခွင့် တစ်ရပ်ရပ်ရှိသည်ဟု မှတ်ယူခြင်း မရှိစေရ။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ရန်လိုအပ်သော ကုမ္ပဏီတစ်ခု၏ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို မှတ်ပုံတင်ပြီးဖြစ်လျှင် အဆိုပါပစ္စည်း သို့မဟုတ် ယင်း၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစုရှယ်ယာ သို့မဟုတ် ယင်း၏ အကျိုးခံစားခွင့် တစ်ရပ်ရပ်ကိုဖြစ်စေရရှိသူတစ်ဦးဦးသည် ထိုသို့မှတ်ပုံတင်သည့် နေ့ရက်မှစတင်၍ အဆိုပါ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့၏ အကြောင်းကြားစာကို ရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂၃၀။ **ကြွေးမြီတာဝန်တင်ရှိခြင်းအရ လက်ခံရရှိသောပစ္စည်းနှင့်သက်ဆိုင်သည့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို မှတ်ပုံတင်ရခြင်း**

ကုမ္ပဏီတစ်ခုသည် ပစ္စည်းတစ်ရပ်ရပ်ကို ပိုင်ဆိုင်ရရှိပြီး ထိုပစ္စည်းသည် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းနှင့် သက်ဆိုင်သည့်အခါ အဆိုပါ ပစ္စည်းကို ရရှိပြီးနောက် ကုမ္ပဏီက ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းကို ပြုလုပ်သကဲ့သို့ ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ရန် လိုအပ်ခဲ့လျှင် ကုမ္ပဏီသည် ကြွေးမြီတာဝန်တင်ရှိခြင်း၏ အချက်အလက်များကို သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့်အတူ ကြွေးမြီတာဝန်တင်ရှိခြင်းအား ပြုလုပ်ခဲ့သည့် သို့မဟုတ် သက်သေထင်ရှားဖြစ်စေသည့် စာရွက်စာတမ်းကို မှန်ကန်သည့် မိတ္တူဖြစ်စေရန်အတွက် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းဖြင့် အတည်ပြုထားသည့် အဆိုပါ စာရွက်စာတမ်း၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်နိုင်ရန်အတွက် အဆိုပါ ပစ္စည်းအား ရရှိသည့်နေ့မှ (၂၈)ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ပေးပို့တင်ပြရမည်။ သို့ရာတွင် နိုင်ငံတော်၏ ပြင်ပတွင် ပစ္စည်းတည်ရှိပြီး ကြွေးမြီတာဝန်တင်ရှိခြင်းကိုလည်း ပြင်ပ၌ ပြုလုပ်ခဲ့လျှင် သက်ဆိုင်ရာ စာရွက်စာတမ်း၏ မိတ္တူကို စာတိုက်မှ ထိုက်သင့်သည့်ဝီရိယဖြင့် ပေးပို့ခဲ့ပြီး နိုင်ငံတော်အတွင်း လက်ခံရရှိနိုင်သည့်နေ့မှ (၂၈) ရက်ကို ပစ္စည်းရရှိသည့် နေ့ရက် နောက်ပိုင်း (၂၈) ရက်ဖြင့် အစားထိုးရမည်ဖြစ်ပြီး ထို(၂၈)ရက်ကာလအတွင်း အချက်အလက်များ၊ စာရွက်စာတမ်းများ၏ မိတ္တူများကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။

၂၃၁။ ပုဒ်မ ၂၃၀ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခဲ့လျှင် ကုမ္ပဏီနှင့် ပျက်ကွက်မှုကို သိလျက်ဖြင့် တမင်ပြုလုပ်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅) ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၂၃၂။ **ပိုင်ဆိုင်သူများ အချိုးကျရရှိသည့် ဒီဘင်ချာများတွင် ပါရှိရမည့် အချက်အလက်များ**

ဒီဘင်ချာပိုင်ဆိုင်သူများက အချိုးကျရရှိသော အကျိုးအမြတ်ကို အခြားစာချုပ်စာတမ်း တစ်ရပ်ရပ်၊ ကြွေးမြီပေးချေရန်အာမခံမှုတစ်ရပ်ရပ်တွင် ရည်ညွှန်း၍ ထည့်သွင်းဖော်ပြထားသော သို့မဟုတ် ထိုရည်ညွှန်းချက်များအရ ပေးအပ်ထားသော ဒီဘင်ချာများကို ကုမ္ပဏီက သတ်မှတ်ထားသည့်အခါ ကြွေးမြီတာဝန်တင်ရှိခြင်း ပါဝင်သော စာချုပ်တစ်ရပ်အား ချုပ်ဆိုပြီးနောက် (၂၈) ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြခဲ့လျှင်၊ သို့မဟုတ် အဆိုပါ စာချုပ်တစ်ရပ်မရှိခဲ့လျှင် ဒီဘင်ချာများကို ပြုလုပ်ပြီးနောက် အောက်ပါအချက်အလက်များကို တင်ပြလျှင် ပုဒ်မ ၂၂၉ ပါ ကိစ္စရပ်များ အလို့ငှာ ပြည့်စုံမှုရှိသည်ဟု သတ်မှတ်သည် -

(က) ဒီဘင်ချာများအားလုံးဖြင့် အာမခံထားသည့် စုစုပေါင်းပမာဏ၊

(ခ) ဒီဘင်ချာများအားလုံးကို ထုတ်ဝေခွင့်ပြုသော ဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်နှင့် အာမခံချက်ကို ပြုလုပ်သည့် သို့မဟုတ် သတ်မှတ်သည့် စာချုပ်ရှိခဲ့လျှင် ထိုသို့ချုပ်ဆိုခဲ့သည့်နေ့ရက်၊

(ဂ) ကြွေးမြီတာဝန်တင်ရှိခြင်းပြုလုပ်သည့် ပစ္စည်း၏ ယေဘုယျ ဖော်ပြချက်နှင့်

(ဃ) ဒီဘင်ချာများအတွက် ယုံမှတ်အပ်နှံခြင်းခံရသူများ (Trustees) ရှိခဲ့လျှင် ၎င်းတို့၏ အမည်များနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းပါဝင်သော စာချုပ် သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းဖြင့် အတည်ပြုထားသော ယင်းစာချုပ်၏ မိတ္တူတစ်စောင် သို့မဟုတ် အဆိုပါ စာချုပ်တစ်ရပ်မရှိခဲ့လျှင် ဒီဘင်ချာ တစ်ခုခု၊ မှတ်ပုံတင်အရာရှိသည် သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို ပေးသွင်းစေပြီး အဆိုပါအချက်အလက်များကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရမည်။ သို့ရာတွင် ဒီဘင်ချာများကို တစ်ကြိမ်ထက်ပိုမို၍ ထုတ်ဝေသည့်အခါတွင် ထုတ်ဝေမှုတစ်ကြိမ်စီအတွက် ပမာဏနှင့် နေ့ရက်တို့ကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းနိုင်ရန်အတွက် မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။ သို့သော် ထိုသို့ပြုလုပ်ရန် ပျက်ကွက်ခြင်းသည် ထုတ်ဝေထားသော ဒီဘင်ချာများ၏ တရားဝင် အတည်ဖြစ်မှုကို ထိခိုက်စေခြင်း မရှိစေရ။

၂၃၃။ **ဒီဘင်ချာများနှင့် စပ်လျဉ်းသည့် ကော်မရှင်ခစသည်များနှင့် သက်ဆိုင်သည့် အချက်အလက်များ**

ကုမ္ပဏီ၏ဒီဘင်ချာ တစ်ရပ်ရပ်အတွက် အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ငွေကြေး ထည့်ဝင်ခြင်း သို့မဟုတ် ငွေကြေးထည့်ဝင်ရန် သဘောတူညီခြင်း၊ သို့မဟုတ် အဆိုပါ ဒီဘင်ချာ တစ်ရပ်ရပ်အတွက် အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ဝယ်ယူခြင်း သို့မဟုတ် ဝယ်ယူရန်အတွက် ဆောင်ရွက်ပေးခြင်း သို့မဟုတ် ဆောင်ရွက်ပေးရန် သဘောတူညီခြင်းနှင့် စပ်လျဉ်း၍ ကုမ္ပဏီကတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကော်မရှင်ခ၊ အသုံးစရိတ် သို့မဟုတ် လျှော့ငွေတို့ကို ပေးချေခဲ့လျှင် သို့မဟုတ် ပြုလုပ်ခဲ့လျှင် ပုဒ်မ ၂၂၉ နှင့် ပုဒ်မ ၂၃၂ တို့ပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ရန်အတွက် တင်ပြရမည့် လိုအပ်သောအချက်အလက်များတွင် ထိုသို့ပေးချေခဲ့သည့် သို့မဟုတ် ပြုလုပ်ခဲ့သည့် ကော်မရှင်ခ၊ လျှော့ငွေ သို့မဟုတ် အသုံးစရိတ်များ၏ ပမာဏ သို့မဟုတ် နှုန်းထားရာခိုင်နှုန်းတို့နှင့်သက်ဆိုင်သည့် အချက်အလက်များကို ထည့်သွင်းဖော်ပြရမည်။ သို့သော် ထိုသို့ပြုလုပ်ရန် ပျက်ကွက်ခြင်းသည် ထုတ်ဝေထားသော ဒီဘင်ချာများ၏ တရားဝင်အတည်ဖြစ်မှုကို ထိခိုက်စေခြင်း မရှိစေရ။ သို့ရာတွင် ကုမ္ပဏီ၏ ကြွေးမြီတာဝန်တင်ရှိခြင်းအဖြစ် ပြုလုပ်ထားသော ဒီဘင်ချာများ၏ အာမခံငွေကို ဤပြဋ္ဌာန်းချက်ပါကိစ္စရပ်များအတွက် လျှော့ငွေဖြင့် ဒီဘင်ချာများကို ထုတ်ဝေခြင်း ဖြစ်သည်ဟု သတ်မှတ်ခြင်း မပြုရ။

၂၃၄။ **ပေါင်နှံခြင်းများ၊ ကြွေးမြီတာဝန်တင်ရှိခြင်းများနှင့် သက်ဆိုင်သည့် မှတ်ပုံတင်စာရင်း**

(က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေ စတင်အာဏာတည်ပြီးနောက် ကုမ္ပဏီက ပြုလုပ်သည့် ပေါင်နှံမှုများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများ အားလုံးနှင့် ပုဒ်မ ၂၂၉ အရ မှတ်ပုံတင်ရန်လိုအပ်သော ပေါင်နှံမှုများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများ အားလုံးအတွက် ကုမ္ပဏီတစ်ခုစီနှင့် သက်ဆိုင်သည့် မှတ်ပုံတင်စာရင်းတစ်ခုကို ထားရှိရမည်ဖြစ်ပြီး သတ်မှတ်ဖော်ပြထားသည့် ငွေကြေးငွေများကို ပေးသွင်းစေလျက် ပေါင်နှံခြင်းများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများ အားလုံးနှင့်သက်ဆိုင်သည့် ယင်းတို့အား ပြုလုပ်သည့် နေ့ရက်၊ အာမခံထားသည့် ပမာဏ၊ ထိုသို့ပေါင်နှံသည့် သို့မဟုတ် ကြွေးမြီတာဝန်တင် ထားသည့် ပစ္စည်းနှင့်သက်ဆိုင်သော အချက်အလက် အကျဉ်းချုပ်၊ အပေါင်ခံ သူများ ၏ အမည်များ သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းများကို ရရှိသည့် ပုဂ္ဂိုလ်များ၏ အမည်များကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရလိုအပ်သော ရေးသွင်းမှုများကို ပြုလုပ်ပြီးနောက် မှတ်ပုံတင် အရာရှိသည် ပုဒ်မ ၂၂၉ သို့မဟုတ် ပုဒ်မ ၂၃၂ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တင်ပြခဲ့သောစာချုပ်စာတမ်းများရှိခဲ့လျှင် ၎င်းစာချုပ်စာတမ်းများ သို့မဟုတ် ယင်းတို့၏ တရားဝင် အတည်ပြုထားသော မိတ္တူတို့ကို ယင်းတို့အား တင်ပြသည့် ပုဂ္ဂိုလ်ထံသို့ ပြန်လည်ပေးအပ်ရမည်။

(ဂ) ဤပုဒ်မအရ ထားရှိသော မှတ်ပုံတင်စာရင်းအား သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို ပေးသွင်းစေလျက် မည်သူမဆို စစ်ဆေးကြည့်ရှုနိုင်စေရန် ဆောင်ရွက်ထားရှိရမည်။

၂၃၅။ **ပေါင်နှံခြင်းများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများ၏ မှတ်ပုံတင်ခြင်း ဆိုင်ရာအညွှန်း**

မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ မှတ်ပုံတင်ထားသည့် ပေါင်နှံခြင်းများ သို့မဟုတ် ကြွေးမြီ တာဝန်တင်ရှိခြင်းများ၏ အချိန်ကာလအလိုက် အညွှန်းတစ်ရပ်ကို သတ်မှတ်ဖော်ပြထားသည့် အချက်အလက်များနှင့်တကွ ပြုစုထားရှိရမည်။

၂၃၆။ **မှတ်ပုံတင်အထောက်အထားလက်မှတ်**

မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၂၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ထားသော ပေါင်နှံခြင်း တစ်ရပ်ရပ် သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၏ မှတ်ပုံတင် အထောက်အထား လက်မှတ်တစ်ခုကို ၎င်းတွင် အာမခံထားသည့် ငွေပမာဏကို ဖော်ပြလျက် ထုတ်ပေးရမည်။ ထိုအထောက်အထား လက်မှတ်သည် ပုဒ်မ ၂၂၉ မှ ပုဒ်မ ၂၃၄ အထိတို့တွင် ဖော်ပြပါရှိသော လိုအပ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်းအား ပြုလုပ်ထားကြောင်း ပြည့်စုံလုံလောက်သည့် အထောက်အထား ဖြစ်စေရမည်။

၂၃၇။ **ဒီဘင်ချာအတွက် မှတ်ပုံတင်အထောက်အထား လက်မှတ် သို့မဟုတ် ဒီဘင်ချာစတော့ (Debenture Stock) အထောက်အထားလက်မှတ်များကို ထပ်ဆင့်ထောက်ခံအတည်ပြုခြင်း**

ကုမ္ပဏီသည် ပုဒ်မ ၂၃၆ အရ ပေးအပ်ထားသည့် မှတ်ပုံတင်အထောက်အထား လက်မှတ်အားလုံး၏ မိတ္တူကို ပြုလုပ်ပေးပြီး ကုမ္ပဏီက ထုတ်ဝေသည့် ဒီဘင်ချာသို့မဟုတ် ဒီဘင်ချာစတော့ အထောက်အထား လက်မှတ်အားလုံးနှင့် ထိုသို့မှတ်ပုံတင်ထားသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့အရ အာမခံထားသော ငွေပေးချေမှုများကို ထပ်ဆင့် ထောက်ခံအတည်ပြုရမည်။

သို့ရာတွင် ဤပုဒ်မတွင် ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းများ ပြုလုပ်ခြင်းမရှိမီက ကုမ္ပဏီက ထုတ်ဝေထားသည့် ဒီဘင်ချာ တစ်ရပ်ရပ် သို့မဟုတ် ငွေချေးလက်မှတ်စတော့ အထောက်အထား လက်မှတ်တစ်ခုခုနှင့် စပ်လျဉ်း၍ ထိုသို့ ပေးအပ်ထားသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းများ၏ မှတ်ပုံတင်အထောက်အထား လက်မှတ်တစ်ခုခုကို ကုမ္ပဏီက ထပ်ဆင့်ထောက်ခံအတည်ပြုရန် လိုအပ်သည်ဟု အဓိပ္ပာယ် ကောက်ယူခြင်း မပြုရ။

၂၃၈။ **မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏တာဝန်နှင့် အကျိုးသက်ဆိုင်သူ၏ အခွင့်အရေး**

(က) ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၂၉ အရ မှတ်ပုံတင်ရန် လိုအပ်သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း၊ ဒီဘင်ချာများထုတ်ဝေခြင်း အားလုံးကို မှတ်ပုံတင်ရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် တင်ပြရန် တာဝန်ရှိသည်။ အဆိုပါ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်အား မှတ်ပုံတင်ရန် ၎င်းတို့၏ အကျိုးသက်ဆိုင်သူ တစ်ဦးဦးသည် လျှောက်ထားတင်ပြ နိုင်သည်။

(ခ) ဤပုဒ်မတွင် ပါရှိသော ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ထားသော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၏ စည်းကမ်းချက်များ သို့မဟုတ် အတိုင်းအတာပမာဏ သို့မဟုတ် လုပ်ဆောင်မှုများကို ပြင်ဆင်သတ်မှတ်ပါက အဆိုပါပြင်ဆင်သည့် အချက်အလက်များကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ပေးရန် ကုမ္ပဏီတွင်တာဝန်ရှိသည်။ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်အား မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အထက်တွင်ဖော်ပြခဲ့သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်အား ပြင်ဆင်သတ်မှတ်ခြင်းများနှင့် သက်ဆိုင်စေရမည်။

၂၃၉။ **ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းဆိုင်ရာ စာချုပ်စာတမ်း၏ မိတ္တူကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းတွင် ထိန်းသိမ်းခြင်း**

ကုမ္ပဏီအားလုံးသည် ပုဒ်မ ၂၂၉ အရ မှတ်ပုံတင်ရန်လိုအပ်သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်အား ပြုလုပ်သည့် စာချုပ်စာတမ်းအားလုံး၏ မိတ္တူ တစ်စောင်စီကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းတွင် သိမ်းဆည်းထားရှိရမည်။ သို့ရာတွင် အစဉ်လိုက် တူညီသည့် ဒီဘင်ချာများတွင် အဆိုပါ ဒီဘင်ချာတစ်ခု၏ မိတ္တူတစ်စောင်ကို သိမ်းဆည်းထားလျှင် လုံလောက်သည်။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

၂၄၀။ **ပစ္စည်းလက်ခံထိန်းသိမ်းသူအား ခန့်အပ်မှုကို မှတ်ပုံတင်ခြင်း**

ကုမ္ပဏီတစ်ခု၏ ပစ္စည်းများကို ပစ္စည်းလက်ခံထိန်းသိမ်းသူတစ်ဦး ခန့်အပ်သည့် အမိန့်တစ်ရပ်ကိုရရှိခဲ့လျှင် သို့မဟုတ် စာချုပ်စာတမ်းတစ်ရပ်ရပ်တွင်ပါရှိသော အခွင့်အာဏာများအရ အဆိုပါ ပစ္စည်းလက်ခံထိန်းသိမ်းသူတစ်ဦးအား ခန့်အပ်ခဲ့လျှင် ထိုသို့အမိန့် ချမှတ်သည့်နေ့ သို့မဟုတ် စာချုပ်စာတမ်းတွင်ပါရှိသော အခွင့်အာဏာအရ ခန့်အပ်သည့်နေ့မှ (၂၈)ရက်အတွင်း အဆိုပါအချက်အလက်နှင့် စပ်လျဉ်းသည့် အကြောင်းကြားမှုကို သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံ တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည်ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တို့နှင့်သက်ဆိုင်သည့် မှတ်ပုံတင်စာရင်းတွင် ထိုအချက်အလက်များကို ဖြည့်သွင်း ရေးသားရမည်။

၂၄၁။ ပုဒ်မ ၂၄၀ တွင် ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်သူ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅) ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၂၄၂။ **ပစ္စည်းလက်ခံထိန်းသိမ်းသူများ၏ ငွေစာရင်းများကို တင်ပြရခြင်း**

(က) စာချုပ်စာတမ်းတစ်ရပ်ရပ်တွင် ပါရှိသော အခွင့်အာဏာအရ ခန့်အပ်ထားသည့် ကုမ္ပဏီ၏ ပစ္စည်းများကို လက်ခံထိန်းသိမ်းရသူအားလုံးသည် အဆိုပါ ပစ္စည်းများကိုရယူခဲ့ပြီး ထိုဆောင်ရွက်နေသည့် ကာလတစ်လျှောက် (၆) လလျှင်တစ်ကြိမ်နှင့် ပစ္စည်းလက်ခံ ထိန်းသိမ်းသူအဖြစ် ဆောင်ရွက်ခြင်းမှရပ်စဲခဲ့လျှင် သက်ဆိုင်ရာကာလအတွင်း ၎င်းအနေဖြင့် လက်ခံရရှိခဲ့သည်များနှင့် ပေးချေခဲ့ရသည်များကို သတ်မှတ် ဖော်ပြထားသည့်ပုံစံဖြင့် ကောက်နုတ်ချက် တစ်စောင်အား ပြုစု၍ မှတ်ပုံတင် အရာရှိထံ တင်ပြရမည်။ ထို့အပြင် လက်ခံ ထိန်းသိမ်းသူအဖြစ် ဆောင်ရွက်ခြင်းမှ ရပ်စဲခဲ့လျှင် အဆိုပါ ကိစ္စရပ်အတွက် အကြောင်းကြားမှုကို မှတ်ပုံတင် အရာရှိထံ တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင် အရာရှိသည် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းနှင့် သက်ဆိုင်သော မှတ်ပုံတင်စာရင်းတွင် ထိုအကြောင်းကြားမှုကို ဖြည့်သွင်းရေးသားရမည်။

(ခ) ကုမ္ပဏီ၏ ပစ္စည်းများကို လက်ခံထိန်းသိမ်းသူတစ်ဦးအား ခန့်အပ်သည့်အခါ ကုမ္ပဏီ၏ အမည်ပါရှိသော စာရွက်စာတမ်းဖြစ်သော ကုန်ပို့လွှာများ၊ ကုန်အမှာစာများ၊ သို့မဟုတ် ကုမ္ပဏီကဖြစ်စေ ကုမ္ပဏီ၏ ကိုယ်စားဖြစ်စေ သို့မဟုတ် ကုမ္ပဏီ၏ ပစ္စည်း လက်ခံ ထိန်းသိမ်းသူကဖြစ်စေ ထုတ်ဝေသည့် စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် စာများတွင် ပစ္စည်းလက်ခံထိန်း သိမ်းသူတစ်ဦးအား ခန့်အပ်ပြီးဖြစ်ကြောင်းပါရှိသည့် ရေးသား ဖော်ပြချက်အား ထည့်သွင်းဖော်ပြရမည်။

၂၄၃။ ပုဒ်မ ၂၄၂ တွင် ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာရန်ပျက်ကွက်လျှင် ကုမ္ပဏီနှင့် ထိုပျက်ကွက်မှုအား သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ဒါရိုက်တာများ သို့မဟုတ် အခြားအရာရှိများ၊ ပစ္စည်းလက်ခံထိန်းသိမ်းသူများ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅)ခု ထက် မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်။

၂၄၄။ **ပေါင်နှံခြင်းနှင့်သက်ဆိုင်သော မှတ်ပုံတင်စာရင်း၏အမှားကို ပြင်ဆင်ခြင်း**

(က) တရားရုံးသည် ပုဒ်မ ၂၂၉ အရ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား မှတ်ပုံတင်ရန် ပျက်ကွက်ကြောင်း၊ သို့မဟုတ် ထိုပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် အချက်အလက်တစ်ရပ်ရပ် ချန်လှပ်ခဲ့ကြောင်း သို့မဟုတ် မှားယွင်း ဖော်ပြထားကြောင်း၊ သို့မဟုတ် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်အား ပြုလုပ်ခြင်းအတွက် ကြွေးမြီတစ်ရပ်ပေးရန်ရှိသည့် အကြောင်းအား မှတ်ပုံတင်အရာရှိထံသို့ ဖော်ပြ အကြောင်းကြားရန် ပျက်ကွက်ခြင်းတို့မှာ မတော်တဆကြောင့် ဖြစ်ကြောင်း၊ သို့မဟုတ် တမင်ရည်ရွယ်လုပ်ဆောင်ခြင်း မဟုတ်ကြောင်း၊ သို့မဟုတ် အခြား လုံလောက်သော အကြောင်းပြချက်များကြောင့် ဖြစ်ပေါ်ခဲ့ကြောင်း၊ သို့မဟုတ် ကုမ္ပဏီ၏ မြီရှင်များ သို့မဟုတ် အစုရှယ်ယာပိုင်ရှင်များကို ထိခိုက်နိုင်သည့် အခြေအနေမရှိကြောင်း၊ သို့မဟုတ် သက်သာခွင့်ပေးရန် သင့်တော်မျှတသည့် အခြားသော အခြေခံ အကြောင်းများရှိကြောင်း ကျေနပ်လက်ခံခဲ့လျှင် ကုမ္ပဏီ သို့မဟုတ် အခြားသက်ဆိုင်သူ တစ်ဦးဦးက လျှောက်ထားလာပါက တရားရုံးက သင့်တော်မျှတသည့် စည်းကမ်းချက်များကို သတ်မှတ်၍ မှတ်ပုံတင်ရမည့်အချိန်ကာလကို တိုးမြှင့်ပေးနိုင်သည်၊ သို့မဟုတ် ချန်လှပ်မှု သို့မဟုတ် မှားယွင်း ဖော်ပြမှုများကို ပြင်ဆင်စေနိုင်သည့်အပြင် တရားရုံးအနေဖြင့် သင့်သည် ထင်မြင်ပါက လျှောက်ထားမှုအတွက် ကုန်ကျစရိတ်များနှင့် စပ်လျဉ်းသည့် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

(ခ) တရားရုံးက ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်အား မှတ်ပုံတင်ခြင်းအတွက် အချိန်တိုးမြှင့်သတ်မှတ်ပေးသည့်အခါ အဆိုပါ အမိန့်သည် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်အား မှတ်ပုံတင်ရမည့် အချိန်ကာလ မတိုင်မီက သက်ဆိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ ရရှိသော အခွင့်အရေး တစ်စုံတစ်ရာကို ထိခိုက်စေခြင်း မရှိစေရ။

၂၄၅။ **ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့အရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စများကို မှတ်ပုံတင်ခြင်း**

(က) ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၂၉ အရ မှတ်ပုံတင်ရန် လိုအပ်သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်ကို ငွေပေးချေမှု သို့မဟုတ် လိုက်နာ ဆောင်ရွက်မှုကို အပြည့်အဝပြုလုပ်ပြီးသည့်နေ့မှ (၂၈) ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြရန် တာဝန်ရှိသည်။ ထို့ပြင် အပေါင်ခံသူ သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းကို ရရှိသူသည် ငွေပေးချေမှု သို့မဟုတ် လိုက်နာ ဆောင်ရွက်ရမှုများကို မှတ်တမ်းတင်နိုင်ကြောင်း စာဖြင့်ရေးသား တင်ပြရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ မှတ်ပုံတင်အရာရှိသည် အကြောင်းပြချက်တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်း မရှိပါက ထိုသို့ လိုက်နာဆောင်ရွက်ရမည့်ကိစ္စများနှင့် သက်ဆိုင်သည့် မှတ်တမ်း တစ်စောင်ကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်း ဖော်ပြရမည်ဖြစ်ပြီး လိုအပ်ပါက ယင်း၏ မိတ္တူတစ်စောင်ကို ကုမ္ပဏီသို့ ပေးအပ်ရမည်။

၂၄၆။ **ပြစ်မှုပြစ်ဒဏ်များ**

(က) ကုမ္ပဏီတစ်ခုခုသည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အချက်အလက်များအား မှတ်ပုံတင်နိုင်ရေးအတွက် မှတ်ပုံတင်အရာရှိထံသို့ တင်ပြရန် ပျက်ကွက်မှု တစ်စုံတစ်ရာ ရှိခဲ့ပါက -

(၁) ကုမ္ပဏီက ပြုလုပ်ထားသော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍လည်းကောင်း၊

(၂) ပုဒ်မ ၂၂၉ သို့မဟုတ် ပုဒ်မ ၂၃၀ အရ မှတ်ပုံတင်ထားသော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်နှင့် သက်ဆိုင်သော ကြွေးမြီ ပေးချေပြီးခြင်း သို့မဟုတ် လိုက်နာဆောင်ရွက်ပြီးခြင်းတို့ လည်းကောင်း၊

(၃) ဤဥပဒေပါ အထက်တွင်ဖော်ပြထားသော ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ရန် လိုအပ်သော အစဉ်လိုက် ဒီဘင်ချာများ ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊

မှတ်ပုံတင်ခြင်းသည် အခြားသူတစ်ဦးဦး၏ လျှောက်ထားမှုအရ ဆောင်ရွက်ရခြင်း မဟုတ်လျှင်ကုမ္ပဏီနှင့်ယင်း၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများ၊ သို့မဟုတ် ပျက်ကွက်မှုတွင်သိလျက်ဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြသူများတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅) ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

(ခ) အထက်ဖော်ပြပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကုမ္ပဏီတစ်ခုခုသည် ယင်းက ပြုလုပ်ထားသော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်အား မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ခြင်းနှင့်သက်ဆိုင်သော ဤဥပဒေပါ သတ်မှတ်ချက် တစ်ရပ်ရပ်ကိုလိုက်နာရန် ပျက်ကွက်ခဲ့လျှင် ကုမ္ပဏီနှင့်ထိုပျက်ကွက်မှုအား သိလျက်ဖြင့် တမင်ခွင့် ပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများ တစ်ဦးဦးစီသည် အခြားသော တာဝန်ရှိမှုများကို ထိခိုက်စေခြင်း မရှိစေဘဲ ပြစ်ဒဏ်ပမာဏ (၅) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

(ဂ) ဤဥပဒေပါ အထက်တွင်ဖော်ပြထားသော ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင် အရာရှိထံတွင် မှတ်ပုံတင်ရန် လိုအပ်သော ဒီဘင်ချာတစ်ရပ်ရပ် သို့မဟုတ် ဒီဘင်ချာစတော့ (Debenture Stock) အထောက်အထားလက်မှတ် တစ်ရပ်ရပ်ကို ယင်းတို့အပေါ် ထပ်မံထောက်ခံအတည်ပြုထားသည့် မှတ်ပုံတင် အထောက်အထား လက်မှတ်မိတ္တူတစ်စောင်မပါရှိဘဲ ပေးပို့ရန်တစ်ဦးဦးစီမှ သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့လျှင် ထိုသူသည် အခြားသော တာဝန်ရှိမှုများကို ထိခိုက်စေခြင်း မရှိစေဘဲပြစ်ဒဏ်ပမာဏ (၅)ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၂၄၇။ **ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းနှင့် သက်ဆိုင်သည့် ကုမ္ပဏီ၏မှတ်ပုံတင် စာရင်း**

မည်သည့် ကုမ္ပဏီမဆို ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့အတွက် မှတ်ပုံတင်စာရင်းတစ်ခုကို ပြုစုထားရှိရမည်ဖြစ်ပြီး ယင်းမှတ်ပုံတင်စာရင်းတွင် ကုမ္ပဏီ၏ပစ္စည်းများနှင့် သက်ဆိုင်သည့် ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ အားလုံး၊ ကုမ္ပဏီ၏ တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် အပြောင်းအလဲရှိသော ကြွေးမြီတာဝန် တင်ရှိခြင်း (floating charge) အားလုံး၊ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း ပြုလုပ်ထားသော ပစ္စည်းများနှင့် သက်ဆိုင်သည့် အကျဉ်းချုပ်ဖော်ပြချက်၊ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်း ပြုလုပ်ထားသည့် ငွေပမာဏနှင့် အပေါင်ခံသူများ သို့မဟုတ် ၎င်းတို့နှင့် သက်ဆိုင်သူများ၏ အမည်များကို ရေးသွင်း ဖော်ပြရမည်။

၂၄၈။ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများသည် ပုဒ်မ ၂၄၇ အရ ပြုလုပ်ရန် လိုအပ်သော ရေးသွင်းဖော်ပြချက်တစ်ရပ်ရပ်ကို ဖြည့်သွင်းဖော်ပြရန် ပျက်ကွက်ခြင်းအား သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့လျှင် ပြစ်ဒဏ်ပမာဏ (၅)ခု ထက်မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်။

၂၄၉။ **ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ ပြုလုပ်သည့် စာချုပ်စာတမ်း မိတ္တူများ၊ ပေါင်နှံမှုနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့နှင့်သက်ဆိုင်သည့် ကုမ္ပဏီ၏မှတ်ပုံတင် စာရင်းများအား စစ်ဆေးကြည့်ရှုနိုင်ခွင့်ရှိခြင်း**

ပုဒ်မ ၂၃၉ အရ ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းတွင် သိမ်းဆည်းထားရှိရမည့် မှတ်ပုံတင်အရာရှိထံသို့ ဤဥပဒေအရ မှတ်ပုံတင်ရန်လိုအပ်သည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား ပြုလုပ်သော စာချုပ်စာတမ်းများ၏ မိတ္တူများနှင့် ပုဒ်မ ၂၄၇ နှင့် အညီ ထိန်းသိမ်းထားရှိသည့် ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန် တင်ရှိခြင်းတို့ဆိုင်ရာ မှတ်ပုံတင်စာရင်းတို့အား ကုမ္ပဏီ၏ မည်သည့် မြီရှင် သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးကို သင့်လျော်သော အချိန်တိုင်းတွင် အခမဲ့စစ်ဆေး ကြည့်ရှုခွင့်ပြုရမည်ဖြစ်ပြီး ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန် တင်ရှိခြင်းတို့ဆိုင်ရာ မှတ်ပုံတင်စာရင်းအား ကုမ္ပဏီက သတ်မှတ်ထားသည့် အခကြေးငွေ တစ်ရပ်ကို ပေးသွင်း စေလျက် အခြားသူတစ်ဦးဦးကို စစ်ဆေးကြည့်ရှုခွင့်ပြုရမည်။

၂၅၀။ ပုဒ်မ ၂၄၉အရ မိတ္တူများ သို့မဟုတ် မှတ်ပုံတင်စာရင်းများကို စစ်ဆေးကြည့်ရှုခြင်း အား ငြင်းပယ်ခဲ့လျှင်ကုမ္ပဏီသည်ပြစ်ဒဏ်ပမာဏ (၅)ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး ထိုသို့ ငြင်းပယ်မှုကိုသိလျက်ဖြင့် ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီသည် တူညီသော ပြစ်ဒဏ်ကို ကျခံစေရမည်။ ထိုပြစ်ဒဏ်များအပြင် တရားရုံးသည် အမိန့်တစ်ရပ်ထုတ်ပြန်၍ အဆိုပါ မိတ္တူများ သို့မဟုတ် မှတ်ပုံတင်စာရင်းများကို ချက်ချင်းစစ်ဆေးကြည့်ရှုခွင့် ပြုစေနိုင်သည်။

၂၅၁။ **ဒီဘင်ချာ ပိုင်ဆိုင်သူများနှင့် သက်ဆိုင်သည့်မှတ်ပုံတင်စာရင်းအား စစ်ဆေးကြည့်ရှုနိုင်ခွင့်နှင့် ယုံကြည်အပ်နှံရေး စာချုပ်များ၏ မိတ္တူများကို ရယူနိုင်ခွင့်ရှိခြင်း**

(က) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြထားသည့်ကာလသို့ရာတွင် မည်သည့် ခုနှစ်တွင်မဆို စုစုပေါင်း (၃၀) ရက်ထက် ကျော်လွန်ခြင်းမရှိသည့် ကာလများ မှအပ ကျန်ကာလများတွင် ကုမ္ပဏီတစ်ခု၏ ဒီဘင်ချာပိုင်ဆိုင်သူများနှင့် သက်ဆိုင်သည့် မှတ်ပုံတင်စာရင်းအားလုံးကို အဆိုပါ ဒီဘင်ချာများအား တရားဝင်ပိုင်ဆိုင်ထားသူ သို့မဟုတ် ကုမ္ပဏီ၏ အစုရှယ်ယာ ပိုင်ရှင်တစ်ဦးဦး က စစ်ဆေးကြည့်ရှုခြင်းကို ခွင့်ပြုရမည်။ သို့သော် ကုမ္ပဏီ၏ အထွေထွေ အစည်းအဝေးတွင် ချမှတ်နိုင်သည့် သင့်လျော်မှုရှိသော ကန့်သတ်ချက်များကို လိုက်နာရမည်ဖြစ်ပြီး စစ်ဆေးကြည့်ရှုခွင့်ပြုထားသည့် နေ့တစ်နေ့စီအတွက် အနည်းဆုံး (၂)နာရီ ခွင့်ပြုနိုင်စေရန်အလို့ငှာ အဆိုပါ ပိုင်ဆိုင်သူ အားလုံးသည် ကုမ္ပဏီက သတ်မှတ်ထားသည့် သင့်လျော်သော အခကြေးငွေကို ပေးသွင်း လျက် ဖော်ပြပါ မှတ်ပုံတင်စာရင်း သို့မဟုတ် ယင်း၏ တစ်စိတ်တစ်ဒေသကို မိတ္တူတစ်စောင် တောင်းယူနိုင်သည်။

(ခ) ဒီဘင်ချာများ ထုတ်ဝေခြင်းအတွက် အာမခံရန် ချုပ်ဆိုထားသည့် ယုံကြည် အပ်နှံမှု စာချုပ်တစ်ရပ်ရပ်၏ မိတ္တူတစ်စောင်ကို အဆိုပါ ဒီဘင်ချာများကို ပိုင်ဆိုင်သူ တစ်ဦးဦးက တောင်းဆိုလာလျှင် ကုမ္ပဏီက သတ်မှတ်ထားသည့် သင့်လျော်သော အခကြေးငွေကို ပေးသွင်းစေလျက် ဖော်ပြပါ ပိုင်ဆိုင်သူ များထံသို့ ပေးအပ်ရမည်။

၂၅၂။ ပုဒ်မ ၂၅၁ အရ စစ်ဆေးကြည့်ရှုခွင့်အား ငြင်းပယ်လျှင်၊ သို့မဟုတ် မိတ္တူတစ်စောင် အား ပေးအပ်ရန် ငြင်းပယ်လျှင် သို့မဟုတ် ပေးပို့ခြင်းမပြုလျှင် ကုမ္ပဏီသည် ပြစ်ဒဏ် ပမာဏ (၅)ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ပြီး ထိုသို့ငြင်းပယ်မှုကို သိလျက်ဖြင့် ခွင့်ပြုခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးဦးစီ သည် တူညီသော ပြစ်ဒဏ်ကို ကျခံစေရမည်။ ထို့အပြင် တရားရုံးသည် အမိန့်တစ်ရပ် ထုတ်ပြန်၍ အဆိုပါ မှတ်ပုံတင်စာရင်းများကို ချက်ချင်း စစ်ဆေးကြည့်ရှုခွင့်ပြုစေ နိုင်သည်။

၂၅၃။ **အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်းအရ ဦးစားပေးတောင်းဆိုမှုများတွင် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge) နှင့်သက်ဆိုင်သည့် အခြေပစ္စည်းများမှ အချို့ကြွေးမြီများကို ပေးချေရခြင်း**

(က) အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge) တစ်ရပ်ဖြင့် အာမခံထားရှိသော ကုမ္ပဏီတစ်ခု၏ ဒီဘင်ချာတစ်ရပ်ရပ်ကို ပိုင်ဆိုင်ထားသူများ၏ ကိုယ်စားပစ္စည်းလက်ခံထိန်းသိမ်းသူတစ်ဦးကို ခန့်အပ်ထားလျှင် သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့တွင် ပါဝင်သော သို့မဟုတ် သက်ဆိုင်သောပစ္စည်းတစ်ရပ်ရပ်၏ ဖော်ပြပါ ဒီဘင်ချာပိုင်ရှင်ကဖြစ်စေ၊ ယင်း၏ကိုယ်စားဖြစ်စေ ပိုင်ဆိုင်မှုကို ရယူထားလျှင် ကုမ္ပဏီသည် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း မရှိသည့်ကာလတွင်ဖြစ်ပါက အပိုင်း(၅)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းသည့် ကိစ္စရပ်အားလုံးတွင် အခြားသော ကြွေးမြီများထက် ဦးစွာပေးချေရမည့် ဦးစားပေး ငွေပေးချေမှုများအား ပစ္စည်းလက်ခံထိန်းသိမ်းသူ သို့မဟုတ် ပိုင်ဆိုင်ရယူထားသူများ လက်ဝယ်သို့ ရောက်ရှိလာမည့် အခြေပစ္စည်း တစ်ရပ်ရပ်မှပေးချေရမည်ဖြစ်ပြီး ဒီဘင်ချာများနှင့် သက်ဆိုင်သည့် မူလငွေရင်း သို့မဟုတ် အတိုးအတွက် တောင်းဆိုမှု တစ်ရပ်ရပ်ထက် ဦးစားပေး ငွေပေးချေရမည်။

(ခ) အပိုင်း(၅)၏ အဆိုပါ ပြဋ္ဌာန်းချက်များတွင် ဖော်ပြပါရှိသော အချိန်ကာလ သတ်မှတ်ချက်ကို ပစ္စည်းလက်ခံထိန်းသိမ်းသူအား ခန့်အပ်သည့်နေ့ရက် သို့မဟုတ် အထက်ဖော်ပြပါအတိုင်း ပိုင်ဆိုင်ရယူသည့်နေ့ရက်မှ စတင်၍ ရေတွက်ရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ ပြုလုပ်သည့် ငွေပေးချေမှုများအားလုံးကို မြီရှင်များ၏ ပေးချေမှုအတွက် ထားရှိသော ကုမ္ပဏီ၏အခြေပစ္စည်းများမှ ဖြစ်နိုင်သမျှ ပေးချေရမည်။

**အခန်း (၂၃) ပစ္စည်းလက်ခံထိန်းသိမ်းသူများကို ခန့်အပ်ခြင်း၊ စာရင်းစာအုပ်များကို ပြုစုခြင်း၊ ပြင်ပ ကော်ပိုရေးရှင်းများက ဆောင်ရွက်သော ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges) ကို မှတ်ပုံတင်ခြင်း**

၂၅၄။ **ပြည်ပကော်ပိုရေးရှင်းများနှင့် စပ်လျဉ်းသည့် ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges) ကို မှတ်ပုံတင်ခြင်း**

ပုဒ်မ ၂၂၈ မှ ပုဒ်မ ၂၃၉ အထိနှင့် ပုဒ်မ ၂၄၄ မှ ပုဒ်မ ၂၅၂ အထိတို့တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ ပြည်ပကော်ပိုရေးရှင်းတစ်ခုအဖြစ် မှတ်ပုံတင် ထားပြီး နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းနေရာ တစ်ရပ်ထားရှိသည့် နိုင်ငံတော်၏ ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသော ကော်ပိုရေးရှင်းတစ်ခုက ရရှိပိုင်ဆိုင်ထားသော နိုင်ငံတော်အတွင်းရှိ ပစ္စည်းများအပေါ် ကြွေးမြီတာဝန်တင်ရှိခြင်းများ (Charges) ပြုလုပ်ခြင်းများ သော်လည်းကောင်း၊ ကြွေးမြီ တာဝန်တင်ရှိခြင်းများ ရှိသည့် နိုင်ငံတော်အတွင်းရှိ ပစ္စည်းများကို ရယူပိုင်ဆိုင်ခြင်းများ သော်လည်းကောင်း သက်ဆိုင်စေရမည်။

၂၅၅။ **ပစ္စည်းလက်ခံထိန်းသိမ်းသူအား ခန့်အပ်မှုကို အကြောင်းကြားခြင်း**

ပုဒ်မ ၂၄၀ မှ ပုဒ်မ ၂၄၃ အထိ ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ ပြည်ပ ကော်ပိုရေးရှင်းတစ်ခုအဖြစ် မှတ်ပုံတင်ထားပြီး နိုင်ငံတော်အတွင်း စီးပွားရေး လုပ်ငန်း နေရာတစ်ရပ်ထားရှိသည့် နိုင်ငံတော်၏ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသော ကော်ပိုရေးရှင်းအားလုံးနှင့် လိုအပ်သလို သက်ဆိုင်စေရမည်။

၂၅၆။ **စာရင်းစာအုပ်များနှင့် မှတ်တမ်းများကိုထိန်းသိမ်းထားရှိခြင်း**

ပုဒ်မ ၂၅၈ တွင်ဖော်ပြပါရှိသည့်ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ ပြည်ပ ကော်ပိုရေးရှင်းတစ်ခုအဖြစ် မှတ်ပုံတင်ထားပြီး နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်း နေရာထားရှိသည့် နိုင်ငံတော် ပြင်ပတွင် ဖွဲ့စည်းထားသည့် ကော်ပိုရေးရှင်း၏ စီးပွား ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ လက်ခံရရှိသော သို့မဟုတ် သုံးစွဲခဲ့သော ငွေကြေးများ၊ ပြုလုပ်ခဲ့သော ရောင်းချမှုများနှင့် ဝယ်ယူမှုများ၊ အခြေ ပစ္စည်းများနှင့် တာဝန်ရှိမှု များနှင့် သက်ဆိုင်သော အဆိုပါပုဒ်မအရ လိုအပ်သည့် ဘဏ္ဍာရေးဆိုင်ရာ အစီရင် ခံစာများကိုနိုင်ငံတော်အတွင်းရှိ အဓိကစီးပွားရေးလုပ်ငန်းနေရာတွင် ထိန်းသိမ်း ထားရှိရမည်ဖြစ်ပြီး ယင်းကော်ပိုရေးရှင်းများနှင့် သက်ဆိုင်စေရမည်။

**အခန်း (၂၄) ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာများ နှင့် စာရင်းစစ်ဆေးခြင်းများအကြောင်း**

၂၅၇။ **ဤအခန်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာရခြင်း**

(က) အောက်ပါကိစ္စရပ်များအတွက် ဤအခန်းပါ ပြဋ္ဌာန်းချက်များကို မြန်မာနိုင်ငံစာရင်း ကောင်စီ ဥပဒေနှင့်အခြားသော သက်ဆိုင်ရာဥပဒေများပါ သတ်မှတ်ချက်များ သို့မဟုတ် ယင်းတို့အရ ပြုလုပ်ထားသည့် သတ်မှတ်ချက်များ နှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်-

(၁) ထိန်းသိမ်းထားရှိရမည့် စာရင်းစာအုပ်များ၊

(၂) ကုမ္ပဏီတွင်ပါဝင်သူများထံသို့ တင်ပြရမည့် ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများနှင့် အစီရင်ခံစာများ၊

(၃) အဆိုပါ စာရင်းစာအုပ်များနှင့် အစီရင်ခံစာများအား ပြုစုထိန်းသိမ်းရာတွင် လိုက်နာရမည့် စာရင်းများထားရှိခြင်းဆိုင်ရာစံနှုန်းများ နှင့်

(၄) အဆိုပါ စာရင်းများအား စစ်ဆေးရာတွင် လိုက်နာရမည့် စာရင်းစစ်ဆေးခြင်း ဆိုင်ရာစံနှုန်းများ။

(ခ) ဤအခန်းပါ သတ်မှတ်ချက်များ သို့မဟုတ် ဤအခန်းအရပြုလုပ်သည့် သတ်မှတ်ချက်များနှင့် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပါ သတ်မှတ်ချက်များ သို့မဟုတ် ယင်းဥပဒေအရ ပြုလုပ်သည့် သတ်မှတ်ချက်များအကြားကွဲလွဲမှု တစ်စုံတစ်ရာရှိခဲ့လျှင် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပါ သတ်မှတ်ချက်များ သို့မဟုတ် ယင်းဥပဒေအရ ပြုလုပ်သည့် သတ်မှတ်ချက်များက လွှမ်းမိုးသည်။

(ဂ) အောက်ပါအကြောင်းအချက်များ မရှိလျှင် ပုဒ်မ ၂၆၀ မှ ၂၆၈ အထိနှင့် ၂၇၉ ပုဒ်မခွဲ (င) တို့သည် အသေးစား ကုမ္ပဏီများနှင့် သက်ဆိုင်ခြင်းမရှိစေရ-

(၁) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် အဆိုပါပြဋ္ဌာန်းချက်များကို လိုက်နာခြင်း သို့မဟုတ် အလားတူသတ်မှတ်ချက်များကို ဖော်ပြထား ခြင်း၊ သို့မဟုတ်

(၂) ကုမ္ပဏီတွင်ပါဝင်သူများသည် သာမန်ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်၍ အဆိုပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ဆုံးဖြတ်ခြင်း၊ သို့မဟုတ်

(၃) မှတ်ပုံတင်အရာရှိကအဆိုပါပြဋ္ဌာန်းချက်များကိုလိုက်နာသင့်သည်ဟု ဆုံးဖြတ်ခြင်း။

**ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများ၊ စာရင်းစာအုပ်များနှင့် ငွေစာရင်းများ**

၂၅၈။ **ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများကို ပြုစုရန်အတွက် ကုမ္ပဏီတွင်ထားရှိရမည့် မှတ်တမ်းများနှင့် သင့်တော်သည့်မှတ်တမ်းများကို ထားရှိခြင်း**

(က) ကုမ္ပဏီအားလုံးသည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ စာရင်းများ ထားရှိခြင်းဆိုင်ရာ သက်ဆိုင်သောစံနှုန်းများနှင့်အညီ မြန်မာဘာသာဖြင့် ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများပြုစု ဆောင်ရွက်နိုင်ရန်အတွက် စာဖြင့်ရေးသားထားသည့် ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည် -

(၁) ကုမ္ပဏီကလက်ခံရရှိသော သို့မဟုတ် သုံးစွဲခဲ့သော ငွေကြေးစုစုပေါင်း နှင့် လက်ခံရရှိခဲ့သော သို့မဟုတ် သုံးစွဲကုန်ကျခဲ့သော ငွေကြေးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ၊

(၂) ကုမ္ပဏီမှ ကုန်ပစ္စည်းရောင်းချခြင်း သို့မဟုတ် ကုန်ပစ္စည်းဝယ်ယူခြင်း၊

(၃) ကုမ္ပဏီ၏ အခြေပစ္စည်းများနှင့် တာဝန်ရှိမှုများနှင့်

(၄) ဤဥပဒေအရ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေအရ သတ်မှတ် ဖော်ပြထားသည့် ငွေကြေးဆိုင်ရာ အခြားကိစ္စရပ်များ။

(ခ) မှတ်တမ်းများကိုကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးခန်းတွင် သို့မဟုတ် ဒါရိုက်တာများမှ သင့်သည်ထင်မြင်သည့် အခြားနေရာတွင် ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး ရုံးလုပ်ငန်းချိန် အတွင်း ဒါရိုက်တာများက စစ်ဆေးကြည့်ရှုခွင့် ရှိစေရမည်။

*(ဆက်လက်ဖော်ပြပါမည်)*